



www.burmeseclassic.com
ဇော်ဂနီ
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



၂၀၁၇ခုနှစ်၊ အုပ်ရေ(၅၀၀)၊
ပထမအကြိမ်။
ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်
(မြ-၀၀၀၇၇)၊ အမှတ်(၁၄၅)၊
နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ။
အောင်မြင်စာပေ (မြ-၀၀၂၇၆)၊
အမှတ်(၇) သီတာလမ်း၊ ကျောက်မြောင်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

- ရှေ့ဘဝကို ကူးရတော့မယ်ဆိုတော့
ဘယ်ဘဝကို ရောက်မယ်မှန်းမသိလို့
ကြောက်ရွံ့ကြတယ်။
တကယ်လို့သာ နောက်ဘဝကို ပြန်သွားခွင့် ရမယ်ဆိုရင်
ပိုပြီးကြောက်စရာကောင်းပါတယ်။
ဘာကြောင့်လည်းဆိုတော့
ဘယ်ဘဝက လာခဲ့မှန်း မသိနိုင်လို့ပါပဲ။

- ပြေးလမ်းပေါ်မှာတွေ့တဲ့
အတားအဆီး အခက်အခဲတွေကို မကြောက်ပါနဲ့။
အားလုံးက သင့်ရဲ့စွမ်းရည်ကို
စမ်းသပ်စစ်ဆေးဖို့ စောင့်နေကြတာပါ။

- ဘဝဆိုတာ မျှတတဲ့ ဖျော်ရည်တစ်ခွက် ဖြစ်ပါတယ်။
ဘဝနဲ့သက်ဆိုင်တဲ့ အရာမှန်သမျှ
ဘယ်အရာမှ လွန်ကဲလို့ မရပါဘူး။
အချိုများရင် အရသာပျက်သလို
အခါးများရင်လည်း အဝင်ခက်ခဲတတ်ပါတယ်။

BURMESE CLASSIC

# ဒဿနလက်ဆောင်

- မျှော်လင့်ချက်တွေကို ရဲတိုက်တစ်ခုလို
ဆောက်ထားပေမယ့်
မမျှော်လင့်တဲ့လေပြေလေးညှင်းကလေးကြောင့်
ပြိုလဲတတ်ပါတယ်။
အဲဒီလေပြေကလေးက အချစ်လေပြေပါပဲ။

- ပျော်ရွှင်ခြင်းဟာ ကိုယ်တွင်းမှာရှိပေမယ့်
အလှည့်ကျမှ ပေါ်ထွက်ခွင့်ရှိပါတယ်။
ရေမလောင်းရင် ပန်းမပွင့်သလို
အချစ်နဲ့တွေ့မှ ပျော်ရွှင်ခွင့်ရတတ်ပါတယ်။

- ကြေကွဲဝမ်းနည်းခြင်းတွေကို
စိတ်လှောင်အိမ်ထဲမှာ အကျဉ်းချမထားပါနဲ့။
ထွက်ပေါက်ပေးနိုင်ဖို့
သော့တစ်ချောင်းကိုတော့ သင်ရှာဖွေနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဒဿနလက်ဆောင်

❖ စိတ်ကူးယောင်းတောအုပ်ထဲမှာ
ကိုယ့်ကိုယ်ကို နှစ်မြှုတ်မထားပါနဲ့။
ကာလကြာလာလျှင်
နှုတ်ပျိုးခြင်းဆိုတဲ့ ငှက်တစ်ကောင်ဟာ
အဝေးကို ပျံထွက်သွားပါလိမ့်မယ်။

❖ အမှောင်ထဲမှာရောက်နေရင် ဖွဲတင်းထားပါ၊
အချိန်တန်ရင် အလင်းရောင် လာပါလိမ့်မယ်။
ရှုံးနိမ့်မှုတွေကြားမှာ အားတင်းထားပါ၊
အောင်မြင်မှုတွေရောက်လာပါလိမ့်မယ်။
ဆုပ်ကိုင်မှုကို ဖြေလျှော့ပေးလိုက်မှသာ
ကံကြမ္မာလှိုင်းတံပိုးရဲ့ဖုံးအုပ်ခြင်းကို ခံရမှာပါ။

❖ ချစ်ခြင်းမေတ္တာဆိုတာ
အလိုရှိတော့မှသာ အနားကို ရောက်လာလေ့ရှိတယ်။
အလိုမရှိတဲ့အခါ အဝေးမှာပဲရှိနေတတ်ပါတယ်၊
သူ ရောက်လာရင်သာ ကောင်းမွန်စွာ
ကြိုဆိုလက်ခံပေးပါ။

# ဒဿနလက်ဆောင်

❖ ပြိုင်ဘက်ကသာသွားခြင်းကို ဝမ်းမနည်းပါနဲ့။
သစ္စာမရှိတဲ့ ချစ်သူအတွက် ကြေကွဲမနေပါနဲ့။
အိမ်မင်းရင့်ရော်ခြင်းအတွက် စိတ်မာတ်မကျပါနဲ့။
တစ်ဘဝစာအသုံးပြုခွင့်ရတဲ့ ခန္ဓာအတွက်
ဘာကြောင့် စိတ်ညစ်ခံနေရမှာတဲ့လဲ။

❖ သေတ္တာထဲကို ရွှေထည့်ထားရင်
ပြန်ထုတ်ရင် ရွှေရတယ်။
ကြေးပြားထည့်ထားရင် ကြေးပြားပဲပြန်ရမယ်။
ဘဝထဲကို အသုံးပြုမရတာတွေ
ဘာမှမထည့်လေ ဝန်ပေါ့လေပါပဲ။

❖ ရင်ခုန်သံထပ်တူရှင်သန်နေတဲ့
နှလုံးသားနှစ်ခုကို
ဝေးကွာမှုကခွဲခြားမပစ်နိုင်ပါ။
ဘာကြောင့်လည်းဆိုတော့
ချစ်ခြင်းမေတ္တာကြိုးနဲ့ တုပ်နှောင်ထားလို့ပါပဲ။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


| | |
|---|---|
| အခန်း(၁) | နန်ကင်းမြို့မှရက်စက်မှုများ၊ |
| အခန်း(၂) | စားရက်ကြံသဖြင့် မုတ်ဆိတ်ဖျားစွဲခြင်း၊ |
| အခန်း(၃) | ငွေသမင်းနှုတ်ခမ်းနှင့်လက်တစ်ကမ်း၊ |
| အခန်း(၄) | သွေးစွန်းနေသောမြေပုံ၊ |
| အခန်း(၅) | အချစ်နယ်နိမိတ်၏အခြားနေရာ၊ |
| အခန်း(၆) | မရဏလမ်းမှအကျဉ်းသားများ၊ |
| အခန်း(၇) | ဘဝကကြမ်းကြမ်းအလွမ်းကတဝေဝေ၊ |
| အခန်း(၈) | ဆွယ်လီနှင့်ဆိုးဝါးသောကံကြမ္မာလမ်း၊ |
| အခန်း(၉) | တောနက်အတွင်းမှအန္တရာယ်၊ |
| အခန်း(၁၀) | အဆင်းခက်ခက်အတက်ကြမ်းကြမ်း၊ |
| အခန်း(၁၁) | တစ်ကျော့ပြန်ဝေဒနာ၊ |
| အခန်း(၁၂) | ပျောက်သောသူကိုမရှာပဲနှင့်တွေ့ရခြင်း၊ |
| အခန်း(၁၃) | အာဃာတရန်ကြွေးများ၊ |
| အခန်း(၁၄) | ဗျူဂဇော်ဂနီပညာများ၊ |
| အခန်း(၁၅) | ဗျူဂရန်စွယ်နှင့်အန္တရာယ်၊ |
| အခန်း(၁၆) | ဝါးတောတွင်းမှထူးဆန်းသောသတ္တဝါ၊ |
| အခန်း(၁၇) | ထမန်းကျားတို့နှင့်နောက်ဆုံးတိုက်ပွဲ၊ |




# အခန်း-၁

# နန်ကင်းမြို့မှ ရက်စက်မှုများ

အချိန်ကာလမှာ ၁၉၄၁-ခုနှစ်၏ နှောင်းပိုင်းကာလပင်ဖြစ်ပေသည်။ ထိုကာလမှာ မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများ စစ်ဘေးစစ်ဒဏ်များ အလူးအလဲခံနေရသော အချိန်လည်း ဖြစ်သည်။ ဖက်ဆစ်ဂျပန်များက နေရာအတော်များများမြို့အတော်များများကို တရကြမ်းတိုက်ခိုက်သိမ်းပိုက်နေသော အချိန်ဖြစ်သည်။

အိန္ဒိယ၊ တရုတ်၊ စသော နိုင်ငံအတော်များများမှာ ဂျပန်



www.burmeseclassic.com

www.burmeseclassic.com

ဘို့ တိုက်ခိုက်သိမ်းပိုက်ခြင်းကို ခံနေရရုံမတပဲ၊ နှိပ်စက်ခြင်းများကိုပါ အလူးအလဲခံနေကြရသော အချိန်ကာလလည်း ဖြစ်လေသည်။

ထိုအချိန်ကာလမှာ မြန်မာနိုင်ငံအပါအဝင် တရုတ်၊ အိန္ဒိယ စသောနိုင်ငံများကို မတရားတိုက်ခိုက် သိမ်းပိုက်ထားသော အင်္ဂလိပ်တို့မှာ ရသမျှပစ္စည်းတို့ကို သယ်ဆောင်ပြီး ပြန်လည်ဆုတ်ခွာပေးနေရသော အချိန်လည်းဖြစ်ပေသည်။

လွန်ခဲ့သော ဆယ်နှစ်ခန့် (၁၉၃၀)ကပင် ဖက်ဆစ် ဂျပန်တို့သည် တရုတ်ပြည်မကြီးကို စတင်နယ်ချဲ့လာကြသည်။ ရှေးဦးစွာ မန်ချူးရီးယားကို စတင်သိမ်းပိုက်ခဲ့ကြသည်။ မန်ချူးရီးယားမြို့တော် မက်ဒန် (Muckdan)ကိုသိမ်းပိုက်ပြီး ရှေ့သို့ဆက်လက်ပြီး ချီတက်သိမ်းပိုက်ရန် ကြိုးစားလာကြသည်။

ဂျပန်နိုင်ငံသည် ကျွန်းစုကလေးသာရှိသောနိုင်ငံ ဖြစ်သော်လည်း လူဦးရေများသည်။ သယံဇာတ ရှားပါးသည်။

သို့သော် ထိုအချိန်မတိုင်မီကတည်းကပင် စက်မှုနည်းပညာများ အခြားတိုင်းပြည်အချို့ထက် တိုးတက်ထွန်းကားနေကြပြီဖြစ်သည်။

သို့ကြောင့် ကုန်ကြမ်းကိုဈေးပေါပေါနှင့်ရပြီး ထုတ်လုပ်သောကုန်ချောကိုဈေးမြှင့်၍ ရောင်းချရန်အတွက် အာရှတိုက်သို့ စတင်နယ်ချဲ့ကြခြင်း ဖြစ်သည်။

"အာရှသည် အာရှတိုက်သားတို့အတွက်သာဖြစ်သည်" (Asia For Asians) ဟူသော ကြွေးကြော်ကာနယ်ချဲ့ကြသည်။





ဖက်ဆစ်ဂျပန်တို့သည် ပထမပိုင်းတွင် "မဟာအာရှ သာတူညီမျှရေး"ဟု ကြွေးကြော်ကြသော်လည်း၊ စစ်တိုက်ခြင်း၊ နယ်ချဲ့ခြင်း၊ လူပေါင်းများစွာတို့ကို ရက်ရက်စက်စက်သတ်ခြင်း၊ အမျိုးသမီးပေါင်းများစွာတို့အား မုဒိမ်းကျင့်ခြင်း စသောယုတ်မာရက်စက်မှုများ ပြုလုပ်လာကြသည်။

နောက်ပိုင်း တရုတ်ပြည်ကို သိမ်းပိုက်ပြီးသောအခါ တရုတ်မြို့ကြီးများတွင် ဂျပန်လူမျိုးတစ်သန်းကျော် လာရောက်နေထိုင်ကြသည်။ ၎င်းတို့သိမ်းပိုက်ထားသော မြို့ကြီးများတွင် ဂျပန်စစ်သားပေါင်း သုံးသိန်းကျော်အထိ နေရာချထားပေးနိုင်၏။

တရုတ်ပြည်၏ ဝင်ပေါက်ထွက်ပေါက်အားလုံးကို ပိတ်ဆို့ထားသောကြောင့် တရုတ်ပြည်၏ အလယ်ပိုင်းသည် ခွက် (Ironrice boul) ပုံစံဖြစ်နေတော့သည်။ ထိုအချိန်က တရုတ်တွင် ဂျပန်ကိုပြန်တိုက်နိုင်လောက်သည့် လက်နက်အင်အား၊ လူအင်အားမရှိသည်ကတစ်ကြောင်း၊ စစ်ရေးပရိယာယ် မကြွယ်ဝသည်ကတစ်ကြောင်းကြောင့် တိုက်ပွဲတိုင်း အရေးနိမ့်ကာ ထွက်ပြေးနေကြရသည်။

၁၉၃၇-ခုနှစ် အောက်တိုဘာလတွင် ဂျပန်ရေတပ်နှင့် စစ်သင်္ဘောကြီးများက ရှန်ဟိုင်းဆိပ်ကမ်းသို့ ဝင်ရောက်သိမ်းပိုက်ခဲ့ကြသည်။ ထိုခေတ်က ရှန်ဟိုင်းဆိပ်ကမ်းသည် တရုတ်ပြည်၏ အကြီးမားဆုံးသော ဆိပ်ကမ်းလည်းဖြစ်သည်။ ကုန်သွယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်းတို့အပြင် အကောက်ခွန်မှသော ဆိပ်

www.burmeseclassic.com

www.burmeseclassic.com



ကမ်းဖြစ်သလို နိုင်ငံတကာနှင့် အဆက်အသွယ်ပြုရာမှာလည်း များစွာအရေးပါသော ဆိပ်ကမ်းဖြစ်ရာ တရုတ်တို့က အလွယ်တကူ ဆုံးရှုံးမခံဘဲ ဂျပန်စစ်သဘောများအား ပစ်ခတ်ပျက်ဆီးကြသည်။

ထို့ကြောင့် တရုတ်၌ဖြစ်သော ရှန်ဟိုင်းစစ်ပွဲမှာအကြီးဆုံး စစ်ပွဲတစ်ခုဖြစ်ခဲ့သည်။ ဂျပန်တို့ကလည်း စစ်သဘောကြီးငယ်တို့ဖြင့် တရကြမ်းတိုက်ခိုက်ကြသည့်အပြင် ဗုံးကြဲလေယာဉ်များပါ အသုံးပြု၍ စက်သေနတ်ဖြင့်ပစ်ခြင်း၊ ဗုံးကြဲခြင်းများပြုလုပ်တိုက်ခိုက်ကြသည်။

ထိုအချိန်က ဂျပန်တို့၏ လူမဆန်သောလုပ်ရပ်များကို နိုင်ငံခြားစစ်သတင်းထောက်များက ဖော်ထုတ်ရေးသားရာ တစ်ကမ္ဘာလုံးက သိကြရသည်။ ဗုံးကြဲသတ်ဖြတ်ပုံများကိုမြင်ရသောအခါ များစွာတုန်လှုပ်သွားသော်လည်း နောက်ကျသွားခဲ့ပေပြီ။ ဂျပန်တို့က အလုံးစုံပြင်ဆင်ပြီးမှ ဝင်တိုက်သောကြောင့် မည်သို့ပင် ခုခံစေကာမူ မရတော့ဘဲ ရှန်ဟဲမြို့ကြီးကျလေတော့သည်။

ရှန်ဟဲမြို့ကို ဂျပန်တို့သိမ်းပိုက်ပြီးနောက်တွင် တရုတ်ပြည်မှာ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြတ်သွားလေတော့သည်။ ပို့ကုန်သွင်းကုန်များလည်း ပြတ်တောက်သွားခဲ့သည်။ နောက်ပိုင်းတော့ မြန်မာပြည်လမ်းမကြီးဟုခေါ်သော (The Burma Road)မှ လျှို့ဝှက်စွာတင်ပို့ကြခြင်းသာ ရှိတော့သည်။

ဂျပန်တို့သည် ရှန်ဟဲမြို့ကိုသိမ်းပိုက်နိုင်သော်လည်း မပြီးသေးဘဲ တရုတ်အစိုးရ (ချန်ကေရှိတ်)ရုံးစိုက်သော နန်ကင်း





မြို့ကို သိမ်းပိုက်ရန် ဆက်လက်ချီတက်ကြပြန်သည်။ နန်ကင်းမြို့သည် ယန်စီမြစ်ဝှမ်း၏ အဓိကအချက်အချာအကျဆုံးမြို့လည်းဖြစ်သည်။ ရှေးဟောင်းမြို့ဖြစ်သောကြောင့် သစ်ပင်ဝါးပင်များစိမ်းစိုကာလှပသည်။ ရှေးဟောင်းစေတီပုထိုး များစွာရှိသည်။ သမိုင်းဝင် အဆောက်အဦးများစွာရှိသည်။

ထိုအထဲတွင် သစ်သား၊ ကျောက်တုံးကြီးများစွာတို့ဖြင့် တည်ဆောက်ထားသော မျှော်စင်ကြီးလည်းရှိသည်။ ရှစ်ထောင့်ချိုး ခေါင်းလောင်းပုံသဏ္ဌာန် မျှော်စင်ကြီးသည် တရုတ်တို့၏ ရှေးဟောင်းအမွေအနှစ် လက်ရာတစ်ခုလည်း ဖြစ်သည်။

ဂျပန်တို့သည် ရှန်ဟဲမြို့ကို ခြေကုပ်ယူပြီးနောက် ယန်စီမြစ်ကြောင်းအတိုင်း ရှေ့သို့ဆက်လက်ချီတက်ကြလေတော့သည်။ လမ်းတစ်လျှောက် တရုတ်စစ်သားများကလည်း နည်းအမျိုးမျိုးသုံးကာ ခုခံတိုက်ခိုက်ကြသော်လည်း အရေးနိမ့်ခဲ့ကြသည်။

အခြေအနေမကောင်းမှန်းသိသောအခါ ချန်ကေရှိတ်သည် အစိုးရအဖွဲ့အား ဗမာပြည်လမ်းမကြီး၏လမ်းဆုံးဖြစ်သော တူမင်မြို့အနီးရှိ မြုံကင်းမြို့ (Cungring သို့ ရွှေ့ပြောင်းလိုက်သည်။

၁၉၃၇-ခုနှစ်၊ ဒီဇင်ဘာ (၁၂)ရက်နေ့တွင် လေကြောင်းအကူအညီဖြင့် နန်ကင်းမြို့ကို ဝင်ရောက်သိမ်းပိုက်ကြရာ အလွယ်တကူပင် ရကြလေသည်။ နန်ကင်းမြို့ကို သိမ်းပိုက်ပြီးသောအခါ ဖက်ဆစ်ဂျပန်တို့အတွက် ကမ္ဘာပေါ်တွင်အကြီးကျယ်ဆုံး

www.burmeseclassic.com

[illegible]ကျင့်မှုကြီးကို ကျင်းပကြလေတော့သည်။

ထို့ကြောင့် ၁၉၃၇-ခုနှစ် ဒီဇင်ဘာ ၁၂-ရက်နေ့မှစပြီး ၁၉၃၈-ခုနှစ် ဇန်နဝါရီလအထိ၊ ထိုအချိန်ကာလကို ကမ္ဘာ့သမိုင်းတွင် နန်ကင်းမြို့မှ မုဒိမ်းကျင့်ပွဲအချိန်ကာလ (Rape of Nan King)ဟု ခေါ်ဆိုကြသည်။

"စာရေးဆရာကြီးတစ်ဦး ရေးသားခဲ့သော စာအုပ်တစ်အုပ်တွင် နန်ကင်းမြို့ကို သိမ်းပိုက်ပြီး ဖက်ဆစ်ဂျပန်စစ်သားများဖြတ်သွားခဲ့သောမြို့တိုင်း၊ ရွာတိုင်းတွင် အမျိုးသမီး တစ်ဦးတစ်ယောက်မှ အပျိုမကျန်ခဲ့တော့ပေ"

ထိုသို့ရေးသားဖော်ပြထားသည်ကို ဖတ်ရသည်။ ဖက်ဆစ်ဂျပန်တို့က မိန်းမများကို မုဒိမ်းကျင့်ပြီး သတ်ဖြတ်ကြသည်။ ဂျပန်လူမျိုး ငါးသောင်းကျော်မျှသာရှိသော်လည်း တရုတ်လူမျိုးတစ်သန်းကျော် မုဒိမ်းကျင့်ခံရပြီး သတ်ဖြတ်ခြင်း ခံခဲ့ကြရာ များစွာရက်စက်ယုတ်မာသော ပြုမူကျင့်ကြံမှုဖြစ်သည်။

နန်ကင်းမြို့တွင်း၌ရှိသော အမျိုးသမီးကြီးငယ်အားလုံးကို အုပ်စုလိုက်စုရုံးစေပြီး တစ်ယောက်ပြီးတစ်ယောက် တန်းစီပြီး မုဒိမ်းကျင့်ကြသည်။ တစ်ယောက်တစ်လှည့်အားရအောင် မုဒိမ်းကျင့်ပြီးနောက် အရှင်မထားပဲ လှံစွပ်ဖြင့် ထိုးသတ်လိုက်ကြသည်။

ယောက်ျားများကိုတော့ တွင်းကြီးတစ်တွင်းထဲမှာ စုထည့်ထားပြီး ဖက်ဆစ်ဂျပန် စစ်သားများက လှံစွပ်ထိုးလေ့ကျင့်ကြသည်။ လှံစွပ်ထိုးသောအခါ နှလုံးသားတည့်တည့်သို့ ချိန်၍



ထိုးစေရန် လေ့ကျင့်ကြသည်။ အချို့ကို လည်မျိုတည့်တည့်ထိုးမိစေရန် လူအရှင်ကိုလှံစွပ်ဖြင့် ထိုးသတ်ကာ လေ့ကျင့်ကြသည်။

တရုတ်လူကြီးလူငယ်အားလုံး စုပေါင်း၍ မြို့ပြင်တွင် စီတန်းလမ်းလျှောက်စေသည်။ စက်သေနတ်ပစ်အဖွဲ့က တစ်ယောက်ချင်း တည့်တည့်မတ်မတ်ထိအောင် ကျည်ဆံအလေအလွင့်နည်းအောင် ပစ်ခတ်လေ့ကျင့်ကြသည်။ ရက်ရက်စက်စက်သတ်ဖြတ်ပြီးနောက် တွင်းကျယ်ကြီးအတွင်း လူနှစ်သောင်းခန့်စုံပြီး မြှုပ်ထားကြလေသည်။

တစ်ချိန်က တရုတ်တို့၏ ယဉ်ကျေးမှု အမွေအနှစ်များဖြင့် လှပခဲ့သော နန်ကင်းမြို့ကြီးသည် ယခုအခါ သွေးညှီနံ့နှင့် ယမ်းနံ့များ မွှန်နေခဲ့ပြီဖြစ်သည်။ မြို့အနှံ့ အလောင်းကောင်များ ပြည့်နေသည်။ ရက်စက်စွာ မုဒိမ်းကျင့်ပြီးမှ သတ်ခြင်းအပြင် ရက်စက်စွာ သတ်ဖြတ်နည်းမျိုးစုံဖြင့် တရားလက်လွတ် သတ်ခဲ့ကြသော အလောင်းများစွာကြောင့် နန်ကင်းမြို့ကြီးသည် ဒုစရိုက်မြို့တော် လူသေအလောင်းမြို့တော်ကြီး ဖြစ်သွားသည်။

လူသေအလောင်းများပြန့်ကျဲနေပြီး သွေးညှီနံ့၊ လူသေအပုပ်နံ့တို့ ပျောင်နေတော့သည်။ ဖက်ဆစ်ဂျပန်သည် စနစ်ဆိုးတိုကျင့်သုံးပြီး ရက်စက်လှသည်။ သူနှင့်အတူ နာဇီဂျာမနီနှင့် အီတလီတို့ စုပေါင်းပြီး ဝင်ရိုးတန်းစစ်အုပ်ဟု ဖွဲ့ခဲ့ကြသည်။

ဤသို့ဖြင့် ကြောက်စရာကောင်းသော ကမ္ဘာစစ်ကြီးမှာ နေရာအနှံ့အပြား၌ ဖြစ်ပေါ်ခဲ့တော့သည်။ လူအင်အား လက်နက်အင်အားသုံးလျက် အာရှနိုင်ငံများကို သိမ်းပိုက်နေကြသော

www.burmeseclassic.com

www.burmeseclassic.com



[illegible]တို့သည် ၁၉၄၁-ခုနှစ်ရောက်သောအခါ မြန်မာ[illegible] ချီတက်သိမ်းပိုက်ရန် တာစူလာကြတော့သည်။

ထို့ကြောင့် အင်္ဂလိပ်တို့လည်း နေရာအနှံ့အပြားတွင် [illegible]ပြင်ဆင်မှုများ ပြုလုပ်နေကြရသည်။ ၁၉၄၁-ခုနှစ် ဖေဖော်ဝါရီလ (၁)ရက်နေ့မှာတော့ ဂျပန်တပ်များသည် မြန်မာနိုင်ငံသို့ ချီတက်ရန် စတင်ပြင်ဆင်ကြလေသည်။ ဂျပန်စစ်ရုံးမှ တိုက်ရိုက်ကွပ်ကဲ၍ ဗိုလ်မှူးကြီး စူဇူကီးဦးဆောင်သော မီနာမီကီးကန်း (Minami Kikan) (တောင်ပိုင်းဆိုင်ရာအဖွဲ့)ကို စတင် ဖွဲ့စည်းပြင်ဆင်သည်။

၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလ ရောက်သောအခါ အရှေ့တောင်အာရှ စစ်ပွဲကြီးစတင်လာတော့သည်။ ဂျပန်ဗဟိုစစ်ဦးစီးဌာနချုပ်သည် အာရှတောင်ပိုင်းစစ်မျက်နှာ တပ်မတော်စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး တေရာဥချိ (Field Manshal Hisaidi Terauchi) အား အာရှတောင်ပိုင်း စစ်တိုက်ခိုက်ရေးကာလအတွင်း၊ မြန်မာနိုင်ငံတောင်ပိုင်းရှိ ရန်သူစစ်လေယာဉ်ကွင်းများကို တိုက်ခိုက်သိမ်းပိုက်ရန်နှင့် စစ်အခြေအနေ အဆင်ပြေပါက မြန်မာနိုင်ငံသို့ ထိုးစစ်ဆက်လက် ဆင်နွှဲရန် စစ်မိန့်ချမှတ်ပေးခဲ့သည်။

၁၉၄၁-ခုနှစ်၊ ဒီဇင်ဘာလ ၂၃-ရက်နေ့၊ နံနက် ၁၀-နာရီအချိန်၌ ဂျပန်ဗုံးကြဲလေယာဉ် အစင်း-၆၀ နှင့် တိုက်လေယာဉ် အစင်း-၃၀ ပါသော ဂျပန်လေတပ်က ပထမဦးဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်ကြသည်။ မှတ်တမ်းများအရ ပထမအကြိမ်



[illegible]င် လူ ၂၀၀၀-ခန့် သေဆုံးပြီး ၂၅၀၀-ခန့် ဒဏ်ရာရခဲ့သည်။ [illegible]လိပ်တို့က ဂျပန်လေယာဉ်ပျံ ၁၁-စင်းကို ပစ်ချနိုင်ခဲ့သည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ ဂျပန်များ ဝင်ရောက်[illegible]ပြီး စစ်မီးလျှံများ တောက်လောင်နေသောအချိန်တွင် [illegible]လိပ်တို့ပိုင်သော လေယာဉ်ပျံတစ်စင်းသည် အနောက်[illegible]တ်ဘက်ယွန်းယွန်း၊ အိန္ဒိယသို့ဦးတည်ပျံသန်းရာမှ ရာသီ[illegible]ဆိုးဝါးမှုကြောင့် နာဂတောင်တန်းများရှိသောနေရာ တစ်[illegible]တွင်း ပျက်ကျသွားခဲ့လေသည်။

၁၉၄၁-ခုနှစ်ဝန်းကျင်လောက်က နာဂတောင်တန်းများ[illegible]တွင် နာဂတိုင်းရင်းသားအချို့လောက်မှလွဲပြီး နေထိုင်သူ[illegible]ရှိသလောက်နည်းသည်။ တောင်မြင့်ကြီးများက နေရာအနှံ့[illegible]င် ဝန်းရံထားသည်။ အမြင့်ပေပေါင်း ၁၂၅၅၃-ပေအထိမြင့်[illegible]သာ စာရာမေတိတောင် အပါအဝင် နာဂတောင်တန်းကြီးများ[illegible] ရှိနေသဖြင့် တစ်နေရာနှင့်တစ်နေရာ သွားလာရန်မလွယ်ကူ[illegible] ထို့ပြင် သဘာဝအတိုင်းရှိနေကြသော သစ်တော၊ ဝါးတော[illegible]ကြီးများကလည်း နေရာမလပ်ပိတ်ဆီးလျက် ရှိနေကြသည်။ [illegible]မ်းပြမပါဘဲ တောနက်အတွင်းသို့ ဝင်ရောက်သွားမိပါက ပြန်[illegible]မ်းမရှိသောနေရာ ရောက်သွားသကဲ့သို့ ရှိကြသည်။

ထိုတောနက်ကြီးများထဲတွင် လူဝံ၊ မျောက်ဝံ၊ ဆင်၊ [illegible]ား၊ ကျားသစ်၊ ဝက်ဝံ၊ မြွေကြီးများနှင့် လူကိုအန္တရာယ်ပေး[illegible]င်သော တောကောင်ကြီးများရှိကြသည်။ ယခု နယ်စပ်ဒေသ[illegible] မြို့ဟုသတ်မှတ်ထားသော ပန်ဆောင်မြို့ပင်လျှင် ယခင်က



www.burmeseclassic.com

www.burmeseclassic.com

ရွာတစ်ရွာမျှသာ ရှိပေသေးသည်။

ရှေးယခင် အနေအထားအရ နာဂတောင်တန်းဒေသ ပါဝင်သည့် (ခန္တီးခရိုင်)ဆိုင်ရာ အချက်အလက်များကို အကျဉ်း မျှဖော်ပြပါမည်။ တည်နေရာနှင့်အကျယ်အဝန်းကို ဖော်ပြရ လျှင် နာဂတောင်တန်းဒေသပါဝင်သည့် ခန္တီးခရိုင်သည် မြောက် လတ္တီတွဒ် (၂၄)ဒီဂရီ (၁၅)မိနစ်နှင့် (၂၆)ဒီဂရီ (၄၂)မိနစ်ကြား အရှေ့လောင်ဂျီတွဒ် (၉၄)ဒီဂရီ (၁၈)မိနစ်နှင့် (၉၇)ဒီဂရီ (၁၀) မိနစ်ကြားတွင် တည်ရှိပါသည်။

အရှေ့ဘက်တွင် ကချင်ပြည်နယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် မော်လိုက်ခရိုင်နှင့် ကသာခရိုင် မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက် ရှိသည်။ ပင်လယ်မျက်နှာပြင်အမြင့်မှ (၄၁၀)ပေအထက်တွင် တည်ရှိသည်။

အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း (၁၂၆၆၀. ၁၀၅) မိုင်ရှိပြီး ဧကအားဖြင့် (၈၁၀၂၄၆၇)ဧက ကျယ်ဝန်းပါသည်။ မြေမျက်နှာပြင် အနေအထားအရ မြန်မာနိုင်ငံမြောက်ပိုင်း အ နောက်မြောက်ဘက် တောင်ကုန်းဒေသတွင်ပါဝင်ပြီး ခန္တီးမြို့ နယ်နှင့် ဟုမ္မလင်းမြို့နယ် အချို့ဒေသမှအပ မြေပြန့်ဒေသ နည်း ပါးပြီး သစ်တောများ ဖုံးလွှမ်းလျက်ရှိသည်။ ချောင်းမြောင်း များပေါများပြီး လျှိုမြောင်အများအပြား ဖြစ်တည်လျက်ရှိသော ဒေသဖြစ်သည်။

လေရှီးမြို့နယ်နှင့် လဟယ်မြို့နယ် ထိစပ်ရာတွင် အမြင့်





ပေ (၁၂၅၅၃)ရှိ စာရာမေတီ(ခေါ်)နှိုင်မောက်တောင်ထွတ် ရှိသည်။ ခန္တီးမြို့၏ အမြင့်ပေသည် ပင်လယ်မျက်နှာပြင်ထက် (၄၅၀)အမြင့်ပေ ရှိပါသည်။ ချင်းတွင်းမြစ်သည် ခန္တီးမြို့မြောက် ဘက် နန်းပေါက်ချောင်းတွင်မြစ်များခံ၍ စစ်ကိုင်းတိုင်းအတွင်း (၃၆)မိုင်မျှ ဖြတ်သန်းစီးဆင်းကာ ဧရာဝတီမြစ်ထဲသို့ စီးဝင် သည်။

ချင်းတွင်းမြစ်သည် မြစ်ဖျားမှမြစ်ဆုံးအထိ မိုင်(၅၀၀) ကျော်ရှည်လျား၍ ပို့ဆောင်ရေးနှင့် သွားလာရေး၌ မိုင်(၅၀၀) ကျော် အသုံးပြုလျက်ရှိသည်။ ခန္တီးခရိုင်အတွင်း ချင်းတွင်းမြစ် အတွင်းသို့ စီးဝင်သော ထင်ရှားသည့် ချောင်းများမှာ နတ်မော် ချောင်း၊ နန့်စလိန်ချောင်း၊ နန့်တုံတွန်ချောင်း၊ နန့်ဖီးလင်းချောင်း၊ နန့်အိမိချောင်း၊ နန့်အိစူးချောင်း၊ နန့်သလက်ချောင်းနှင့် ဥရု ချောင်းတို့ဖြစ်သည်။

ခန္တီးမြို့နယ်အထက် (၃၂)မိုင်အကွာ ချင်းတွင်းမြစ်ဖျား တွင် ကျောက်ဆည်ရေတံခွန်ရှိပြီး ၎င်းအထက်တွင် ကျောက်စိမ်း ရေတံခွန်၊ နတ်သမီးရေတံခွန်၊ တံကုန်းရေတံခွန်စသည့် ရေ တံခွန်ငယ်များရှိသည်။ ပန်ဆောင်မြို့သစ်သည် နာဂမြို့သစ် ဖြစ် သည်။ ပန်ဆောင်မြို့သစ်အား စစ်ကိုင်းတိုင်းခန္တီးခရိုင်၊ နန်းယွန်း မြို့နယ်မှ ပန်ဆောင်ဒေသတွင် ၂၀၀၂-ခုနှစ် အောက် တိုဘာလ (၁၅)ရက်မှစ၍ မြို့သစ်အဖြစ် သတ်မှတ်ခဲ့ပေသည်။

ပန်ဆောင်မြို့သည် (၂၅၇၂၆၂. ၁၀)ဧက ကျယ်ဝန်း သည်။ မြောက်လတ္တီတွဒ် (၂၇)ဒီဂရီနှင့် (၂၈)ဒီဂရီအကြား


www.burmeseclassic.com

www.burmeseclassic.com

အရှေ့လောင်ဂျီတွဒ် (၉၆)ဒီဂရီနှင့် (၉၇)ဒီဂရီအကြား တည်ရှိ သည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေ(၃၂၅၀)တွင် တည် ရှိသည်။

ပန်ဆောင်မြို့၏ ရာသီဥတုမှာ မြောက်သမပိုင်းဇုန်အ တွင်းကျရောက်ကာ တစ်နှစ်ပတ်လုံး မိုးရွာလေ့ရှိသည်။ နှစ်စဉ် ပျမ်းမျှ မိုးရေချိန်လက်မ (၁၂၀)မှ (၁၅၀)အထိ ရွာလေ့ရှိသည်။ အနိမ့်ဆုံး အပူချိန် (၈)ဒီဂရီစင်တီဂရိတ်မှ အမြင့်ဆုံး အပူချိန် (၃၂)ဒီဂရီစင်တီဂရိတ်ထိ ရှိသည်။

ထိုစဉ်က ပန်ဆောင်မြို့တွင် လူဦးရေ (၁၀၈၉)ဦး နေ ထိုင်ပြီး လူဦးရေ(၉၅)ရာခိုင်နှုန်းမှာ နာဂတိုင်းရင်းသားများ ဖြစ် ကြသည်။ ဗမာ၊ ကချင်၊ လီဆူးတိုင်းရင်းသားများလည်း နေ ထိုင်သည်။ ဗုဒ္ဓဘာသာကိုးကွယ်သူ အသင့်အတင့်နှင့် ခရစ်ယာန် ကိုးကွယ်သူ အများအပြားရှိသည်။ နတ်ကိုးကွယ်သူအချို့လည်း ရှိသည်။ ပန်ဆောင်မြို့တွင် အထက်ရပ်ကွက်၊ အလယ်ရပ်ကွက် နှင့် အောက်ရပ်ကွက်ဟူ၍ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ကိုး အုပ်စုနှင့် ကျေးရွာ(၁၈)ရွာရှိသည်။

တယောကျေးရွာအုပ်စုတွင် ထလော-၁၊ ထလော-၂ ဟူ၍ ကျေးရွာနှစ်ရွာ၊ ဟူလောင်းကျေးရွာအုပ်ဟုတွင် ဟူလောင်း ယောကွန်၊ နာလင်း၊ ထယောစုဟူ၍ ကျေးရွာလေးရွာရှိသည်။ လုံလောင်းကျေးရွာအုပ်စုတွင် ဝါပုံ၊ ဝပ်ထမ်းနှင့်နာ့ထမ်းဟူ၍ ကျေးရွာသုံးရွာရှိသည်။ တကိုင်းကျေးရွာအုပ်စုတွင် တကိုင်းရွာ၊ နောင်ဆိုင်တကုန်းရွာ၊ နမ္မလစ်ကျေးရွာအုပ်စုတွင် နမ္မလစ်ရွာ၊



နောင်ကုလုကျေးရွာအုပ်စုတွင် နောင်ယန်း၊ ခမ္မတိုင်၊ လောက် ဆိုင်ရွာတို့ အသီးသီးပါဝင်ကြသည်။

ပန်ဆောင်မြို့သည် ပတ်ကွိုင်တောင်ကြောပေါ်တွင် တည်ရှိသည်။ ပန်ဆောင်-မြစ်ကြီးနား (၂၂၈)မိုင်ကွာဝေးပြီး ပန်ဆောင်-နန်းယွန်း (၃၂)မိုင် ကွာဝေးသည်။ ပန်ဆောင်မြို့သည် ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယနိုင်ငံ၊ လီဒိုမြို့မှ တရုတ်နိုင်ငံ ယူနန်ပြည်နယ်၊ ကူမင်းမြို့အထိ ဖောက်လုပ်ခဲ့သည့် လမ်းမပေါ် တွင် တည်ရှိသည်။

ထိုလမ်းသည် လီဒိုလမ်းမကြီး ဟုလူသိများသော အိန္ဒိယ၊ မြန်မာ၊ တရုတ်သုံးနိုင်ငံဆက် လမ်းမကြီးဖြစ်သည်။ ပန်ဆောင် သည် ဟူးကောင်းတောင်ကြား (ခေါ်) ပန်စောတောင်ကြား (Pangsaw Pass)အနီးတွင် တည်ရှိသည်။ တနိုင်း-ကာမိုင်းမြို့ နားသည် လီဒိုလမ်းမကြီးပေါ်တွင် တည်ရှိသည်။

ဟူးကောင်းတောင်ကြားလမ်းသည် မြန်မာနိုင်ငံ အ နောက်ဘက်ရှိ တောင်ကြားလမ်းလေးခုဖြစ်သည့် ဟူးကောင်း တောင်ကြားလမ်း၊ မဏိပူရတောင်ကြားလမ်း၊ အမ်းတောင်ကြား လမ်း၊ တောင်ကုတ်တောင်ကြားလမ်းတို့အနက် တစ်ခုအပါအ ဝင် ဖြစ်သည်။

ပန်ဆောင်မြို့၏ အနောက်တောင်ဘက်တွင် အိန္ဒိယ နိုင်ငံ အရှေ့နာနယ် ပရာဒေရှ်ပြည်နယ်၊ ချန်လန်းနန်ပေါင်မြို့တို့ နှင့် ထိစပ်နေသည်။ အရှေ့ဘက်တွင် နန်းယွန်းမြို့နယ်၊ မြောက် ဘက်တွင် ပူတာအိုမြို့နယ်တို့နှင့် ဆက်စပ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ဝေးလံသီခေါင်လှသော အနောက်မြောက်ဖျား ဒေသသို့ အကြောင်းမရှိပဲ သွားလာသူမရှိသလောက်နည်းလှ လေသည်။ နောက်ပိုင်းတွင် လီဒိုလမ်းမကြီးဖောက်ရန်အတွက် လမ်းကြောင်းရွေးချယ်သောအခါ ဟူးကောင်းတောင်ကြားဒေသ ပါဝင်လာသောကြောင့် လူများရောက်လာကြခြင်းဖြစ်သည်။ လီဒိုလမ်းမကြီးကို ၁၉၄၂-ခုနှစ်ရောက်မှ စတင်ဖောက်လုပ်ကြ ခြင်းဖြစ်ရာ ထိုမတိုင်မီ ၁၉၄၁-ခုနှစ် နှောင်းပိုင်းကာလတွင် မန္တလေးမြို့မှ အိန္ဒိယသို့ပျံသန်းသွားသော အင်္ဂလိပ်စစ်လေယာဉ် ပျံတစ်စင်း ပန်ဆောတောင်ကြားတစ်ဝိုက် တောနက်ကြီးအတွင်း သို့ ထိုးကျပျက်စီးသွားလေတော့သည်။

တာဝန်ရှိသူများက ဒေသခံလမ်းပြများခေါ်ယူပြီး ထိုနေ ရာဒေသများသို့ လိုက်လံရှာဖွေကြသော်လည်း အစအနမျှပင် မတွေ့ရတော့ပေ။



# အခန်း-၂

## စားရက်ကြံသဖြင့် မုတ်ဆိတ်များစွဲခြင်း

တစ်နေ့သ၌ ပန်ဆောတောင်ကြားနှင့်၊ ချော်ကန် တောင်ကြားအလယ်၌ရှိသော တောနက်ကြီးအတွင်းသို့ လူ သုံး ယောက်ရောက်လာကြသည်။ ထိုနေရာမှာ မြန်မာနိုင်ငံ မြောက် ဖျားဒေသဖြစ်ပြီး အနောက်မြောက်ယွန်းယွန်း၊ နယ်စပ်ဒေသနှင့် နီးသောနေရာပင်ဖြစ်သည်။ ထိုနေရာသည် အိန္ဒိယနယ်ဘက်သို့ ကူးသွားနိုင်သောနယ်ခြားဒေသနှင့်နီးသလို ဟူးကောင်းဒေသ

www.burmeseclassic.com



နှင့်လည်း ဆက်စပ်မှုရှိသည်။

တောင်မြင့်ကြီးများအလယ်နေရာတွင်ရှိပြီး သစ်တော ကြီးများ ထူထပ်လှသောကြောင့် နေထိုင်သူမရှိပေ။ ထိုဒေသ တွင် ရွာမရှိပေ။ သို့သော် ထိုနေရာကို ကုန်သည်များက အသုံး ပြုသွားလာကြသည်။ အိန္ဒိယဘက်မှ ဗမာပြည်သို့သော်လည်း ကောင်း၊ ဗမာပြည်မှ အိန္ဒိယဘက်သို့သော်လည်း ကုန်အရောင်း ပြုသူများက ထိုတောင်ကြားလမ်းများမှ အဝင်အထွက်ပြုကြ သည်။

အဘယ်ကြောင့်ဆိုသော် ထိုနေရာဘက်သို့ အင်္ဂလိပ် စစ်သားများနှင့်၊ ဂျပန်စစ်သားများ မလာကြသောကြောင့် ဖြစ် သည်။ သို့သော် ယခုနှစ်ပိုင်းများမှာတော့ မကြာခဏဆိုသလို အင်္ဂလိပ်စစ်သားများ ရောက်လာပြီး လမ်းဖောက်ရန်နေရာများ ရှာဖွေလေ့လာနေကြသည်။ အင်္ဂလိပ်စစ်သားများကတော့ ဂျပန် စစ်သားများကဲ့သို့ မဟုတ်ပေ။ ကုန်သည်များနှင့်တွေ့လျှင်ပင် ဒုက္ခမပေးကြပေ။

ဂျပန်စစ်သားများနှင့်တွေ့လျှင်တော့ ပါသမျှပစ္စည်းများ သိမ်းယူရုံမကပဲ လူကိုသတ်သည်။ ဒါမှမဟုတ် အထုပ်အပိုးများ ထမ်းရန် ခေါ်ဆောင်သွားလေ့ရှိကြသည်။ ထို့ကြောင့် ထိုခရီး လမ်းကို သွားလာနေသူများမှာ ဂျပန်စစ်သားများနှင့် မတွေ့ အောင်တော့ သတိဖြင့်သွားလာကြရလေသည်။

လမ်းဖောက်ရန်အတွက် လာရောက်ကြသည့် အင်္ဂလိပ် စစ်သားများနှင့်တွေ့လျှင်တော့ ပြဿနာမရှိပေ။ ယခုတစ်လော



တောင်ကြောတစ်နေရာတွင် လေယာဉ်ပျံတစ်စင်း ပျက်ကျသွား ခဲ့ကြသည်။ ထိုနေ့က နှင်းများပိတ်ဆီးနေပြီး ရာသီဥတုဆိုးဝါး နေသောကြောင့် မည်သည့်နေရာဘက်သို့ ပျက်ကျသွားခဲ့သည် တော့ ဘယ်သူမှ မသိနိုင်ကြပေ။

သို့ကြောင့် လမ်းဖောက်ရန်အတွက် လာရောက်လေ့ လာကြသော စစ်သားများအပြင် လေယာဉ်ပျံပျက်ကို လိုက်လံ ရှာဖွေနေကြသော စစ်သားအချို့နှင့်လည်း တွေ့ကြရသည်။ ၎င်း တို့က ဒေသခံများနှင့်တွေ့လျှင် လေယာဉ်ပျံအကြောင်းကိုသာ မေးမြန်းစုံစမ်းကြပြီး အခြားတော့ ဒုက္ခမပေးကြပေ။

တစ်နေ့တော့ ထိုအတောအတွင်းသို့ လူသုံးယောက် ရောက်လာကြသည်။ ထိုသုံးယောက်မှာ ရမ်နော၊ ထန်လုံနှင့် ငထင်တို့သုံးယောက်ဖြစ်သည်။ ၎င်းတို့သုံးယောက်မှာ ဟူးလောင် ရွာသားများဖြစ်ကာ လမ်းပြအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများ ဖြစ်ကြသည်။

ယခုလည်း အိန္ဒိယဘက်သို့သွားသော ကုန်သည်တစ်ဖွဲ့ အား တောင်ကြားလမ်းသို့ လိုက်ပို့ပြီးပြန်လာကြခြင်း ဖြစ်သည်။ တစ်နေရာရောက်တော့ သုံးယောက်သား အမောပြေနားရင်း ပါလာသော အစားအသောက်များကို ချက်ပြုတ်စားသောက်ကြ ရင်း တိုင်ပင်နေကြသည်။

"တစ်လောက ဒီနေရာတစ်ဝိုက်မှာ လေယာဉ်ပျံတစ် စင်း ပျက်ကျသွားတယ်လို့ သတင်းကြားလိုက်မိတယ်၊ အင်္ဂလိပ် လေယာဉ်လား၊ ဂျပန်တွေရဲ့လေယာဉ်လား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

ဟု ရမ်နော‌ကပြောသည်။ ကျန်နှစ်ယောက်ကတော့ စားရင်းသောက်ရင်းနှင့် နားထောင်နေကြသည်။

"ငါတို့ သွားရှာကြရင် ကောင်းမလား"

"တွေ့တော့ ဘာလုပ်မှာလဲ"

"လေယာဉ်ပျံပေါ်မှာပါတဲ့ ပစ္စည်းတွေ ရချင်ရမှာပေါ့"

"ဘယ်နေရာပျက်ကျမှန်းမှ မသိတာ၊ နောက်ပြီး မီးလောင်လို့ ဘာမှကျန်တော့မယ် မထင်ပါဘူးကွာ"

"ငါထင်တာတော့ သေနတ်တွေ၊ ဒါမှမဟုတ် တန်ဖိုးရှိတဲ့ပစ္စည်းတွေ ပါလာမယ်ထင်တာပဲ"

"ဘယ်နေရာပျက်ကျသွားမှန်းမှ မသိတာ၊ ဒီလောက်တောနက်ကြီးထဲမှာ နေရာမသိပဲနဲ့ ဘယ်လိုရှာကြမှာလဲ"

ထန်လုံပြောတာမှန်သည်။ ထိုနေရာတစ်ဝိုက်တွင် တောင်မြင့်ကြီးများ၊ ချောက်ကမ်းပါးများ၊ နက်ရှိုင်းသော တောင်ကြားများနှင့် တောနက်ကြီးများသာရှိပြီး နေရာအမှတ်အသား မရှိပေ။ ထို့နောက်သုံးယောက်သား စားသောက်ပြီးသည်နှင့် နေဝင်ချိန်မတိုင်ခင် လုံခြုံသောနေရာတစ်ခုရောက်ရန် ခရီးဆက်ကြပြန်သည်။

ထိုနေ့က ရာသီဥတုသာယာပြီး နေသာနေသည်။ ထို့ကြောင့် တောင်ကြောတစ်ခုပေါ်မှ လှမ်းမျှော်ကြည့်လျှင် နေရောင်ခြည်များကျနေသော သစ်တောစိမ်းများကို တမျှော်တစ်ခေါ် လှမ်းမြင်နေကြရသည်။ တစ်နေရာရောက်တော့ ငထင်က အရှေ့ဘက်တစ်နေရာသို့ လက်ညှိုးထိုးပြလေသည်။



"ဟိုမှာဘာလဲ ကြည့်ကြစမ်း"

ထိုသို့ပြောသဖြင့် ကျန်နှစ်ယောက်က လှမ်းကြည့်လိုက်သည်။ အနောက်ဘက်သို့ ရောက်နေသော နေရောင်ခြည်က အရှေ့ဘက်တစ်ခွင်သို့ ထိုးကျနေသည်။ တစ်နေရာမှ မှန်ချပ်ကို နေရောင်နှင့်ထိသဖြင့် အလင်းရောင်ပြန်ထွက်လာခြင်းမျိုးကို မြင်ကြရသည်။

"ဘာလဲ"

"မှန်ကို နေရောင်ထိလို့ ပြန်ထွက်လာတဲ့ အလင်းရောင်မျိုးပဲ"

"တောထဲလာတဲ့သူတွေကတော့ ဘယ်သူမှ တကူးတက မှန်ပါကြမယ် မထင်ဘူး၊ မဟုတ်ကာမှလွဲရော ပျက်ကျတဲ့လေယာဉ်က မှန်ချပ်တွေကို နေထိပြီး အလင်းရောင်ပြန်လာတာပဲ ဖြစ်မယ်"

ရမ်နောစကားကြားတော့ ကျန်နှစ်ယောက်ကပါ စိတ်ဝင်စားလာကြဟန်ဖြင့် သူ့မျက်နှာကို ကြည့်လိုက်ကြသည်။

"ဘယ်လိုလုပ်ကြရင် ကောင်းမလဲ"

"ငါတို့ အဲဒီဘက်သွားကြည့်ကြရင် ကောင်းမယ်ထင်တယ်"

"ဒီကနေ့တော့ အချိန်မမီနိုင်တော့ဘူး၊ နေရာမှတ်ထားပြီးနောက်တစ်နေ့မှပဲ သွားကြတာပေါ့"

ထိုသို့ပြောဆိုတိုင်ပင်ပြီးနောက် သင့်တော်သောနေရာတစ်နေရာ၌ တစ်ညဝင်နားကြသည်။ နောက်တစ်နေ့နံနက်တွင်

www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်ရလာတော့မှ သုံးယောက်သား ထိုနေရာမှ ထွက်ခဲ့ကြသည်။ ၎င်းတို့သုံးယောက်မှာ အသက် ၃၀-ကျော်အရွယ်သာ ရှိကြသေးသဖြင့် ကြံ့ခိုင်သန်စွမ်းကြသည်။ သေနတ်နှင့်လေးမြှား၊ ဓားလှံတို့လည်း ပါလာကြသဖြင့် တော်ရုံအန္တရာယ်မျိုးတော့ မှုစရာမလိုကြပေ။

မနေ့ညနေပိုင်းက တွေ့မြင်ခဲ့ရသော အလင်းရောင်မှာ ပန်ဆောတောင်ကြားနှင့် ချော်ကန်တောင်ကြားအလယ်နေရာလောက်တွင် ဖြစ်သည်။ တောင်မြင့်ကြီးများက ပတ်လည်ကာရံထားပြီး အလယ်၌ သစ်တောဝါးတောကြီးများသာ ရှိကြသည်။ သူတို့သုံးယောက်စလုံး တောကျွမ်းကျင်ကြသူများ ဖြစ်ကြသည်။ ထို့ကြောင့် အလင်းရောင်မြင်ရသောနေရာကို မှတ်သားကာ အနီးဆုံးရောက်နိုင်သောနေရာများမှ ဖြတ်သွားကြသည်။

ညနေပိုင်းအချိန်ရောက်တော့ သစ်တောများကျော်သွားပြီး ဝါးဘိုးဝါးတောကြီးရှိရာသို့ ရောက်သွားကြသည်။ ဝါးတောမှာ လူသူအရောက်အပေါက် မရှိသောနေရာ ဖြစ်သောကြောင့် လူတစ်ယောက်ဝင်ဖို့ မလွယ်လောက်အောင် စေ့နေသည်။ နေရောင်ခြည်က ရှိနေသေးသော်လည်း ဝါးတောကြီးက ပိတ်ဆီးနေသောကြောင့် နောက်ထပ်အလင်းရောင်တော့ ထပ်မံမတွေ့ရတော့ပေ။

ရမ်နောတို့သုံးယောက်သည် အချိန်ရသရွေ့ဝါးတောအတွင်း လိုက်လံရှာဖွေကြသော်လည်း ထူးထူးခြားခြားတော့ ဘာမှမတွေ့ရသေးပေ။ သို့ဖြစ့် အချိန်နည်းသွားသောအခါမှာ



တော့ ဝါးတောကြီးတစ်နေရာ၌ပင် စခန်းချကြလေသည်။ ထိုနေရာများတွင် ဂူပေါက်များမရှိသော်လည်း ကျောက်တုံးကြီးများရှိသည်။ ထိုကျောက်တုံးကြီးများကြားတွင် မီးဖိုထားပြီးနေရသည်မှာ အနွေးဓာတ်လည်းရ၊ လုံခြုံမှုလည်း အတန်အသင့် ရနိုင်ပေ၏။

မီးဖိုပေါ်တွင် ဝါးဆစ်ပိုင်းများကဲ့သို့ ရေထည့်ပြီး ချိတ်ထားရာ အံဖော်ကြာတော့ ရေဆူလာသည်။ ဒီတော့မှ လက်ဖက်ခြောက်ခပ်ကာ လက်ဖက်ရည်ခါးခါး သောက်ကြသည်။ ပါလာသော အသားခြောက်များကို မီးကင်ပြီး လက်ဖက်ရည်ခါးခါးနှင့် စားသောက်ရသည်မှာ အရသာလည်းရှိ ဝမ်းလည်းပြည့်စေသည်။ ညဉ့်နက်ပိုင်းရောက်သည်အထိ သုံးယောက်စလုံး မအိပ်ကြပဲ လက်နက်များကို နံဘေး၌ချထားပြီး စကားပြောနေကြသည်။ ဟူးကောင်းနယ်တစ်ဝိုက်တွင် ကြောက်စရာ အကောင်းဆုံးနှင့် အန္တရာယ်အပေးနိုင်ဆုံးမှာ ‘ကိုးတောင်ကျား’ကြီးများဖြစ်သည်။

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အချိန်မရွေး နေရာမရွေး ဝင်ရောက်သတ်ဖြတ်ကာ စားသောက်လေ့ရှိကြသည်။ အခြားဒေသများမှာရှိသောကျားက အကောင်အရွယ်အစားသေးပြီး လူကိုကြောက်သည်။ လူနံ့ရသည်နှင့် တစ်နေရာသို့ရှောင်သွားလေ့ရှိကြသည်။ ဟူးကောင်းကျားကတော့ အကောင်အရွယ်အစားကြီးသလို လူကိုလည်း မကြောက်ရွံ့ကြပေ။

လူအနံ့ရသည်နှင့် ထိုနေရာသို့ရောက်အောင်လာပြီး



www.burmeseclassic.com

www.burmeseclassic.com

အတင်းဝင်ဆွဲလေ့ရှိသည်။ ထို့ကြောင့် မည်သူမှ စိတ်ချက်လက်ချ မအိပ်ဝံ့ဘဲ စားသောက်ရင်းနှင့် စကားပြောနေကြခြင်းဖြစ်သည်။ ညဉ့်နက်ပိုင်းအချိန်ရောက်တော့ သူတို့ရောက်နေသောနေရာနှင့် မနီးမဝေးနေရာလောက်မှ ဆူဆူညံညံအသံများကြားရသည်။ လူသံသူသံ၊ အော်ဟစ်အကူအညီတောင်းနေသောအသံများ ကြားရသည်။

တိတ်ဆိတ်နေသောအချိန် ဖြစ်သောကြောင့် အော်ဟစ်အကူအညီတောင်းနေသောအသံများကို ကောင်းစွာကြားကြရသည်။

"လူသံတွေကြားရတယ်"

"ဒီတောထဲမှာတော့ အချိန်မတော်ကြီး ဘယ်သူကမှ သွားလာနေကြမယ် မထင်ဘူး၊ တောခြောက်တာပဲ ဖြစ်မှာပေါ့"

ဟု ပြောဆိုကာ နားစွင့်နေကြသည်။ ကြားနေရသောအသံများက မဝေးလှပေ။ အသက်ဘေးအန္တရာယ်နှင့် ကြုံတွေ့ရသောကြောင့် ပတ်ဝန်းကျင်ကို အော်ဟစ်အကူအညီတောင်းနေကြသည့် အသံမျိုးဖြစ်သည်။ ထိုသို့ကြားနေရသော်လည်း ရမ်နော၊ ထန်လုံနှင့်ငထင်တို့ သုံးယောက်ကတော့ ဘယ်မှမသွားပဲ ရင်းတို့နေရာမှာသာ တစ်ညလုံးနေကြသည်။

နောက်တစ်နေ့အလင်းရောင်ရတော့မှ ကျောက်တုံးကြီးများနောက်မှ အပြင်သို့ ထွက်ကြသည်။

"ဘယ်နေရာဘက်သွားမလဲ"

"ငါတို့အလင်းရောင်တွေ့တာ အရှေ့ဘက်မှာ မဟုတ်





လား၊ ညက အော်သံတွေကြားရတာလဲ အဲဒီဘက်ကပဲ"

"ဒါဖြင့်လည်း အသံတွေကြားတဲ့နေရာဘက်ကို သွားကြည့်ကြရအောင်"

ထိုသို့ပြောဆိုပြီး သုံးယောက်သား နေရာမှထွက်လာကြသည်။ သူတို့ရောက်နေသောနေရာမှာ တောင်ကြောတစ်ခုပေါ်၌ဖြစ်သည်။ တောင်ကြောထိပ်ပေါ် ရောက်သောအခါမှာတော့ ဧဝေဇဝါ မြင်ကွင်းတစ်ခုကို လှမ်းမြင်ရသည်။ သူတို့ရောက်နေသောနေရာနှင့် မဝေးလှသောနေရာတွင် ချိုင့်ဝှမ်းတစ်ခုရှိသည်။ တောင်ကြောနှစ်ခုကြားတွင် သဘာဝအလျောက်ဖြစ်နေသာချိုင့်ဝှမ်းဖြစ်သည်။

ဝါးတောကြီးများက နေရာမလပ်မှိုင်းညို့နေလျက်ရှိသည်။ သို့သော် တစ်နေရာမှာတော့ မီးလောင်ပြင်ကဲ့သို့ ဖြစ်ကာတွက်လပ်ကြီးဖြစ်နေသော နေရာတစ်ခုကို လှမ်းမြင်ကြရသည်။ ဝါးပင်များကို တောမီးလောင်သကဲ့သို့ လောင်ထားသောနေရာများလည်းရှိသည်။ တစ်နေရာမှာတော့ ဝါးတောအတွင်း၌ လမ်းဖောက်ထားသကဲ့သို့ ဖြစ်နေသောစွပ်ကြောင်းကြီးလည်းရှိသည်။ ထိုစွပ်ကြောင်းတလျှောက်၌ ဝါးပင်များမရှိပေ။ လဲပြိုနေကြလေသည်။

"ငါတို့သွားကြည့်ရအောင်"

ထိုသို့ပြောဆိုပြီး သုံးယောက်သား ချိုင့်ဝှမ်းအတွင်းသို့ ဆင်းလာကြသည်။ အောက်ရောက်တော့ စွပ်ကြောင်းကြီးဖြစ်နေရာသို့ အရင်သွားကြည့်သည်။ ထိုနေရာရောက်တော့ ဝါးပင်များ

www.burmeseclassic.com

www.burmeseclassic.com



လဲပြိုနေသည်ကိုသာ တွေ့ရပြီးအခြားတော့ ဘာမှမတွေ့ရပေ။ အချို့ဝါးပင်များမှာ အတက်အညွန့်များပင်ထွက်နေပြီဖြစ်ရာ အတော်ပင်ရှုပ်နေလေပြီ။ သုံးယောက်သား စွပ်ကြောင်းကြီးအတိုင်းလိုက်သွားရာ တစ်နေရာရောက်တော့ ဝါးတောအတွင်းမှာ တစ္စန်းတစထွက်နေသော လေယာဉ်ပျံတစ်စင်း၏ အမြီးပိုင်းကြီးကိုတွေ့ကြရာများစွာ ဝမ်းသာသွားကြလေသည်။

"ဟိုမှာလေယာဉ်ပျံပျက်ကြီးတွေ့ရပြီ"

ထိုသို့ပြောဆိုပြီး ခတ်သုတ်သုတ်သွားကြလေသည်။ ထိုနေရာရောက်တော့မှ အခြေအနေမှန်ကို မြင်တွေ့ကြရတော့သည်။ အရှိန်ဖြင့်ထိုးဆင်းလာသော လေယာဉ်ပျံမှာ ဝါးတောထဲသို့ အရင်ကျပြီးမှ အတော်ဝေးဝေးရောက်အောင် ဆက်သွားသေးဟန်ရှိသည်။ နောက်မှာ ဝါးပင်များနှင့်တိုက်ကာ အတောင်ပံနှစ်ဖက် ပျက်စီးသွားပြီးမှ တစ်နေရာ၌ခေါင်းစိုက်ပြီး ရပ်တံ့သွားပုံရသည်။ ဝါးတောအတွင်းကျသောကြောင့် ပြင်းပြင်းထန်ထန်ထိခိုက်မှုမျိုးမဖြစ်ပဲ မပေါက်ကွဲခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ သို့သော်ရောက်နေသောအခြေအနေကတော့ မကောင်းလှပေ။

ဝါးပိုးဝါးကြီးများပေါ်တင်နေသည့် လေယာဉ်ပျံမှာ ချောက်အတွင်းသို့ ဦးခေါင်းစိုက်နေသော အနေအထားရှိသည်။ ဝါးပင်ကြီးများနှင့်ငြိနေသောကြောင့်သာ အောက်ဘက်သို့ ထိုးစိုက်မကျသွားသေးခြင်းဖြစ်၏။

သို့သော် ဝါးပင်ကျိုး၍သော်လည်းကောင်း၊ ဟန်ချက်ပျက်သွားလျှင်သော်လည်းကောင်း နတ်ရှိုင်းလှသော ချောက်အ





တွင်းသို့ အချိန်မရွေးထိုးကျသွားနိုင်သော အနေအထားမျိုးလည်းရှိနေသည်။

"လေယာဉ်တော့တွေ့ပြီ၊ အပေါ်တက်ကြည့်ကြမလား"

"အောက်ကိုပြုတ်ကျသွားနိုင်တယ်"

"မကျအောင် လုပ်လို့ရပါတယ်"

"ဘယ်လိုလုပ်မှာလဲ"

သူတို့သုံးယောက်တွင် ရမ်နောက ဉာဏ်ကောင်းသည်။ သူတပင်ဦးဆောင်ပြီး ထိုနေရာတစ်ဝိုက်မှာရှိသော နွယ်ကြိုးများကို ရှာဖွေယူလာ လေယာဉ်အမြီးပေါ်သို့ သိုင်းတင်ပြီး ဝါးပင်များနှင့် ချည်ထားလိုက်သည်။ ထိုသို့ပြုလုပ်ထားပြီးမှ ဝါးပင်များပေါ်မှ တဆင့်လေယာဉ်ပေါ်ရောက်အောင် တက်ကြသည်။ ၎င်းတို့တက်သော ဝါးပင်များက လှုပ်နေသလိုအပေါ်မှာ တင်နေသော လေယာဉ်ကလည်း ယိမ်းထိုးနေလေသည်။

အကာယ်၍သာ လေယာဉ်တင်နေသော ဝါးပင်တစ်ပင်ကျိုးသွားပါက ဟန်ချက်ပျက်ပြီး အောက်သို့အချိန်မရွေးထိုးကျသွားနိုင်လေသည်။ ပွင့်နေသောတံခါးမှ အတွင်းသို့ဝင်ကြည့်ကြသည်။ မြင်ကွင်းကတော့ မကောင်းလှပေ။ လေယာဉ်ဦးခန်းမှာရှိသည့် လူနှစ်ယောက်အပါအဝင် နောက်ဘက်မှာပါသော လူအချို့ပါ သေဆုံးနေကြသည်။

လေယာဉ်ပျက်ကျခဲ့တာ အတော်ကြာပြီဖြစ်သဖြင့် အရိုးများသာ ရောက်နေကြပေပြီ။ တောတိရစ္ဆာန်များ ဝင်ရောက်စားသောက်ကြဟန်ဖြင့် ခေါင်းတခြားကိုယ်တခြား၊ ခြေတခြား

www.burmeseclassic.com

www.burmeseclassic.com



လက်တချိုး ပြုန်းကြဲနေကြသည်။ ကိုယ်ပေါ်မှာ ဝတ်ထားသော အဝတ်အစားများမှာလည်း အစိတ်စိတ်အမွှာမွှာ ပြဲစုတ်နေကြသည်။ ကျားသစ်များ၊ တောကြောင်များအပါအဝင် အမြင့်သို့ တတ်နိုင်သော တောတိရစ္ဆာန်များ တက်ရောက်စားသောက်ခဲ့ကြဟန်ရှိသည်။

၎င်းတို့ကိုင်ကြသော သေနတ်များကတော့ အကောင်းအတိုင်းပင်ရှိနေသေးသည်။ ထို့ပြင်တစ်နေရာတွင် ချထားသော သံသေတ္တာကြီးတစ်လုံးလည်း ရှိပေသေးသည်။ လေယာဉ်ပေါ်ရောက်သည်နှင့် သေနတ်ကျည်ဆံများ အပါအဝင် အသုံးပြုနိုင်သော ပစ္စည်းများကို တစ်နေရာတွင် စုပုံထားသည်။ပြီးမှ ပိတ်ထားသော သံသေတ္တာကြီးကိုဖွင့်သည်။ သော့ခတ်ထားသောကြောင့် သော့ကိုဖျက်ပြီးမှ ဖွင့်၍ရသည်။ အဖုံးပွင့်သွားတော့ သုံးယောက်သား မျက်လုံးပြူးသွားကြလေသည်။ သေတ္တာကြီးအတွင်း၌ ရွှေချောင်းများ အပြည့်ရှိနေသည်။

"ဟာ ရွှေချောင်းတွေပါလား"

"အများကြီးပဲ ငါတို့သုံးယောက်တော့ ချမ်းသာပြီ"

"ဒါထက် အခု ဘယ်လိုလုပ်မှာလဲ"

"ဒါတွေကို အခုသယ်သွားလို့တော့ မဖြစ်သေးဘူး။ အင်္ဂလိပ်တွေနဲ့ပဲတွေ့တွေ့၊ ဂျပန်တွေနဲ့ပဲတွေ့တွေ့ ငါတို့အသက်ခံရလိမ့်မယ်"

"ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

"ငါသဘောကတော့ ငါတို့သုံးယောက် ရွှေနည်းနည်း



စီသယ်သွားပြီး ကျန်တဲ့ရွှေတွေကို တစ်နေရာမှာဝှက်ထားခဲ့မယ်"

"ဝှက်တာကတော့ ဟုတ်ပါပြီ၊ ဒီနေရာတွေက လာဖို့လွယ်ဘူး၊ နောက်တစ်ခါလာရှာလို့ မမှတ်မိတော့ရင် ဘယ်လိုလုပ်မလဲ"

ငထင်က စိတ်ပူသဖြင့် မေးသည်။

"ဒါက လွယ်ပါတယ်၊ ငါတို့သုံးယောက်စလုံး မှတ်မိနိုင်လောက်တဲ့နေရာမှာ ဝှက်ထားခဲ့မယ်၊ နောက်ပြီးဒီနေရာကို မှတ်မိအောင် မြေပုံတစ်ချပ်ရေးပြီးတော့ ငါတို့ခွဲယူထားရင် မကောင်းဘူးလား"

ရမ်နောင်ပြောသည်ကို ကျန်နှစ်ယောက်ကပါ သဘောတူကြသည်။

"အဲဒါကောင်းတယ်။ မင်းကပဲအဲဒါတွေလုပ်ပေတော့"

ထိုသို့ပြောပြီးနောက် လေယာဉ်ပေါ်မှာရှိသော ရွှေသေတ္တာ၊ သေနတ်၊ ကျည်ကပ်များနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို အောက်သို့အရင်ချသည်။ ပြီးမှ လေယာဉ်တင်နေသော ဝါးပင်များကို ခုတ်ချရာ လေယာဉ်ပျက်ကြီးက ချောက်အတွင်းသို့ ထိုးကျသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း-၃

# သေမင်းနှုတ်ခမ်းနှင့် ဆက်တစ်ကမ်း

ရမ် နော်တို့သုံးယောက်မှာ ကံကောင်းသဖြင့် မုတ်
တ်ပျားစွဲသောအဖြစ်မျိုးနှင့် ကြုံတွေ့ခဲ့ကြသည်။ သို့သော်
င်းခုလတ်မှာပင် ကံမကောင်းစွာဖြင့် အင်္ဂလိပ်စစ်သားများနှင့်
ပင်းတွေ့ပြီး အဖမ်းခံကြရလေသည်။ သူတို့သုံးယောက်သည်
ကောင်းထောက်မစွာဖြင့် လေယာဉ်ပျက်ကြီးကိုတွေ့ကြပြီး
သေတ္တာနှင့်သေနတ်များ ရခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်ကို ရွှေတစ်တုံးနှင့် သေနတ်တစ်လက်စီ ယောက်သာ ယူခဲ့ကြပြီး ရွှေသေတ္တာနှင့်သေနတ်အချို့ကိုတော့ လျှို့ဝှက်သောတစ်နေရာ၌ အမှတ်အသားများ ပြုလုပ်ကာ ဝှက်ထားခဲ့ကြသည်။ နောက်တစ်ကြိမ် ထိုနေရာသို့ပြန်ရှာလျှင် အလွယ်တကူ တွေ့နိုင်ကြစေရန်လည်း မြေပုံအမှတ်အသားများ ရေးဆွဲကာ ထိုမြေပုံကို သုံးပိုင်းပိုင်းကာ ခွဲယူထားကြသည်။ ပိတ်ဖြူသားပေါ်တွင် သစ်စေးဖြင့် ရေးထားသော မြေပုံမျိုးဖြစ်သည်။

"တစ်နေ့ကျရင် ငါတို့သုံးယောက်ပြန်ဆုံပြီး ဒီနေရာကို ပြန်လာကြမယ်"

"ဘယ်တော့လာမှာလဲ"

"အခုတာ စစ်ဖြစ်နေတယ်၊ နောက်ပြီး ဒီတောင်တန်းတွေပေါ်မှာ လမ်းဖောက်ဖို့ အင်္ဂလိပ်စစ်သားတွေရောက်နေကြတယ်၊ သူတို့ပြန်သွားတော့မှ အေးအေးဆေးဆေးလာကြတာပေါ့၊ ဒါပေမယ့် မင်းတို့နှစ်ယောက်နှုတ်လုံဖို့တော့ အရေးကြီးတယ်၊ ဒီအကြောင်းတွေကို တခြားဘယ်သူမှ မသိစေနဲ့"

"ကုန်ကုန်ပြောရရင် အိမ်ကသားမယားနဲ့ မိဘဆွေမျိုးတွေတောင် အသိမပေးကြနဲ့"

"စိတ်ချပါ မသိစေရပါဘူး၊ နောက်ပြီး ငါတို့သုံးယောက်စလုံး သစ္စာရှိဖို့လည်း အရေးကြီးတယ်၊ သုံးယောက်မဆုံဘဲ တစ်ယောက်ချင်းလာတာမျိုး မလုပ်ကြဖို့လည်း အရေးကြီးတယ်"

ထန်လုံက ပြောလိုက်သည်။

"ဒါကတော့ ငါတို့အချင်းချင်းသစ္စာရှိရမှာပေါ့"





ထိုသို့ပြောဆိုပြီး ပြန်ခဲ့ကြသည်။ ၎င်းတို့အိတ်ထဲတွင် ရွှေတုံးတစ်တုံးစီနှင့် အခြားအသုံးအဆောင်ပစ္စည်းအချို့လည်း ထည့်ယူခဲ့ကြသည်။ ထန်လုံနှင့် ငထင်တို့နှစ်ယောက်က ပြောင်းသည့်သေနတ် တစ်လက်စီယူလာကြပြီး၊ ရမ်နော့တော့ ပြောင်းတိုသေနတ်ယူလာသည်။

'လမ်းတစ်နေရာရောက်တော့ လမ်းဖောက်ရန်အတွက် လမ်းကြောင်းရှာဖွေနေကြသော အင်္ဂလိပ်စစ်သားများနှင့် ပက်ပင်းတိုးလေတော့သည်။

"မင်းတို့ ဘယ်သူတွေလဲ၊ ဘယ်ကလာတာလဲ"

"ငါတို့လမ်းပြတွေပါ။ နယ်စပ်ကို ကုန်သည်တွေလိုက်ပို့ပြီး ပြန်လာကြတာ"

ပထမတော့ ၎င်းတို့ကို သွားခွင့်ပေးလိုက်သည်။ နောက်မှ ၎င်းတို့ကိုင်လာသော သေနတ်ကိုမြင်သွားသဖြင့် ပြန်ခေါ်ပြီး သုံးယောက်စလုံးကို ဖမ်းလေတော့သည်။ လက်ပြန်ကြိုးတုပ်ထားပြီးမှ ၎င်းတို့ကိုယ်ပေါ်မှ သေနတ်နှင့်အခြားပစ္စည်းများကိုယူ၍ ရှာဖွေသောအခါ အိတ်အတွင်းမှ ရွှေတုံးသုံးတုံးကို ထပ်မံတွေ့ရသည်။

"မင်းတို့ကိုင်လာတဲ့ သေနတ်တွေက အင်္ဂလိပ်စစ်သားတွေကိုင်တဲ့ သေနတ်တွေပဲ၊ ဒီရွှေတုံးတွေကလည်း ပျက်ကျသွားတဲ့ လေယာဉ်ပေါ်မှာပါသွားတဲ့ ရွှေတုံးတွေပဲ၊ မင်းတို့ဘယ်ကရလာသလဲ"

ဟု စကားပြန်က စစ်မေးလေသည်။


www.burmeseclassic.com

www.burmeseclassic.com

"တောထဲက ရလာတာ"

"မင်းတို့မလိမ်နဲ့၊ လေယာဉ်ပျက်ကို တွေ့ခဲ့ကြတယ် မဟုတ်လား၊ လိုက်ပြပေးပါ"

"မတွေ့ခဲ့ပါဘူး"

ထိုသို့ငြင်းသော်လည်း သူတို့စကားကိုမယုံကြည်ကြပေ။ သေနတ်များကို တစ်နေရာမှ ရလာသည်ဟုပြောလျှင် လက်ခံနိုင်စရာရှိသော်လည်း ရွှေတုံးများကိုတော့ လိမ်ပြော၍မရပေ။ စကားပြန်က အမျိုးမျိုးစစ်ဆေးသော်လည်း သုံးယောက်စလုံးက မပြောကြသဖြင့် စခန်းချသောနေရာတွင် သစ်ပင်တစ်ပင်စီ၌ ကြိုးတုပ်ထားကြသည်။ ရေလည်းမပေး၊ အစားအစာလည်း မကျွေးတော့ပေ။ ညဘက်ရောက်တော့လည်း မီးဖိုများနှင့်ဝေးသဖြင့် အမှောင်ထဲတွင် နေကြရသည်။

ထို့ပြင်တစ်ဦးနှင့်တစ်ဦး အနည်းငယ်ဝေးထားသောကြောင့် တိုင်ပင်၍မရပေ။ စကားပြန်ကတော့ တစ်ယောက်ချင်းစီကပ်ပြီး ပရိယာယ်သုံးကာ စစ်မေးလေသည်။

"ဟိုလူကတော့ အမှန်အတိုင်းပြောလိုက်ပြီ၊ မင်းကရော အမှန်အတိုင်း ပြောမှာလား၊ ပြောရင် လွှတ်ပေးမယ်၊ ရေနဲ့ အစားအစာလည်း ကျွေးမယ်"

ထိုသို့မေးမြန်းသော်လည်း မပြောကြပေ။ ညအချိန်ရောက်တော့ အင်္ဂလိပ်စစ်သားများက ရွက်ဖျင်တဲများအတွင်း၌ မီးပုံများဖိုထားပြီး နေကြသော်လည်း သူတို့သုံးယောက်ကိုတော့ မနီးမဝေးမှာရှိသော သစ်ပင်သုံးပင်၌ကြိုးဖြင့် တုပ်ထားကြသည်။





ထို့ကြောင့် သုံးယောက်စလုံး စိတ်ဓာတ်ကျပြီး အမှန်အတိုင်းဝင်ဖွင့်ပြောရန်ပင် စိတ်ကူးပေါ်မိကြသည်။

ရွှေမရှိလည်း အသက်ရှင်နေသေးလျှင် အခွင့်အရေးရနိုင်သေးသည်ဟု စိတ်ကူးပေါ်မိကြခြင်းဖြစ်၏။ ညဉ့်နက်ပိုင်းအချိန်ရောက်တော့ အမှောင်ထုများက ဖုံးလွှမ်းလာသလို အအေးဓာတ်ကလည်း ဂျပန်လေယာဉ်များ ဖုံးကျဲသကဲ့သို့ အုပ်စုလိုက်ရောက်လာပြီး သွေးစုပ်ကြသည်။ လက်နှစ်ဖက်ကို သစ်ပင်၌ နောက်ပြန်တုပ်ထားသောကြောင့် ပုတ်ခတ်၍မရပဲ ဒီအတိုင်းသာခံနေကြရသည်။

မနက်လင်းလျှင် တစ်ကိုယ်လုံး သွေးမကျန်တော့သောက်အောင် အစုပ်ခံနေကြရာ မခံသာအောင် ဖြစ်နေတော့သည်။ ထိုအခိုက်မှာပင် ကြောက်စရာကောင်းသော အန္တရာယ်တစ်ခုက ဝင်လာတော့သည်။ အစွန်ဘက်သစ်ပင်၌ ကြိုးဖြင့်တုပ်ထားသော ငထင်ရှိရာသို့ ကိုးတောင်ကျားတစ်ကောင်ရောက်လာပြီး အတင်းဝင်ကိုက်လေတော့သည်။

ကျားက ငထင်ဦးခေါင်းကိုကိုက်ပြီး ဆွဲယူသွားရန် ကြိုးစားသော်လည်း ကြိုးဖြင့်တုပ်ထားသောကြောင့် မရပေ။ ထိုအခါမှာတော ငထင်၏ ခေါင်းနှင့်ကိုယ်နေရာအနှံ့ကို ကိုက်ဖြတ်လေတော့သည်။

"ကယ်ကြပါဦး၊ ကယ်ကြပါဦး၊ တောကောင်ကြီး ဝင်ဆွဲနေပြီ၊ သေရပါတော့မယ်"

ငထင်၏ စူးစူးဝါးဝါးအော်သံကြောင့် အင်္ဂလိပ်စစ်သား


www.burmeseclassic.com

www.burmeseclassic.com



များရောက်လာပြီး သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ရာ သေနတ်သံများ ဆူညံသွားလေတော့သည်။ တောကောင်ကြီးလည်း သေနတ်ကျည်ဆံများ ထိမှန်ပြီးနောက်၊ တောတွင်းသို့ ဝင်ပြေးသွားလေတော့သည်။

ထိုအခါမှ ငထင်ကိုကြည့်သောအခါ ဦးခေါင်းတစ်ခုလုံးကျားကိုက်ထားသော ဒဏ်ရာများရနေပြီး ကိုယ်ပေါ်မှာလည်း လက်သည်းဖြင့်ကုပ်ထားသော ဒဏ်ရာများက ဓားဖြင့်ခွဲထားသကဲ့သို့ရှိကာ တစ်ကိုယ်လုံးသွေးသံရဲရဲဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေသည်။

တအင်းအင်းနှင့် အသက်ရှူနေသေးသော်လည်း အခြေအနေကတော့ မကောင်းတော့ပေ။ ထိုအခါမှ သုံးယောက်စလုံး သစ်ပင်၌ တုပ်ထားသော ကြိုးများဖြေပေးကာ တဲအတွင်းသို့ ပြန်ခေါ်လာသည်။ ရမ်နေဒနှင့်ထန်လုံတို့နှစ်ယောက်ကတော့ အခြေအနေကိုမြင်သောအခါ စိတ်မကောင်းဖြစ်ကြသော်လည်း ဘယ်လိုမှ မတတ်နိုင်ကြတော့ပေ။ အင်္ဂလိပ်များက ၎င်းတို့နှင့်ပါလာသော ဆေးတပ်သားများကိုခေါ်၍ ငထင်ကို ဆေးကုပေးစေသည်။

သို့သော်မရတော့ပေ။ ညဥ့်နက်ပိုင်းရောက်သော အခါမှာတော့ စူးစူးဝါးဝါးအော်ဟစ်ညီးညူရင်း တဖြည်းဖြည်းငြိမ်ကျသွားကာ သေဆုံးသွားလေတော့သည်။ ထိုအခါ အလောင်းကို အဝတ်တစ်ခုဖြင့် ဖုံးအုပ်ထားကြသည်။

"မင်းတို့က ခေါင်းမာတာကိုး၊ အမှန်အတိုင်းသာပြော





ပြရင် အခုလို အသက်ဆုံးမှာမဟုတ်ဘူး၊ မင်းတို့နှစ်ယောက်ရောဘယ်လိုသဘောရလဲ"

ဟု စကားပြန်က မေးသည်။ ထိုအခါ နှစ်ယောက်စလုံးက ကြောက်ရွံ့သောအမူအယာဖြင့် ကြည့်နေကြသည်။

"မင်းတို့အမှန်အတိုင်းပြောမှာလား၊ မပြောရင်တော့ သူ့လိုပဲ သေရဦးမှာပဲ"

"ပြော. . ပြောပါမယ်"

"ဒီလိုမှပေါ့. . ကဲ. . ပြောပြပါဦး"

ရမ်နေဒက လေယာဉ်ပျက်ကို တွေ့ခဲ့ရမှာ ရွှေတုံးများ ရခဲ့ပုံကို ပြောပြသည်။ သို့သော် ရွှေသေတ္တာနှင့် သေနတ်များကို တစ်နေရာ၌ ဝှက်ထားခဲ့သည်ကိုတော့ လျှို့ဝှက်ထားလေသည်။

"ဒါဖြင့် လေယာဉ်ပျက်ရှိတဲ့နေရာကိုတော့ မှတ်မိသေးသလား"

"မှတ်မိပါတယ်"

"ဒါဖြင့် မင်းတို့တွေ့တဲ့ရွှေက ဒီသုံးတုံးပဲလား၊ တခြားရွှေတွေရော ဘယ်မှာထားခဲ့သလဲ"

"ကျုပ်တို့က လေယာဉ်ပေါ် မရောက်ခဲ့ပါဘူး၊ လေယာဉ်က ဝါးတောထဲကနေ ချောက်ထဲထိုးကျသွားပုံရပါတယ်၊ ဒါပေမယ့် ချောက်ကမ်းပါးပေါ်မှာ ရွှေတုံးတွေနဲ့ ဒီလက်နက်တွေ တွေ့လို့ ယူခဲ့ကြတာပါ"

ရမ်နေဒပြောသောစကားကိုတော့ မယုံကြည်ကြပေ။ သို့သော် လေယာဉ်ပျက်ရှိသောနေရာကို သွားဖို့သာ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



နေသောကြောင့် ဘာမှထပ်မပြောကြတော့ပေ။ နောက်တော့ ရမ်နောနှင့်ထန်လုံတို့နှစ်ယောက်ကို ကြိုးဖြေပေးပြီး ရေနှင့် အစားအသောက်များပေးသဖြင့် စားကြသောက်ကြရသည်။

နောက်တစ်နေ့ နံနက်ပိုင်းရောက်တော့ အင်္ဂလိပ်များက ရှေ့သို့ခရီးမဆက်သေးပဲ လေယာဉ်ပျက်ရှိသောနေရာသို့ အရင်သွားကြရန် ပြင်ဆင်ကြသည်။ ထိုအခါ ရမ်နောကပြောသည်။

"မသွားခင် သူ့အလောင်းကို မြေမြှုပ်သင်္ဂြိုလ်ခဲ့ဖို့ ခွင့်ပေးပါ၊ သူက ကျုပ်ရဲ့ညီတော်ပါတယ်"

ထိုသို့ခွင့်တောင်းသောအခါ အင်္ဂလိပ်များက ခွင့်ပေးသည်။ ထို့ကြောင့် တောစပ်တစ်နေရာတွင် မြေကျင်းတူးပြီး ငထင်အလောင်းကို သယ်ယူသွားကြသည်။ မြေကျင်းထဲသို့ချသောအခါ ရမ်နောက ငထင်အိပ်ထဲမှ မြေပုံတစ်ပိုင်းကို အင်္ဂလိပ်စစ်သားများမမြင်အောင် ယူထားလိုက်သည်။ ပြီးမှ မြေမြှုပ်သင်္ဂြိုလ်လိုက်သည်။

ထိုကိစ္စပြီးတော့မှ လေယာဉ်ပျက်ရှိသောနေရာသို့ ပြန်သွားကြရာ နေဝင်ကာနီးတွင် လေယာဉ်ပျက်ကျသွားသောနေရာသို့ ရောက်သွားကြသည်။ လေယာဉ်ပျက်ကတော့ ရမ်နောတို့လက်ချက်ကြောင့် ချောက်အတွင်းကျပြီဖြစ်သောကြောင့် မတွေ့ရတော့ပေ။ အင်္ဂလိပ်များကတော့ ချောက်ကမ်းပါးထိပ်မှ ဝါးပင်ကြီးများကို ဓားဖြင့်ခုတ်ဖြတ်ထားသည်ကိုမြင်ရုံနှင့် ချောက်ထဲကျသွားခြင်းမှာ သွေးရိုးသားရိုးမဟုတ်ကြောင်း ရိပ်မိကြလေသည်။



သို့သော်လည်း ချောက်ထဲကျနေသော လေယာဉ်ရှိရာရောက်မှ အဖြေသိရမည်ဖြစ်သောကြောင့် ထွေထွေထူးထူးတော့ မပြောတော့ပေ။ နေဝင်ချိန်ရောက်တော့ ထိုနေရာတစ်ဝိုက်မှာပင် စခန်းချကြလေသည်။ နောက်တစ်နေ့မှာတော့ လေယာဉ်ကျသွားသော ချောက်တွင်းသို့ ဖြစ်တဲ့နည်းနှင့် ရောက်အောင်ဆင်းကြည့်ရန် ပြောဆိုတိုင်ပင်ကြလေသည်။ ညအချိန်ရောက်တော့ ရမ်နောနှင့်ထန်လုံတို့မှာ ၎င်းတို့အချင်းချင်းသာ နားလည်သော ဘာသာစကားဖြင့် ပြောဆိုတိုင်ပင်ကြသည်။

"ငါတို့ ဘယ်လိုလုပ်မလဲ"

"လေယာဉ်ရောက်လို့ ရွှေသေတ္တာကို မတွေ့ရရင် ငါတို့လက်ချက်ဆိုတာ သိမှာပဲ၊ အဲဒီလိုသိရင် မပေါ်ပေါ်အောင် စစ်မှာပဲ"

"ငထင်လည်းသေပြီ၊ ငါတို့ကပြောလိုက်ရင် သူသေရကျိုးနပ်တော့မှာ မဟုတ်ဘူး၊ ဒီတော့ သေချင်သေပေစေတော့ ဘယ်လိုမေးမေး မပြောတာပိုကောင်းမယ်ထင်တာပဲ"

ထန်လုံကပြောသည်။

"မပြောရင်တော့ မရရအောင်စစ်မှာပဲ၊ ပြီးရင် သတ်ပစ်မှာပဲ၊ ငါ့သဘောကတော့ သူတို့လက်ထဲမှာ အသေမခံနိုင်ဘူး၊ သူ့မြေကြီး ရှင်ရွှေထီးသဘောထားပြီး လွတ်အောင်ထွက်ပြေးကြတာ ပိုကောင်းမယ်ထင်တယ်"

ထိုသို့တိုင်ပင်ထားကြလေသည်။ ညအချိန်ရောက်တော့ အင်္ဂလိပ်များမှာ အစောင့်နှစ်ယောက်သာထားပြီး ကျိန်သူများက

www.burmeseclassic.com



အိပ်ကြသည်။ ရမ်နေ့ာတို့နှစ်ယောက်ကတော့ အိပ်ပဟန်ဆောင်နေကြကာ အခွင့်အရေးရသည်နှင့် ထွက်ပြေးကြလေတော့သည်။ ၎င်းတို့ထွက်ပြေးသည်ကိုမြင်တော့ အစောင့်စစ်သားက သေနတ်ဖြင့်လှမ်းပစ်ရာ ထန်လုံကို ထိမှန်သွားလေသည်။ သို့သော် ချက်ချင်းသေလောက်သည့် ဒဏ်ရာမျိုးမဟုတ်သဖြင့် အမှောင်ထဲသို့ ဆက်ပြေးသွားလေသည်။ အင်္ဂလိပ်များက မီးရောင်များကို အသုံးပြုပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြသော်လည်း အချို့နေရာများ၌ စွန်းပေကျန်ခဲ့သော သွေးစက်များကိုသာတွေ့ရပြီး လူကိုတော့ မတွေ့ရတော့ပေ။



# အခန်း-၄

# သွေးစွန်းနေသောမြေပုံ

ထိုနေရာသည် နှင်းများဖြင့်လှပနေသော တောင်တန်းကြီးများရှိသလို နေရောင်မခသော သစ်တောကြီးများလည်း ရှိသည်။ ထိုအလှများက အဝေးမှမျှော်ကြည့်သောအခါ တွေ့နိုင်ပြီး အတွင်းသို့ရောက်သောအခါ ထိုအလှများအပြင် အန္တရာယ်များကလည်း နေရာမလပ်ရှိနေကြသည်။ လူကိုအန္တရာယ်ပေးနိုင်သော သားရဲတိရစ္ဆာန်များနှင့် သဘာဝဘေးအန္တရာယ်တို့က နေရာမလပ်ရှိနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာများသည် တောကျွမ်းကျင်သူများအတွက်သာ ဖြစ်ပြီး အကယ်၍ တောမကျွမ်းဘဲ ဝင်ရောက်သွားလာပါက ပြန်လမ်းမရှိသောဘဝသို့ ရောက်နိုင်ပေသည်။ ယခု ပန်ဆော တောင်ကြားဘက်မှ ပြန်လာသော လူရွယ်သုံးယောက်တို့မှာ တောနက်အတွင်းသို့ ရောက်လာကြသည်။ ထိုသုံးယောက်မှာ နီမောင်၊ စောထီးနှင့် ငမဲအောင်တို့ သုံးယောက်ဖြစ်သည်။

ထိုသုံးယောက်မှာ ပန်ဆောင်ရွာ (၁၉၄၁-၄၂ ခုနှစ်ဝန်းကျင်က မြို့အဆင့်မသတ်မှတ်သေးဘဲ တောင်ပေါ် ရွာ တစ်ရွာသာရှိပေသေးသည်။) ၌နေကြသူများ ဖြစ်သည်။ သုံးယောက်စလုံး အသက် ၂၅-နှစ်ဝန်းကျင်ရှိကြပြီး တိုက်ခိုက်ရာတွင် ထူးချွန်ကြသူများဖြစ်သည်။ အဝေးသို့ကြည့်ရန် မှန်ပြောင်းတပ်ထားသော ပြောင်းရှည်သေနတ်တစ်လက်စီရှိသည်။ အဆိပ်လူးမြားတံမျိုးစုံနှင့် လေးရှိသည်။ ဓား လှံ လက်နက်များလည်းပါသည်။ သုံးယောက်စလုံး ထိုလက်နက်မျိုးစုံကို ကျွမ်းကျင်စွာ အသုံးပြုနိုင် ပစ်ခတ်နိုင်ကြသည်။

နီမောင်က လေးနှင့်မြားပစ်ရာမှာ ကျွမ်းကျင်သလို သေနတ်ပစ်ရာမှာလည်း လက်ဖြောင့်သည်။ ပြေးလွှားလှုပ်ရှားနေသော သားကောင်ကိုပင် မလွတ်တမ်းထိမှန်အောင် ပစ်ခတ်နိုင်သည်။ သို့ကြောင့် ထိုနယ်တကြောမှာတော့ တိုက်ခိုက်မှုကောင်းသော နီမောင်အကြောင်းကိုသိကြသလို သူတို့သုံးယောက်အကြောင်းကိုလည်း မသိသူမရှိကြပေ။

ၡင်းတို့သုံးယောက် အသက်မွေးဝမ်းကျောင်းပြုသော



အလုပ်က အန္တရာယ်များသည်။ တောင်ကြားဘက်သို့ထွက်သော ကုန်သည်များ၊ ဒါမှမဟုတ် အိန္ဒိယဘက်မှဝင်လာသော ကုန်သည်များကို လမ်းပြပေးသည်။ အကယ်၍ အနှောက်အယှက်ပေးသော ရန်သူများ၊ လုယက်တိုက်ခိုက်သူများကို ခုခံတိုက်ခိုက်ပေးရန် ကာယကံရှင်များက ငှားရမ်းလျှင်လည်း လိုက်လံတိုက်ခိုက်ပေးသည်။

ထိုသို့တိုက်ခိုက်ပေးရသောအလုပ်မှာ လမ်းပြသော အသပ်လောက်တော့ အန္တရာယ်မကင်းလှပေ။ နယ်စပ်ဒေသဘက်တွင် ကုန်သည်များကို လုယက်တိုက်ခိုက်ရန် စောင့်နေသော သူဆိုးဂိုဏ်းများရှိသည်။ အချို့ဂိုဏ်းများမှာ လူအင်အား၊ လက်နက်အင်အား တောင့်တင်းကြသည်။ ကုန်သည်များက ထိုလမ်းမှ ဖြတ်သန်းလိုလျှင် လူဆိုးဂိုဏ်းများနှင့် အပေးအယူ လုပ်ကြရသည်။ ကျေနပ်လောက်သည်အထိ မပေးနိုင်ပါက တိုက်ခိုက်ကြရန်သာရှိသည်။ ထိုအခါ ၎င်းတို့နှင့်ချည်း မရပါက နီမောင်တို့လို နယ်မြေဒေသကျွမ်းကျင်ပြီး တိုက်ခိုက်မှုကောင်းသူများကို ငှားရမ်းအသုံးပြုကြရသည်။

ထိုသို့တိုက်ခိုက်ရာတွင် တိုက်ခိုက်မှုကောင်းရုံနှင့်မလုံလောက်ဘဲ၊ နေရာဒေသကျွမ်းကျင်ဖို့လည်း အရေးကြီးလှသည်။ ထို့ကြောင့် ကုန်သည်များက နယ်မြေကျွမ်းကျင်သော တိုက်ခိုက်ရေးကောင်းသူများကို ငွေပေးပြီး ခေါ်ယူအသုံးပြုကြရခြင်း ဖြစ်သည်။ ထိုသို့ငှားရမ်းအသုံးပြုခြင်းမရှိပါက လူဆိုးဂိုဏ်းများ နှိပ်စက်ကြသဖြင့် ပစ္စည်းလည်းဆုံးရှုံး၊ လူများလည်း အသက်ဆုံးကြ



www.burmeseclassic.com

www.burmeseclassic.com


ရသည်။

နီမောင်တို့သုံးယောက်က အသက်နှင့်ရင်းရသော ထို အလုပ်ကို စွန့်စွန့်စားစားလုပ်ကိုင်စားသောက်ကြသည်။ မြန်မာ နိုင်ငံသာမကဘဲ အခြားနိုင်ငံများပါ စစ်ဘေးစစ်ဒဏ်များ သင့်ခဲ့ သဖြင့် စီးပွားရေးမကောင်းကြပေ။ အုပ်ချုပ်မှုမရှိသော တော တန်းဒေသ၊ နယ်စပ်ဒေသများမှာတော့ လူဆိုးဂိုဏ်းများ ထ ထောင်ကာ လုယက်၊ တိုက်ခိုက်ကာ စီးပွားရှာကြသည်။

ထို့ကြောင့် နယ်စပ်ဒေသများ၌ လူဆိုးဂိုဏ်းအချို့ရှိနေ ကြခြင်း ဖြစ်သည်။ ထိုဂိုဏ်းများထဲတွင် ဗျဂဆိုသူဦးဆောင်သော **ကျားနက်ဂိုဏ်းက** အင်အားအတောင့်တင်းဆုံးဖြစ်သည်။ လူ အင်အား ၃၀-ကျော်ခန့်ရှိပြီး သေနတ်လက်နက်များလည်း ပြည့် စုံကြသည်။ ထိုဂိုဏ်းမျိုးနှင့်တွေ့လျှင် နီမောင်တို့လို တိုက်ခိုက် ကောင်းသူများ မပါလျှင် မရနိုင်ပေ။

ထို့ကြောင့် လူဆိုးဂိုဏ်းများကလည်း ကုန်သည်များ ဘက်မှ ဝင်ရောက်တိုက်ခိုက်ပေးလေ့ရှိသော နီမောင်တို့လို ကြေး စားတိုက်ခိုက်ရေးသမားများကို ကြောက်လည်းကြောက်သည်။ မုန်းလည်းမုန်းတီးကြသည်။ နီမောင်၊ စောထီး၊ ငမဲအောင်တို့ သုံးယောက်က ပန်ဆောင်ရွာ၌နေကြလေသည်။ ထိုအချိန်၌ ပန် ဆောင်ရွာမှာ မြို့မဖြစ်သေးသော်ငြားလည်း အိမ်ခြေအတော် အသင့်များသော ရွာကြီးတစ်ရွာ ဖြစ်နေပေပြီ။

နေထိုင်ကြသော လူမျိုးများမှာ နာဂလူမျိုး ၉၀-ရာနှုန်း လောက်များပြီး ကျန်တာက ဗမာ၊ ကချင်နှင့် လီဆူးတို့ရော



နှောနေထိုင်ကြသည်။ ကိုးကွယ်သော ဘာသာများမှာ ဗုဒ္ဓဘာ သာ၊ ခရစ်ယာန်ဘာသာ ကိုးကွယ်သူအချို့ရှိကြပြီး အတော် များများကတော့ နတ်ကိုးကွယ်မှုများလေသည်။ ပန်ဆောင်ရွာ နှင့် ပတ်ဝန်းကျင်မှာလည်း ကျင်ငယ်ကလေးများ၊ ရွာစုကလေး များရှိကြသည်။

လူဆိုးဂိုဏ်းအချို့က တစ်ခါတစ်ရံ ထိုရွာငယ်ကလေး များကို ဝင်ရောက်တိုက်ခိုက်ပြီး လုယက်ကြသည့်မျိုးလည်း ရှိ ကြလေသည်။ နီမောင်တို့သုံးယောက်မှာ ကုန်သည်တစ်ဖွဲ့အား ပန်ဆောတောင်ကြားဘက်သို့ လိုက်ပို့ပေးခဲ့ကြရာ လမ်း၌ အ နှောက်အယှက်မတွေ့ရဘဲ ပို့ပေးခဲ့ကြပြီးနောက် ပြန်ခဲ့ကြခြင်း ဖြစ်လေသည်။

သစ်တောတစ်နေရာရောက်တော့ အကာအကွယ် ကောင်းသောနေရာတွင် ဝင်ရောက်နားရင်း အစားအသောက် များကို ချက်ပြုတ်စားသောက်ရင်း စကားပြောနေကြလေသည်။

"နီမောင် ဟိုတလောက ဒီတောထဲကို လေယာဉ်တစ် စင်း ပျက်ကျသွားတာ သတင်းကြားလိုက်ရတယ်၊ အချိန်ရရင် ငါတို့သုံးယောက်လိုက်ရှာကြရင် မကောင်းဘူးလား"

ငမဲအောင်က ပြောသည်။

"တွေ့တော့ မင်းကဘာယူချင်လို့လဲ"

နီမောင်က စားရင်းသောက်ရင်း ပြန်မေးလိုက်သည်။

"ငါက တခြားတော့ဘာမှ စိတ်မဝင်စားပါဘူး၊ သူတို့ ဆီက ပါတဲ့သေနတ်တွေဘာတွေ ရရင်တော့လိုချင်တယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဘယ်နေရာပျက်ကျမှန်းမှ မသိတာ၊ ဒီလောက်ကျယ် တဲ့ တောနက်ကြီးထဲမှာ ဘယ်နေရာလိုက်ရှာမလဲ"

စောထီးက ဝင်ပြောလိုက်တော့ ငမဲအောင်က ထိုအ ကြောင်းကို ဆက်မပြောတော့ပဲ တခြားအကြောင်းကိုပြောသည်။

"နီမောင် ငါ မင်းကိုမေးရဦးမယ်၊ မင်း ဟူးလောင်းရွာ က ဆွယ်လီကို ကြိုက်နေတာမဟုတ်လား၊ အခြေအနေဘယ်လို ရှိသလဲ"

"မထူးခြားသေးပါဘူး"

"ဆွယ်လီတို့က ငွေကြေးပြည့်စုံတော့ တော်ရုံကို သိ အထင်ကြီးတာမဟုတ်ဘူး၊ မင်း သူ့ကို သဘောကျရင်တော့ ဆက်ပြီးကြိုးစားပေါ့"

နီမောင်က ဘာမှမပြောပဲ သက်ပြင်းချလိုက်သည်။

"ငါ အကဲခတ်မိသလောက်တော့ သူကလည်းမင်းကို စိတ်ဝင်စားနေပုံရပါတယ်၊ ချက်ချင်းမရသေးတာ မင်းအခြေ အနေကို စောင့်ကြည့်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ မင်း သူ့ကိုတကယ်ချစ်ရင်တော့ ဖွဲကောင်းကောင်းနဲ့ ကြိုးစားဖို့လို တယ်၊ ဒီလိုကြိုးစားရင် တစ်နေ့မဟုတ်တစ်နေ့တော့ အဆင်ပြေ မှာပါ"

ထိုသို့ပြောနေစဉ် နီမောင်က တစ်နေရာမှ စူးစူးဝါးဝါး အော်ပြီး ထပျံသွားသော တောကြီးကန်းတစ်ကောင်၏ အသံ ကြားလိုက်ရသဖြင့် စားလက်စ အစားအသောက်များကို ရပ် ကာ နားစွင့်လိုက်သည်။ ပြီးလျှင် ချက်ချင်းဆိုသလို စောထီးနှင့် ငမဲအောင်တို့ကို တိုးတိုးပြောဆိုကာ ပစ္စည်းများ ချက်ချင်းသိမ်း ပြီး သင့်တော်သောနေရာကို ချက်ချင်းရွှေ့ပြောင်းကာ နေရာယူ လိုက်သည်။

အတန်ကြာသောအခါမှာ ၎င်းတို့နေသော နေရာတစ် ဖက်သို့ လက်နက်များ အသီးသီးကိုင်ထားသော လူတစ်စုရောက် လာကြသည်။ အခြားတော့မဟုတ်ပေ။ ထိုဒေသတွင် ကြီးစိုးနေ သော ကျားနက်ဂိုဏ်းသားများပင် ဖြစ်ကြသည်။

"သူတို့ ဒီနေရာက ထွက်သွားတာ မကြာသေးဘူး"

"လိုက်ရှာကြမလား"

"ရှာရင်လည်း တွေ့ဖို့ကမလွယ်ဘူး၊ ဒီတစ်ခါမတွေ့ လည်း နောက်တစ်ခါပေါ့"

"သူတို့ ရှာဘက်ပြန်တာဆိုတော့ သူတို့ပြန်မယ့်လမ်းကို ငါသိတယ်၊ ဖြတ်လမ်းကလိုက်သွားကြမယ်၊ တွေ့ရင် သုံးယောက် လုံး တစ်ယောက်မှ အလွတ်မပေးကြနဲ့"

ဟု ပြောဆိုကာ သေနတ်များအသီးသီးကိုင်ထားသော ကျားနက်ဂိုဏ်းသားများက ထိုနေရာမှ ပြန်ထွက်သွားကြလေ တော့သည်။ သူတို့ထွက်သွားသည်အထိ နီမောင်တို့သုံးယောက် က ကျောက်တုံးကြီးအပေါ်မှာ ဝပ်နေကြဆဲပင်ရှိကြသေးသည်။

"မင်းပြောထားလို့သာ၊ ငါ့သဘောဆိုရင် အားလုံးကို ဒီနားနဲ့ပစ်သတ်တယ်"

စောထီးကပြောသည်။

"သူတို့ပြောသွားသလိုပေါ့၊ အခုမတွေ့လည်း တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



နေ့တော့ ပြန်တွေ့ကြဦးမှာပါ၊ သွားကြစို့”

ထိုသို့ပြောပြီး မူလသတ်မှတ်ထားသောလမ်းမှ မပြန်တော့ဘဲ အခြားလမ်းမှပြန်ကြလေသည်။ ထိုသို့ရှောင်ပြီးပြန်သော်လည်း အခြားတစ်နေရာရောက်သောအခါ လှူခွဲထွက်လာသော ကျားနက်ဂိုဏ်းသားအချို့နှင့်တွေ့ကြရာ မလွှဲမရှောင်သာ တိုက်ခိုက်ကြရတော့သည်။ ကျားနက်ဂိုဏ်းသားအချို့မှာ (၁၀) ယောက်ခန့်ရှိပြီး သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ကြသည်။

နီမောင်တို့သုံးယောက်ကတော့ သေနတ်ကို မလွှဲသာမှသာ အသုံးပြုကြပြီး ရန်သူအချို့ကို အဆိပ်လူးမြားဖြင့်သာ ပစ်ခတ်သုတ်သင်ကြသည်။ မြားဖြင့်ပစ်ခတ်ခြင်းမှာ သေနတ်အသုံးပြုခြင်းထက် တစ်ပန်းသာသည်။ သေနတ်ကကျည်ဆံထွက်သောအခါ အသံကြားရသဖြင့် ရန်သူက မိမိရှိသောနေရာကို အလွယ်တကူသိနိုင်သည်။

မြားဖြင့်ပစ်လျှင် အသံမကြားရပေ။ ထို့ကြောင့် မိမိရှိသောနေရာကို ရန်သူက မသိနိုင်သလို မြားထွက်လာသံကိုလည်း မကြားနိုင်သောကြောင့် ရှောင်တိမ်းချိန်မရပေ။ ထို့ပြင် ကျည်ဆံက ချက်ကောင်းမထိပါက ချက်ခြင်းမသေနိုင်ပေ။ အဆိပ်လူးထားသော မြားနှင့်ထိပါက ဘယ်နေရာထိထိ၊ သွေးရှိုးဖြင့် သေစေနိုင်သည်။ ထို့ကြောင့် တောနက်ထဲမှာ အနီးကပ် ပစ်ခတ်တိုက်ခိုက်ကြသောအခါ သေနတ်ထက် လေးမြားက ပို ပြီးအားကိုးရသည်။

ရန်သူဘက်မှ သုံးယောက်ခန့်ကျသွားသောအခါ ကျန်



သူများက သစ်ပင်ကွယ်များမှ နေရာယူပြီး မည်းမည်းမြင်ရ၍ စွပ်ပစ်နေရာ သေနတ်သံများက တောသံဖြင့်ပဲ့တင်ထပ်ကာ ဆူညံနေတော့သည်။ ထို့ကြောင့် အခြားနေရာတွင် ရောက်ကြသည့် ရန်သူများကပါ ထိုနေရာဘက်သို့ လာကြသည်။ မောင်တို့ကတော့ လူအင်အားများသော ရန်သူများနှင့်ရင်ဆိုင်ရန် မသင့်သဖြင့် ထိုနေရာမှ လျှို့ဝှက်စွာထွက်သွားကြလေတော့သည်။ ကျည်ဆံမကုန်ဘဲ မြားတံတစ်ချောင်းစီနှင့် ရန်သူသုံးယောက်ကို သတ်ဖြတ်ခဲ့ပြီးနောက် အခြားနေရာသို့ ထွက်သွားကြခြင်းဖြစ်သည်။

ကျားနက်ဂိုဏ်းသားများကတော့ ကျယ်ဝန်းလှပြီးနက်ရှိုင်းလှသော တောနက်ကြီးထဲတွင် ရန်သူတစ်ယောက်ကိုရှာဖွေရန် မလွယ်သည်ကို သဘောပေါက်ကြသဖြင့် ဆက်မလိုက်တော့ဘဲ လက်လျှော့သွားကြလေသည်။ နီမောင်တို့ သုံးယောက်ကတော့ ရန်သူများနှင့် ဝေးနိုင်သမျှဝေးအောင် လာခဲ့ကြရာ နေဝင်ခါနီးတော့ စိတ်ချရသောနေရာသို့ ရောက်သွားကြလေသည်။

ထို့ကြောင့် တစ်ညနားရန် ဂူပေါက်တစ်ခုအတွင်းသို့ ဝင်ရန်အပေါက်ဝသို့ ရောက်သွားစဉ်အတွင်းမှ ညီးညူသံကဲ့သို့ အသံမျိုးတိုးတိုးကြားရသဖြင့် ရပ်လိုက်ကြသည်။ အပေါက်ဝတွင် ထိုးပါလာသော လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လိုက်သောအခါ မြေပေါ်တွင် လဲကျနေသော လူတစ်ယောက်ကို တွေ့ကြသည်။

“လူတစ်ယောက်ပါလား၊ ဒဏ်ရာရနေတယ်ထင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြည့်ရအောင်"

သုံးယောက်သား အဆင်သင့်ကိုင်ထားသော လက်နက်များကို ပြန်သိမ်းပြီးနောက် ဂူအတွင်းသို့ ဝင်သွားကြသည်။ အပြင်ဘက်မှာ အလင်းရောင်ရှိနေသေးသော်လည်း ဂူအတွင်းပိုင်းမှာတော့ မှောင်နေသည်။ သို့သော်လဲကျနေသူကိုတော့ ကောင်းစွာမြင်နေရသည်။ ထိုနေရာတစ်ဝိုက်မှာတော့ သွေးများက နေရာအနှံ့စွန်းပေနေကြသည်။ နီမောင်က အနားမှာဒူးထောက်ထိုင်လျက်လဲနေသူကို ပက်လက်လှန်လိုက်သည်။

အခြေအနေက သိပ်မကောင်းပေ။ နောက်မှပစ်လိုက်သောကျည်ဆံက ကျောဘက်မှ ရှေ့သို့ဖောက်ထွက်သွားရာ ဒဏ်ရာက အတော်ကြီးသည်။ သွေးက အဆက်မပြတ်ထွက်နေသောကြောင့်လည်း လူကမလှုပ်နိုင်တော့ပေ။ ပါးစပ်က တအင်းအင်းသာ အသံထွက်နိုင်တော့သည်။ ဒီလောက်ကြီးသော ဒဏ်ရာရပါက ဆေးဝါးမရှိသော တောနက်ထဲတွင် အသက်ရှင်ဖို့ မလွယ်လှတော့ပေ။

နီမောင်က ပွေ့ယူပြီး ရေနည်းနည်းတိုက်တော့သော်သည်။ ခဏကြာတော့ မျက်စိဖွင့်ကြည့်သည်။

"ခင်ဗျားဘယ်သူလဲ ဘယ်ရွာကလဲ"

သူက စကားသိပ်မပြောနိုင်တော့ပေ။ နီမောင်ကို တစ်ချက်ကြည့်ပြီး အိတ်ထဲမှာ ထည့်ထားသော သွေးစွန်းနေသော ပိတ်စပိုင်းတစ်ခုကို ထုတ်ပေးသည်။ ကြည့်လိုက်တော့ ပိတ်သားပေါ်တွင် သစ်စေးဖြင့် ဖြစ်သလိုရေးထားသော မြေပုံကဲ့သို့ အရာ



တစ်ခုကို တွေ့ရသည်။

"ဒါ. . ဒါက ဘာလဲ"

"မြေပုံ ပါ"

"ဘယ်နေရာအတွက် ဆွဲထားတဲ့မြေပုံလဲ"

"ငါတို့လေယာဉ်ပျက်ကို တွေ့တယ်၊ ရွှေသေတ္တာနဲ့ သေနတ်တွေကို ဖွက်ထားခဲ့ပြီး မြေပုံဆွဲထားတာပါ"

ထိုစကားကြားတော့မှ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကပါ စိတ်ဝင်စားလာကြကာ အနားမှာထိုင်ပြီး နားထောင်ကြသည်။

"ဘယ်နေရာမှာ တွေ့တာလဲ"

"ပန်ဆောတောင်ကြားနဲ့ ချော်ကန်တောင်ကြားမှာ ရှိတဲ့ ဝါးပိုးတောကြီးထဲမှာ ရှိတယ်"

"ဒီမြေပုံတစ်ပိုင်းနဲ့ ဘယ်လိုတွေ့အောင်ရှာရမလဲ"

"ကျန်တဲ့နှစ်ခုက ရမ်နော့ဆီမှာရှိတယ်၊ ရမ်နော့ကိုသာ တွေ့. . တွေ့အောင်ရှာပါ"

ပြောရင်းနှင့် အသံကလေးလာသည်။ မျက်လုံးကမှိတ်ကျလာသည်။ သူ့အတွက် တာဝန်တစ်ခုပြီးသွားသဖြင့် စိတ်လျှော့လိုက်ဟန်ရှိသည်။ နောက်ထပ်အသံ ထွက်မလာတော့ပေ။

"ရမ်နော့က ဘယ်မှာလဲ သူ့ကိုဘယ်မှာသွားရှာရမှာလဲ"

ထိုသို့ ထပ်မေးတော့လည်း မပြောနိုင်တော့ပေ။

နီမောင် ပွေ့ထားရင်းနှင့် သူကဇက်လည်ကျနေပေပြီ။

"သူ ဘာပြောသွားသေးလဲ"

www.burmeseclassic.com

www.burmeseclassic.com



ငမဲအောင်ကမေးတော့ နီမောင်က ခေါင်းခါပြကာ အလောင်းကို ပြန်ချထားလိုက်သည်။

"သူ အသက်မရှိတော့ဘူး"

"စိတ်မကောင်းစရာပဲ၊ သူကြည့်ရတာ ရန်သူတွေနဲ့တွေ့ပြီး ထွက်ပြေးလာတဲ့ပုံပဲ"

"စိတ်မကောင်းလည်း ငါတို့နဲ့တွေ့တာ နောက်ကျတော့ မကယ်နိုင်တော့ဘူးပေါ့ကွာ"

"ဒါ့ထက် သူတို့ လေယာဉ်ပျက်ကိုတွေ့ပြီး ရွှေသေတ္တာနဲ့ သေနတ်တွေဝှက်ထားခဲ့တယ်လို့ ပြောတယ်၊ ကျန်တဲ့အဖော်တွေရှိဦးမယ်ထင်တယ်"

"ရမ်နော်ဆိုတဲ့ နာမည်တစ်ခုပဲ ပြောသွားနိုင်တယ်၊ ဘယ်ရွာမှာနေတယ်ဆိုတာတောင် မပြောနိုင်တော့ဘူး"

"ဘာပဲဖြစ်ဖြစ် ငါတို့သုံးယောက် ကံကောင်းလို့ ဒီမြေပုံနဲ့ သဲလွန်စကိုရတာပဲ၊ ရမ်နောဆိုတဲ့လူကိုတော့ ဖြေးဖြေးချင်း စုံစမ်းရမှာပေါ့"

ထိုသို့ပြောပြီးနောက် ဂူပေါက်ဝနှင့် မနီးမဝေးနေရာတွင် မြေကျင်းတူးပြီး အလောင်းကို မြေမြှုပ်လိုက်ကြလေသည်။ နီမောင်ထံမှာတော့ သွေးစွန်းနေသော မြေပုံတစ်ပိုင်းရောက်လာခဲ့ပေပြီ။



# အခန်း-၅

# အချစ်နယ်နိမိတ်၏ အခြားနေရာ

အစ နောက်မြောက်ပိုင်း နယ်စွန်နယ်ခြားဒေသများတွင် ရွာအချို့ရှိကြသော်လည်း အိမ်ခြေများသော ရွာကတော့ သိပ်မရှိပေ။ အိမ်ခြေတစ်ရာကျော်နှင့်အထက်ရှိလျှင် ရွာကြီး၊ (၅၀) နှင့် (၁၀၀) ကြားရှိလျှင် ရွာလတ်၊ ထို့ထက် အိမ်ခြေနည်းသောရွာကိုတော့ ရွာငယ်ကလေးဟု သတ်မှတ်ထားကြသည်။ အချို့နေရာများတွင် အိမ်(၁၀)လုံးပင်မရှိပဲ လေးငါးလုံးစုပြီး ရွာ

www.burmeseclassic.com

www.burmeseclassic.com



တည်ထားသော တဲစုကလေးများကိုတော့ တဲစုရွာများဟု ခေါ်ကြသည်။

အနောက်မြောက်ဘက်သို့ထွက်သော တောင်ကြားလမ်းအချို့ရှိသည်။ ပန်ဆောင်တောင်ကြားနှင့် ချော်ကန်တောင်ကြားတို့မှာ အသွားအလာကောင်းသဖြင့် လူသုံးများသော တောင်ကြားလမ်းများ ဖြစ်ကြသည်။ ထိုတောင်ကြားလမ်းများသို့ ကုန်သည်များ၊ ပစ္စည်းသယ်သူများ မကြာခဏဝင်ထွက်သွား လာကြသည်။ ထိုနေရာတစ်ဝိုက်မှာတော့ စခန်းထောက်အဖြစ် အသုံးပြုသော ရွာကြီးအချို့ရှိသည်။

အိမ်ခြေအများဆုံးမှာ ပန်ဆောင်ရွာဖြစ်ပြီး အိမ်ခြေ (၁၀၀)ကျော်အထိရှိသည်။ ဒုတိယ အများဆုံးရွာမှာ ဟူးလောင်ရွာဖြစ်သည်။ အိမ်ခြေတစ်ရာမကျော်သော်လည်း တစ်ရာနီးပါးရှိသော ရွာတစ်ရွာဖြစ်သည်။ ရွာအဖြစ်စုစည်းထားသောနေရာတစ်ဝိုက်တွင် အိမ်ခြေ(၁၀၀)မကျော်သော်လည်း တစ်ရာနီးပါးရှိသော ရွာတစ်ရွာဖြစ်သည်။ ရွာအဖြစ်စုစည်းထားသော နေရာတစ်ဝိုက်တွင် အိမ်ခြေ (၅၀)ကျော်ခန့်ရှိပြီး အခြားနေရာတစ်ဝိုက်တွင်နေသော အိမ်များ၊ တဲများပါ ထည့်သွင်းရေတွက်ပါက (၁၀၀)နီးပါး အိမ်ခြေရှိသည်။

ထို့ကြောင့် ပန်ဆောင်ရွာပြီးလျှင် ဟူးလောင်ရွာမှာ ဒုတိယအိမ်ခြေအများဆုံးရွာဖြစ်နေတော့သည်။ ထိုရွာတွင် အများဆုံးနေကြသော လူမျိုးက နာဂမျိုးနွယ်များဖြစ်ပြီး ဒုတိယအများဆုံးက ချင်းလူမျိုးများဖြစ်ကြသည်။ နာဂတောင်တန်းများနှင့် ချင်းပြည်နယ်မှာ အနောက်ပိုင်းဒေသတွင် နယ်မြေချင်းထိစပ်နေသောကြောင့် ရွာအတော်များများတွင် နာဂနှင့်ချင်းလူမျိုးများ ရောနှောနေကြခြင်း ဖြစ်သည်။



ဟူးလောင်ရွာတွင် နာဂနှင့်ချင်းလူမျိုးများ ရှိကြသလိုဗမာ၊ ကချင်နှင့် လီဆူးတို့လည်း အနည်းငယ်ရောနှောနေထိုင်ကြသည်။ ဟူးလောင်ရွာမှာ ပန်ဆောင်ရွာနှင့် မဝေးလှပေ။ တောင်ပေါ်လမ်းများမှ နေ့ဝက်ခရီးလောက်သွားလျှင်ပင် ရောက်နိုင်လောက်သည်။ ဆွယ်လီတို့ မိသားစုက ဟူးလောင်ရွာမှာ နေကြသည်။ ဆွယ်လီက ချင်းလူမျိုးဖြစ်ပြီး အသက် (၂၅)နှစ်ခန့်ရှိကာ ချောမောလှပသူဖြစ်သည်။

၎င်းတို့ မိသားစုကလေးယောက်ရှိသည်။ မိခင်နှင့်ဖခင်တို့အပြင် ဆွယ်လီတို့မောင်နှမနှစ်ယောက်သာရှိသည်။ မောင်ဖြစ်သူ 'နော်ကို'က (၁၈)နှစ်လောက်သာ အရွယ်ရှိသေးသည်။ သူတို့ မိသားစုက ထိုရွာတွင် စီးပွားရေးကောင်းသည်။ ဖခင်ဖြစ်သူက တောင်ခြေတစ်နေရာတွင် ခြံခတ်ထားပြီး နွားနောက်များမွေးထားသည်။ အကောင်ရေလည်းများသည်။ ထို့ပြင် ဆိတ်များလည်းရှိသည်။

ထိုအလုပ်များကိုတော့ ခေါ်ထားသော အလုပ်သမားများက လုပ်ကိုင်ကြသည်။ ၎င်းတို့နေသော အိမ်ကြီးကိုပင် ရွာတွင်းမှာထားပဲ နွားခြံများနှင့်နီးသော ရွာ အစွန်ဘက်၌ ဆောက်ကာ နေထိုင်ကြသည်။ သူတို့မိသားစုက နွားနောက်အကောင်ရေ အတော်များများ ပိုင်ဆိုင်ထားပြီး စီးပွားဥစ္စာ ချောင်လည်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံးက 'သူဌေး'ဟု သတ်မှတ်ထားသည်။

ဆွယ်လီဖခင် ဦးဆန်လွဲကိုပင် 'သူဌေးဆန်လွဲ'ဟု ခေါ် ဝေါ်ကြသည်။ သို့ကြောင့် ဆွယ်လီက မာနကြီးသည်။ ပင်ကိုယ် က ချောမောလှပသည့်အပြင် မိဘက ပစ္စည်းဥစ္စာပြည့်စုံသော ကြောင့် ဇော်ရုံလူနှင့် အရောတဝင်နေလေ့ မရှိကြပေ။ တစ်နှ သော ဟူးလောင်ရွာတွင် ချင်းလူမျိုးများစုပေါင်းကျင်းပသော ဘော့ပီ (**Bawipi**) ပွဲကျင်းပကြသည်။

ဘော့ပီပွဲသည် ချင်းလူမျိုးတို့ ဓလေ့ထုံးစံ၏ ဘောင်ဝင် သော ပွဲတစ်ပွဲဖြစ်သည်။ ထိုပွဲကျင်းပပြုလုပ်ခြင်းသည် ပူဇော် ပသသော နတ်ဘုရား (**Khuahrum**)သည် မိမိတို့အပေါ် တွင် စိတ်အခန့်မသင့် (စိတ်ဆိုးခြင်း)ခြင်းများရှိနေပါက စိတ်မပြေနိုင် ပဲရှိနေမည်ကို စိုးရွံ့သောကြောင့် ကျင်းပကြသော ပွဲတစ်ခုဖြ သည်။

ကြက်မတမ်းနက်ဖြင့် ပူဇော်ခြင်း၊ ဇိန်ဝက်ကိုသတ်၍ ပူဇော်မှုများပြုလုပ်ပြီးနောက် ဦးချိုအရှည် လက်တမ်းငါးချောင် ခန့်ရှိပြီဖြစ်သော နွားနောက်ပေါက်ကိုပါ သတ်ဖြတ်ကြသည် ထို့နောက်လိုအပ်သော ထင်းကိုရှာဖွေ၍ ကြိုတင်စုဆောင်းထား ကြသည်။ ထင်းထားရန် လက်တံ ၃၀-ခန့်ရှည်သော တဲကြီး ဆောက်ကာ ထိုတဲနှင့်အပြည့် စုဆောင်းထားကြသည်။ ခေါင်အိုး များကိုတော့ ရွာအကြီးအသေးအလိုက်၊ အိမ်ခြေအနည်း အများ အလိုက်၊ ဖောက်ထားကြသည်။

ရွာကြီးများတွင် ခေါင်အိုးများများဖောက်ပြီး၊ အိမ်ခြေ





နည်းလျှင် ခေါင်အိုးကို အနည်းငယ်သာ ဖောက်ထားကြသည်။ ကျင်းပမည့်ရက်မတိုင်ခင် ထိုကဲ့သို့ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ် ထားကြပြီးနောက်က ပြုမည့်အဖွဲ့ကိုလည်း ကြိုတင်တာဝန်ပေး ထားရသည်။ ကပြမည့်အဖွဲ့ (**Thing**)များမှာ တစ်ရွာ သို့မဟုတ် အခြားတစ်ရွာ၊ နှစ်ရွာမှ အဖွဲ့များကိုပါ အကူအညီတောင်း တာ ဝန်ပေးရသည်။

ထိုသို့ အခြားရွာမှာရှိသော အကအဖွဲ့များကို တာဝန် ပေးလျှင်တော့ ပြုလုပ်မည့်ရွာမှ လူကြီးသုံးလေးယောက်သွား ပြီးပြောကြား အသိပေးထားရသည်။ ထိုရွာတွင် တာဝန်ယူ ကျင်း ပမည့် သူ၏အိမ်တွင် ဆန်နှင့်ဆတ်ဆန်များကို လက်ဆုံဖြင့် ငင်ကြယ်အောင် ဖွပ်ကြရသည်။ ဟူးလောင်ရွာမှာတော့ ထိုပွဲ များ ကျင်းပလျှင် ငွေကြေးပြည့်စုံသော ဦးဆန်လွဲကပင် တာဝန် ယူပြီး ဦးဆောင်ကျင်းပလေ့ရှိသည်။ ဆန်ဖွပ်ချိန်ရောက်သော အခါမှာတော့ ရွာထဲမှာရှိသော ချင်းအမျိုးသား၊ အမျိုးသမီးများ စုဝေးရောက်လာကြကာ ဆန်ဖွပ်မောင်းထောင်း ပြုလုပ်ကြ သည်။

ထိုသို့ ဆန်ဖွပ်ခြင်းမပြုလုပ်မီ ရွာတွင်းမှ ချင်းအမျိုးသား တစ်ယောက် အမျိုးသမီးတစ်ယောက်တို့ကို ထင်းရှာရန် တော ထဲသို့ လွှတ်ရသည်။ ထိုထင်းမှာ ဖာထင် (**Fathing**)ဟု ခေါ် သော ထင်းတစ်မျိုးဖြစ်သည်။ ဆွယ်လီတို့နေအိမ်တွင် ဘော့ပီ ကျင်းပရန် စီစဉ်နေသောကြောင့် ရွာထဲမှ လူပျိုအပျိုများ ရောက် လာပြီး ဝိုင်းဝန်းကူညီပေးကြသည်။ ထို့ပြင် အခြားရွာများမှ


www.burmeseclassic.com

www.burmeseclassic.com

ခင်မင်ရင်းနှီးသော မိတ်ဆွေအချို့လည်း ကြိုတင်ရောက်လာ ကြသည်။

ၡင်းတို့သည် ချင်းလူမျိုးများ မဟုတ်ကြစေကာမူ ဆွယ် လီနှင့်သိကျွမ်းနေသောကြောင့် အခြားအဖော်များနှင့်အတူ လိုက်လာကြခြင်းဖြစ်သည်။ ဆွယ်လီက နီမောင်တို့လာတာ မြင် တော့ သွားရောက်နှုတ်ဆက်သည်။

"နင်တို့အခုလိုလာတာ ငါဝမ်းသာပါတယ်"

"ငါတို့က မလေ့ထုံးစံတွေအကြောင်း သိပ်မသိကြသေး တော့ ခိုင်းစရာရှိတာခိုင်းပါ"

နီမောင်က ပြောတော့ ခေါင်းညိတ်ပြသည်။

"နင်တို့အလုပ်မသွားကြဘူးလား"

"ဟုတ်တယ်၊ ဒီရက်တွေ ရာသီဥတု သိပ်မကောင်းလို့ နားနေကြတာ ဒီရွာမှာ ဘွေပီရှိတယ်ဆိုလို့ အကူအညီပေး ဖို့အောင်လာကြတာပါ"

ဆွယ်လီကတော့ ကျေနပ်သော အမူအယာဖြင့် ခေါင်း ညိတ်ပြလေသည်။ ဆွယ်လီနှင့်အတူ အခြားအဖော်မိန်းကလေး နှစ်ယောက်လည်း ရှိနေကြသည်။ မီကူးနှင့် မကျူရီတို့ ဖြစ်ကြ သည်။ ဆွယ်လီနှင့်အသက်ချင်း မတိမ်းမယိမ်းရှိကြပြီး ရုပ်ရည် သင့်ကြသူများ ဖြစ်ကြသည်။ သူတို့နှစ်ယောက်ကလည်း ဇော ထီး၊ ငမဲအောင်တို့နှင့် သိနေသောကြောင့် အချင်းချင်းပြော နှုတ်ဆက်နေကြသည်။

"နီမောင် နင်ရောက်လာတာ အတော်ပဲ၊ ဒီမနက် တော





တို့ ဖါထင် ထင်းသွားရှာဖို့ရှိတယ်၊ နင် လိုက်ခဲ့မလား"

"ဘယ်သူတွေနဲ့ သွားရမှာလဲ"

"ငါနဲ့သွားရမှာ"

ဒါကတော့ နီမောင်အနေနှင့် ငြင်းစရာမရှိပေ။

"နင် ခေါ်ရင်တော့လိုက်မှာပေါ့"

နံနက်စောစောအချိန်မှာပင် ထုံးစံရှိသည့်အတိုင်း အမျိုး သားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ ဖါထင် ထင်း ရှာရန်သွားရန် ပြင်ကြသည်။ နီမောင်နှင့် ဆွယ်လီတို့ သွားကြ ည်ဖြစ်သည်။ ဦးဆန်လွဲကတော့ အခြားရွာမှ လူရွယ်တစ် ယောက်နှင့်သွားမည်ကို ဝင်ရောက်ဟန့်တားခြင်း မပြုပေ။

အဘယ်ကြောင့်ဆိုသော် ဆွယ်လီအသက်အရွယ်အရ ရွေးလပ်စွာလုပ်ပိုင်ခွင့်ရှိနေပြီကတစ်ကြောင်း၊ နီမောင်နှင့် ပတ်သက်သည့် သတင်းများကိုလည်း ကြားသင့်သလောက်ကြား ပြီးသောကြောင့် ဖြစ်သည်။

ၡင်းတို့အနေနှင့် ငွေကြေးပြည့်စုံခြင်းထက် အတိုက်အ ခိုက်ကောင်းသူများကို ပိုမိုနှစ်သက်ကြသောကြောင့် ဖြစ်သည်။ ငွေကြေးပြည့်စုံမှုရှိသော်လည်း တိုက်ခိုက်မှုစွမ်းရည်မရှိပါက အ ခြား လာရောက်ဖျက်ဆီးပါလျှင် အရာအားလုံး ဆုံးရှုံးနိုင်သည်။ တိုက်ခိုက်မှုစွမ်းရည်ကောင်းမှသာ မိမိ၏ စည်းစိမ်ဥစ္စာကိုလည်း ထိန်းသိမ်းကွယ်နိုင်မည်။ မိမိရွာကိုလည်း ကာကွယ်စောင့်ရှောက်ပေး နိုင်မည်ဟု ယုံကြည်လက်ခံထားကြသည်။

သို့ကြောင့် သတ္တိရှိပြီး တိုက်ခိုက်မှုကောင်းသူများကို



www.burmeseclassic.com

www.burmeseclassic.com

ပိုမိုနှစ်သက်ကြသည်။ မိန်းမပျိုလေးများကလည်း ထိုကဲ့သို့သော သူမျိုးကို ရွေးချယ်ခွင့်ရလိုကြသည်။ နံနက်စောစောအချိန် ပင် နီမောင်နှင့်ဆွယ်လီတို့ ဓလေ့ထုံးစံရှိသည့်အတိုင်း တော သို့ ထင်ရှားသွားရန် ပြင်ဆင်ကြသည်။ အခြားကာလသားများ ကတော့ အခြားရွာမှလာသော်လည်း ကံကောင်းစွာဖြင့် ဆွယ် နှင့်အတူ တောထဲသွားခွင့်ရသော နီမောင်ကို အားကျကြသည်

အချို့ကလည်း ကျိတ်၍ မနာလိုဖြစ်နေကြသည်။ သွား ကာနီးတော့ ၎င်းတို့နှစ်ယောက်အတွက် ကြက်ဥပြုတ်နှင့် ကော ညှင်း ထမင်းထုပ်ကိုထည့်ပေးကြသည်။ တောထဲရောက်တော့ နီမောင်ကမေးသည်။

"နှင်ဘာကြောင့် ငါ့ကိုရွေးတာလဲ"

"နင်က လိုက်ခဲ့ရလို့ မကျေမနပ်ဖြစ်နေတာလား"

"မဖြစ်ပါဘူး၊ ပျော်နေလို့မေးတာ"

ထိုစကားကြားတော့ ဆွယ်လီက သဘောကျစွာဖြင့် ဟက်ဟက်ပက်ပက် ရယ်လိုက်ပြီးမှမေးသည်။

"ဘာကြောင့်ပျော်တာလဲ"

"ငါက နင့်ကိုသဘောကျနေတာ၊ နင်ငါနဲ့အချစ် လက်ခံပေးနိုင်မလား"

"တောထဲရောက်တာနဲ့ ထင်းမရှာပဲ အချစ်ရှာတော့ လို့လား"

"ငါတို့နှစ်ယောက်က အခုလို တွေ့ရဖို့ မလွယ်ဘူး ကြောင့်ပြောရတာပါ။ အခွင့်အရေးယူတယ်လို့တော့ မထင်ပါနဲ့"





"နင့်ဘက်က ငါ့ကို တကယ်ချစ်တယ်ဆိုရင်တော့ စဉ်း ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာပါတယ်၊ ပြောရရင်တော့ ခေတ်ကာလ အခြေအနေကမကောင်းဘူး၊ အခု ငါတို့ တိုင်း မှာ အင်္ဂလိပ်တွေအပြင် နောက်ထပ်ဖက်ဆစ်ဂျပန်စစ်သား ပါ မကြာခင်ရောက်လာတော့မယ်လို့ သတင်းကြားတယ်၊ လာမယ် ဖက်ဆစ်ဂျပန်စစ်သားတွေက အင်္ဂလိပ် စစ်သား နဲ့ ပိုဆိုးတယ်"

ဆွယ်လီက မျက်လုံးအဝိုင်းသားဖြင့် ကြည့်နေသည်။

"ဒါ့အပြင် ငါတို့နေတဲ့နေရာတွေမှာ အုပ်ချုပ်ပေးမယ့် တွေမရှိဘူး၊ ဒီတော့ ကျားနက်ဂိုဏ်းလို လက်နက်အားကိုးနဲ့ အနိုင်ကျင့်နေတဲ့ အဖွဲ့တွေကလည်း အများကြီးရှိတယ်"

"ဒီတော့"

"နင် ငါ့ကို လက်ခံပေးနိုင်မယ်ဆိုရင် သိပ်အချိန်မဆွဲ ချင်ဘူး"

"ဘာဖြစ်လို့လဲ"

"ငါနဲ့အတူရှိတော့ ဘယ်လိုအန္တရာယ်မျိုးနဲ့ပဲ တွေ့တွေ့ ကာကွယ်ပေးနိုင်တာပေါ့"

"တကယ်ရော ကာကွယ်ပေးချင်လို့လား"

"တကယ် ပြောတာပေါ့၊ နင့်အတွက်ဆိုရင် ဘယ်လို ရာယ်မျိုးနဲ့ပဲတွေ့တွေ့၊ ရှေ့ကနေ ရင်ဆိုင်ပေးပါ့မယ်"

"ဒီစကားကိုသာ မြဲမြဲမှတ်ထားပါ"


www.burmeseclassic.com

www.burmeseclassic.com

"နောက်ပြီး နင့်ကို ပြောစရာရှိသေးတယ်"

"မကြာခင် ဒီတောင်ကြောတွေပေါ်မှာ လမ်းကြီးတ လမ်းဖောက်တော့မယ်လို့ သတင်းကြားတယ်"

"အင်္ဂလိပ်တွေဖောက်မှာလို့တော့ ပြောသံကြားတယ်"

"ဟုတ်တယ်၊ အဲဒီလမ်းကြီးဖောက်တဲ့အခါ ဒီနားတ ဝိုက်မှာရှိတဲ့ လူငယ်လူရွယ်တွေ အလှည့်ကျသွားပေးရတယ် တကယ်လို့ ငါတို့ပါသွားရင်တော့ နင်နဲ့တော်တော်နဲ့ပြန်တွေ့ မှာ မဟုတ်တော့ဘူး"

ထိုစကားကြားတော့ ဆွယ်လီက စိတ်မကောင်းသော အမူအယာဖြင့်ကြည့်ပြီး ခေါင်းညိတ်ပြသည်။

"ငါ နင့်အချစ်ကို လက်ခံပေးပါ့မယ်"

"ငါ ဝမ်းသာလိုက်တာ ဆွယ်လီရယ်"

ထိုသို့ပြောပြီး ဆွယ်လီကိုယ်လေးကို ဖက်ထားလိုက် သည်။

"ငါတို့ထင်းရှာသွားရအောင်၊ နေမွန်းတည့်ချိန်ရောက် တဲ့အခါ သူတို့ပေးလိုက်တဲ့ ကြက်ဥပြုတ်နဲ့ ထမင်းကို စားကြ မယ်"

ထိုသို့ပြောပြီး တောတွင်းသို့ဝင်ရောက်ကာ ဖါထင်ထ ရှာဖွေကြသည်။ နေ့လည်ဘက်မွန်းတည့်ချိန်ရောက်သောအခ သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝင်နားပြီး ပါလာသော အစ အသောက်များကို စားသောက်ကြသည်။ ကြက်ဥပြုတ်နှ ကောက်ညှင်းထမင်းကို ခလေ့ထုံးစံရှိသည့်အတိုင်း တစ်ယော





တစ်ယောက် ခွံ့ကျွေးကာ စားသောက်ကြရသည်။ နောက်မှ ဖွေထားသောဖါထင် (Fathing)ထင်းများကို ထမ်းရွက်ကာ ပြန်သွားကြသည်။ သူတို့နှစ်ယောက် ပြန်ရောက်လာတော့မှ ဘွဲပီအတွက် ဆန်ဖွပ်ခြင်းကို စတင်ကြတော့သည်။

ဘွဲမစတင်မီတစ်ရက်ကြိုတင်၍ အခြားသော ရွာသား များကို သွားရောက်ဖိတ်ကြားရသည်။ ဘွဲစတင်ရန်အတွက် အိမ်ရှင်၏ အကအဖွဲ့(thing)မဟုတ်သူများ အိမ်ထဲတွင် ဝင် ရောက်နေရာယူကြသည်။ အထဲမှတစ်ယောက်၊ အပြင်နေသူ အကအဖွဲ့ (thing)မှတစ်ယောက် နာမည်ကောင်းသူများကို ရွေးချယ်သည်။

အကအဖွဲ့(thing)ဖက်မှ ရွေးချယ်ခံရသူက ခေါင်းစွပ် Lukhimh tung)ကို ပွဲကျင်းပသူ၏ ဇနီးအခေါင်း၌ သွား ရောက်စွပ်ပေးသည်။ ပိုက်(နဘန်း)ပွဲကွင်းခေါင်းဆောင် အဖြစ် ရွေးချယ်ခံရသူ နှစ်ဦးသည် မိမိလက်ချောင်းနှင့် လက်ခလယ် တွင် ကြိုးချည်၍နေကြ၏။

ဂင်းအပြင် နဘန်းခေါင်းဆောင်သည် ပိုက်ကွင်း၌ခင်း ကျင်း စုဆောင်းထားသော စပါးခွံအမြေးများကို ပိုက်ကွင်းတွင် ဖြန့်ရကြ၏။ ထို့နောက် တံခါးကို ခဲနှင့်အချက်ပေးသည့်သဘော ဖြင့် ပစ်ပေါက်၏။

အထဲမှလူများအားလုံး အပြင်သို့ စုပြုံ၍ ထွက်လာကြ သည်။ အထဲမှထွက်လာသောအခါ ရွေးချယ်သူနှင့်အပြင်ပွဲ ကြိုးစွပ်သူ ပိုက်ကြိုးကိုင်သူနှစ်ယောက်မှ စတင်၍ ပိုက်ပွဲစတင်

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ၎င်းတို့နှစ်ဦးသည် ကွမ်းဖွင့်ကြသူများဖြစ်၍ ပြီးဆုံးသေ
အခါ ပိုက်ပွဲကိုဆက်လက်ကျင်းပကြသည်။

ပိုက်ပွဲပြီးစီးသောအခါ အားလုံးအိမ်ထဲသို့ ဝင်ရော
ကြပြီး ဘွေ စတောင်သည့်(Bawi thawh)ပွဲကို ဆက်လက်ပြု
သည်။ နောက်နေ့တွင် သတ်ရမည့် တိရစ္ဆာန်များကို သတ်ဖြ
၍ အသားကိုလှီး၍ ခုတ်ကြသည်။ ရွာလုံးကျွတ်ဝေအသား (th
gzam)၊ ဆွေမျိုး(sahleh)ဝေအသားများဟူ၍ ခုတ်ထစ်
ပေးဝေကြသည်။

ကျင်းပသူ၏ ဇနီးအားမွေးချင်းမောင်များက ဝက်
၅-ဆုပ်သတ်၍ ရန်ချင့်(rangchin)ပြုလုပ်ပေး၏။ ဆံပင်
ကျစ်ပေး၍ ၎င်းညတွင်နွားနောက်ယဲကို သတ်ကြ၏။
သတ်သော နွားနောက်သည် ညီတစ်ကောင်ရှိသော (အသ
တစ်နှစ်ရှိသော)အရွယ် ဖြစ်တတ်သည်။

ဇန်ချွန့်(Zanchunh) သတ်သောအခါ ခေါင်သန့်
ကြိုတင်၍ ဖေါက်ထား၏။ တစ်ပါးသောရွာမှ ညှော်သည်
ရောက်ရှိသော ညတွင် ကျင်းပသူ၏ဇနီးက ရေသန့်ကို တိ
ဆိတ်စွာသွားခပ်၏။ ယောကျ်ားက ချက်ဆန်း(Chaksan
လင်မယားအိပ်စက်ကုတင်)၏ ခြေရင်းထိပ်တွင် မြေကြီးကိုတ
၍ ၎င်းအပေါ်တွင် ဖျာခင်း၏။ ထိုဖျာပေါ်တွင် ခေါင်အိုးထ
၍ ဘုံဘိုင်တပ်ကာ ထွက်လာသော ခေါင်ရည်ကို အိုးဖြင့်ခံထ
၏။

ထိုအချိန်တွင် ဇနီးသည်လည်း ထောင်းပြီးသော ဆ



နှံဆုပ် (Changyut)ကို ၉-ခဲပြုလုပ်ကာ တောင်းတွင်ထည့်၍
အပေါ်တွင် တင်ထား၏။ ခံထားသောခေါင်ရည်ကို အမျိုးသမီး
များက ဖွန်းဖြင့်ခပ်၍ ဆန်မှုန့်ဆုပ်နှင့်အတူထား၏။

ကျင်းပသူ လင်မယားသည် ချင်းဝတ်စုံအပြည့်ဖြင့် ဘွေ
တိုင်နားတွင်သွားရောက်၍ ရပ်ကြ၏။ သတ်ရမည့် နွားနောက်
ပေါက်ကို အိမ်အောက်မှ အိမ်ရှေ့မျက်နှာစာသို့ ထုတ်လာ၍
ပိုင်ခွင့်ရှိသူများက နွားနောက်ချည်ကြိုးကို ကိုင်ကြ၏။

ဇနီးသည် ဆန်မှုန့်ဆုပ်ထည့်သော တောင်းဒေါက်မြင့်
ကို ယူလာသည်။ ယောကျ်ားက ဆန်မှုန့်ဆုပ်နှင့်ခေါင်ရည်ထည့်
သော ဖွန်းကိုယူ၏။ ဆန်မှုန့်ဆုပ်ကို ချေမွ၍ နွားနောက်ပါးစပ်
တွင်ခွံ့ကာ ခေါင်ရည်ကိုလောင်းထည့်၏။ နှုတ်မှလည်း "မလှုပ်
ဘူး မလှုပ်ဘူး"ဟု ပြောသေး၏။

ဒုတိယအကြိမ် ထိုကဲ့သို့ ပြုလုပ်ပြန်၏။ နွားနောက်
သည် ပါးစပ်ကို ဝါးသကဲ့သို့ လှုပ်ရှားလာသောအခါ ဆုတောင်း
မှတ်ဆိုသည်ကို မြန်မာပြန်၍ ဖော်ပြပါမည်။ "ဇန်ချွန့်အဆင့်မီ
သော နွားနောက်ပေါက်ဖြင့် ပူဇော်ပသသောအခါ မိမိ၏
ညာဏ်နိညာဏ်နက် တစ်စုံတစ်ခုမျှ ပါဝင်ခြင်းမရှိပါ။ အဖိုး၏မျိုးရိုးမှ
ပြုလုပ်ခဲ့ဘူးသော အရာဖြစ်သည်။ အဖမျိုးရိုးမှ ပြုလုပ်ဖူးသော
အရာသာ ပြုလုပ်ခြင်းဖြစ်သည်။ သားရဲတို့ကို နိုင်ထက်စွမ်းသော
သတ်တို့ဖြင့် စိုင်နင်းသော မုဆိုး၏အသွင်ကို အတုယူခြင်း ဖြစ်
သည်။

ထိုသို့ပျော်ရွှင်စွာ ကျင်းပကြပြီး ညအချိန်ရောက်တော့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရည်သောက်ခြင်း၊ သီချင်းဆိုခြင်း၊ ပျော်ရွှင်စွာကခုန်ခြင်းများ ပြုလုပ်ကြသည်။ ထို့ပြင် တစ်ဦးနှင့်တစ်ဦး အဆင်ပြေသော လူပျိုအပျိုတို့သည် ကိုယ်အတွဲနှင့်ကိုယ် လွတ်လပ်သောနေရာများတွင် အတူထိုင်ကာ စကားပြောကြသည်။ ထိုအချိန်ရောက်တော့ ယောကျ်ားလေးများရော မိန်းကလေးများပါ ခေါင်းရေမူးစပြုနေကြပြီဖြစ်သည်။

နီမောင်နှင့်ဆွယ်လီတို့လည်း လူသူရှင်းသောတစ်နေရာ၌ သွားရောက်တွေ့ဆုံကြသည်။ ထိုနေရာရောက်တော့ နီမောင်က ဆွယ်လီကို ရင်ခွင်ထဲထည့်ကာ တင်းတင်းဖက်ထားလေသည်။

"ဆွယ်လီ ငါ နင့်ကို သိပ်ပြီးချစ်တာပဲ"

ထိုသို့တိုးတိုးပြောသောအခါ ခေါင်းရေမူးနေပြီဖြစ်သော ဆွယ်လီကလည်း ညီးညူသံမျိုးဖြင့် တိုးတိုးတော့ပြန်ပြောသေးသည်။

"ငါလည်း နင့်ကိုချစ်ပါတယ်"

ထိုနောက်မှာတော့ နှစ်ယောက်သား မထိမ်းနိုင်ကြတော့သဖြင့် အချစ်နယ်ကျွံမိကြလေတော့သည်။ ညက မှောင်နေသည်။ ထို့ထက် ၎င်းတို့နှစ်ဦး၏ အချစ်က ပိုပြီး အမှောင်ဖုံးနေကြတော့သည်။



# အခန်း-၆

## မရဏာဏမ်းမှ အကျဉ်းသားများ

ထို ညက ကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကိုတော့ နီမောင်ရောဆွယ်လီပါ မမေ့နိုင်ကြတော့ပေ။ နောက်ပိုင်းအမြန်ဆုံးနီးစပ်ရန် ကြိုးစားကြသော်လည်း ကံကြမ္မာအခွင့်အရေးက သူတို့နှစ်ယောက်အတွက် အခွင့်အရေး ထပ်မပေးတော့ပေ။ ထိုသို့ကြုံတွေ့ခဲ့ရပြီးနောက် သူတို့နှစ်ယောက် ထပ်မံဆုံတွေ့ခွင့်မရကြတော့ပေ။ အဘယ်ကြောင့်ဆိုသော် လီနိုလမ်းမကြီး ဖောက်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရန်အတွက် ဗိုလ်ချုပ်ကြီးစတီးဝဲ(လ်)ဦးဆောင်သော အင်္ဂလိပ် စစ်သားများရောက်လာပြီး လမ်းဖောက်ခြင်းလုပ်ငန်းများ စတင် ဆောင်ရွက်ကြရာ ထိုဒေသတစ်ဝိုက်မှာရှိသော ကျေးရွာများမှ ချွေးတပ်သားများပေးကြရသည်။

ပထမတစ်သုတ်မှာပင် ပန်ဆောင်ရွာမှ လူငယ်လူရွယ် အမ်တော်များများပါလေရာ ထိုအထဲတွင် နီမောင်၊ စောထီး၊ ငမဲ အောင်တို့သုံးယောက် ပါသွားလေတော့သည်။ ထိုအတူ တခြား ကျေးရွာများမှာလည်း သန်သန်မာမာရှိသော လူငယ်လူရွယ် အတော်များများ ပါသွားကြသည်။ ထိုသို့ပါသွားခြင်းကြောင့် ရွာများကို အကာအကွယ်ပေးနေသော လူငယ်လူရွယ်များ မရှိ တော့သည့်အခါ လူဆိုးဂိုဏ်းသားများမှာ ရွာများသို့ တံခါးမရှိ ဓားမရှိ ဝင်ရောက်ကြကာ နှိပ်စက်ကြတော့သည်။

ဥပမာ ပန်ဆောင်ရွာဆိုလျှင် တိုက်ခိုက်မှုကောင်းသော နီမောင်တို့မရှိတော့သည့်နောက်ပိုင်း ကျားနက်ဂိုဏ်းသားများ ဝင်ရောက်နှိပ်စက်မှုကို အကြိမ်ကြိမ်ခံကြရသည်။ ထိုအခြေအ နေကိုတော့ ချွေးတပ်သားအဖြစ်ပါသွားသော နီမောင်တို့ မသိ နိုင်ကြတော့ပေ။

ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံ သို့ အရေးကြီးသည့် စစ်ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင် နိုင်ရန် ဖောက်လုပ်ခဲ့သော လီဒိုလမ်းမကြီးသည် အလွန်ထူးခြား သည့် အင်ဂျင်နီယာလက်ရာများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ ခရစ် ၁၉၄၂-ခုနှစ်ခန့်တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့



တောင်အာရှနိုင်ငံများအားလုံးကို ဂျပန်တပ်မတော်က သိမ်းပိုက် လိုက်ပြီးဖြစ်သဖြင့် အမေရိကန်တို့သည် တရုတ်နိုင်ငံနှင့် အဆက် ပြတ်သွားပြီးလျှင် မည်သည့်ပစ္စည်းမှ တင်မပို့နိုင်သဖြင့် ထိုလီဒို လမ်းမကြီးကို ၁၉၄၂-ခုနှစ် ဒီဇင်ဘာလမှာပင် အရေးတကြီး စတင် ဖောက်လုပ်ရလေသည်။

၁၉၄၃-ခုနှစ် အောက်တိုဘာလသို့ရောက်သောအခါ အမေရိကန်ပြည်ထောင်စု အင်ဂျင်နီယာတပ်များမှ ဗိုလ်မှူးချုပ် လူးဝစ်အေပစ်က လီဒိုလမ်းကိုကွပ်ကဲ၍ ဖောက်လုပ်ရသည်။ တပ်မတော်သားများနှင့်အတူ လီဒိုလမ်းကျရာ ပတ်ဝန်းကျင်မှ တိုင်းရင်းသား အလုပ်သမားတို့၏ လုံ့လကြောင့်လမ်းကို တော တောင်အထပ်ထပ်၊ မြစ်အသွယ်သွယ်တို့အား ဖြတ်ကျော်ကာ မြန်မာနိုင်ငံ၊ ဗန်းမော်မြို့ထိအောင် ဖောက်လုပ်နိုင်ခဲ့လေသည်။

ထိုမှတစ်ဆင့် တရုတ်-မြန်မာလမ်းမကြီးနှင့် ဆက်ပေး လိုက်လေသည်။ လီဒိုလမ်းမကြီးကို အမေရိကန်ဒေါ်လာ ၃၇- သန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ရာ ၁၉၄၅-ခုနှစ် ဇန်နဝါရီ လတွင် ပြီးစီးသည်။ မြန်မာနိုင်ငံကို ဂျပန်တပ်မတော်က သိမ်း ယူပြီးသည်မှစ၍ အဆက်ပြတ်ခဲ့သော တရုတ်နိုင်ငံသို့ လီဒိုလမ်း မကြီးဖောက်လုပ်ပြီးသည်နှင့် တပြိုင်နက် အမေရိကန်တို့၏ စစ် လက်နက်ပစ္စည်းများကို ရာပေါင်းများစွာသော ကုန်တင်ကားကြီး များဖြင့် ပထမဆုံးအကြိမ် သယ်ယူပို့ဆောင်ခဲ့လေသည်။

လီဒိုလမ်းမကြီးကိုဖောက်လုပ်ရာ၌ အလုပ်သမားပေါင်း တစ်ထောင်ကျော်မှာ ငှက်ဖျားရောဂါ၊ ရေဘေးနှင့်ဂျပန်တို့၏

www.burmeseclassic.com

www.burmeseclassic.com



ကျည်ဆံများ၏ဒဏ်ကြောင့် အသက်ဆုံးရှုံးခဲ့ရလေသည်။ လီဒိုလမ်းကို အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်၊ လီဒိုအမည်ရှိသောနေရာမှ စတင်ဖောက်လုပ်သောကြောင့် လီဒိုလမ်းဟုခေါ်ခြင်းဖြစ်သည်။

ယင်းလမ်းသည် မြန်မာနိုင်ငံအတွင်းသို့ ပတ်ကွိုင်တောင်တန်းကို ဖြတ်၍ဝင်လာပြီးလျှင် တောင်ဖက်မိုးကောင်း၊ မြစ်ကြီးနားနှင့် ဗန်းမော်မြို့များအထိ ရောက်လာလေသည်။ ထိုမှတစ်ဆင့် အရှေ့ဖက်တရုတ်နိုင်ငံသို့ ဆက်သွားလေသည်။

လမ်းမကြီး၏ နောက်ဆုံးအပိုင်းဖြစ်သော အစိတ်အပိုင်းသည် နှစ်ရာပေါင်းများစွာကရှိခဲ့သော မာကိုပိုလိုလမ်းအတိုင်းပင် ဖြစ်သည်။

လီဒိုလမ်းမသည် မိုင်ပေါင်း ၁၀၃၀-ရှည်၍ တံတားပေါင်း ၇၀၀-ကျော်ကို ဖြတ်ခဲ့သည်။ လမ်းသည် မြေကြီးလမ်းသက်သက်ဖြစ်ရာ အမာခံဟူ၍ ကျောက်ခဲကျောက်တုံး မရှိသလောက်ပင် ဖြစ်သည်။ ပထမတွင် လီဒိုလမ်းဟုခေါ်ခဲ့သော်လည်း ၁၉၄၅-ခုနှစ် ဇန်နဝါရီလတွင် စစ်သူကြီး ချန်ကေရှိတ်က လီဒိုလမ်းကို ဖောက်လုပ်ရန် ပထမဆုံး ကြံစည်စိတ်ကူးခဲ့သော အမေရိကန်ပြည်ထောင်စုတပ်များ၏ ဗိုလ်ချုပ်ကြီးဖြစ်သော ဂိုးဇက်ဝတီးဝဲ၏အမည်ကို ဂုဏ်ပြုသောအားဖြင့် စတီးဝဲလမ်းဟု မှည့်ခေါ်စေခဲ့သည်။

သို့ရာတွင် စစ်ပြေငြိမ်းပြီးသည့်နောက် စီးပွားရေးအရ ဤလမ်းကိုဆက်လက်ထိန်းသိမ်း မထားနိုင်တော့သဖြင့် ၁၉၄၅



ခုနှစ်၊ နိုဝင်ဘာလတွင် စွန့်လွှတ်လိုက်ရလေသည်။ လီဒိုလမ်းမကြီးအကြောင်းကို ပြည့်စုံစွာဆက်လက်ဖော်ပြပါမည်။ ဂိုးဇက်စတီးဝဲ(လ်)သည် ၁၉၄၂-ခုနှစ် ဇွန်လလယ်မှစပြီး ၁၉၄၃-ခုနှစ်နိုဝင်ဘာလအထိ ဆယ်ရှစ်လတာကာလအတွင်း ဂျပန်တို့ကိုခံစစ်အနေအထားဖြင့် ခုခံထားပြီး ပြောက်ကျားစနစ်ဖြင့် အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းမျှသာ ပြုလုပ်နိုင်ခဲ့သည်။

ဗမာပြည်ကို ပြန်လည်သိမ်းပိုက်ရန်အတွက် မဟာမိတ်တပ်ပေါင်းစုသည် စီမံကိန်းအမျိုးမျိုး ရေးဆွဲခဲ့သည်။ စတီးဝဲ(လ်)ကိုယ်တိုင် ဗမာပြည်ပြန်လည် သိမ်းပိုက်ရေးအတွက် စီမံချက်ခြောက်ခုတိတိ ရေးဆွဲပြီး တင်ပြခဲ့သည်။ ဗမာပြည်ကို ပြန်လည်သိမ်းပိုက်ချိန်တွင် ထိုးစစ်အတွက် လက်နက်ကြီးများ လိုအပ်သကဲ့သို့ ထောက်ပံ့ရေးကောင်းမွန်ရေးသည်လည်း လွန်စွာအရေးကြီးသည်ဟု စတီးဝဲ(လ်)က ရှင်းပြခဲ့သည်။

ထိုစီမံကိန်းများ၏အမည်များမှာ တာဇံ(Tarzan)၊ ဘူကင်နာ(Buccaneer)၊ တိုရီယာဒို (Toreador)နှင့် ဂရစ်ဖတ်(Gripfast)တို့ဖြစ်ကြသည်။ ကနဦးတွင် ဗြိတိသျှတို့က ထောက်ပံ့နှစ်ကောင်းဖို့ ဦးစားပေးခြင်းကို လက်မခံကြပေ။ သို့သော်စတီးဝဲ(လ်)က သူ၏အယူအဆကို အလျှော့မပေးခဲ့ပေ။

ဗမာပြည်စစ်မျက်နှာတွင် အလုံးအရင်းဖြင့် ထိုးစစ်ဆင်သည့် အမေရိကန်စစ်တပ်များ အိန္ဒိယနိုင်ငံ ကလကတ္တားနှင့်ဘုံဘေမြို့များသို့ ရောက်ရှိလာချိန်တွင် စတီးဝဲ(လ်)သည် အမေရိကန်တပ်ကို အမိန့်ပေးခွင့်မရတော့ပေ။ အမေရိကန်တပ်ဖွဲ့



www.burmeseclassic.com

www.burmeseclassic.com

သည် ဆန်ဖရန်စစ္စကိုမှ ခရီးဝေးလာခဲ့ကြခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးစတီးဝဲ(လ်)သည် စစ်သည်အင်အား လုံလောက်စွာမရှိ။ လက်နက်ခဲယမ်းချို့တဲ့သော အချိန်ကာလတွင် တရုတ်၊ ဗမာ အိန္ဒိယနယ်စပ်ရှိ အလွန်ကြမ်းတမ်းဆိုးဝါးသော ဒေသတွင် အချိန်ကုန်ခံ၊ ဒုက္ခခံပြီး နေထိုင်ခဲ့ရသည်။ သူသည် ချန်ကေရှိတ်ရှိသော ခြုံကင်းမြို့နှင့် ဗြိတိသျှစစ်ဌာနချုပ်ရှိသော ဒေလီမြို့တို့ကြားတွင် အပြန်အလှန်သွားလိုက်၊ ဝါရှင်တန်နှင့် လန်ဒန်မြို့သို့သွားလိုက် ဖြစ်ခဲ့ရသည်။

ဗမာပြည်လမ်းမကြီးပိတ်သွားသောအခါ လီဒိုလမ်းမကြီး (Ledo Road)ကို ဖောက်လုပ်ခဲ့ကြသည်။ ရာသီဥတု အားလုံးတွင် သွားလာနိုင်သော ကျောက်ခင်းလမ်းကိုခင်းခဲ့သည်။ အကျယ်မှာ ပေသုံးဆယ်ကျယ်သည် ထုအထူသည် လေးလက်မထူသည်။ လီဒိုလမ်းမကြီးကို အခက်အခဲကြီးမားစွာ ကြုံတွေ့ကာ အသက်ပေါင်းများစွာစတေးပြီး ခက်ခဲကြမ်းတမ်းစွာဖြင့် ဖောက်လုပ်ခဲ့ကြသည်။

လီဒိုလမ်းမကြီးပြီးသွားသောအခါ ဗမာပြည်လမ်းမကြီးကို ပြန်၍ဖွင့်လှစ်နိုင်ခဲ့သည်။ အမေရိကန်မှ ထောက်ပံ့သော စစ်လက်နက်ပစ္စည်းများ၊ လက်နက်ခဲယမ်းများသည် အိန္ဒိယရှိ လေယာဉ်ကွင်းများမှတစ်ဆင့် မီးရထားဖြင့် လီဒိုလမ်းမကြီးသို့ သယ်ယူလာသည်။ ထို့နောက် အိန္ဒိယမှ တရုတ်အထိပေါက်သော လမ်းကြောင်းအတိုင်း စစ်သုံးပစ္စည်းများကို သယ်ပို့ကြသည်။





လီဒိုထောက်ပံ့ရေးလမ်းကြောင်း (LEDO SUPPLY ROAD) ဖြစ်သော လီဒိုလမ်းမကြီးသည် ကမ္ဘာပေါ်တွင် အဆိုးဝါးဆုံးလမ်းမကြီးတစ်ခုဖြစ်သည်။ အိန္ဒိယပြည်မှ စတင်ပြီး ဗမာပြည်မြောက်ဖျားရှိတောင်ကုန်းတောင်တန်းများကို ဖြတ်ကျော်ကာ တရုတ်ပြည်နယ်စပ်အနီးမှ ဖြတ်ကျော်ပြီး ကူမင်းမြို့သို့ ရောက်လေသည်။

လမ်းအသားသည် ပကတိကျောက်သားများဖြစ်သည်။ အချို့သောတောင်များသည် အမြင့်ပေ သုံးသောင်းရှစ်ထောင် (၃၈၀၀၀-ပေ)အထိရှိသည်။ နွေရာသီဖြစ်သော်လည်း မိုးရေချိန် တစ်ရာ့ငါးဆယ်လက်မအထိ ရွာသွန်းသည်။ ၂၄-နာရီ အတွင်း မိုးရေချိန်သည် တစ်ဆယ့်လေးလက်မအထိ မြင့်တက်လာသည်။

လမ်းတစ်လျှောက် မြစ်ချောင်း ပေါများလွန်းသည်။ အကြီးမားဆုံးမှာ ဟူးကောင်း၊ မိုးကောင်းမြစ်နှင့် ဧရာဝတီမြစ်တို့ဖြစ်ကြသည်။ တောတောင်ထူထပ်သောဒေသကိုဖြတ်ပြီး ဖောက်လုပ်ထားသောကြောင့် နေရာအတော်များများတွင် သစ်ပင်အုပ်များက ဖုံးလွှမ်းနေတတ်သည်။ အထူးသဖြင့် ဩဂုတ်လတွင် မိုးအများဆုံးဖြစ်ပြီး ပို၍တောထူသည်။ လမ်းတစ်လျှောက်တွင် မြစ်ကူး၊ ချောင်းကူးတံတား ရာပေါင်းများစွာရှိသည်။

လီဒိုလမ်းမကြီး တည်ဆောက်ရာတွင် ကျွမ်းကျင်သော အမေရိကန်အင်ဂျင်နီယာ တစ်သောင်းခုနစ်ထောင်ကို အသုံးပြုခဲ့သည်။ အလုပ်သမား အရေအတွက် ငါးသိန်းမှ ရှစ်သိန်းအ

www.burmeseclassic.com

www.burmeseclassic.com



ထိ အသုံးပြုခဲ့ကြသည်။ မိုးရာသီတွင် အလွန်မိုးများပြီး ဆောင်း ရာသီတွင် သွေးခဲလောက်အောင် ရက်ရက်စက်စက်အေးသည်။ နွေရာသီတွင် လွန်ကဲစွာ ခြောက်သွေ့ပြီး ဖုန်ထူလွန်းသည်။ ဗမာပြည် မြောက်ဖျားဒေသရာသီဥတုသည် နွေ၊ မိုး၊ ဆောင်း မည်သည့်ရာသီဥတုမျှ ကောင်းသည်ဟူ၍ မရှိပေ။

လီဒိုလမ်းမကြီးကို အင်ဂျင်နီယာအင်အားများစွာ၊ အလုပ်သမားများစွာသုံးပြီး (၂၄)နာရီ ကာလပတ်လုံး ယန္တယားကြီးများဖြင့် ဖောက်လုပ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် တရုတ်တပ်တွင် လက်နက်ခဲယမ်း ကုန်ခမ်းနေသကဲ့သို့ တရုတ်ပြည်သူများ အငတ်ဘေးကြုံတွေ့နေရသောကြောင့် လက်နက်ခဲယမ်းနှင့် စားနပ်ရိက္ခာ အကူအညီ အမြန်ရဖို့ ကြိုးစားကြခြင်း ဖြစ်သည်။

၁၉၄၃-ခုနှစ် ဩဂုတ်လတွင် ကွိဘက်(Quebec)၌ မဟာမိတ်တို့၏ စီမံကိန်း ကွန်ဖရင့် ကျင်းပသောအခါ လီဒိုလမ်းမကြီးကိုဖြတ်၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းခြောက်ခု အပြိုင်အနေအထား တပ်ဆင်သွားဖို့ ဆုံးဖြတ်ခဲ့ကြသည်။ အိန္ဒိယ အရှေ့မြောက်ဘက်ရှိ အမြင့်ပေ ငါးရာကျော်မြင့်သော နေရာမှ စတင်ပြီး တရုတ်ပြည်အထိ သယ်ပို့သည်။ ဟိမဝန္တာ တောင်ခြေမှ တရုတ်ပြည် ကူမင်းမြို့အထိ သွယ်တန်းခဲ့သော ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်းများသည် ထိုခေတ်က ကမ္ဘာပေါ်တွင် အရှည်ဆုံး ပိုက်လိုင်းများ ဖြစ်ခဲ့သည်။

ဂျပန်တို့ သိမ်းပိုက်ထားသော ဗမာပြည်ကိုဖြတ်သန်

ည်ဆောက်ထားသော လီဒိုလမ်းမကြီးတစ်လျှောက်ဖြတ်၍ ယ်တန်းသောပိုက်လိုင်းများဖြစ်သော်လည်း ဖက်ဆစ်ဂျပန်တို့ အန္တရာယ်ကို လွန်စွာစိုးရိမ်ရန်မလိုအပ်ပေ။ အကြောင်းမှာ န်တပ်များသည် လီဒိုလမ်းမကြီးရှိရာသို့ ရောက်လာရန် မဖြစ် သောကြောင့် ဖြစ်သည်။

လမ်းတစ်လျှောက်တွင် မြင့်မားသော တောင်တန်းနှင့် နက်ကြီးများကို ဖြတ်ကျော်ချိန်တွင် ကချင်ပြောက်ကျားများ အသားစားကျားများ၏ အန္တရာယ်ကြောင့် ဂျပန်စစ်သားများ အလဟဿ အသက်ဆုံးရှုံးရသောကြောင့် ဖြစ်သည်။ ထို့အ လီဒိုလမ်းမကြီး လုံခြုံရေးအတွက် အကောင်းဆုံး စစ်လက် များဖြင့် ကာကွယ်ထားသောကြောင့် ဖြစ်သည်။

ထိုလမ်းများအန္တရာယ်ကင်းကြောင်း သက်သေပြသည့် ဖြင့် စတီးဂဲလ်နှင့် စလင်းတို့ကိုယ်တိုင် လမ်းမကြီးတစ် ှာက် လမ်းလျှောက်ပြခဲ့ကြသည်။ သို့သော် လီဒိုလမ်းမကြီး က်လုပ်ရာတွင် ငွေကြေးမှအစ၊ စက်ယန္တရားအဆုံး ဘာတစ် ထိထိရောက်ရောက် အကူအညီမပေးခဲ့သော ချာချီက တား . .၊ အကုန်အကျများသလောက် သိပ်အကျိုးမဖြစ် ဲ့လမ်း’ ဟု ကဲ့ရဲ့ခဲ့သည်။

ကမ္ဘာကျော်လီဒိုလမ်းမကြီးကို တာဝန်ယူပြီး တည် တ်ခဲ့သော အမေရိကန် အင်ဂျင်နီယာကြီး ကာနယ်ချုပ် ှာကျော် အင်ဂျင်နီယာအဖြစ် သတ်မှတ်ခဲ့ကြသည်။ လီဒို ကြီးကိုလည်း ကမ္ဘာကျော်သည့် လမ်းမကြီးအဖြစ် သတ်





www.burmeseclassic.com

www.burmeseclassic.com


မှတ်ကြသည်။ လီဒိုလမ်းမကြီးကို "The Toughest Engine-ing Job on the planet" ဟု သတ်မှတ်ဖြစ်ကြ သည်။

အင်ဂျင်နီယာကြီး ကာနယ်ချာလီကို နယူးယောက် ... လန်းလှိုဏ်ခေါင်း (New York's Holland Tunnel)၊ ... ကွန်းလှိုဏ်ခေါင်း (Lincol Tunnel)နှင့် ဂျော့ဝါရှင်တန်တံတား (Georage Washington Bridge)တို့ တည်ဆောက်ရေး... တာဝန်ပေးခဲ့သည်။

လီဒိုလမ်းမကြီးသည် အမြင့်ပေ (၃၇၂၇)ပေမြင့်သော ပန်ဆန်တောင်ကြား (Pangsan Pass)မှ ဖောက်ထားခြင်းဖြစ် သည်။ ဗမာပြည်မြောက်ဖျားဒေသတွင် လီဒိုလမ်းမကြီး လုံခြုံရေး အတွက် အိပ်(က်စ်)ဖို့(စ်) (X Force)က တာဝန်ယူထားသည်။ အိပ်(က်စ်)ဖို့(စ်)သည် ဂျပန်များကို မြစ်ကြီးနားအထိ ဆုတ်... သွားအောင် တိုက်ထုတ်လိုက်သည်။ ဟူးကောင်းတောင်ကြား... တဝိုက်တွင် ဂျပန်တပ်များ ခြေမချနိုင်အောင် တိုက်ထုတ်ပြီး သောအခါ အရှေ့ဖက်မိုးကောင်းတောင်ကြားအထိ ဆက်... နယ်မြေရှင်းလင်းခဲ့သည်။

ဂျပန်တို့သည် မြစ်ကြီးနားတွင် အခိုင်အမာခြေကုပ်... ထားသော်လည်း ကချင်ပြည်မြောက်ပိုင်းကို လုံးဝစွန့်လွှတ ခဲ့ရ... ဖြစ်သည်။ အောင်ပွဲအလီလီရခဲ့သောအခါ အိပ်(က်စ်)ဖို့(စ်) (X Force)သည် အတင့်ရဲလာပြီး မြစ်ကြီးနားမြို့ကို ဝင်သိမ်းဖို့ ... စားလေတော့သည်။ ထိုအချိန်တွင် ဝင်းဂိတ်၏ ချင်းဒစ်တပ်ဖွဲ့... လည်း မြစ်ကြီးနားမြို့ အနောက်တောင်ဖက်တွင် ဂလိုက်ဒါ...

...ဆင်းသက်လာကြတော့သည်။

ထိုအချိန်တွင် စတီးဝဲ(လ်)၏တရုတ်တပ်များ (Y Force) ...သည်း ဝင်တိုက်ရာ ဂျပန်တို့ အလူးအလိမ့် ခံရသည်။ (X)တပ်နှင့် (Y)တပ်တို့ပေါင်းပြီး လားရှိုးမြို့အထိ ဆက်လက် သိမ်းပိုက်ခဲ့ရာ ဗမာပြည်လမ်းမကြီးကို ပြန်ဖွင့်နိုင်ခဲ့လေသည်။

ထိုအချိန်တွင် ဗိုချုပ်စလင်း (General Slim)သည် ...အမှတ်(၁၄)ဗြိတိသျှ တပ်မဟာကို ဦးဆောင်ပြီး တပ်မဟာ ...ချုပ်ကို အင်ဖါး (Imphar)တွင် ဖွင့်လှစ်ပြီး၊ အိန္ဒိယ၊ ဗမာ ...နယ်စပ်မြို့ဖြစ်သော တီဒင်(Tiddum)မြို့မှ ဗမာပြည် ...တွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်စလင်း၏တပ်သည် ...ဆစ်ဂျပန် ချေမှုန်းရေးအတွက် အဓိကတပ်ဖြစ်သည်။

ရခိုင်ကျွန်းဆွယ်မှ ထိုးဖောက်သောတပ်သည် ရခိုင် ...မြောင်ဒေသမှ စစ်တွေအထိ ထိုးဖောက်ချီတက်တိုက်ခိုက် သည်။ ထိုမှတစ်ဆင့် ရန်ကုန်ဆိပ်ကမ်းကို သိမ်းပိုက်ရန်ဖြစ် သည်။ ၁၉၄၃-ဒီဇင်ဘာတွင် ကိုင်ရို၌ အသေးစိတ်ဆွေးနွေးခဲ့ ကြသည်။ လင်း(ဒ်)လိ(စ်) (Lend Lease)သဘောတူချက်အရ ...ချက်ပြည်ကို စစ်လက်နက် ခဲယမ်းမီးကျောက်နှင့် လူသုံး အိမ် ...စစ္စည်းတန်ချိန် ငါးထောင်ပေးအပ်မည့် အစီအစဉ်အရ ...၄၅-ခုနှစ် ဒီဇင်ဘာလအထိ တန်ချိန်တစ်သောင်းသုံးထောင် ...ငါးရာငါးဆယ် (၁၃၅၅၀ tons)ပို့ပေးခဲ့ပြီး ဖြစ်သည်။

ဇူလိုင်လ တစ်လတည်းတွင် မိုးလေထန်နေသည့်ကြား ...တန်ချိန်ကိုးထောင်ကျော်ပေးပို့ခဲ့ပြီး ဖြစ်သည်။ စတီးဝဲ(လ)၏



www.burmeseclassic.com

www.burmeseclassic.com

တရုတ်အိပ်(က်စ်)ဖို့(စ်) (X Force)သည် အိန္ဒိယပြည်၊ ရမ်ဂ (Ramgarh)၌ စစ်ရေးလေ့ကျင့်နေပြီး ဝိုင်ဖို့(စ်)သည် ကူမင်းမြို တပ်စခန်းတွင် အပြင်းအထန်လေ့ကျင့်နေကြသည်။

ဗြိတိသျှအမှတ် (၁၄)တပ်မဟာသည် အင်ဖား၌ တပ် ထားသည်။ အင်ဖားသည် ဗမာပြည်၏ အနောက်ဖက်နယ်စ နှင့် မိုင်(၅၀)မျှသာ ဝေးသည်။ ၁၉၄၃-ခုနှစ် နိုဝင်ဘာလတွင် လီဒိုလမ်းမကို ဖွင့်လှစ်နိုင်ပြီဖြစ်လေရာ ကုန်ပစ္စည်းကို အိန္ဒိယ တရုတ်ပြည်သို့ ပို့ပေးနိုင်ပြီဖြစ်သည်။ ၁၉၄၃-ခုနှစ် ဒီဇင်ဘာလ တွင် အိန္ဒိယမှ တရုတ်ပြည်သို့ပစ္စည်းတန်ချိန် တစ်သောင်းသုံး ထောင်လေးရာငါးဆယ် (၁၃၄၅၀-tons)ပေးပို့နိုင်ခဲ့သည်။

"ဗမာပြည်မှ ကြိုဆိုပါသည်။ ဤလမ်းမကြီးသည် တိုကျို အထိ ရောက်မည်ဖြစ်သည်။" (WELCOME TO BURMA THIS WAY TO TOKYO)

အဆိုပါ ဆိုင်းဘုတ်ကို လီဒိုလမ်းမကြီးတွင် မြင်တွေ့နိုင် သည်။ ဗမာပြည်အရှေ့တောင်ပိုင်းကို မိုင်ပေါင်း ခုနှစ်ဆယ်အ ထိ ထိုးဖောက်ဝင်ရောက်ပြီး ရှင်ဘွေယန် (Shing bwiyang ရွာအထိရောက်သည်။ ထိုရွာသည် မျှစ်အလွန်ထွက်သောကြောင့် ထင်ရှားသည့်ရွာဖြစ်သည်။ ထိုရွာသည် လီဒိုလမ်းမကြီးနှင့် မိုင် ပေါင်းတစ်ရာ့ကိုးမိုင်အကွာ၌ရှိသည်။

လီဒိုလမ်းမကြီးတည်ဆောက်ရာ၌ မစ်ဇူရီဆည်ကြီး တည်ဆောက်ခဲ့သော အမေရိကန် အင်ဂျင်နီယာ ဗိုလ်ချုပ်လီဝီ ပစ် (General Lewis Pick) ဦးဆောင်ပြီး အမှတ်(၈၅၈)



တပ်အင်ဂျင်နီယာများ ပါဝင်ခဲ့ကြသည်။

ထိုဆည်ကြီးတည်ဆောက်ရာတွင် အိန္ဒိယနှင့်တရုတ် စ်သား ငါးသောင်းကျော် ပါဝင်လုပ်ဆောင်ခဲ့ကြသည်။ သို့ တ် အလွန်ခက်ခဲကြမ်းတမ်း ဆိုးဝါးသောတောင်ပေါ်၌ ခက်ခဲ တည်ဆောက်ရသောကြောင့် တစ်နေ့တွင် လေးပိုင်းသုံးပိုင်း မျှသာ ပြီးစီးလေသည်။

၁၉၄၄-ခုနှစ် မတ်လတွင် ဟူးကောင်းချိုင့်ဝှမ်း၌ က်ခဲလမ်းသားကို အခိုင်မာဆုံးတည်ဆောက်နိုင်ခဲ့သည်။ မ်းပြီးဆုံးသောအခါ ဗမာပြည်လမ်းမကြီးလမ်းဟောင်းနှင့် က်သွယ်မိသွားလေသည်။

ဗိုလ်ချုပ်ကြီး ဓေ့ာ့ချင်းလက်နှင့် ဗိုလ်ချုပ်ကြီးစလင်း သည် ဗမာပြည်စစ်ဆင်ရေး စတင်ချိန်တွင် အမှတ်(၁၄)တပ် ကြီးသည် လက်နက်ကြီးများ၊ တင့်ကားများ၊ သံချပ်ကာ များအသုံးပြုပြီး ဂျပန်ကို အပြင်းအထန် ချေမှုန်းကြမည် ရာ လမ်းပမ်းဆက်သွယ်ရေး ကောင်းဖို့လိုအပ်သောကြောင့် မ်းသစ်ကြီးကို အခိုင်အမာတည်ဆောက်ကြသည်။

ထိုလမ်းသည် အိန္ဒိယနိုင်ငံမှ ကိုဟီးမားမြို့ကြီးတွင် ာင်ပြီး နယ်စပ်မြို့ဖြစ်သော အင်ဖာကိုဖြတ်၍ အိန္ဒိယ-မြန်မာ ယ်စပ်ရှိ တီဒင်မြို့အထိ ဖောက်လုပ်ခဲ့သောလမ်းဖြစ်သည်။ ထို မ်းကို တီဒင်လမ်း(Tiddum)ဟုခေါ်သည်။

တီဒင်လမ်းသည် မြင့်မားသော တောင်များကိုတက်ရ သည်။ မဏိပူရမြစ်ကို ဖြတ်ကျော်ရသည်။ သို့သော် ထိုအရပ်

www.burmeseclassic.com

www.burmeseclassic.com



သည် မိုးနည်းသောကြောင့် အခက်အခဲကြုံတွေ့မှုနည်းသည် မူလလမ်းဟောင်းရှိပြီးဖြစ်လေရာ တစ်မိုင်၏ ခုနှစ်ပုံတစ်ပုံမ ကျယ်ဝန်းအောင် ချဲ့ထုတ်လိုက်သည်။ အမြင့်ပေ လေးထော ကျော်မြင့်သည့် တောင်ကြီးများပေါ်မှ ဖြတ်ပြီးဖောက်လုပ် သောကြောင့် အချိုးအကွေ့ လေးဆယ်ကျော်ကျော် ထားပေး ရသည်။ လမ်းတစ်လျှောက် တောင်ပြိုမှုကို ကာကွယ်ရန်အတွ အုတ်ဖြင့် အင်္ဂတေကိုင်ပြီး တည်ဆောက်ရသောကြောင့် အိန္ဒိ သား အုတ်ဖုတ်သမားများကို ခေါ်လာပြီး လမ်းဖောက်သူ ဖောက်၊ အုတ်ဖုတ်သူက ဖုတ်ရသည်။ တောင်တက်တောင်ဆ လမ်းတစ်လျှောက် အုတ်အရေအတွက် သန်းပေါင်းများစွာ အ သုံးပြုခဲ့ရသည်။

စတီးဝဲ(လ်)၏ ဂျပန်ပြည်အထိ ချီတက်သိမ်းပိုက်မည် ပထမ အစီအစဉ်သည် ၁၉၄၃-၄၄ ဆောင်းဦးပေါက်ရာသီတွ စတင်ခဲ့သည်။ စလင်းသည် ရခိုင်စစ်ဆင်ရေး ရှုံးနိမ့်ခဲ့သေ ကြောင့် စတီးဝဲ(လ်)ကဲ့သို့ တက်ကြွခြင်း မရှိတော့ပေ။ စနစ်တ အကွက်ကျကျ စီစဉ်ခဲ့ကြလေသည်။

လီဒိုလမ်းမကြီးပြီးသွားသောအခါ ဟူးကောင်းတော ကြား၌ လေယာဉ်ကွင်းကောင်းကောင်းတစ်ခုကို တည်ဆောက် ခဲ့သည်။ လီဒိုလမ်းမကြီးနှင့်ဗမာပြည် လမ်းမကြီးဆုံရာအထ ဂျပန်တပ်များကို တိုက်ထုတ်ပြီး တရုတ်ပြည်သို့ထောက်ပံ့ရေ ပို့ပေးသည့်လမ်းကြောင်းကို ဂျပန်တို့ မနှောင့်ယှက်နိုင်အောင် စီစဉ်ရသည်။



ဟူးကောင်းတောင်ကြားမှ မိုးကောင်းမြစ်တောင်ကြား အထိ ဂျပန်တပ်များ ခြေမချနိုင်စေရန် စတီးဝဲ(လ်)နှင့် တရုတ် ဗိုလ်ချုပ် စန်းလီဂျင်း (General Sun Lijen)တို့၏ ဦးဆောင်မှု ဖြင့် တိုက်ထုတ်လိုက်ကြသည်။

မိုးကောင်းလမ်းကို တရုတ်(X-Force)က တာဝန်ယူ သည်။ ချင်းဒစ်၏ တပ်ဖွဲ့က စတီးဝဲ(လ်)တပ်အချို့နှင့်အတူ ရန်တပ်များ၏ အနောက်ပိုင်းကိုကျော်၍ လေထီးဖြင့် ဆင်းခဲ့ ချိန်တွင် တရုတ်(X-Force)အများစုက ကျန်တစ်ဖက်မှ ဂျပန် တို့ကို ဖိဖိစီးစီး တိုက်ခိုက်သောကြောင့် ဂျပန်တပ်များ ပိတ်မိနေ သောသည်။

ဆက်သွယ်ရေးလမ်းကြောင်း၊ ထောက်ပံ့ရေးလမ်း ကြောင်းများအားလုံး ပြတ်တောက်သွားသောကြောင့် အဆင် ပြေသလို ဖောက်ထွက်ပြေးရသည့် အခြေအနေရောက်သွား သည်။ တရုတ်ပြည်အတွက် လိုအပ်သော လက်နက်ရိက္ခာ၊ ခဲ ယမ်းမီးကျောက်များကို လီဒိုလမ်းမကြီးမှတဆင့် ဗမာပြည်လမ်း ကြီးကိုဖြတ်၍ တရုတ်ပြည်သို့ တင်ပို့နိုင်ခဲ့သောကြောင့် ချန် ကေရှိတ်သည် စတီးဝဲ(လ်)အပေါ် အထင်အမြင်သေးမှုများ ပျောက်ကွယ်သွားခဲ့သည်။

သို့ဖြစ်၍ ၁၉၄၄-ခုနှစ် ဇန်နဝါရီလ ၁၁-ရက်နေ့တွင် ကူမင်းရှိ ဝိုင်တပ်ဖွဲ့(Y-Force)၏ သုံးပုံတစ်ပုံကို အထက်ပိုင်း ဒေသ စစ်ဆင်ရေးအတွက် အသုံးပြုခွင့်ပေးလိုက်သည်။ ထိုအခါ စတီးဝဲ(လ်)၏ (X-Force)နှင့် ကူမင်းမှ(Y-Force)တို့ ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဂျပန်ကိုဖိတိုက်ရာ ဂျပန်တို့သည် ဗမာပြည်တောင်ဖက်ပိုင်း
တဖြည်းဖြည်းဆုတ်ပေးရသည်။

ထိုအခြေအနေတွင် စတီးဝဲ(လ်)သည် လက်ရှိအ
အနေအရ ဗမာပြည်မြောက်ပိုင်းမှ မြို့ကြီးတစ်မြို့ဖြစ်သော
ကောင်းမြို့ကို ဝင်သိမ်းရန် ဆုံးဖြတ်လိုက်သည်။ မြစ်ကြီးနား
ကို ၁၉၄၄-ခုနှစ် အလယ်ပိုင်းတွင် အပြီးသိမ်းယူမည်ဟု ဆုံးဖြ
လိုက်သည်။

လီဒိုလမ်းမကြီးလုံခြုံရေးအတွက် မြစ်ကြီးနားမြို့တွ
ဂျပန်များမရှိသင့်ဟု ဆုံးဖြတ်ထားသည်။ ဖြစ်နိုင်လျှင် ဗမာပြ
မြောက်ဖျားဒေသကြီး တစ်ခုလုံးတွင် ဂျပန်တပ်များ နော
နောင် မည်သည့်အခါတွင်မှ ခြေကုပ်ယူနိုင်ခြင်းမရှိအောင် အ
ပြုတ်တိုက်ထုတ်ရန် ရည်ရွယ်ခဲ့သည်။

ထိုအချိန်တွင် ဗိုလ်ချုပ်ကြီးစလင်းသည် တီဒင်လမ်း
ကြီးကိုဖြတ်၍ ဗမာပြည်အတွင်းဝင်ပြီး ဂျပန်ကို ထိုင်းနိုင်ငံဖ
သို့ မောင်းထုတ်ခြင်းကို ပြိုင်တူလုပ်ကြမည်ဟု ရည်ရွယ်ခဲ့သည်
၁၉၄၂-ခုနှစ်က စတင်ခဲ့သော လီဒိုလမ်းမကြီးဖောက်လုပ်ခြ
လုပ်ငန်းမှာ ၁၉၄၃-ခုနှစ်ရောက်တော့ အတော်ပင်အရှိန်ရလ
ခဲ့သည်။

ရွာများမှခေါ်ဆောင်သွားသော ချေးတပ်သားများ
လည်း ပြန်မလွှတ်ပဲ ဆက်လက်အသုံးပြုခဲ့ကြပေသည်။ အဘ
ကြောင့်ဆိုသော် နောက်ထပ်အလုပ်သမားများ ထပ်မံရှာဖွေ
မရနိုင်သောကြောင့်ဖြစ်သည်။



အင်္ဂလိပ်စစ်သားများက ပထမတော့ ခေါ်သွားသော အလုပ်သမားများကို သင့်တော်သလောက်သုံးပြီး နောက်တွင် အခြားအလုပ်သမားများနှင့်အစားထိုးပြီး ပြန်လွှတ်ပေးကာ ခေါ်ဆောင်သွားကြခြင်း ဖြစ်သည်။

သို့သော် နောက်ပိုင်း ပင်ပန်းမှုဒဏ်၊ ရာသီဥတုဆိုးဝါးသည့်ဒဏ်၊ ငှက်ဖျားရောဂါနှိပ်စက်မှုဒဏ်၊ သားရဲတိရစ္ဆာန်များ သတ်ဖြတ်သဖြင့် ခံရသောဒဏ်များကြောင့် သေဆုံးသူအရေအတွက် တဖြည်းဖြည်းများလာပြီး၊ အလုပ်သမားများ လျော့နည်းလာသည်။

နောက်ထပ်ရှာပြန်တော့လည်း အလုပ်သမားက အလွယ်တကူ မရနိုင်တော့ပေ။ ထိုအခါ အင်္ဂလိပ်တို့က ၎င်းတို့စခန်းသို့ခေါ်လာခဲ့ပြီးသော အလုပ်သမားများကို ပြန်ခွင့်မပေးတော့ပေ။ သို့ကြောင့် နီမောင်တို့သုံးယောက်လည်း ရွာသို့ပြန်ခွင့် မရကြတော့ပေ။

www.burmeseclassic.com



www.burmeseclassic.com



## အခန်း-၇

# ဘဝကကြမ်းကြမ်း အရှမ်းကတစေစေ

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်၊ အင်္ဂလိပ်စစ်သားများ လာရောက်ခေါ်သွားသဖြင့် လမ်းဖောက်သော ရွှေတပ်စခန်းသို့ ရောက်နေကြသည်မှာ လအတော်ကြာခဲ့ပြီဖြစ်သည်။ ၎င်းတို့ကဲ့သို့ပင် ပန်ဆောင်ရွာမှသော်လည်းကောင်း၊ အခြားရွာများမှသော်လည်းကောင်း ပါလာကြသူများလည်း မြန်ခွင့်မရကြသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂလိပ်စစ်သားများက ဂျပန်စစ်သားများကဲ့သို့ ညှင်းပန်းနှိပ်စက်ပြီး မခိုင်းစေသော်လည်း ပြန်ခွင့်တော့မပေးပေ။ အဘယ်ကြောင့်ဆိုသော် ရောက်နေပြီးသား အလုပ်သမားများအား ပြန်ခွင့်ပေးလိုက်ပါက နောက်ထပ် အလုပ်သမားခေါ်၍ မရပါလျှင် အဆင်မပြေဖြစ်မှာစိုးသောကြောင့် ပြန်ခွင့်မပေးကြခြင်းဖြစ်သည်။

အင်္ဂလိပ်စစ်သားများက အလုပ်သမားများကို နှိပ်စက်သတ်ဖြတ်ခြင်းမရှိသဖြင့် ၎င်းတို့ကြောင့်သေဆုံးမှု သိပ်မရှိသော်လည်း၊ ၎င်းတို့အမိန့်ကို မနာခံဘဲ ထွက်ပြေးကြသူများကိုတော့ ရက်ရက်စက်စက် ပတ်ခတ်ဖမ်းဆီးလေ့ရှိသည်။ အများအားဖြင့်တော့ ထိုသို့ထွက်ပြေးကြလျှင် အသက်ရှင်ရန် အခွင့်အလမ်းနည်းပြီး သေဖို့ကများသည်။

ထိုကဲ့သို့ ထွက်ပြေးသူများကို သတ်ရခြင်းမှာ ၎င်းတို့လမ်းဖောက်နေသော လျှို့ဝှက်ချက်များ အခြားသို့မပေါက်ကြားစေလိုသည်ကတစ်ကြောင်း၊ နောက်တစ်ချက်က ၎င်းတို့လျှို့ဝှက်ချက်များအား ဂျပန်များ မသိစေလိုသောကြောင့် ခေါ်သွားသော ချွေးတပ်သားတို့အား ပြန်ခွင့်မပေးကြခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်း ကာလဖြစ်သော ၁၉၄၃-ခုတစ်နှစ်တည်းမှာပင် ဂျပန်တို့က မြန်မာပြည်အောက်ပိုင်းဘက်တွင် မြန်မာယိုးဒယားလမ်းဖောက်ရန် မြန်မာပြည်အလယ်ပိုင်းနှင့် အောက်ပိုင်းနယ်များ၌ နေသူများကို ချွေးတပ်သားအဖြစ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ကာ အသုံးပြုခဲ့ကြသည်။



ထို့အတူ အင်္ဂလိပ်တို့ကလည်း လီဒိုလမ်းဖောက်လုပ်ရန်အတွက် မြန်မာနိုင်ငံအလယ်ပိုင်း အထက်ပိုင်းမှာနေကြသူများအား ချွေးတပ်သားအဖြစ် အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ကာ လမ်းဖောက်ရာတွင် အသုံးပြုခဲ့ကြလေသည်။ ထိုလမ်းများဖောက်လုပ်သောနေရာ နှစ်နေရာတို့မှာ တောတောင်ထူထပ်ပြီး ရာသီဥတု ကြမ်းသောနေရာဖြစ်သည့်အပြင် တောရိုင်းတိရစ္ဆာန်တို့နှိပ်စက်မှုကြောင့် လူအသေအပျောက် များစွာရှိခဲ့ပေသည်။

နှစ်နေရာပေါင်းတွင် သေဆုံးသူလူဦးရေ ၂-သိန်းကျော်ခန့်ရှိမည်ဟု ခန့်မှန်းကြသည်။ စာရင်းအပြည့်အစုံ မဟုတ်ပေ။

လီဒိုလမ်းဖောက်လုပ်ရာတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ ပတ်ကိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်းချိုင့်ဝှမ်း အတွင်း၌ ပတ်ကိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း၊ မြစ်ကြီးနားမှ ဧရာဝတီမြစ်ကိုဖြတ်ကာ ဗန်းမော်၊ လားရှိုးအထိ ဖောက်သည်။

ထိုမှဆက်ပြီး တရုတ်ပြည်ဘက်၌ရှိသော မာကိုပိုလိုလမ်းမကြီးနှင့် ဆက်သွယ်ရန်ဖြစ်ပြီး ခရီးမိုင်ပေါင်း (၁၄၀၀)ခန့်ရှည်လျားလေသည်။

အဆိုပါလမ်းကို ဖောက်လုပ်ရာတွင် တံတားပေါင်းအတိုအရှည် ၁၃၀၀-ကျော်၊ အရေးပေါ်အဆောက်အဦး ၂၃၀၀ကျော်၊ မော်တော်ကား စက်ပြင်ရုံနှင့် လက်နက်တပ်ဆင်ရုံပေါင်း (၃၀)ကျော်၊ ဟူးကောင်းတောင်ကြားရှိ ရှင်ဗွေယံအတွက် စက်ကြီး စက်ငယ်(၂၀)ကျော်၊ (၇)တန် လေးသော တွင်ခုံစက်ကြီး(၂)လုံးနှင့် မော်တော်ကားစက်ပစ္စည်း အစိတ်အပိုင်းအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com

**အပြီးအစီး** ပြုလုပ်ပေးနိုင်သည်အထိ ပြီးပြည့်စုံသည်။

ထိုအပြင် လမ်းတစ်လျှောက်တွင် လေယာဉ်ကွင်း(၃၀)ကျော်နှင့် အရေးပေါ် လူနာသယ်လေယာဉ် ကွင်းငယ်အပိုင်းပေါင်း (၆၀၀)ကျော်ကို သီးသန့်အလုပ်သမားပေါင်း (၁၆၀၀၀)နှင့် ဖောက်လုပ်ခဲ့ကြသည်။ ကုန်ကျစရိတ်မှာ ဒေါ်လာသန်း(၁၃၀)သန်းဖြစ်သည်။ ၁၉၄၅-ခုနှစ်တွင် ထိုလမ်းမကြီးပြီးစီးခဲ့သည်။

လီဒိုလမ်းမကြီးသည် ပေ(၅၀၀၀)မျှမြင့်သော ပတ်ကွိုင်တောင်တန်းကြီးကို ဝိုက်ခါဝေ့ခါ တက်လိုက်ဆင်းလိုက်နှင့် ဖောက်လုပ်ထားပြီး ရှင်ဗွေယံဘက်သို့ ဆင်းသက်လာ၏။ ထို့နောက် ချင်းတွင်းမြစ်အဖျား ချိုင့်ဝှမ်းအိုင်ကြီးကိုဖြတ်၍ ဟူးကောင်းတောင်ကြားဘက်မှ ကျော်လွှားကာ မိုးကောင်းတောင်ကြားဆီသို့ ရောက်လာသည်။

ထိုမှတစ်ဖန် မြစ်ကြီးနားသို့ ရောက်အောင်ဖောက်လုပ်ပြီး ဧရာဝတီမြစ်တစ်ဖက်ကမ်းမှ ဗန်းမော်ကိုဖြတ်ကာ တရုတ်မြန်မာလမ်းကြီးကို လာဆက်သည်။

ဒုတိယ ကမ္ဘာစစ်ကြီးမဖြစ်မီ အချိန်အတန်ကြာကပင် အင်္ဂလိပ်တို့သည် အိန္ဒိယနှင့်မြန်မာပြည်ကို ထိုနေရာအတိုင်း လမ်းမကြီးဆက်ဖောက်ရန် ကြံစည်ခဲ့ကြဖူးသည်။ သို့သော် လက်တွေ့တွင် မဖောက်လုပ်နိုင်ခဲ့ကြချေ။

၁၉၄၂-ခုနှစ် စစ်ပွဲစတင်ဖြစ်သောအခါမှ အပူတပြင်းဖောက်ရမည့် အခြေအနေဖြစ်လာသည်။ ထိုအခါမှ စက်အားနှင့်အား တောင့်တင်းသော အမေရိကန်တို့ကသာ ဖောက်ကြရန် သဘောတူပြီး ဂျင်နရယ်စေဘဲ(လ)က ဗိုလ်ချုပ်ကြီး စတီးဝဲ(လ)ကို လွှဲအပ်ခဲ့သည်။



လီဒိုလမ်းမကြီးကို အပူတပြင်းဖောက်လုပ်ရခြင်း ရည်ရွယ်ချက်မှာ အင်္ဂလိပ်တို့အတွက် အရေးကြီးလှသောကိစ္စကြောင့်ဖြစ်သည်။ ဂျပန်တပ်များက ဒရကြမ်းထိုးစစ်ဆင်ပြီး မြန်မာပြည်ကို ဝင်ရောက်သိမ်းပိုက်သောအခါ လီဒိုလမ်းမှာ အမေရိကန်နှင့် အင်္ဂလိပ်တို့အတွက် မဖြစ်မနေလိုအပ်သော လမ်းတစ်ခု ဖြစ်လာခဲ့သည်။

ထိုကဲ့သို့ ဖောက်လုပ်ရာမှာ လမ်းအနေအထားနှင့် တွေ့ကြုံရမည့် အန္တရာယ်အခက်အခဲများကို မကြည့်နိုင်တော့သဖြင့် ဖြစ်သည့်နည်းနှင့် ဖောက်လုပ်ခဲ့ရသော သေမင်းတမန်လမ်း ဖြစ်သည်။ တောနက်ကြီးများ၊ တောင်မြင့်ကြီးများအပါအဝင် ထိုအချိန်က လူသူအရောက်အပေါက်နည်းသော နေရာများကို ဝင်ရောက်လုပ်ကိုင်ကြရာ အန္တရာယ်မျိုးစုံတို့နှင့် တွေ့ကြရသည်။

ထိုလမ်းဖောက်ရာတွင် တွေ့ကြုံရသော အန္တရာယ်များက ယိုးဒယား-မြန်မာ မီးရထားလမ်းဖောက်လုပ်ရာတွင် တွေ့ကြုံကြရသော အန္တရာယ်များထက် ပိုများလေသည်။ တောဆင်ရိုင်းများ၊ ဟူးကောင်းတောင်ကြားဟု နာမည်ကြီးလှသော ဟူးကောင်းလွင်ပြင်တစ်ဝိုက်မှ ကျားဆိုးကြီးများ၊ ပစ္စည်းတင်သော လော်လီကားကြီးများထက် ပိုကြီးသော မြွေပြိတ္တာကြီးများ၊ လူဝံများ၊ မျောက်ဝံများ၊ ဝက်ဝံ၊ ကျားသစ်စသော မှုကိုမကြောက်



www.burmeseclassic.com

www.burmeseclassic.com

ခန့် အန္တရာယ်ပေးနိုင်သော တောကောင်ကြီးများသာမက ထို တောကောင်ကြီးများထက် ပိုမို၍ပင်ကြောက်စရာကောင်းသော သတ္တဝါများစွာလည်း ရှိသည်။

ရေအိုင်ထဲ၊ ချောင်းငယ်များထဲမှနေသော ပေါရိသာဒ ငါးများ၊ အကောင်အရွယ်အစားကြီးသော မျှော့ကြီးများ၊ လူကို တွယ်ကပ်မိလျှင် ခွာချ၍မရသော 'ကျွတ်'ကောင်များ၊ ဖူရိုကောင်များ၊ သွေးစုပ်လိပ်ပြာများ၊ လင်းနို့အုပ်များ၊ တောကြီးပင့်ကူနှင့် ကင်းမြီးကောက်များအပြင် ၎င်းတို့အုံထဲသို့ ကျသွားလျှင် အသက်ရှင်ရန် လမ်းမရှိသော ပဒူကျင်းများနှင့် ပရွက်ဆိတ်နီကျင်းများ စသော လူအသက်ကို အချိန်မရွေး အန္တရာယ်ပေးနိုင်သော တိရစ္ဆာန်မျိုးစုံတို့သည် အောက်ပိုင်းဒေသများထက် ပိုမိုလေသည်။

အင်္ဂလိပ်တို့က မြန်မာပြည်မြောက်ဖျားဒေသဘက်တွင် လီဒိုလမ်းဖောက်ရာတွင် အများဆုံးအသုံးပြုသော အလုပ်သမားများမှာ ကုလားလူမျိုးများ ဖြစ်ကြသည်။ အိန္ဒိယဘက်မှ ကုလားလူမျိုးများကို ခေါ်လာပြီး လမ်းဖောက်ရာတွင် အများဆုံး အသုံးပြုသော်လည်း အလုပ်သမားများစုမှာ ဖျားနာကြသဖြင့် ကျန်ရှိသည့် အလုပ်သမားအင်အားနှင့် မလုံမလောက်ဖြစ်ကြရသည်။ သို့ဖြစ်၍ လူပေါင်းသောင်းချီပြီး အသုံးပြုခဲ့ကြလေသည်။

အလုပ်သမားများကို အစုလိုက် အပြုံလိုက် သေအောင် ပြုလုပ်နိုင်သောအရာများထဲတွင် တောတိရစ္ဆာန်များထက် ပိုမို ကြောက်စရာကောင်းသောအရာမှာ ငှက်ဖျားရောဂါဖြစ်သည်။





အင်္ဂလိပ်နှင့်အမေရိကန်တို့က လီဒိုလမ်းဖောက်ရာတွင် ခေါ်ယူ အသုံးပြုသောလူများကို ဂျပန်တို့လို မနှိပ်စက်ပေ။

အလုပ်သမားများကို စုဆောင်း၍ခေါ်လာသည်။ မိမိ သဘောနှင့် လာရောက်လုပ်လျှင်လည်း လက်ခံပေးသည်။ ထိုသို့ လမ်းဖောက်ရာတွင် အသုံးပြုသော အလုပ်သမားများကို တဲများ ဖြင့် ကောင်းမွန်စွာထားသည်။ အစားအသောက်ကိုလည်း ခွဲ ထမင်းဖြင့် ကောင်းစွာကျွေးသည်။ ငါးသေတ္တာဗူး၊ နို့ဆီဗူး၊ ပေါင် မုန့်၊ ပဲ စသောအစားအသောက်များ ကျွေးသည်။

တစ်နေ့လျှင် လူတစ်ယောက် လုပ်အားခအတွက် ငွေ ငါးကျပ်ပေးသည်။ ထိုအချိန်က ငွေတန်ဖိုးရှိသော အချိန်ဖြစ်ရာ တောတောင်များထဲမှာ နေကြသူများအတွက် စားလောက်ရုံပဲ ပြီး ငွေရနိုင်လောက်သော အခွင့်အလမ်းများ မရှိကြသဖြင့် နေ့စဉ် ငွေငါးကျပ်ရသော အခွင့်အရေးမှာ ၎င်းတို့အတွက် မဟာ အခွင့်အရေးဖြစ်နေသောကြောင့် အင်္ဂလိပ်များက အကြမ်းနည်း ဖြင့် ဖမ်းဆီးခေါ်ဆောင်စရာမလိုပဲ ၎င်းတို့သဘောနှင့် လာ ရောက်လုပ်ကိုင်သူများပင် ရှိသည်။

အင်္ဂလိပ်တို့က အလုပ်သမားများနေသော တဲများတွင် ဆေးဝါးအစုံအလင်ထားသည့်အပြင် ဆေးမှူးနှင့်ဆေးတပ်သား များလည်း ထားပေးသည်။ လမ်းဖောက်ရာမှာလည်း စက် ယန္တရားကြီးများ အကူအညီဖြင့် ဖောက်ကြရာ အခက်အခဲများ တွေ့ကြရသော်လည်း အတော်ပင် ခရီးတွင်ကြလေသည်။

ယိုးဒယားမြန်မာ မီးရထားလမ်းဖောက်သော နေရာမှာ


www.burmeseclassic.com

www.burmeseclassic.com

တော့ သဘာဝအန္တရာယ်ထက် ဂျပန်တို့နှိပ်စက်ခြင်းကြော
သေရတာ ပိုများသည်။ ဖက်ဆစ်စနစ်ကို ကျင့်သုံးခဲ့သော ဂျ
တို့က လမ်းဖောက်လုပ်ရန် အလုပ်သမားရရှိရန် လူများကို
တင်းအဓမ္မ ဖမ်းခေါ်လာပြီး တိရစ္ဆာန်များခိုင်းသလို နှိပ်စက်
ခိုင်းသည်။ အစားအသောက်ကိုလည်း ကောင်းစွာမကျွေးသ
အလုပ်သမားများသည် ဝအောင်မစားရ မသောက်ရပေ။

အပြစ်တစ်ခုခု ကျူးလွန်မိလျှင်သော်လည်းကောင်
ကျူးလွန်သည်ဟု အထင်ခံရလျှင်သော်လည်းကောင်း လူမဆ
စွာ ညှင်းပန်းနှိပ်စက်ပြီး နောက်ဆုံးရက်ရက်စက်စက် သတ်ဖြ
ခံစ်လေ့ရှိသည်။

လက်သည်းခွံများခွာခြင်း၊ ရေနွေးပူပူနှင့်လောင်းခြင်
လူကို မီးဖုတ်ထားသော သံချွန်ဖြင့်ထိုးခြင်း၊ ဝါးရင်းတုတ်၊ ကြိ
တုတ်များဖြင့် လူကိုရက်စက်စွာရိုက်ခြင်း၊ လှံစွပ်ဖြင့်ထိုးခြင်း၊ သ
ပင်မှာ ဇောက်ထိုးဆွဲထားခြင်း၊ မိုးရေထဲမှာ အစာရေစာမကျွေ
ဘဲ အငတ်ထားခြင်း၊ သစ်ပင်မှာကြိုးတုပ်၍ အငတ်ထားခြင်
စသော နှိပ်စက်မှုမျိုးစုံဖြင့် အလုပ်သမားများကို ငရဲသားမျာ
ကဲ့သို့ နှိပ်စက်ကြပြီး နောက်ဆုံးတွင် သားသတ်သမားက နွား
သတ်ဝက်သတ်သကဲ့သို့ ရက်ရက်စက်စက် သတ်ဖြတ်ကြသည်

ဤသို့ဖြင့် ယိုးဒယားမြန်မာမီးရထားလမ်းဖောက်လုပ်မှ
အခြေအနေနှင့် လီဒိုလမ်းဖောက်လုပ်မှု အခြေအနေတို့ ကွာ
ခြားမှုရှိခဲ့သည်။ မည်သို့ပင် အခြေအနေချင်းကွာခြားသည်ဖြစ်
စေ၊ ဂျပန်တို့လက်၌ ရောက်နေသည်ဖြစ်စေ၊ အင်္ဂလိပ်တို့လက်





ရောက်နေကြသည်ဖြစ်စေ၊ ပင်ပန်းဆင်းရဲခြင်းနှင့် ဒုက္ခများ
းရသည်ကတော့ အတူတူပင် ဖြစ်ပေတော့သည်။

တောတောင်ထဲတွင် ကြုံတွေ့နေရသော ဒုက္ခများထက်
နေရပ်သို့ပြန်ခွင့်မရကြသော ဒုက္ခက အကြီးမားဆုံးဖြစ်နေကြ
သည်။ ၁၉၄၂-ခု နှောင်းပိုင်းကာလကတည်းက စတင်
က်လုပ်ခဲ့သောလမ်းမှာ ၁၉၄၃-ခုနှစ် ကုန်သည်အထိ အချိန်
ခဲ့ပြီဖြစ်ရာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်၏။ ဖောက်လုပ်ပြီးသော
အရှည်ကလည်း ခရီးအတော်ပင် ရောက်ခဲ့ကြပြီဖြစ်သည်။

လမ်းဖောက်ခြင်းလုပ်ငန်း လပေါင်းအတော်ကြာလာသ
ချေးတပ်စခန်းသို့ ရောက်နေကြသူတို့မှာလည်း မိမိတို့ရွာ
နေရာ၊ မိမိတို့မိသားစုများနှင့်ခွဲခွာလာခဲ့ကြသည်မှာလည်း
ပါင်းအတော်ကြာခဲ့ကြပြီဖြစ်သည်။

ဖောက်လုပ်ခဲ့သော လမ်းပိုင်းက မိုင်အတော်များများ
က်လာပြီဖြစ်သလို အလုပ်သမားများအနေနှင့်လည်း မိမိတို့
ပ်များနှင့် ဝေးကွာလာခဲ့ကြသည်မှာ မိုင်အတော်ပင် ဝေးခဲ့ပြီ
ပေသည်။ မည်သို့မှ မတတ်နိုင်ကြပါချေ။ နီမောင်တို့ သုံး
က်မှာလည်း ယခင်နှင့်မတူကြတော့ပဲ ပုံပန်းသဏ္ဍာန်များ
ပြောင်းလဲနေကြသည်။ ဆံပင်ရှည်၊ မုတ်ဆိတ်မွေး၊ နှုတ်ခမ်း
အရှည်များက မျက်နှာတဝက်လောက် ဖုံးအုပ်ထားလေရာ
တရက်ပြန်တွေ့လျှင်ပင် မှတ်မိနိုင်လောက်သော အခြေအ
ရှိတော့ပေ။

"နီမောင် ငါတို့ ဒီကိုရောက်နေကြတာ တစ်နှစ်ကျော်


www.burmeseclassic.com

www.burmeseclassic.com

လောက်တောင်ရှိပြီထင်တယ်၊ ရွာလည်းပြန်ခွင့်မရကြသေးဘူ
ငမဲအောင်စကားကြားတော့ ကျန်နှစ်ယောက်က သ
ပြင်းချလိုက်ကြသည်။

“ငါတို့ကိုခေါ်တုန်းက နောက်ထပ်အလုပ်သမားအသ
တွေရောက်လာရင် ပြန်ခွင့်ပေးမယ်လို့ပြောတယ်၊ အခု နော
ထပ်အလုပ်သမားအသစ်တွေ ရောက်လာတော့လည်း ပြန်ခ
မရကြသေးဘူး”

“နီမောင် ဒီအတိုင်းဆိုရင် ရှေ့မှာသေသွားခဲ့ကြတဲ့ အ
လုပ်သမားတွေလိုပဲ ငါတို့သုံးယောက်လည်း တစ်နေ့ရာမှာ သေ
မှာပဲ၊ မင်းဘယ်လိုလုပ်ချင်သလဲ”

စောထီးကပါမေးသည်။

“ဒီအတိုင်းဆက်လိုက်သွားလို့တော့ ဘယ်ဖြစ်မလဲ၊ ဝ
တို့က လူပျိုလူလွတ်တွေဆိုပေမယ့် နောက်မှာမိသားစုတွေ
သေးတာပဲ၊ အခွင့်သာတာနဲ့ ပြန်ကြရဖို့ ကြိုးစားရမယ်”

“ဒါထက် မင်းနဲ့ဆွယ်လီအဖြစ်ကလည်း စိတ်မကောင်
စရာပဲ၊ ချစ်သူဘဝ ရောက်ရုံပဲရှိသေးတယ်၊ မင်းက ဒီကိုပါလ
တာ အခု တစ်နှစ်ကျော်ပြီ၊ ဆွယ်လီတစ်ယောက် ဘယ်လိုမ
နေရှာမလဲ မသိဘူး”

ငမဲအောင်စကားကြောင့် နီမောင်က ပင့်သက်တစ်ချ
ရှိုက်လိုက်လေသည်။ မျက်လွှာချထားသော်လည်း မျက်လုံး
ရီဝေနေသည်။

“ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ငါသူ့အပေါ်မှာ သ





ဘက်ခဲ့တာမှ မဟုတ်တာ၊ သူကလည်း ငါ့အပေါ်မှာတော့
သစ္စာဖောက်မယ်မထင်ပါဘူး၊ ငါပြန်ရောက်သွားတဲ့အချိန်
ရောက်ရင်သာ သူ့ကိုအရင်အခြေအနေအတိုင်း ပြန်တွေ့ရပါစေ
လို့ ဆုတောင်းရတော့မှာပဲ”

ဟု ပြောလိုက်လေသည်။ စောထီးနှင့်ငမဲအောင်တို့
နှစ်ယောကလည်း သူတို့နှစ်ယောက်အကြောင်းကို သိထားကြပြီး
ဖြစ်သောကြောင့် နောက်ထပ်ဘာမှ ထပ်မပြောကြတော့ပေ။

www.burmeseclassic.com



www.burmeseclassic.com



## အခန်း-၈

# ဆွယ်လီနှင့် ဆိုးဝါးသော ကံကြမ္မာဆယ်မ်း

ဟူး လောင်ရွာ၌ ကျန်ရစ်ခဲ့သော ဆွယ်လီအခြေအ
နေတာတော့ နီမောင်ဆုတောင်းသလို ဖြစ်မလာခဲ့ပါချေ။ နီမောင်
နှင့်ချစ်သူဘဝရောက်ခဲ့ပြီး မကြာခင်မှာပင် နီမောင်တို့ အင်္ဂလိပ်
စစ်သားများခေါ် ရာနောက်သို့ ပါသွားခဲ့သည်ဆိုသော သတင်း
[illegible]ကြားရသည်။ ဟူးလောင်ရွာမှာလည်း အလုပ်ကြမ်းလုပ်နိုင်
သော လူငယ်လူရွယ်အတော်များများပါသွားရာ ရွာတွင် သတ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရွယ်အိုနှင့် မိန်းမများသာ ကျန်ခဲ့ကြသည်။

ဆွယ်လီအဖြစ်က ချစ်သူနှင့်ပျော်ရွှင်ခွင့်ရမည့်ရက်တို မျှော်ကိုးခွင့်မရပဲ နီမောင်တစ်ယောက် အသက်ဘေးအန္တရာယ်မှ ကင်းလွတ်ပြီး အမြန်ဆုံးပြန်ရောက်လာစေရန်သာ နေ့စဉ် ဆုတောင်းနေရတော့သည်။ သို့သော် လအတော်ကြာသည် အထိ နီမောင်ကတော့ ပြန်မရောက်လာခဲ့ပေ။

အင်္ဂလိပ်များက ထိုနေရာတစ်ဝိုက်မှာရှိသော ရွာမှန်သမျှဝင်ရောက်ပြီး လူငယ်လူရွယ်များခေါ်သွားကြရာ ရွာအတော်များများမှာ ကာကွယ်စောင့်ရှောက်ပေးမည့် လူငယ်လူရွယ်များ မရှိသလောက် နည်းသွားပေပြီ။ ထိုကဲ့သို့သော အခြေအနေမျိုး တွင် တောမီးလောင်၊ တောကြောင် လက်ပမ်းပေါင်းခတ်ဆိုသလို ထိုနယ်တစ်ဝိုက်တွင်ရှိသော ဓားပြဂိုဏ်းများမှာ အခွင့်အရေး ကောင်းများ ရခဲ့ကြလေသည်။ ခုခံတိုက်ခိုက်မည့်သူ မရှိတော့ ရွာများသို့ ဝင်ရောက်ကာ ပစ္စည်းများ၊ စားနပ်ရိက္ခာများယူသည် မိန်းမအချို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြသည်။

အချို့ရွာများကတော့ ရှိသမျှ အင်အားကိုစုပြီး ပြန်လည် တိုက်ခိုက်ကြသည်။ ထို့ကြောင့် လူအင်အား၊ လက်နက်အင်အား ချင်းမတူကြသဖြင့် အရှုံးပေးကြရသည်။ ထိုသို့ပြန်လည်တိုက် ခိုက်ကြသူများကို ဓားပြဂိုဏ်းသားများက ရက်ရက်စက်စက်ပင် သတ်ဖြတ်ပစ်ကြသည်။ ထိုဂိုဏ်းများထဲတွင် ဗျဂ ဦးဆောင်သော ကျားနက်ဂိုဏ်းသားများက အဆိုးဝါးဆုံးဖြစ်သည်။

၎င်းတို့ဂိုဏ်းမှာ လူအင်အားများသလို လက်နက်အင်



အားကလည်း တောင့်တင်းသောကြောင့် အခြားဂိုဏ်းများ မယှဉ် နိုင်ကြပေ။ ထို့အတူ ကာကွယ်တိုက်ခိုက်ပေးမည့်သူ သိပ်မရှိ တော့သည့် ရွာအတော်များများကလည်း ၎င်းတို့ကို မတားဆီး နိုင်ကြပေ။ သို့ကြောင့် ထိုဒေသတွင် နေထိုင်ကြသူတို့မှာ ဘယ် အချိန် ကျားနက်ဂိုဏ်းသားများရောက်လာပြီး လုယက်တိုက်ခိုက် ခြင်း ခံရမည်ကိုသာ စိုးရိမ်ထိတ်လန့်နေကြရသည်။

ကျားနက်ဂိုဏ်းက ၎င်းတို့စခန်းချသော တောင်ကို ကျားနက်တောင်ဟုပင် အမည်ပေးထားကြသည်။ ကျားဦးခေါင်း နှင့်တူသော ပုံသဏ္ဍာန်ရှိပြီး ဆင်းလမ်းတက်လမ်းက တစ်လမ်း သာရှိသည်။ အခြားများက လူတက်၍မရနိုင်လောက်အောင် မတ်စောက်မြင့်မားသည်။ တောင်ထိပ်တွင် ဂူအတော်များများ ရှိပြီး ထိုဂူများထဲမှာပင် ဂိုဏ်းသားများက နေအိမ်သဖွယ် ပြုလုပ် ကာ စခန်းချနေထိုင်ကြခြင်းဖြစ်သည်။ ထိုအဖွဲ့ကို ခေါင်းဆောင် နေသော ဗျူဂွဆိုသူမှာ အသက် ၃၅-နှစ်ဝန်းကျင်လောက်သာ ရှိသေးသည်။ နာဂလူမျိုးတစ်ဦးဖြစ်ပြီး ထမန်းမျိုးဆက်မှ ဆင်း သက်လာသည့် ကျားမျိုးနွယ် တစ်ယောက်လည်းဖြစ်သည်။ ၎င်း ဂိုဏ်းသားများကတော့ သူ့ကိုကျားအသွင်ပြောင်းလဲနိုင်သည်ဟု သတ်ခံထားသည်။

ဗျူဂွ ဟူသောအမည်ပင်လျှင် 'ကျား'ဟူသော အဓိပ္ပာယ် ရသည်။ ဗျူဂွက အသက်ငယ်ရွယ်သလောက် ကြံ့ခိုင်သန်မာမှု ရှိသည်။ တိုက်ခိုက်ရာတွင် လျင်မြန်ဖျတ်လတ်သည်။ သေနတ် ဖြစ်စေ၊ လေးများလက်နက်ဖြစ်စေ၊ ဓားလှံလက်နက်ဖြင့် တိုက်

www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရာတွင်ဖြစ်စေ ကျွမ်းကျင်သူဖြစ်သည်။

ထို့ပြင် ဗျူဟက ရက်စက်ကြမ်းကြုတ်သည်။ သတ်ဖြတ်ရမှာ ဝန်မလေးတတ်သူ ဖြစ်သည်။ ရန်သူများနှင့်တိုက်ခိုက်၍ အနိုင်ရလျှင် ခေါင်းဖြတ်လေ့ရှိသည်။ ထိုခေါင်းပြတ်များကို စခန်းသို့သယ်ဆောင်လာပြီး ရောက်လျှင် ဝါးချွန်များဖြင့် ထိုးစွပ်ကာ တောင်ထိပ်တစ်နေရာ၌ စိုက်ထောင်ထားလေ့ရှိသည်။

၎င်းသည် ဝိညာဉ်များကို အသုံးပြုရမှာလည်း နတ်ဆရာတစ်ဦးကဲ့သို့ တတ်ကျွမ်းသူဖြစ်သည်။ သို့ကြောင့် တစ်နယ်လုံးက ၎င်း၏အန္တရာယ်ကို ကြောက်ရွံ့နေကြရသည်။ အထူးသဖြင့်တော့ ငွေကြေးဥစ္စာပြည့်စုံသူတို့မှာ ပိုမိုထိတ်လန့်နေသည်။ ဟူးလောင်ရွာတွင် ဆွယ်လီ၏ဖခင် ဦးဆန်လွဲနှင့် ဒေါ်ဖာရ်ကျင်တို့က အချမ်းသာဆုံးဖြစ်သည်။

ထို့ကြောင့် တစ်ရွာလုံးက "သူဌေးဆန်လွဲ" ဟုပင် ခေါ်ဝေါ်ကြသည်။ အိမ်၌ ရွှေငွေ၊ ဆန်စပါး၊ စသည်တို့ပြည့်စုံစွာရှိကြသည့်အပြင် တောင်ခြေ၌ ခြံများနှင့် မွေးထားသော နွားနောက်၊ သိုးနှင့်ဆိတ်များရှိသေးသည်။

ထို့ကြောင့် သူကတခြားသူများကဲ့သို့ နေရာရွှေ့ပြောင်းခြင်းကိစ္စကို အလွယ်တကူ ပြုလုပ်၍မရပေ။ ဦးဆန်လွဲမှာ သားတစ်ယောက်၊ သမီးတစ်ယောက်ရှိသော်လည်း သားဖြစ်သူ 'နော်ကို'က အသက်-၂၀ပင် မပြည့်သေးသောကြောင့် အားကိုးလောက်သည့် အခြေအနေမျိုး မရှိသေးပေ။

ထို့ကြောင့် ဦးဆန်လွဲက တပည့်(၁၀)ယောက်ခန့်ကို



သေနတ်နှင့်ကျည်ဆံများပေးထားပြီး လူဆိုးများရောက်လာပါက တိုက်ခိုက်ရန် မှာကြားထားသည်။

တစ်နေ့တော့ ဆွယ်လီကပြောသည်။

"အဖေ အခုတလောဓားပြတွေ အတော်သောင်းကျန်းနေတယ်၊ ပစ္စည်းယူ လူသတ်တဲ့အပြင် မိန်းကလေးတွေပါ ခေါ်သွားကြတယ်"

"တောမီးလောင်နေမှတော့.. တောင်ကြောင်တွေ သောင်းကြမ်းနေတာ ဘယ်မှာဆန်းပါတော့မလဲ၊ ငါတို့ဒေသတွေမှာ အုပ်ချုပ်တဲ့သူမှ မရှိတော့တာ"

"ကျွန်မတို့ တစ်နေရာရွှေ့နေကြရင် မကောင်းဘူးလား"

"ဘယ်နေရာပြောင်းမလဲဆွယ်လီရယ်၊ တစ်နယ်လုံး ဒီလိုပဲဖြစ်နေတာဆိုတော့ ဘယ်နေရာကိုပဲသွားသွား မလွတ်ပါဘူး နောက်ပြီး ငါကျွဲတွေနွားတွေကို ဘယ်လိုရွှေ့မလဲ"

ဟုပြောသဖြင့် ဆွယ်လီလည်း ထပ်မပြောသာတော့ပေ။ စိတ်ထဲမှာတော့ သူမချစ်သူနီမောင်တို့လို တိုက်ခိုက်မှုကောင်းသူများရှိနေလျှင် အားကိုးရမှာပဲဟု တွေးနေမိသည်။ သို့သော် လက်တွေ့မှာတော့ အားလုံးအဝေးရောက်နေကြလေပြီ။ တစ်ညမှာတော့ ဟူးလောင်ရွာအတွင်းသို့ ဓားပြများဝင်ရောက်လာတာတွေ့သည်။

စုစုပေါင်း လူ(၂၀)ခန့်ရှိပြီး ဗျူဟကိုယ်တိုင် ဦးဆောင်လာလေသည်။ ၎င်းတို့ ဦးတည်လာသောနေရာက ဟူးလောင်ရွာတွင် သူဌေးတစ်ယောက်ဟု နာမည်ထွက်နေသော ဦးဆန်လွဲ

www.burmeseclassic.com

www.burmeseclassic.com



နေအိမ်သို့ ဖြစ်သည်။ ထိုသို့ရောက်လာတော့ ဦးဆန်လွဲ လူများက သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသေးသည်။

သို့သော် လူအင်အားချင်းမမျှသည်ကတစ်ကြောင်း တိုက်ခိုက်မှုကျွမ်းကျင်တာချင်း မတူသောကြောင့် အချို့သေပြီး အချို့ထွက်ပြေးသွားကြသည်။ ဓားပြများလည်း လေးငါးယောက် သေဆုံးသွားလေသည်။ ထိုသို့တိုက်ခိုက်မှုကြောင့် ဦးဆန်လွဲရော ဒေါ်တန်ရ်ကျင်းပါ ကျည်ဆံထိမှန်ပြီး သေဆုံးသွားကြသည်။

နော်ကိုကတော့ တစ်နေရာသို့ထွက်ပြေးသဖြင့် လွတ်မြောက်သွားလေသည်။ ဆွယ်လီကတော့ မပြေးနိုင်သဖြင့် ဖမ်းမိသွားသည်။ ဓားပြများက အိမ်မှာရှိသော ပစ္စည်းများကိုသယ်ယူပြီး အိမ်ကိုပါ မီးရှို့ဖျက်ဆီးလိုက်ကြသည်။ ထို့နောက်မှာတော့ ဆွယ်လီကိုပါ တစ်ပါတည်းခေါ်ကာ ပြန်သွားကြသည်။

ကျားတောင်သို့ ရောက်သောအခါ ဗျူဟက ဆွယ်လီ၏ ချောမောလှပခြင်းကို နှစ်သက်သဘောကျသဖြင့် မယားအဖြစ် သိမ်းပိုက်ကာ ထားလေသည်။ ဆွယ်လီခမျာ မျက်ရည်ကိုသာ အဖော်ပြုနေရပြီး ဘာမှမတတ်နိုင်ရှာတော့ပေ။

သို့သော်လည်း ထိုနေရာသို့ရောက်ပြီးကတည်းက ဖြစ်တဲ့နည်းနှင့် ပြန်ထွက်ပြေးရန်သာ ကြံစည်စိတ်ကူးနေသည်။ အခွင့်အရေးရစေရန်လည်း အချိုသပ်ပြီးကောင်းစွာနေခဲ့သဖြင့် ဗျူဟကပင် စိတ်ချလက်ချဖြစ်နေတော့သည်။

နောက်သုံးလေးလလောက်ကြာတော့ . ဆွယ်လီမှာ ကိုယ်ဝန်ရှိလာတော့သည်၊ ဗျူဟကတော့ ထူးထူးခြားခြား ဖခင်



တစ်ဦးဘဝ ရောက်ရတော့မည်ဟု ဝမ်းသာနေသည်။ ဆွယ်လီအပေါ်မှာလည်း ခါတိုင်းထက် ပိုမိုအရေးပေးထားလေသည်။ ကိုယ်ဝန်ရထားပြီဖြစ်သောကြောင့်လည်း ထွက်မပြေးတော့ဟု ထင်မှတ်ထားလေသည်။

တစ်နေ့တော့ ဗျူဟတို့အဖွဲ့ ဓားပြတိုက်ရန်အတွက် ထွက်သွားကြရာ စခန်းတွင် လူအနည်းငယ်သာကျန်ခဲ့တော့သည်။ ထိုအခွင့်ကောင်းကိုယူကာ ဆွယ်လီမှာ ထွက်ပြေးလေတော့သည်။ သူမ ထွက်ပြေးပြီးအတော်ကြာတော့မှ စခန်းမှာကျန်ခဲ့သော အစောင့်များက သိသဖြင့် နောက်မှလိုက်လံရှာဖွေကြသည်။

ဆွယ်လီခမျာ ကိုယ်ဝန်ကို ထိခိုက်မည်စိုးသောကြောင့် သွက်လျင်မြန်မြန် ပြေးနိုင်သည်တော့ မဟုတ်ပေ။ တစ်နေရာရောက်တော့ မောသဖြင့် သစ်ပင်ကွယ်တစ်နေရာ၌ ကျောမှီလျက်ထိုင်နေစဉ်, နောက်မှလိုက်လာသော လူသုံးယောက်ကမှီလာသည်။ ၎င်းတို့ကပြန်ခေါ်ရန်ကြိုးစားစဉ် ဆွယ်လီကလည်း အတင်းငြင်းသည်။

"ငါမလိုက်ဘူး၊ ငါမလိုက်ဘူး၊ ငါ့ကိုမခေါ်ကြနဲ့"

ထိုသို့အော်ဟစ်ပြောဆိုနေစဉ် တောစပ်မှ သေနတ်သံတစ်ချက်ထွက်လာပြီး လူတစ်ယောက်လဲကျသွားသည်။ ထိုအခြေအနေကြောင့် ကျန်နှစ်ယောက်မှာ ထိတ်လန့်သွားကြလေသည်။ ထိုအခိုက်မှာပင် နောက်ထပ်သေနတ်သံတစ်ချက် ထွက်လာပြီးလျှင် နောက်တစ်ယောက် လဲကျသွားပြန်သည်။ ထိုအခါ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တစ်ယောက်ကတော့ တောတွင်းသို့ဝင်ပြေးသွားလေသည်။ ဆွယ်လီက သူမနှင့်မနီးမဝေးနေရာတွင် လဲကျသေဆုံးနေသော လူနှစ်ယောက်ကိုကြည့်ပြီး မျက်လုံးပြူးနေလေသည်။

ခဏကြာတော့ တောစပ်မှ သေနတ်တစ်လက်ကိုင်ထားသော လူတစ်ယောက်ထွက်လာသည်။ ဦးခေါင်းပေါ်တွင်ဆောင်းထားသော ခမောက်ဝိုင်းက မျက်နှာတစ်ဝက်လောက်အထိ ဖုံးကျနေသဖြင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိရပေ။ ထိုလူက ဆွယ်လီအနားရောက်တော့ ဆွဲထူပေးလိုက်သည်။

"နင့်မှာ မပေါ့မပါးကြီးနဲ့ပါလား၊ ဘယ်လိုဖြစ်လာတာလဲ"

"လူဆိုးတွေဖမ်းခေါ်လာတာပါရှင်"

"ဘယ်ရွာကလဲ ငါပြန်ပို့ပေးမယ်"

"ရွာပြန်လို့မဖြစ်တော့ဘူး၊ သူတို့သတ်လို့ သေကုန်ပါပြီ"

"ကြားရတာ စိတ်မကောင်းပါဘူး"

"နောက်ပြီး ကျွန်မရွာပြန်ရင် ချက်ချင်းလိုက်လာကြလိမ့်မယ်"

"ဒီလိုဖြင့် လောလောဆယ် ငါနောက်ကိုလိုက်ခဲ့မလား။ မင်းမှာမပေါ့မပါးကြီးနဲ့ တောထဲမှာတစ်ယောက်တည်း လျှောက်သွားနေရင်တော့ သူတို့နဲ့ပြန်မတွေ့ရင်တောင် တောကောင်တွေနဲ့တွေ့ရင် သေမှာပဲ"

ဆွယ်လီက မျက်လုံးအပြူးသားဖြင့် မော့ကြည့်နေပြီးမှ ခေါင်းညိတ်ပြလိုက်လေသည်။



"ဒီလိုဆိုရင်တော့ ဒီနေရာမှာကြာကြာဆက်နေလို့ မသင့်ဘူး၊ နောက်ထပ်ရန်သူတွေ ရောက်လာနိုင်တယ်၊ နေမဝင်ခင် သွားကြရအောင်"

ဟုပြောဆိုကာ ဆွယ်လီကို ဖေးမပြီးထိုနေရာမှ ခေါ်သွားလေတော့သည်။ ဆွယ်လီကတော့ နောက်မှ ရန်သူများနှင့်ဝေးရန်အတွက် တစ်ကြိမ်တစ်ခါမှ မမြင်ဖူး၊ မတွေ့ဖူးသော လူစိမ်းတစ်ယောက် ခေါ်ရာနောက်သို့ လိုက်ခဲ့ရပေတော့သည်။ သူမဘဝအတွက် အခြားရွေးချယ်စရာအခွင့်အရေး ဘာမှမရှိတော့ပါချေ။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း-၉

## တောနက်အတွင်းမှ အန္တရာယ်များ

နီမောင်တို့သုံးယောက် ချွေးတပ်စခန်းသို့ ရောက်နေကြသည်မှာ တစ်နှစ်ကျော်ခန့်ကြာခဲ့ပြီဖြစ်သော်လည်း ပြန်ခွင့်မရကြသေးပေ။ နီမောင်ကတော့ နေ့စဉ်နှင့်အမျှ ဆွယ်လီကို သတိရနေသည်။ ဆွယ်လီနှင့်နောက်ဆုံးတွေ့ခဲ့ရသောညကအဖြစ်များကိုလည်း မမေ့နိုင်ပဲဖြစ်နေသည်။ ထိုအကြောင်းကို တွေးမိတိုင်း ယခုပင်ကြုံတွေ့ရသကဲ့သို့ ရင်ခုန်ပူနွေးစွာ ခံစားနေရ



www.burmeseclassic.com

www.burmeseclassic.com



ဆဲပင် ရှိသေးသည်။

သို့သော် ပြန်ခွင့်မရသေးသောကြောင့် စိတ်က
ရောက်နေသော်လည်း လူကတော့ ဇေးလှသော တောတောင်
မှာပင် နေရသေးသည်။ ၎င်းတို့ရောက်နေသော စခန်း
နောက်ထပ်လူသစ်များလည်း ရောက်လာကြသည်။ ထိုအခါ
တို့ရွာများမှ အကြောင်းများကို မေးမြန်းစုံစမ်းကြည့်ရသည်။

"ရွာတွေမှာတော့ အခြေအနေမကောင်းလှပါဘူး။
ကာကွယ်နိုင်တဲ့ လူငယ်လူရွယ်တွေ မရှိတော့၊ လူဆိုးဓားပြ
က တံခါးမရှိ ဓားမရှိ ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်းထွက်
လုပ်ချင်တိုင်းလုပ်တာကို ခံနေကြရတယ်"

ထိုစကားကြားတော့နံဘေးမှာ ရှိနေသူများမှာ ကျ
သူများအတွက် ရတက်မအေးကြရသဖြင့် အသီးသီးသက်ပြ
ချလိုက်ကြသည်။

"ကျုပ်တို့နယ်မှာရှိတဲ့ ဓားပြဂိုဏ်းတွေထဲမှာတော့
နက်ဂိုဏ်းက အသောင်းကျန်းဆုံးပဲ၊ ပစ္စည်းယူရုံမကဘူး၊ လူ
သတ်၊ မိန်းကလေးတွေကိုပါ ခေါ်သွားကြသေးတယ်"

ထိုသို့ပြောပြသည်။ ရွာမှာကျန်နေခဲ့သူများမှာ လူ
ဓားပြများနှိပ်စက်သဖြင့် မရှုမလှခံနေကြရသလို ချွေးတပ်စခ
မှာ ရောက်နေကြသူများအတွက်လည်း မကောင်းလှပေ။ နေ
မပြတ် အသက်ဖြင့်ရင်းကာ လုပ်ကိုင်နေကြရခြင်း ဖြစ်သည်
အဆိုးဆုံးက ပင်ပန်းမှုဒဏ်နှင့် ငှက်ဖျားရောဂါ နှိပ်စ
မှုကြောင့် အသက်သေကြရသည်။ ပင်ပန်းသဖြင့် ရာသီဥ



ကို မခံနိုင်ကြတော့သဖြင့် ငှက်ဖျားရောဂါက အလွယ်တကူ
ရောက်လာခြင်းဖြစ်သည်။

အင်္ဂလိပ် ဆေးဆရာဝန်များက ဆေးကုပေးသော်လည်း
ကြသော လူအရေအတွက်က မနည်းတော့ပေ။ အခြား
တိရစ္ဆာန်များ လက်ချက်ကြောင့် သေရသောအရေအတွက်
ဆတူဖြစ်နေသည်။ အင်္ဂလိပ်များက ရောဂါဖြင့် သေသူများ
ဖြစ်သလို စွန့်ပစ်ကြရာ တောကောင်များကို ဖိတ်ခေါ်သတဲ့
ဖြစ်နေသည်။

ငှက်ဖျားရောဂါအပြင် နောက်ထပ်ကြောက်စရာကောင်း
သာ ရောဂါတစ်မျိုးက ဝမ်းရောဂါဖြစ်သည်။ ဝမ်းရောဂါဖြစ်ပြီ
လျှင် ဆေးကုချိန်ပင်သိပ်မရပဲ သေကြသည်က များသည်။
ဖျားရောဂါ၊ ဝမ်းရောဂါကြောင့် သေသူများ၊ ကျားအပါအ
တောတိရစ္ဆာန်များကြောင့် သေကြသော အလုပ်သမားများ
မနည်းတော့ပေ။ ၎င်းတို့သည် တစ်နေ့ကျလျှင် ရွာသို့ ဖြစ်တဲ့
ဖြင့်ရောက်အောင် ပြန်မည်ဟု အားခဲထားကြသော်လည်း
နိုင်ကြတော့ပေ။

တောတောင်ထူထပ်သောနေရာများတွင် ကြောက်
အကောင်းဆုံးမှာ ကိုးတော်င်ကျားကြီးများပင် ဖြစ်သည်။
ရှင့်ရဲလှသော ကျားကြီးများမှာ အလုပ်လုပ်နေသော လူများ
သော်လည်းကောင်း၊ စခန်း၌နေသူများကိုသော်လည်း
ကောင်း ဝင်ရောက်ဆွဲယူသွားတတ်ကြသည်။

ပဒူကျင်းထဲကျသွားသဖြင့် သေသူများ၊ တောင်ကျ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းများထဲ ဆင်းမိသဖြင့် အသားစားသောငါးများ(ပေါ်ရိသာ
ရင်းဟု ခေါ်ကြသည်။) ဝိုင်းကိုက်သဖြင့် သေကြသူများ၊ တစ်
တစ်ရံ အသားစားသော ကင်းခြေကောက်များ၊ အကောင်အရွယ်
အစားကြီးသော ပုရွက်ဆိတ်ကြီးများရောက်လာပြီး ဝိုင်းဝန်သတ်
ဖြတ်သဖြင့် ပြေးပေါက်မရှိပဲ သေကြရသော အလုပ်သမားများ
လည်း ရှိကြသည်။

ကျားများ၊ ကျားသစ်များ၊ ဝက်ဝံစသော လူကိုအန္တရာယ်
ပေးသော သတ္တဝါကြီးများအပြင် ကြောက်စရာ အကောင်း
သတ္တဝါကြီးများလည်း ရှိကြသေးသည်။ အခြားတော့မဟုတ်
အကောင်အရွယ်အစားကြီးလှသော အင်နာကွန်ဒါဟုခေါ်သော
မြွေကြီးများ ဖြစ်သည်။ ထိုမြွေကြီးရောက်လာလျှင် သေနတ်
ပစ်လျှင်ပင် မရတော့ပေ။ လူတစ်ယောက်ကို ကိုက်ယူသွား
တစ်ခါတည်းမျိုချနိုင်လောက်အောင် အကောင်အရွယ်အစား
ကြီးမားကြလေသည်။

ထိုကဲ့သို့သော အန္တရာယ်မျိုးစုံတို့ကြားမှာ နေ့စဉ် အလု
လုပ်နေကြရသော ရွာသားများမှာ ၎င်းတို့အတွက် ရွာပြန်ချင်
သော်လည်း အိမ်ပြန်ချိန်ကို မမျှော်မှန်းနိုင်သော အခြေအနေ
ရောက်နေကြရသည်။ တစ်ခါတစ်ရံ တောခြောက်ခြင်း၊ နာ
ဘာဝတို့၏ နှောက်ယှက်ခြင်း၊ တော၏လှည့်စားခြင်းတို့ကို မ
သဖြင့် သေကြရသူအချို့လည်း ရှိကြလေသည်။

သို့ကြောင့် နေ့သေမလား၊ ညသေမလား၊ မည်သ
အချိန်သေမလဲ မသိကြရသော နေရာမျိုးတွင် မနေလိုကြ



အင်လိပ်စစ်သားများကလည်း ထိုအခြေအနေကို ရိပ်မိကြသဖြင့်
စစ်ချက်ကလေးမှ အလစ်မပေးပဲ နေ့ညမပြတ် ကင်းများချပြီး
စောင့်ကြည့်နေကြလေသည်။

တစ်ညမှာတော့ နီမောင်တို့ရောက်နေသော စခန်းနှင့်
နီးမဝေးတောနက်ထဲမှ တောတိရစ္ဆာန်များ၏ စူးစူးဝါးဝါး
အော်သံများ ပေါ်ထွက်လာသည်။ အိပ်တန်းတက်နေကြသည့်
ငှက်များ အလန့်တကြားအော်မာစ်ကာ ထပျံသွားသံများကြားကြ
ရသည်။ အချိန်က ညဦးပိုင်းအချိန်သာသာလောက်သာ ရှိသေး
သည်။

အလုပ်သမားနေရန်အတွက် ဆောက်ထားသော တဲ
ကြီးများမှာ ခိုင်ခိုင်မာမာမရှိပေ။ ဝါးနှစ်သစ်ရွက်များ အသုံးပြု
ပြီးတဲ့ ယာယီအသုံးပြုရန် ဆောက်ထားသော တဲများသာဖြစ်
သည်။ ဝါးတိုင်များစိုက်ပြီး သစ်ရွက်များကာရံထားသောကြောင့်
ကြည့်တောတောင်မဆို ဝင်လာနိုင်ကြသည်။

သို့ကြောင့် အလုပ်သမားများမှာ ညအချိန်ရောက်လျှင်
စိတ်ချလက်ချမနေဝံ့ကြပဲ ထိတ်လန့်နေကြရသည်။ ယခု
လည်း တောနက်အတွင်းမှ တောတိရစ္ဆာန်များ အထိတ်တလန့်
အော်သံများကြားတော့ နားစွင့်နေကြသည်။ ခဏကြာတော့
ဆူညံညံအသံများ ပျောက်သွားပြီး တောတစ်ခုလုံး ကြောက်
စရာတောင်းလောက်အောင် တိတ်ဆိတ်ငြိမ်သက်နေတော့
သည်။

ထိုတိတ်ဆိတ်ငြိမ်သက်ခြင်းမျိုးမှာ များစွာကြောက်စရာ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းသည်။ ပင်လယ်ပြင်တွင် မုန်တိုင်းမကျခင် ငြိမ်သက် သော ငြိမ်သက်ခြင်းမျိုးပင်ဖြစ်သည်။ အတန်ကြာသော တောနှင့်ကပ်လျက် အစွန်ဘက်တွင်ရှိနေသောတဲမှ စူးစူးဝါး အော်သံများကြားရသဖြင့် အစောင့်နှင့် အလုပ်သမားအချို့ သွားကြသည်။

"ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

"တဲအစွန်ဘက်မှာ အိပ်နေတဲ့လူတစ်ယောက်ကို ဆွဲသွားတယ်"

ထိုသို့ပြောသဖြင့် ပတ်ဝန်းကျင်ကို လက်နှိပ်မီး များဖြင့် ဝိုင်းဝန်းထိုးကြည့်သောအခါ တောစပ်တွင် လူ ယောက်၏ ဂုတ်ကိုကိုက်လျက် တောတွင်းသို့ ဝင်သွား တောကောင်ကြီးကို လှမ်းမြင်လိုက်ကြရသည်။ ကိုးတောင် ကြီးပင်ဖြစ်သည်။

"နောက်ကလိုက်ပစ်မလား"

"ကျားဆွဲခံရတဲ့သူက သေလောက်ပြီ . . ဒီအချိန် တောထဲဝင်လိုက်သွားရင် နောက်ထပ်အန္တရာယ်နဲ့တွေ့ပြီး ကြလိမ့်မယ်"

နီမောင်ကပြောလိုက်တော့မှ လက်လျှော့သွားကြ သို့သော် မည်သူမှ မအိပ်ဝံ့ကြတော့ပေ။ တဲများပတ်ဝန်း မှာ မီးပုံများဖိုထားပြီး သေနတ်များအဆင်သင့်ဖြစ်ကာ တ လုံး ထိုင်စောင့်ကြသည်။ သို့သော် ကျားကမလာတော့ပေ

နောက်တစ်နေ့နံနက်လင်းတော့ တောထဲသို့လိုက်



မြင်ကြသည်။ နီမောင်တို့သုံးယောက်ကတော့ သေနတ်ပါ သော အင်္ဂလိပ်စစ်သားတစ်ယောက်၊ ဂေါ်ရခါးစစ်သားတစ် ယောက်တို့က ခေါ်သဖြင့် လိုက်သွားကြရသည်။ သူတို့အဖွဲ့က ယောက်ဖြစ်သည်။ နီမောင်က တောကျွမ်းသူများဖြစ်သဖြင့် သားနှစ်ယောက်ကို ဦးဆောင်ခေါ်သွားကြသည်။

ရင်းတို့သည် သစ်ကိုင်းသစ်ရွက်များပေါ်တွင် စွန်းပေ သော သွေးစက်များကိုကြည့်ပြီး လိုက်ကြသည်။ တစ်နေရာ ရောက်တော့ အမြစ်ဖွားဖွားကျနေသော ညောင်ပင်ကြီးတစ်ပင် အောက်သို့ ရောက်သွားကြရာ ထိုသစ်မြစ်များကြား၌ ကျားဆွဲ သောအလောင်းကို ပြန်တွေ့ကြရသည်။ အလောင်းတ တော့ လူရုပ်ပင်မပေါ်တော့ပဲ ရုပ်ပျက်ဆင်းပျက် ဖြစ်နေပေပြီ။

ဆယ့်ငါးပေခန့်ပတ်လည် တစ်ဝိုက်မှာတော့ သွေးများ၊ သားများ၊ တစ်ချောင်းစီ တစ်စစီဖြစ်နေသော အရိုးများ တွေ့ရ သည်။ သို့ကြောင့် စခန်းသို့ပြန်လာကြသည်။

နောက်ညများရောက်တော့ အလှည့်ကျ အစောင့်များ တော စောင့်ကြည့်ကြသည်။ တဲများပတ်ဝန်းကျင်မှာလည်း များဖိုထားသည်။ သေနတ်ကိုင်ထားသော စစ်သားများက နိုင်လောက်သောနေရာမှ အဆင်သင့်စောင့်ကြည့်ကြသည်။ ကြောင့် ကျားက တဲများအထိ မလာတော့ပဲ တောထဲမှပင် ချောင်းနေတော့သည်။ တစ်ညလုံး စောင့်သော်လည်း ထွက်မလာသဖြင့် ပစ်ခွင့်မသာပေ။

နောက်တစ်ရက်မှာတော့ တောထဲမှာ အလုပ်လုပ်နေ

www.burmeseclassic.com

www.burmeseclassic.com



ရင်းမှ တောထဲဝင်ပြီး အပေါ့အပါးသွားနေသူတစ်ယောက် ကျား ဆွဲခံရပြန်သည်။ ကြောက်စရာကောင်းသော အော်ဟစ်သံကြီး ကြားရသဖြင့် သွားရောက်ကြည့်သောအခါ လူကိုမတွေ့ရတော့ ပဲ သွေးကွက်များသာတွေ့ရသည်။

ကျားက ညအချိန်ဝင်ဆွဲခွင့်မသာသဖြင့် နေ့အချိန် အလစ်ချောင်းပြီး ဝင်ရောက်ဆွဲယူသွားခြင်းဖြစ်သည်။ အင်္ဂလိ စစ်သားများက လိုက်လံရှာဖွေသော်လည်း မတွေ့ရတော့ပေ ထိုအခါ အင်္ဂလိပ်စစ်ဗိုလ်တစ်ဦးဖြစ်သူ မာရှယ်ကပြောသည်

"ဒီကျားဆိုးတွေက အတော်သောင်းကျန်းနေတယ်... ကြာရင် အလုပ်သမားတွေ ကြောက်လန့်ပြီး ဘယ်သူမှ အလု ကောင်းကောင်းလုပ်ဝံ့ကြမှာ မဟုတ်တော့ဘူး၊ ဒီကျားဆိုးတွေ ကို သတ်မှဖြစ်မယ်၊ မင်းတို့အလုပ်သမားတွေထဲမှာ ကျားဆိုး သတ်ပေးနိုင်တဲ့သူ ရှိသလား"

ထိုသို့မေးတော့ ဘယ်သူမှပြန်မပြောပေ။

"ရအောင်သတ်ပေးရင် ဆုပေးမယ်၊ ဘယ်သူသတ်ပေး နိုင်မလဲ"

နောက်တစ်ကြိမ်မေးသော်လည်း မပြောဝံ့ကြပေ။ ဘယ်ကြောင့်ဆိုသော် ကျားကိုသတ်ဖို့ကိစ္စမှာ မလွယ်ပေ။ သူ ပေးမည့်ဆုရဖို့က မသေချာ၊ အသက်သေဖို့က သေချာသ မပြောဝံ့ကြခြင်းဖြစ်သည်။ ထိုအခါ နီမောင်က ထပြောသည်

"ကျားကို ဒီအတိုင်းသတ်လို့မရနိုင်ဘူး၊ သေနတ်နဲ့ ပ ရမယ်၊ သေနတ်ပစ်ခွင့်ရရင် ကျွန်တော်သတ်ပေးမယ်"



"ကောင်းပြီ မင်းတို့လိုက်မယ်ဆိုရင် ငါနဲ့အတူတူသွားမယ်၊ သေနတ်လည်း ကိုင်ခွင့်ပေးမယ်၊ ဘယ်နှစ်ယောက်လိုက်မလဲ"

"ကျွန်တော်တို့ သုံးယောက်လိုက်မယ်"

ထိုသို့ပြောပြီး ညနေပိုင်းအချိန်မတိုင်ခင်မှာ ယူစရာပစ္စည်းများယူပြီးနောက် တောထဲဝင်ကြသည်။ မာရှယ်နှင့်အတူ နီမောင်တို့သုံးယောက်ပါသဖြင့် စုစုပေါင်းလေးယောက်ဖြစ်သည်။ သေနတ်က နှစ်လက်ပါသည်။ အခြားအသုံးပြုရမည့်ပစ္စည်း အချို့ပါ တစ်ပါတည်းယူဆောင်လာသည်။ ဒီတစ်ကြိမ်တော့ နီမောင်က ရှေ့မှဦးဆောင်သွားလေသည်။ ထုံးစံအတိုင်း သွေးစက်များကို ခြေရာခံပြီး လိုက်သွားရာ ချောင်လမ်းပင်ကြီးရှိရာသို့ ရောက်သွားကြသည်။

ကျားက ဖမ်းမိလာသောလူကို ထိုနေရာသို့ဆွဲယူလာပြီး ထိုနေရာရောက်မှ အေးအေးဆေးဆေး စားသောက်ပုံရသည်။ ချောင်ပင်တစ်ဝိုက်မှာတော့ သွေးကွက်များ၊ အသားအပိုင်းအစများ၊ အရိုးများ တစ်စစီ ပြန့်ကျဲနေသည်ကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့ရသည်။ နေ့လည်ကဆွဲယူသွားသော အလုပ်သမား အလောင်းပင် တစ်စစီဖြစ်နေသည်။

"ဘယ်လိုလုပ်မလဲ"

ထိုနေရာရောက်တော့ မာရှယ်ကမေးသည်။

"ဒီသစ်ပင်ပေါ်က စောင့်ပစ်ရမယ်"

"သူ လာပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ကျားကလူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် ဖမ်းမိရင်မကုန်မချင်း လာစားလေ့ရှိတယ်"

"ဘယ်အချိန်လာမလဲ"

"တောကောင်ကြီးတွေက နေ့ဆိုရင် တစ်နေ့လုံး အိပ်နေပြီး ညမှထွက်လေ့ရှိတယ်၊ နေ့ဘက်ထွက်တာက စားစရာမရှိလို့ ထွက်ဆွဲကြတာ"

ထိုသို့ပြောပြီး နီမောင်တို့သုံးယောက်က သစ်သားနှင့် ဝါးများကို ခုတ်ယူပြီးနောက် ညောင်လန်းပင်ခွကြား၌ လင့်စင်ထိုးသည်။ လင့်စင်က သိပ်မမြင့်ပေ။ ပစ်ကွင်းကောင်းစေရန် မြင်ရသော နေရာလောက်၌သာထိုးသည်။

ညနေဝင်ချိန်ရောက်တော့ အပေါ့အပါးသွားခြင်း၊ အခြားလုပ်သင့်လုပ်ထိုက်သည်များကို ပြုလုပ်ပြီးနောက် လင့်စင်ပေါ်တက်နေကြသည်။လင့်စင်ပေါ်မှကြည့်လျှင် နွားလည်က ကျားဆွဲခံရသော အလုပ်သမားအလောင်းကို ကောင်းစွာမြင်နေရသည်။

လင့်စင်ပေါ်ရောက်တော့ မာရှယ်က စီးကရက်ဗူးထုတ်ပြီး သောက်ရန်ပြင်သည်။ နီမောင်တို့ကိုလည်းပေးသည်။ သို့သော် မယူပေ။

"ကျွန်တော်တို့ မသောက်ဘူး၊ ဗိုလ်ကြီးလည်း မြန်မြန်သောက်ပါ၊ ညအချိန်ရောက်လာရင် မသောက်ပါနဲ့"

"ဘာဖြစ်လို့လဲ"

"စီးကရက်မီးခိုးငွေ့နံ့က တောနဲ့မသက်ဆိုင်တဲ့အနံ့မျိုးပဲ၊ ဒီအနံ့မျိုးကို တောတိရစ္ဆာန်တွေက သိနိုင်တယ်၊ အနံ့ခံ





ကောင်းတဲ့သတ္တဝါတွေဆိုရင် အဝေးကြီးက ပြန်လှည့်သွားတယ်"

မာရှယ်က ဘာမှမပြောပဲ စိတ်ဝင်စားစွာ နားထောင်နေသည်။ နီမောင်က သားမင်းဆိုသော ရေခဲတောင်မှာနေသော သတ္တဝါများ၊ တောင်ဆိတ်ဆိုသော သတ္တဝါများမှာ တခြားအနံ့ဆိုထားနှင့် လူ့ကိုယ်မှ ထွက်သောအနံ့ကို တစ်မိုင်ကျော်လောက်ကရသဖြင့် ထွက်ပြေးသွားတတ်ပုံများ၊ ဟောထဲ၌ အမဲလိုက်သောအခါ တောနှင့်ဆန့်ကျင်သော အနံ့စူးသည် (ဥပမာ ရေမွှေးနံ့၊ ဆေးလိပ်နံ့) အနံ့များ မသုံးရန်နှင့်၊ ထိုသည်နှင့်အသံမြည်သော ပစ္စည်းများမသုံးရန်၊ အရောက်တောက်ပသော အဝတ်နှင့် အသုံးအဆောင်ပစ္စည်းများ မသုံးရန်ပြောပြသည်။

မာရှယ်က ဆေးလိပ်မသောက်တော့ပဲ ဗူးကိုအိတ်ထဲပြန်ထည့်ထားလိုက်သည်။

"ကျေးဇူးပဲ နီမောင်၊ ငါတို့က စစ်ပညာသင်တော့ ဒီအကြောင်းတွေပါ သင့်သလောက်ပါပေမယ့် ဒီလိုအသေးစိတ်တော့ မသိသေးဘူး၊ အခုလို ပြောပြပေးတာ မင်းကိုကျေးဇူးတင်ပါတယ်"

ထိုသို့ပြောပြီး ယူလာသော အစားအသောက်များကို စားသောက်ကြသည်။ ထိုသို့စားသောက်ရင်းက မေးသည်။

"မင်းတို့ကသုံးယောက် ငါကတစ်ယောက်တည်းနဲ့ ကျားကိုသတ်ပြီး ထွက်ပြေးသွားရင်မရဘူးလား"

"ကျွန်တော်တို့က ဒီလိုသစ္စာမရှိတဲ့ အလုပ်တိုဘယ်တော့မှ မလုပ်ပါဘူး။ စစ်တိုက်နေတဲ့အခါမှာ သတ်ချင်သတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ အခုအချိန်က အန္တရာယ်တစ်ခုနဲ့ရင်ဆိုင်ဖို့ အတူတူလာ
တာ မဟုတ်လား”

မာရှယ်က ခေါင်းညိတ်ပြသည်။

“သေအတူ ရှင်အတူ လာတဲ့လူဆိုတာ ဘယ်တော့
သစ္စာမဖောက်ဘူး။ ကျွန်တော်တို့ပြန်ချင်ပေမယ့် ဒီလိုသစ္စာ
တာမျိုး မလုပ်ပါဘူး”

ထိုသို့ပြောတော့မာရှယ်က သဘောကျစွာပြုံးလိုက်
သူထံမှာပါလာသော သေနတ်နှစ်လက်အနက် တစ်လက်ကို
ကြည်စွာဖြင့် နီမောင်ကိုပေးလိုက်သည်။ ညဥ့်နက်ပိုင်းရောက်
တော့ တောထဲမှာ အမှောင်ရိပ်များဖုံးလာလေသည်။ ကောင်း
ကင်၌ လရောင်ရှိသော်လည်း မြူများဝေ့ဆိုင်းနေသဖြင့် ပိုးတ
သာရှိသည်။ ထို့ပြင် သစ်ပင်များအုပ်ဆိုင်းနေသော တောခြေ
တော့ အလင်းရောင်မရှိပဲ မှောင်နေသည်။

အတန်ကြာတော့ တစ်နေရာမှ အိပ်တန်းတက်
သော တောတိရစ္ဆာန်များအော်သံ၊ ကြက်ငှက်များပျံသံများ
စတင်ကြားရသည်။ ထိုအခါ နီမောင်က တိုးတိုးပြောလိုက်သည်

“သူလာတော့မယ် အဆင်သင့်ပြင်ထားပါ”

ထိုသို့ပြောပြီး မကြာခင် သစ်ပင်များကြားမှ ကြီးမား
သော ဦးခေါင်းပိုင်းကြီးတစ်ခု တိုးထွက်လာသည်။ တော
တစ်လုံးလောက်ကြီးသော ဦးခေါင်းကြီးက ပတ်ဝန်းကျင်
အကဲခတ်သည်။ လေထဲကို ဦးခေါင်းမော့ပြီး အနံ့ခံကြည့်သည်
စိတ်ချရလောက်တော့မှ တစ်ကိုယ်လုံး တိုးထွက်လာသည်



တစ်ကိုယ်လုံး အဝါနှင့်အနက်ကျားများဖြင့် လှပနေသော တိုး
ကောင်ကျားကြီးပင်ဖြစ်သည်။

တောကောင်ကြီးက ထိုနေရာတစ်ဝိုက်တွင် ကြောက်ရ
သည့်သတ္တဝါ မရှိသောဟန်ဖြင့် ရဲရဲတင်းတင်းပင် ထွက်လာပြီး
နေ့လည်စားလက်စကျန်ခဲ့သော အလောင်းကိုစားသည်။ ထို
အခြေအနေရောက်သည်နှင့်မာရှယ်က ဦးခေါင်းကိုချိန်ပြီးပစ်
သည်။ ကျယ်လောင်သော သေနတ်သံနှင့်အတူ တောကောင်
ကြီးမှာ နောက်သို့လန်ထွက်သွားတော့သည်။

သို့သော် အခြေအနေက ထိုနှင့်မပြီးသေးပေ။ မည်
သည့်နေရာမှ စောင့်ဆိုင်းနေသည်မသိသော နောက်ထပ်ကျား
တစ်ကောင်က နောက်ဘက်မှ ချက်ချင်းရောက်လာပြီး လင့်စင်
ရှိရာ သစ်ပင်ပေါ်သို့ လွှားခနဲ ခုန်တက်လာသည်။

ညောင်လန်းပင်က အကိုင်းအခက်များပြီး တက်ရတာ
လွယ်သဖြင့် ချက်ခြင်းလင့်စင်နားရောက်လာသည်။ နီမောင်က
လည်း လက်နှေးသူမဟုတ်ပေ။ အနီးသို့ရောက်လာသော တော
ကောင်ကြီး၏ ဦးခေါင်းကိုချိန်ကာ ပစ်ချလိုက်ရာ လန်ကျသွား
သတော့သည်။ ကျည်ဆံက ချက်ကောင်းကိုထိသဖြင့် တော
ကောင်ကြီး နှစ်ကောင်စလုံး ပြန်မထနိုင်တော့ပေ။

“မင်းတို့ကိုကျေးဇူးတင်ပါတယ်၊ ဒီလောက်ကြောက်
စရာကောင်းတဲ့ တောကောင်ကြီးတွေ မရှိတော့ရင်မှတော့ အလုပ်
သမားတွေ အလုပ်ကောင်းကောင်း လုပ်ဝံ့ကြတော့မှာပါ”

နီမောင်က ခေါင်းညိတ်ပြကာသေနတ်ကိုပြန်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျားနှစ်ကောင် သေသွားသော်လည်း မိုးမလင်းသေး သောကြောင့် လင့်စင်ပေါ်မှာပင် နေကြရသေးသည်။

"ငါပြောထားတဲ့ကတိအတိုင်း မင်းကိုဆုပေးပါ့မယ် ဘာဆုလိုချင်သလဲ"

"တခြားတော့မလိုချင်ပါဘူး ပြန်ခွင့်ပေးရင်ရွာကိုပြန် ချင်ပါတယ်"

မာရှယ်က အတန်ကြာအောင်စဉ်းစားနေပြီး. . .

"မင်းတို့ ဒီစခန်းရောက်နေကြတာ တစ်နှစ်ကျော်နေပြီ ဆိုတော့ ပြန်သင့်တဲ့အချိန်ရောက်နေပါပြီ၊ စခန်းရောက်တာနဲ့ ငါစီစဉ်ပြီး ပြန်လွှတ်ပေးပါ့မယ်"

မာရှယ်ထံမှကြားရသောစကားသည် ဘဝတစ်လျှောက် လုံး ကြားခဲ့ရသောစကားများထဲတွင် ပျော်ရွှင်စရာအကောင်းဆုံး စကားပင်ဖြစ်ပေတော့သည်။



# အခန်း-၁၀

# အဆင်းခက်ခက် အတက်ကြမ်းကြမ်း

နီမောင်တို့သုံးယောက် ပြန်ရောက်လာတော့ ပန် ဆောင်တစ်ရွာလုံး အံ့သြနေကြသည်။ သက်ဆိုင်ရာ သူတို့မိဘ၊ ဆွေမျိုးသားချင်းများကတော့ ဝမ်းသာနေကြသည်။ အချို့သော တော့ ၎င်းတို့ထွက်ပြေးလာကြသည်ဟု ထင်ကြသည်။ ရှေ့တစ် စခန်းသို့ ပါသွားပြီး အချို့လည်း ပြန်ရောက်လာကြသည်၊ အချို့ သည်း ပြန်ရောက်မလာကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com


ပြန်ရောက်လာသူများမှာ ထွက်ပြေးသဖြင့် ပြန်ရောက်
လာကြသူများသာ များလေသည်။ နီမောင်တို့ကတော့ ထွေထွေ
ထူးထူး ဘာမှမပြောတော့ပေ။ အချို့ကလည်း နီမောင်တို့ ပြန်
ရောက်လာသဖြင့် သူတို့နှင့်အတူပါသွားသော ဆွေမျိုးသားချင်း
များအကြောင်းကို လာရောက်မေးမြန်းကြသည်။ သတင်းစုံစမ်း
ကြသည်။ ပြောနိုင်သည်လည်းရှိပြီး သူတို့မသိသောအကြောင်း
အရာများလည်း ရှိကြလေသည်။

နီမောင်အတွက်ကတော့ ရွာသို့ပြန်ရောက်လာပြီး အ
ရေးကြီးဆုံးက ဆွယ်လီနှင့်သွားတွေ့ရန်ပင် ဖြစ်ပေသည်။ ထို့
ကြောင့် ရွာပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် ဟူးလောင်ရွာ
သို့ လိုက်သွားလေသည်။

သူရောက်သွားတော့ ဟူးလောင်ရွာမှာ ယခင်ကလို စည်
စည်ကားကား မရှိတော့ပဲ ရွာပျက်ကြီးကဲ့သို့ ဖြစ်နေပေတော့
သည်။ ဆွယ်လီတို့နေသောနေရာရောက်တော့ အိမ်က မီး
လောင်ထားသဖြင့် မရှိတော့ပေ။ မီးလောင်တိုင်များကိုပင် ချုံ
နွယ်ပိတ်ပေါင်းများက ဖုံးလွှမ်းနေပြီကို စိတ်မကောင်းစွာတွေ့ရ
သည်။

နွားခြံများရှိသောနေရာဘက်မှာလည်း ဘာမှမတွေ့ရ
တော့ပေ။ သို့ကြောင့် ထိုပတ်ဝန်းကျင်မှာနေသော လူတစ်ဦးက
မေးမြန်းစုံစမ်းကြည့်ရသည်။

"လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က ဒီရွာကိုဓားပြတွေ
ရောက်လာပြီး ဖျက်ဆီးသွားကြတယ်၊ ဦးဆန်လွဲနဲ့ ဒေါ်ဖာရိက
တို့ သေသွားကြတယ်"

"ဆွယ်လီတို့ မောင်နှမကရောဟင်"

"နော်ကိုကတော့ ကျန်တဲ့ ကျွဲနွားတွေလာယူပြီး အမျိုး
တွေရှိတဲ့ ရွာတစ်ရွာမှာသွားနေတယ်၊ ဆွယ်လီကိုတော့ လူဆိုး
တွေဖမ်းခေါ်သွားတယ်"

"ဟင်"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ အတော်ပင်မချိ
တင်ကဲ ဖြစ်သွားသည်။ အရေးကြုံလာလျှင် ကာကွယ်ပေးပါဟု
ကတိပေးထားခဲ့သော်လည်း သူကတစ်နေရာရောက်နေသဖြင့်
အကာအကွယ် မပေးနိုင်ခဲ့ပေ။

"ဒါပေမယ့် အခုတော့ ဆွယ်လီကို နောင်ယန်းရွာမှာ
တွေ့ခဲ့တယ်လို့တော့ ပြောသံကြားတယ်၊ ဟုတ်မဟုတ်တော့ မ
ပြောတတ်ဘူး"

ထိုသို့ပြောသဖြင့် မြင်းစီးပြီး နောင်ယန်းရွာသို့ ဆက်
လိုက်သွားလေသည်။ တစ်ရွာနှင့်တစ်ရွာ မဝေးလှသောကြောင့်
ညနေပိုင်းအချိန်တွင် ထိုရွာသို့ရောက်သွားသည်။ အိမ်ခြေများ
သောကြောင့် နောက်မှပြောင်းရွှေ့လာသော တောင်ခြေဘက်
မှ အိမ်တစ်လုံးဖြင့်နေကြောင်း သိရသဖြင့် ထိုနေရာသို့ ဆက်
လိုက်သွားသည်။ ထိုနေရာရောက်တော့ ခြံခတ်ထားသော ဝန်း
အတွင်း အိမ်တစ်လုံးတွေ့ရသည်။ ခြေတံရှည်အိမ်မျိုးဖြစ်သည်။
အိမ်ပေါ်မှာတော့ လူတစ်ယောက်က ကလေးတစ်ယောက်ကို
ပွေ့ချီကာ လမ်းလျှောက်ရင်း ခြံတံခါးဝသို့ မြင်းတစ်ကောင်နှင့်

www.burmeseclassic.com

 www.burmeseclassic.com

ခမောက်ဝိုင်းကြီးဆောင်းထားသော လူတစ်ယောက်ရောက်
တာမြင်တော့ အကဲခတ်ကြည့်နေသည်။

အိမ်အောက်မှာတော့ ဆန်ပြာနေသော အမျိုးသ
တစ်ယောက်ရှိနေပြီး လူစိမ်းတစ်ယောက်ခြံဝမှာရပ်နေတာ
တော့ ကြောက်ရွံ့ထိတ်လန့်သော အမူအယာဖြင့် ထွက်လာ
မေးသည်။

"ဘာကိစ္စရှိလို့လဲဟင်"

"ဆွယ်လီ"

"ဟင်. . နင်. . နင်"

နီမောင်က ခမောက်ဝိုင်းကြီးကိုအပေါ်သို့ ပင့်တင်လို
သည်။ နှုတ်ခမ်းမွေး၊ ပါးသိုင်းမွေးရှိနေသေးသော်လည်း ဆွယ်
က ကောင်းစွာမှတ်မိသဖြင့် မျက်လုံးပြူးသွားလေတော့သည်

"နီ. . နီမောင်"

"ဟုတ်တယ် ငါပြန်ရောက်လာပြီ၊ ပြန်ရောက်ရော
ချင်း နင်ကိုလိုက်ရှာနေတာ၊ ဟူးလောင်ရွာရောက်တော့ နင်
သတင်းကိုသိခဲ့ရတယ် ငါစိတ်မကောင်းပါဘူး၊ နင့်ကို ကတိ
ခဲ့တဲ့အတိုင်း နင်တို့ကို အကာအကွယ်မပေးနိုင်ခဲ့ဘူး"

ထိုစကားကြားတော့ ဆွယ်လီကမျက်နှာကို လက်ဝါး
အုပ်ကာ ငိုကြွေးနေတော့သည်။ ထိုအခြေအနေကိုတော့ အိ
ပေါ်မှာကလေးချီပြီး လမ်းလျှောက်နေသူက ကောင်းစွာလှမ်း
နေရသည်။

"ကံကြမ္မာပဲလို့ သဘောထားလိုက်ပါ့မယ်၊ နင်လ
ိမ်တောင်ကျနေပြီ မဟုတ်လား"

ဆွယ်လီက ဘာမှပြန်မပြောပဲ အငိုမျက်လုံးဖြင့်သာ
ကြည့်သည်။

"ငါ သွားတော့မယ် ဆွယ်လီ၊ နင်တို့မိသားစုကိုလာပြီး
နှောက်အယှက်ပေးမိသလိုဖြစ်တာ ငါတောင်းပန်ပါတယ်"

ထိုသို့ပြောပြီး နီမောင်က မြင်းပေါ်ပြန်တက်ပြီး လှည့်
ထွက်ရန်ပြင်သည်။

"နီ. . နီမောင်"

ဆွယ်လီက နောက်မှလှမ်းခေါ်သော်လည်း လှည့်မ
ကြည့်တော့ပဲ မြင်းကိုစိုင်းပြီး ထွက်သွားလေတော့သည်။ ဆွယ်လီ
တော့ နေရာမှာ ဒူးထောက်ကျသွားပြီး မျက်နှာကို လက်ဖြင့်
ပ်တာ ငိုနေတော့သည်။ ထိုအခြေအနေကိုမြင်တော့ အိမ်ပေါ်
ရှိနေသူက ကလေးကိုပုခက်တွင်းသို့ ထည့်ထားခဲ့ပြီး အောက်
ဆင်းလာသည်။ နောက်တော့ ဆွယ်လီအနား လျှောက်လာ
ာ ပခုံးနှစ်ဖက်ကိုကိုင်ပြီး ထူလိုက်ရင်းမေးသည်။

"သူ ပြန်ရောက်လာပြီလား"

ထိုသို့မေးတော့ဆွယ်လီက ငိုရင်းခေါင်းညိတ်ပြသည်။
သူက ဆွယ်လီကိုရင်ခွင်ထဲထည့်၍ ဖက်ထားရင်း သက်ပြင်း
ချလိုက်သည်။

"တစ်နေ့ကျရင် ဒီလိုအဖြစ်မျိုးနဲ့ကြုံရမယ်ဆိုတာ ငါ
ှော်လင့်ထားပြီးသားပါ၊ တကယ်တော့ နင့်ကိုငါမပိုင်ပါဘူး၊
ဆိုင်တဲ့သူပေါ်လာရင်တော့ သူ့ကိုပဲ ပြန်ပေးရမှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

"ဒါ. . ဒါပေမယ့်"

"ဘာပဲဖြစ်ဖြစ်ပါ၊ သူ့ဘက်က အထင်လွဲနေရင်တော
တစ်နေ့ကျရင် ငါသူနဲ့တွေ့ပြီး အဖြစ်မှန်တွေကို ရှင်းပြပေး
မယ်"

ထိုသို့ပြောပြီး ဆွယ်လီကိုတွဲကာ အိမ်ပေါ်သို့ ခေါ်သွ
လေတော့သည်။ အိမ်ပေါ်ရောက်တော့ ဆွယ်လီက ဘရန်ဆို
နှင့်တွေ့ခဲ့သော အကြောင်းများကိုပြန်တွေးနေမိသည်။ ကျားနေ
ဂိုဏ်းသားများလက်မှလွတ်အောင် ထွက်ပြေးခဲ့စဉ် ဘရန်ဆို
နှင့်တွေ့သဖြင့် အကူအညီပေးခဲ့ခြင်း ဖြစ်သည်။

"ဘာပဲဖြစ်ဖြစ်၊ ကျားနက်ဂိုဏ်းသားတွေကတော့ ငါ
ကို မတွေ့တွေ့အောင် မြေလှန်ရှာမှာပဲ၊ တွေ့ရင်တော့ ခွင့်လွှ
ပေးမှာမဟုတ်ဘူး သတ်မှာပဲ၊ ငါက ဗျူဟာအကြောင်းကို ကောင်
ကောင်းသိတယ်"

ဘရန်ဆိုင်းမှာ တစ်ချိန်က ကျားနက်ဂိုဏ်းဝင်တ
ယောက် ဖြစ်ခဲ့ဖူးသည်။ နောက်မှ စိတ်သဘောချင်းမတိုင်ဆို
သဖြင့် အပြင်ထွက်ပြီး လုပ်ကိုင်စားသောက်နေခြင်း ဖြစ်သည်
ဗျူဟာကတော့ ဘရန်ဆိုင်းကို သူတို့ဂိုဏ်းမှ ထွက်သွားသည်ကို
မကျေမနပ် ဖြစ်နေသည်။

"နင့်မှာကိုယ်ဝန်နဲ့ဆိုတော့ ဝေးဝေးသွားလို့လည်း မဖြ
သေးဘူး၊ အဲဒီရွာမှာ လျှို့ဝှက်ပြီး သွားနေကြမယ်၊ ကလေး
မွေးဖွားပြီးတော့မှ နောက်တစ်နေရာရွှေ့ကြတာပေါ့"

ထိုသို့ပြောပြီး နောင်ယန်းရွာသို့ခေါ် ဆောင်လာပြီး လျှို





စွာနေကြသည်။

"ကလေး အဖေက ဘယ်မှာလဲ"

ဆွယ်လီက ဘာမှပြန်မပြောပေ။ ဘရန်ဆိုင်းက ထိုအ
ကြောင်းကို ထပ်မမေးတော့ပဲ သူ သဘောကို ပြောပြလေသည်။

"ငါ နင့်ကို အမွှမယူပါဘူး၊ နင်လည်းစိတ်သောက
ဖက်နေတဲ့အချိန်ဆိုတော့ ဒီအတိုင်းပဲနေပါ၊ ကလေးမွေးပြီး
နင်နဲ့သက်ဆိုင်တဲ့သူ မလာတော့ရင်တော့ နင်ကိုလက်ထပ်
တစ်သက်လုံး စောင့်ရှောက်ပေးသွားပါမယ်"

ဟု ကတိပေးထားခဲ့ပြီး ကောင်းမွန်စွာပင် စောင့်ရှောက်
ထားခဲ့သည်။ ယခုကလေးမွေးပြီး လအနည်းငယ်ကြာတော့
မောင်ကပြန်ရောက်လာပြီဖြစ်ရာ ဆွယ်လီမှာ ဘယ်လိုရှင်းပြ
ရမှန်းပင် မသိတော့ပေ။ သို့ကြောင့် မျက်ရည်ကိုသာ အဖော်ပြု
နေရှာသည်။

ဘရန်ဆိုင်းကတော့ ယခုရက်အတွင်း၌ မကြာခဏ
မြို့သို့သွားလေသည်။ သူဘာတွေလုပ်နေသည်ကိုတော့
ဆွယ်လီမသိပေ။ တစ်နေ့တော့ မောကြီးပန်းကြီးနဲ့ ပြန်ရောက်
လာပြီး ပြောသည်။

"ဆွယ်လီ ငါ ကျားနက်ဂိုဏ်းသားတွေနဲ့ တွေ့ခဲ့တယ်၊
သူတို့ ငါတို့ကို လိုက်ရှာနေကြတယ်၊ ငါတို့ဒီနေရာမှာ ဆက်နေ
လို့ မဖြစ်တော့ဘူး"

"ဘယ်ကိုရွှေ့မှာလဲ"

"သူတို့လက်ကလွတ်အောင် ဒီနယ်နဲ့ဝေးတဲ့နေရာကို

www.burmeseclassic.com

www.burmeseclassic.com



ရွှေ့မှဖြစ်မယ်"

ဆွယ်လီစိတ်ထဲမှာတော့ မမျှော်လင့်ပဲ နီမောင်
ရောက်လာသောကြောင့် အခြားနေရာရွှေ့ပြောင်းသည်ဟု ထ
မိသဖြင့် . . .

"ကျွန်မကို ဒီမှာပဲ ထားခဲ့လို့မဖြစ်ဘူးလား"

ဟု ပြောလိုက်သည်။

"မဖြစ်ဘူး၊ နင်က သူတို့လက်ထဲက ထွက်ပြေးလာ
ဆိုတော့ တွေ့တာနဲ့ သတ်ပစ်မှာပဲ၊ နောက်ပြီး ငါမရှိရင် နင့်
ဘယ်သူမှ ကာကွယ်ပေးမှာမဟုတ်ဘူး"

ထိုသို့ပြောသဖြင့် ဆွယ်လီလည်း ဘာမှထပ်မပြော
တော့ပေ။ စိတ်ထဲမှာတော့ ဒီတစ်ခါ နေရာရွှေ့ပြီးလျှင်
နောက်ထပ် နီမောင်နှင့်ပြန်မတွေ့နိုင်တော့သည်ကို သိနေသ
မျက်ရည်များကျလာသည်။ သူမအတွက် ဘာမှမတတ်နိုင်
အခြေအနေပင် ဖြစ်ပေတော့သည်။

တစ်နေ့တော့ ဘရန်ဆိုင်းတစ်ယောက် နံနက်
ကတည်းက မြင်းဖြင့်ထွက်သွားရာ ညနေစောင်းသည်အထိ
မရောက်လာသဖြင့် စိတ်ပူနေမိသည်။ ညဦးပိုင်းအချိန်
တော့ နှင်းများကျလာသည်။ ထိုအချိန်ရောက်မှ အပြင်
မြင်းခွာသံကြားရသဖြင့် ပြတင်းပေါက်မှကြည့်တော့ မြင်း
မှောက်လျက်ပါလာသော ဘရန်ဆိုင်းကို လှမ်းမြင်ရသည်

ခြံဝန်းထဲရောက်သည်နှင့် မြင်းကရပ်လိုက်ရာ
သိ ပြုတ်ကျသွားလေတော့သည်။ ထိုအခါမှ အိမ်ပေါ်မှ



ရာပြေးဆင်းသွားသည်။ ထိုနေရာရောက်တော့ ဘရန်ဆိုင်းကို
ထူလိုက်သည်။ ဘရန်ဆိုင်း တစ်ကိုယ်လုံးမှာ သွေးများရွှဲနစ်
နေသည်။

"အစ်ကို . . အစ်ကို ဘယ်လိုဖြစ်လာတာလဲ"

ဘရန်ဆိုင်းက ပြန်မပြောနိုင်ပေ။ သို့ကြောင့် အိမ်ပေါ်
ရောက်အောင်တွဲတင်ရသည်။ အိမ်ပေါ်ရောက်မှ အခြေအနေ
ကြည့်ရာ ကိုယ်တွင်သေနတ်ဒဏ်ရာ တစ်ချက်၊ ခြေထောက်တစ်
ဖက်တွင် သေနတ်ဒဏ်ရာတစ်ချက် ထိထားသည်ကို တွေ့ရ
သည်။ ထိုဒဏ်ရာများမှ သွေးများစိမ့်ထွက်နေသည်။ သူတို့တွင်
ဆေးကောင်းဝါးကောင်းမရှိပေ။ သေနတ်ကျည်ဆံထိသော ဒဏ်
ရာမျိုးကိုလည်း မကုနိုင်ပေ။

ထို့ကြောင့် သွေးတိတ်စေရန် အဝတ်များဖြင့် အထပ်
ထပ် ဖိတ်စည်းပေးလိုက်သည်။ အိမ်မှာအဆင်သင့်ရှိသော ခန်း
တတ်မြစ်ဖြင့် စိမ်ထားသော အရက်တစ်ခွက်ကိုလည်း တိုက်
သည်။ ဒီတော့မှ သတိရလာသည်။

"အစ်ကို ဘယ်လိုဖြစ်လာတာလဲ"

"ငါ လမ်းမှာ ကျွန်းနက်ဂိုဏ်းသားတွေနဲ့တွေ့လို့ တိုက်
ခဲ့ရတယ်၊ သူတို့လူနှစ်ယောက်ကို သတ်ခဲ့ပေမယ့် ငါလည်း
ဒဏ်ရာရခဲ့တယ်"

ဆွယ်လီကတော့ မျက်လုံးပြူးနေသည်။

"သူတို့ ငါ့ကို ခြေရာခံမိသွားကြပြီ၊ မကြာခင်လူစုပြီး
ရောက်လာကြတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဘယ်လိုလုပ်မလဲ"

"ကလေးခေါ်ပြီး လွတ်ရာကိုပြေးပေတော့"

"ဒီလိုတော့ မဖြစ်ဘူး၊ အစ်ကိုက ကျွန်မဒုက္ခရောက်နေတုန်းက ကယ်တင်ခဲ့တာပဲ၊ အစ်ကို အခုလို ဒုက္ခရောက်နေတော့မှ တစ်ယောက်တည်း ကိုယ်လွတ်ရုန်းသွားဖို့တော့ ဘယ်တော့မှ မလုပ်ပါဘူး သေအတူရှင်အတူပဲ၊ ဒီမှာပဲနေမယ်"

ဘရန်ဆိုင်းက ဆွယ်လီလက်ကို ကိုင်ထားလိုက်သည်။

"နင်တစ်ယောက်တည်း သူတို့ကို ဘယ်လိုရင်ဆိုင်လို့မှမရဘူး၊ တစ်ခုတော့ရှိတယ် အကူအညီပေးနိုင်တဲ့သူရှိရင်တော့ ရချင်ရနိုင်တယ်"

"ဘယ်သူ့ကို အကူအညီတောင်းရမလဲ"

ဘရန်ဆိုင်းက အတော်ကြာအောင် စဉ်းစားနေပြီးမှ ပြောသည်။

"ဆွယ်လီ နင့်ချစ်သူနီမောင်က ဒီနယ်မှာတိုက်ခိုက်ရေးကောင်းတဲ့သူဆိုပြီး နာမည်ရှိတယ်၊ သူတို့ပြန်ရောက်နေပြီ မဟုတ်လား၊ ဘာပဲဖြစ်ဖြစ် နင့်အတွက်သူ အကူအညီလာပေးမယ်ဆိုရင်တော့ ငါတို့အတွက် မျှော်လင့်ချက်ရှိသေးတယ်"

"ဒီလိုဆိုရင်တော့ ပန်ဆောင်ကိုသွားပြီး သူတို့နဲ့ တွေ့ပါမယ်၊ ကျွန်မအကူအညီတောင်းတာကို လက်ခံရင်ခေါ်လာခဲ့ပါမယ်"

"နင်သွားရင် ကလေးကိုရွာထဲက အိမ်တစ်အိမ်မှာ အပ်ထားခဲ့ပါ၊ လမ်းမှာသွားရင်လည်း ကျားနက်ဂိုဏ်းသားတွေနဲ့ မ



တွေ့အောင် ဂရုစိုက်ပါ"

ဆွယ်လီလက်ကို တင်းတင်းဆုပ်ကာ သတိပေးသည်။

နောက်တစ်နေ့ နံနက်စောစောအချိန်မှာတော့ ဘရန်ဆိုင်းအတွက် လိုအပ်သောကိစ္စများ စီစဉ်ပေးခဲ့ပြီးကလေးကိုခေါ်ကာ ဆွေမျိုးသားချင်းတစ်ယောက်နေအိမ်၌ အကျိုးအကြောင်းပြောကာ အပ်နှံထားခဲ့သည်။

ထို့နောက် မြင်းကိုမှန်မှန်စီးပြီး ပန်ဆောင်ရွာဘက်သို့ ဦးတည်သွားလေသည်။ နံနက်စောစောအချိန်ဖြစ်သောကြောင့် လင်းမကွဲသေးပေ။ သို့ကြောင့် ရှေ့သို့သွားရမည့်လမ်းက မှုံဝါးနေသည်။ ထိုကဲ့သို့ပင် ယခုအချိန်အထိ အေးချမ်းမှုနှင့် မကြုံတွေ့ရသေးသော ဆွယ်လီ၏ဘဝခရီးလမ်းမှာလည်း ကံကြမ္မာမိုးများ ပိတ်ဆီးနေသောကြောင့် မှုန်ဝါးနေလျှက်ပင် ရှိနေသေးတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း-၁၁

# တစ်ကျော့ပြန် ဝေဒနာ

မြင်းကိုမှန်မှန်စီးသွားရာ မွန်းလွဲပိုင်းအချိန်တွင် ပန်ဆောင်ရွာသို့ ရောက်သွားသည်။ ထိုရွာရောက်တော့ စောထီး၊ ငမဲအောင်တို့နှစ်ယောက်နှင့် အရင်တွေ့ရသည်။ ထိုနှစ်ယောက်က ဆွယ်လီကိုမြင်သော်လည်း သာမန်သာဖြစ်နေကြသည်။

"နင် ဘာလာလုပ်တာလဲ"

ငမဲအောင်က မေးသည်။

"ငါ အကူအညီလိုလို့ လာခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



"နင့်ယောကျ်ားရှိနေတာပဲ၊ ငါတို့ကို တကူးတက ဘာဖြစ်လို့ အကူအညီတောင်းတာလဲ"

"သူလည်း ဒုက္ခရာရနေလို့ပါ၊ ဒါကြောင့် နင်တို့ဆီ လာခဲ့တာပါ၊ ငါ့ကိုလိုက်ပြီး အကူအညီပေးကြပါ"

"အရင်ကဆိုရင်တော့ အသက်သေသေလိုက်ပြီး အကူအညီပေးမှာပါ။ အခုတော့ နင့်အတွက် ငါတို့မလိုအပ်တော့သလို ငါတို့ကလည်း သစ္စာမရှိတဲ့သူအတွက် မပတ်သက်ချင်ပါဘူး"

ငမဲအောင်က အပြတ်ပြောပြီးနေရာမှ ထသွားရာ စောထီးသာကျန်တော့သည်။ ဆွယ်လီက စီးကျလာသော မျက်ရည်ကိုသုပ်ရင်း အသင့်ယူလာသော ငွေထုပ်ကို စောထီးရှေ့သို့ ချပေးသည်။

"နင်တို့က ငွေပေးရင် တိုက်ခိုက်တဲ့အလုပ်တွေ လုပ်ပေးကြတယ် မဟုတ်လား၊ ငါ့မှာပါတဲ့ငွေကိုယူပါ၊ ငါပြောတဲ့ အကူအညီကိုလည်း လက်ခံပေးပါ"

ဟု တောင်းပန်ပြောဆိုသဖြင့် စောထီးက သက်ပြင်းတစ်ချက်ချကာ ခေါင်းခါပြသည်။

"နင်ပေးတဲ့ငွေကိုလည်း ငါမယူပါဘူး၊ ငါတို့နှစ်ယောက်သဘောနဲ့လည်း လုပ်လို့မရဘူး၊ နီမောင်က ခေါင်းဆောင်ဆိုတော့ နင်အကူအညီလိုရင် သူ့ကိုသွားပြောပါ၊ သူက လက်ခံပေးရင်တော့ ငါတို့လိုက်ခဲ့ပါ့မယ်"

ဟု ပြောသဖြင့် ချထားသောငွေထုပ်ကို ပြန်ကောက်ယူ၍ နီမောင်နေသောနေရာသို့ ဆက်လာခဲ့သည်။ ထိုနေရာ



ရောက်တော့ ခြံဝန်းထဲရှိ ကွပ်ပျစ်ပေါ်မှာ သေနတ်များကို ထိုင်ချွတ်နေသော နီမောင်ကိုတွေ့ရသဖြင့် ခြံဝန်းထဲသို့ ဝင်သွားလေသည်။ နီမောင်က ဆွယ်လီကိုမြင်တော့ အံ့ဩနေသည်။

"နင် ဘာလာလုပ်တာလဲ"

"ငါ အကူအညီလိုလို့ နင့်ဆီလာတာပါ"

ပြောရင်း ဆွယ်လီက ကွပ်ပျစ်ပေါ် ဝင်ထိုင်သည်။

"ဘာဖြစ်လို့လဲ"

ဆွယ်လီက ဘရန်ဆိုင်းဒုက္ခရာရနေသောအကြောင်းကို ပြန်ပြောလိုက်သည်။

"မကြာခင် ကျားနက်ဂိုဏ်းသားတွေက ငါတို့ကို လာသတ်ကြတော့မယ်၊ နင်လိုက်ပြီး အကူအညီပေးပါ"

နီမောင်က သက်ပြင်းချလိုက်သည်။

"နင် အကူအညီတောင်းတာ မှားနေတယ်၊ ငါတို့အကြောင်းကို နင့်ယောကျ်ားသိပြီးထားရင် ငါလိုက်လာတာနဲ့ သူအထင်လွဲလိမ့်မယ်၊ နင် တခြားသူတွေ ခေါ်သွားရင်ပိုကောင်းမယ်"

"ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ အကူအညီပေးပါ၊ နင်နဲ့ငါနဲ့ နောက်ဆုံးတွေ့တုန်းက နင်ပြောခဲ့တဲ့ စကားတစ်ခွန်း ရှိခဲ့တယ်။ နင်နဲ့အတူရှိနေရင် ဘယ်လိုအန္တရာယ်မျိုးနဲ့ပဲတွေ့တွေ့ ငါကာကွယ်ပေးပါ့မယ်ဆိုတဲ့ စကားလေ"

"ဒါပေမယ့် အခြေအနေတွေက ပြောင်းသွားခဲ့ပြီ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာပဲဖြစ်ဖြစ် ငါတို့ကို အကူအညီမပေးချင်ရင်တောင် ငါ့သမီးလေးရဲ့ အသက်ကိုတော့ နင်ကာကွယ်ပေးပါ"

ထိုသို့ပြောပြီး အဓိပ္ပာယ်နက်ရှိုင်းလှသောအကြည့်ဖြင့် စူးစူးစိုက်စိုက်ကြည့်ရာ နီမောင်ရင်ထဲမှာ လှုပ်ခတ်သွားလေတော့သည်။ သူမသိသေးသောအကြောင်းအရာ တစ်ခုကိုပြောနေသကဲ့သို့ စိတ်ထဲမှ ထင်လိုက်မိသည်။ ဆွယ်လီက ထိုအကြောင်းကို ဘာမှထပ်မပြောတော့ပဲ ပါလာသောငွေထုပ်ကို နီမောင်ရှေ့ ချပေးလိုက်သည်။

"ဒါဘာလဲ"

"ငါ့ကို စေတနာနဲ့ မကူညီချင်တောင်မှ တန်ရာတန်ကြေးယူပြီးမှ ကူညီပေးမယ်ဆိုရင်လည်း အကူအညီပေးပါ"

နီမောင်က ငွေထုပ်ကို ပြန်ပေးလိုက်သည်။

"နင့်ဆီက ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားကို ဆုံးရှုံးသွားခဲ့ပြီးတဲ့နောက်၊ နောက်ထပ် နင့်ဆီက ဘာမှမလိုချင်တော့ပါဘူး"

ဆွယ်လီကတော့ စီးကျလာသော မျက်ရည်များကို သု ရင်းဖြင့်သာကြည့်နေရသည်။ ယခု အခြေအနေမှာတော့ ရှင်း ခွင့်လည်းမရှိ၊ ရှင်းပြဖို့အချိန်မရှိတော့ပေ။

"စိတ်မပူပါနဲ့၊ နင်ယောကျာ်းနဲ့ နင့်သမီးလေး အသက်ချမ်းသာရာရအောင် ငါတို့လိုက်ပြီး ကူညီပေးပါ့မယ်၊ ဒီလို အကူအညီပေးတာကလည်း ချစ်သူဘဝတုန်းက ငါပေးထားခဲ့တဲ့ကတိစကားကြောင့် လိုက်ပြီးအကူအညီပေးမှာပါ၊ နင့်ဆီက ဘာမှ ချင်လို့ မဟုတ်ပါဘူး၊ နင် အိမ်ထဲမှာဝင်ပြီး စားသောက်ရင်း





နားလိုက်ဦး၊ ငါစောထီးနဲ့ငမဲအောင်တို့ သွားခေါ်လိုက်ဦးမယ်"

ဟုပြောကာ အပြင်သို့ထွက်သွားလေတော့သည်။ အတော်ကြာတော့ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်နှင့်အတူ ပြန်ရောက်လာသည်။ နှစ်ယောက်စလုံး ခရီးထွက်လျှင် ယူဆောင်သည့် သေနတ်၊ လေးမြားနှင့် အခြားလက်နက်ပစ္စည်းများနှင့်အသုံးအဆောင်ပစ္စည်းများထည့်ထားသော အိတ်တစ်လုံးစီ ပါလာကြသည်။ ၎င်းတို့ပြန်ရောက်လာတော့ ဆွယ်လီကလည်း အစားအသောက်များ စားသောက်ပြီးပေပြီ။

အချိန်က ညနေပိုင်းအချိန်သာရှိသေးသည်။

"ဒီအချိန်သွားရင် ညဉ့်နက်ပိုင်းလောက်မှ ရောက်မယ်၊ နင်သွားနိုင်ပါ့မလား"

"ဖြစ်တဲ့နည်းနဲ့ ပြန်ရမယ်၊ ကလေးကသူများနဲ့ ထားခဲ့ရတယ်"

နီမောင်က မိခင်တစ်ယောက်၏သောကကို နားလည်သဘောပေါက်သဖြင့် ထွေထွေထူးထူး မပြောတော့ပဲ ၎င်းကိုင်ဆောင် သေနတ်၊ လေးမြားစသည်တို့နှင့် အခြားအသုံးအဆောင်ပစ္စည်းများကို တစ်ပါတည်းယူဆောင်ပြီး ခရီးထွက်ကြသည်။

ဟူးလောင်ရွာရောက်တော့ မှောင်စပျိုးနေပေပြီ။ ထိုရွာရောက်တော့ လွန်ခဲ့သော တစ်နှစ်ကျော်လောက်က ဘေဗီပွဲတွင် ကြုံခဲ့ရသော အကြောင်းများကို သတိရသဖြင့် နှစ်ယောက်သားရင်ထဲမှာ မကောင်းကြပေ။ ဆွယ်လီက ပိုဆိုးသည်။ မျက်စိအောက်မှာတင် အဖြစ်ဆိုးနှင့်ကြုံတွေ့ကာ အသက်သေဆုံးသွား


www.burmeseclassic.com

www.burmeseclassic.com

ကြသော မိဘများကို သတိရသဖြင့် မျက်ရည်ဝိုင်းနေသည်။

ထိုရွာမှဆက်ပြီးသွားကြရာ သန်းခေါင်ယံမတိုင်ခင်မှာ
ပင် နောင်ယန်းရွာသို့ ရောက်သွားကြသည်။ ခြံဝန်းထဲရောက်
တော့ အခြေအနေက ငြိမ်သက်နေသည်။ အိမ်မှာတော့ မှော
နေသည်။ နီမောင်တို့သုံးယောက်က မြင်းများကို တစ်နေရာ
နေရာချနေစဉ် ဆွယ်လီက အိမ်ပေါ်တက်သွားပြီး မီးအိမ်တ
လုံး ထွန်းလိုက်တော့မှ အလင်းရောင်ရလာလေသည်။

"သူတို့ လိုက်လာသလား"

ဆွယ်လီက ခေါင်းညိတ်ပြပြီး အနားသို့သွားကာ အခြေ
အနေကြည့်သည်။ ဒဏ်ရာများမှ ထွက်နေသော သွေးများက
ပတ်ထားသော အဝတ်များကို ရွှဲနေသည့်အပြင် အပြင်သို့ စိမ့်
ထွက်နေသည်။

"ကလေးဘယ်မှာလဲ"

"ရွာထဲက အသိအိမ်မှာထားခဲ့တယ်၊ အဲဒီအိမ်မှာ
ကလေးငယ်ရှိတော့ သမီးအတွက် အဆင်ပြေပါလိမ့်မယ်"

"ကလေးကိုတော့ ဒီကိုပြန်မခေါ်နဲ့၊ ဘာပဲဖြစ်ဖြစ် င
အတွက်စိတ်မပူပါနဲ့၊ နင်တို့သားအမိသာ ဂရုစိုက်ပြီးနေပါ"

ဟု လေသံတိုးတိုးဖြင့်မှာသည်။ နီမောင်တို့သုံးယော
ကတော့ ရန်သူများကို ခုခံတိုက်ခိုက်ပေးရန် လိုက်လာကြခြ
ဖြစ်သောကြောင့် ရောက်သည်နှင့် ပြင်ဆင်စရာရှိသည်များ ပြ
သည်။ ပတ်ဝန်းကျင်အခြေအနေကို လိုက်ကြည့်ကြသည်။ ထို
ကြည့်ရင်း ငမဲအောင်က မကျေနပ်သောအသံဖြင့် မေးလို





သည်။

"သူလင် သူ့သားနဲ့ ဖြစ်နေတာတောင် မင်းက အခုထိ
သူ့အပေါ် စိတ်မကုန်သေးဘူးလား"

"ဒီသဘောမျိုးနဲ့လိုက်လာတာ မဟုတ်ပါဘူး၊ အရင်
နှစ်သူ့ဘဝတုန်းက ငါသူ့ကို ပေးထားခဲ့တဲ့ ကတိတစ်ခုရှိတယ်၊
ကတိကြွေးကို ပေးဆပ်ဖို့ ငါလိုက်လာတာပါ"

"ငါတို့ကတော့ သူ့ကို အပြောင်းအလဲမြန်တဲ့ သစ္စာမရှိ
တဲ့ မိန်းမတစ်ယောက်လို့ပဲ သတ်မှတ်ထားတယ်၊ ငါတို့သဘော
ဆိုရင် မင်းသူ့ကိုဘယ်လိုကတိတွေပဲ ပေးထားထားမလာဘူး"

နီမောင်က ဘာမှမပြောတော့ပေ။ ထိုညကတော့ ရန်သူ
များ ရောက်မလာပေ။ နီမောင်တို့ကတော့ အောက်ထပ်မှာပင်
နေကာ သုံးယောက်စလုံး အခြေအနေစောင့်ကြည့်နေကြသည်။
နောက်တစ်နေ့ မိုးလင်းတော့မှ ဆွယ်လီဆင်းလာသည်။ နီမောင်
တို့က မိုးလင်းချိန်ရောက်သဖြင့် အတော်အသင့် စိတ်ချသွား
ခြင်းဖြစ်သဖြင့် အောက်ထပ်၌ရှိသော ကွပ်ပျစ်များပေါ်တွင် တရေး
တမောအိပ်ရန် ပြင်နေကြသည်။ ဆွယ်လီက သူယူလာသော
စားအသောက်များကို ပေးသည်။

"နင့်ယောကျ်ား သက်သာရဲ့လား"

ဆွယ်လီက ခေါင်းခါပြသည်။

"ငါ ရွာထဲသွားလိုက်ဦးမယ် ကလေးကတခြားအိမ်မှာ
ထားခဲ့ရတယ်"

"ကလေးကို ဒီအိမ်တော့ ခေါ်မလာခဲ့နဲ့၊ ရန်သူတွေ


www.burmeseclassic.com

www.burmeseclassic.com

က ချက်ခြင်းရောက်လာနိုင်တယ်၊ နောက်ပြီး နင်လည်း သိ
ကြာကြာမနေနဲ့၊ သူတို့နဲ့တိုးရင် နင်ရောကလေးပါ အသတ်ခံ
လိမ့်မယ်"

နီမောင် စကားသံမှာ စိတ်မချသော အသံပါနေသည်။

"နင့်ကို ဘရန်ဆိုင်းက တွေ့ချင်တယ်လို့ပြောတယ်"

"ဘရန်ဆိုင်းဆိုတာ နင်ယောကျ်ားလား၊ ငါ အပေါ်
တက်သွားလိုက်ပါ့မယ်"

ထိုသို့ပြောတော့ ဆွယ်လီကရွာထဲသို့ ထွက်သွားလေ
သည်။ နီမောင်က ပြောင်းတိုသေနတ်တစ်လက်ကို ခါးမှာထိုးပြီး
အပေါ်ထပ်သို့ တက်သွားသည်။ အိမ်ပေါ်ရောက်တော့ အိပ်ယာ
ပေါ်မှာ ပက်လက်အနေအထားဖြင့် လဲနေသော လူတစ်ယောက်
ကို တွေ့ရသည်။ သူမမြင်ဖူးသေးသော လူတစ်ယောက်ပင်ဖြစ်
၏။ တွေ့လိုက်စက သူ့အချစ်ကို လုယူထားသူဟု တွေးလိုက်
သဖြင့် စိတ်ထဲတွင် တင်းခနဲဖြစ်သွားသေးသည်။

နောက်မှချက်ခြင်းစိတ်ကို ပြန်ထိန်းလိုက်သည်။

"သူက ဒုက္ခရောက်နေတဲ့အချိန်မှာ ဒီလိုမတွေးသင့်ဘူး
နောက်ပြီး သူက ဆွယ်လီနဲ့ညားလို့ ကလေးတောင်ရနေပြီ
မကောင်းတဲ့စိတ်တွေ မတွေးသင့်တော့ဘူး၊ သူတို့အတွက် အကူ
အညီပေးစရာရှိတာပေးရုံပဲ၊ အတိတ်က ဆွယ်လီနဲ့ပတ်သက်ခဲ့တဲ့
အကြောင်းတွေကို ဒီအချိန်မှာ မေ့ထားလိုက်တာ အကောင်းဆုံး
ပဲ"

ထိုသို့ စိတ်ကိုဖြေပြီး အနားသို့ရောက်အောင် လျှောက်



လေသည်။ နီမောင် အနားရောက်လာတော့ ဘရန်ဆိုင်းက
နိုင်တော့သဖြင့် မော့ကြည့်နေသည်။ နီမောင်က နံဘေး
ဝင်ထိုင်လိုက်သည်။

"ခင်ဗျား သက်သာရဲ့လား"

ခေါင်းခါပြသည်။

"ဘာမှစိတ်မပူပါနဲ့၊ ရန်သူတွေရောက်လာရင်လည်း
များတို့မိသားစုတွေအတွက် ကာကွယ်ပေးပါ့မယ်"

"နီမောင် မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ဆွယ်လီရဲ့ချစ်သူ မဟုတ်လား၊ ဆွယ်လီက မင်းအ
ကြောင်းတွေကို မမေ့ပါဘူး"

"ကျွန်တော်က မေ့ထားလိုက်ပါပြီ၊ ကျွန်တော့်အတွက်
တော့ ခင်ဗျားတို့ အိမ်ထောင်ရေး ထိခိုက်မခံပါနဲ့"

"မင်း ထင်သလိုမဟုတ်ပါဘူး၊ ဆွယ်လီနဲ့ငါနဲ့က လင်
မယားလည်း မဟုတ်ကြသေးဘူး၊ ငါက သူဒုက္ခရောက်လာလို့
ကယ်ပေးထားတာပါ"

ထိုစကားကြားတော့ နီမောင်က မျက်လုံးပြူးသွားသည်။

"တကယ်လို့ မင်းပြန်မလာတော့လို့ သူနဲ့လက်ထပ်ရင်
တောင် ငါသူ့ကိုပဲရမှာပါ၊ သူ့အချစ်ကိုတော့ ဘယ်တော့မှရမှာ
မဟုတ်ပါဘူး"

ထိုစကားပြောနေသော ဘရန်ဆိုင်းအသံမှာ ဝမ်းနည်း
မှုများပါနေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါ . . ဒါဖြင့် ကလေး"

"သူ လူဆိုးတွေဆီက ထွက်ပြေးလာကတည်းက ကိုယ် ဝန်ပါလာတာပါ။ ဒါကြောင့် ငါက လူကြီးရော ကလေးပါ ရန်သူ တွေနဲ့ ထပ်မတွေ့အောင် စောင့်ရှောက်ပေးထားတာပါ"

နီမောင့်စိတ်ထဲမှာတော့ သူထင်ထားသော ထင်မြင် ချက်များ မှားယွင်းနေပြီဟု တွေးလိုက်မိသည်။

"ဒါ . . ဒါပေမယ့် ကျွန်တော် ခင်ဗျားဆီက သူ့ကို မယူချင်ပါဘူး၊ သူ့ကို ခင်ဗျားပဲ ပိုင်ဆိုင်သင့်ပါတယ်"

"သူနဲ့ငါနဲ့ တွေ့ကတည်းက ကတိရှိခဲ့ကြတယ်၊ ကလေး မွေးပြီးတဲ့နောက် မင်းပြန်ရောက်မလာမှသာ လက်ထပ်ကြမယ် ဆိုတဲ့ကတိပါ။ အခု မင်းပြန်ရောက်လာပြီပဲ. . . ကိုယ်မပိုင် ကောက်ရထားတဲ့ ပစ္စည်းတစ်ခုကို ပိုင်ရှင်တွေ့မှတော့ ပြန်ပေး ရမှာပေါ့၊ တကယ်တော့ ဆွယ်လီက မင်းအပေါ်မှာ တကယ် ချစ်ပြီး သစ္စာရှိတဲ့ မိန်းကလေးတစ်ယောက်ပါ"

နီမောင်စိတ်ထဲမှာ နောက်ထပ်တွေးစရာတစ်ခု ထပ်တိုး လာပေပြီ။ စကားပြောရတာပင်ပန်းသွားသောကြောင့် ဘရန် ဆိုင်းက မျက်စိမှိတ်ပြီး နားနေစဉ် နီမောင်က နေရာမှထ အောက်ထပ်သို့ ပြန်ဆင်းသွားလေသည်။ ထိုအချိန်တွင် မျက် မှိတ်ထားရင်းမှ ဘရန်ဆိုင်းမျက်နှာပေါ်သို့ မျက်ရည်များ စီးကျ လာလေသည်။ ထိုအခြေအနေကိုတော့ နီမောင် မသိတော့ပေ။

ထို့နောက်မှာတော့ ထိုအကြောင်းများကို ထပ်မတွေး တော့ပဲ ရန်သူများရောက်လာလျှင် ခုခံထိုက်ခိုက်ရန်အတွက်





ကြိုတင်ပြင်ဆင်မှုများ စတင်လုပ်ကြသည်။

သူတို့ရောက်နေသောအိမ်က ကျောက်တောင်ကိုကျော ပြီး ဆောက်ထားသော သစ်သားအိမ်ဖြစ်သည်။ နောက် ဘက်သို့ထွက်သွားလျှင် ကျောက်တောင်တွင်ရှိသော ဂူပေါက် တစ်ခုအတွင်းသို့ ရောက်သွားနိုင်သည်။ ဂူပေါက်မှာ အတော် ကျဉ်းကျယ်ပြီး ဝင်ပေါက်တစ်ခုသာရှိသည်။ ထိုနေရာကို နောက် ဆုံးခံတပ်အဖြစ် အသုံးပြုရန် နီမောင်ကစိတ်ကူးထားသည်။

အိမ်ရှေ့မှာတော့ ချာလမ်းရှိသည်။ လမ်းနှင့်အိမ်ကြား တွင် ကွက်လပ်ကျယ်သာရှိသည်။ လမ်းဘေးမှာလူတစ်ယောက် ဝင်လောက်သော ရေမြောင်းရှိသည်။ နီမောင်က ဦးစွာဝင် ပေါက်တစ်ပေါက်သာထားပြီ ခြံစည်းရိုးကို လုံအောင်ကာသည်။ မြောင်းများ၊ တွင်းများထဲတွင် ထိသေအဆိပ်သေထုပ်ထားသော သံချွန်များ နေရာအနှံ့ စိုက်ထားသည်။ အိမ်ကိုလည်း လုံခြုံ အောင်ကာသည်။ ထောင်ချောက်နှင့်ကြိုးတန်းများလည်း ဝင် ပေါက်လမ်းများမှာထားသည်။ စောထီးနှင့်ငမဲအောင်တို့ကိုလည်း ရန်သူများဝင်ရောက်လာလျှင် မည်သို့မည်ပုံ တိုက်ခိုက်ရမည်ကို အသေးစိတ်ပြောပြထားသည်။ တစ်နေ့လုံး ထိုကိစ္စများပြီးအောင် လုပ်ပြီးမှ ဆွယ်လီစီစဉ်ပေးသော အစားအသောက်များကို စား သောက်ပြီး တစ်ရေးအိပ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း-၁၂

# မျှော်သောသူကိုမရှာပဲနှင့် တွေ့ရခြင်း

**အ**ချိန်က ညဦးပိုင်းအချိန် ကျော်လာခဲ့ပြီဖြစ်သည်။ ရောင်က မှုံပျပျရှိပြီး ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းများ ကျ င်းနေသည်။ ညအချိန်ရောက်တော့ ရွာနှင့်ဝေးသော ထိုနေ တစ်ဝိုက်မှာ တိတ်ဆိတ်ငြိမ်သက်နေလေသည်။

ထိုအချိန်ရောက်တော့မှ နီမောင်တို့လက်နက်များတို ဆင်သင့်ပြင်ကာ အခြေအနေစောင့်ကြည့်ကြသည်။ စောထီး

www.burmeseclassic.com

www.burmeseclassic.com



နှင့်ငမဲအောင်တို့နှစ်ယောက်က တစ်နေရာစီမှာ ခွဲစောင့်ကြ
နီမောင်က ခြံပေါက်ဝ တည့်တည့်နေရာ အောက်ထပ်မှာ ထို
စောင့်သည်။ တစ်အိမ်လုံး မီးမထွန်းပဲထားသောကြောင့် မှေ
မှောင်နေလေသည်။ နီမောင်က သေနတ်ကို နံဘေးနားမှ
ထားပြီး အတွေးကောင်းနေသည်။ သူ့ခေါင်းထဲမှာတော့ မ
လည်က ဘရုန်ဆိုင်းပြောလိုက်သော စကားများက ရော
နေသည်။ ထိုစကားများကြားတော့ ဘယ်လိုဆုံးဖြတ်ရမည်ကို
မသိအောင်ဖြစ်နေတော့သည်။

"ဆွယ်လီကို သူ့လက်ထဲက ပြန်ယူလိုက်ရင်ကော
တရားပ့ါမလား၊ ငါနောက်ဆုတ်သွားပြီး ဒီအတိုင်းထားခဲ့ရ
ကော တရားပ့ါမလား"

ညဉ့်နက်ပိုင်းရောက်တော့ ဆွယ်လီက အပေါ်မှဆင်း
လာပြီးသူနှင့် မနီးမဝေးမှာ လာထိုင်သည်။

"နင် ချွေးတပ်စခန်းက ဘယ်လိုလွတ်လာတာလဲ"

ထိုသို့မေးသဖြင့် သူတို့သုံးယောက်ပြန်လွတ်လာသေ
အကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ငါ ဟိုရောက်နေတဲ့ တစ်နှစ်ကျော်အချိန်ကာလ
နင့်ကို နေ့တိုင်းသတိရခဲ့တယ်၊ အချိန်နဲ့အမျှ နင့်ဆီပြန်ရောက်
ပဲ အာရုံရောက်နေခဲ့တယ်၊ ဒါပေမယ့် ငါပြန်မလာနိုင်ခဲ့ဘူး"

ဆွယ်လီက သူ့ကိုသာကြည့်နေသည်။

"နင့်အပေါ်မှာ ငါတာဝန်မကျေခဲ့ဘူး၊ ငါ့ကိုခွင့်လွှတ်
ပေးပါ"



"နင့်ဘက်က သစ္စာပျက်တာမှမဟုတ်တာ၊ ငါ့ဘာမှ
ပြောစရာမရှိပါဘူး၊ ကံကြမ္မာဝဋ်ကြွေးရှိလို့သာ ခံရတယ်လို့ သ
ဘောထားပါတယ်၊ နင်ထွက်သွားကတည်းက ငါ့ဘဝ မုန်တိုင်း
ဆန်ခဲ့တာ အခုထိမရပ်သေးပါဘူး၊ အဖေနဲ့အမေလည်း မရှိ
တော့ဘူး၊ မောင်လေးကလည်း ဘယ်ရောက်နေမှန်း မသိဘူး၊
စည်းစိမ်ဥစ္စာတွေလည်း ဘာမှမရှိတော့ဘူး၊ ဒါပေမယ့် ငါဝမ်းမ
နည်းပါဘူး၊ နင်နဲ့မဆုံဖြစ်ခဲ့တာတွေကိုပဲ စိတ်မကောင်း ဖြစ်နေ
ခဲ့တာပါ"

"ငါလည်း ဒီလိုပါပဲ၊ ဘရုန်ဆိုင်းက နင်တို့အကြောင်း
တွေကိုပြောပြခဲ့တယ်"

"ငါ သူနဲ့လက်ထပ်မထားပါဘူး၊ ဒါပေမယ့် သူက ငါရဲ့
ကျေးဇူးရှင်တစ်ယောက်ပါ"

"မှန်ပါတယ်"

နီမောင်က ဒါပဲပြောပြီး ဘာမှဆက်မပြောတော့ပေ။
သူ မေးချင်သောမေးခွန်းအချို့ရှိနေသော်လည်း မေးသင့်မမေး
သင့် စဉ်းစားနေသည်။ ဆွယ်လီ ဘယ်လိုဆုံးဖြတ်မည်ကို သိချင်
နေသည်။ နောက်တစ်ခုက မေးချင်သော်လည်း မမေးရက်ပဲ
ဖြစ်နေသည်။

"နင် ချွေးတပ်စခန်းပါသွားပြီးတဲ့နောက် ငါမှာကိုယ်ဝန်
ကျန်ခဲ့တယ်"

"ဟင်"

နီမောင်တစ်ကိုယ်လုံး ကျင်စက်ဖြင့်တို့လိုက်သလိုပဲ သို့

www.burmeseclassic.com



တုန်လှုပ်သွားလေသည်။

"ငါ့ကို ခါးပြတွေ ဖမ်းခေါ်သွားပြီးတဲ့နောက် ဓားပြဂိုဏ်းခေါင်းဆောင်က သူနဲ့ရတဲ့ကိုယ်ဝန်လို့ထင်ပြီး ငါ့ကိုမသတ်ပဲ ကောင်းကောင်းမွန်မွန် ထားခဲ့တယ်၊ သိပ်မကြာဘူး ငါ ထွက်ပြေးခဲ့တော့ ဘရန်ဆိုင်းနဲ့တွေ့ပြီး စောင့်ရှောက်ပေးထားခဲ့တာပါ"

"ဒီအကြောင်းတွေကို ဘာကြောင့်မပြောခဲ့တာလဲဟင်"

"ငါ့မှာပြောပြဖို့ အခွင့်အရေးမရခဲ့ပါဘူး"

ဟုပြောကာ စီးကျလာသော်မျက်ရည်ကိုသုတ်သည်။

"ဒီအကြောင်းတွေကြားရတာ . . ငါတကယ်ပဲ စိတ်မကောင်းပါဘူး၊ ဒါဖြင့် သမီးလေးက ငါတို့နှစ်ယောက်ရဲ့ ရင်သွေးပေါ့နော်"

မျက်ရည်သုတ်ရင်း ခေါင်းညိတ်ပြသည်။

"နင် ဘယ်လိုဆုံးဖြတ်မှာလဲဟင်"

"အဲဒါ နင်ဆုံးဖြတ်ပေးရမှာ မဟုတ်ဘူးလား"

"ငါကတော့ သမီးလေးနဲ့နင့်ကို ဘယ်ခွဲချင်ပါတော့မလဲ၊ ဒါပေမယ့် ငါ ဒီလိုလုပ်ရင် တရားပါ့မလား"

"ဘရန်ဆိုင်းက ငါတို့သားအမိအပေါ်မှာ နားလည်ပေးနိုင်ပါတယ်"

"ကဲ . . ကဲ အပြင်မှာ အေးလာပြီ နင်အပေါ်တက်တော့၊ မနက်ဖြန် ငါ့သမီးလေးဆီသွားရင် ငါလိုက်ကြည့်ပါရစေ"

ထို့နောက် ဆွယ်လီက အပေါ်သို့ပြန်တက်သွားသည်။



ထိုညက အပေါ်ထပ်တွင် ဒဏ်ရာရနေသော ဘရန်ဆိုင်း၏ ညည်းညူသံများကို အဆက်မပြတ်ကြားနေရသည်။ ကျည်ဆံ ထိထားသော ဒဏ်ရာများက အတော်ပင်ဆိုးဝါးလာဟန်ရှိသည်။

သို့သော် ဆေးဝါးလည်းမရှိ၊ ကုသပေးနိုင်မည့်ဆရာလည်းမရှိသောနေရာဖြစ်သဖြင့် ဘာမှမတတ်နိုင်ပေ။ ထိုညက တစ်ညလုံး စောင့်ကြသော်လည်း ရန်သူများကရောက်မလာသေးပေ။

နောက်တစ်နေ့နံနက်ပိုင်း ဆွယ်လီရွာထဲသွားတော့ နီမောင်ပါလိုက်သွားလေသည်။ အိမ်တစ်အိမ်ရောက်တော့ ကလေးတစ်ယောက်ကို ပွေ့ချီထားသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။ ထိုအမျိုးသမီးကအပြင်သို့ထွက်လာပြီး ကလေးကိုဆွယ်လီကိုပေးသည်။

ဆွယ်လီက ပွေ့ယူပြီးမှ နီမောင်ကိုကြည့်သည်။ ပြီးမှ ကလေးကိုပေးသည်။ နီမောင်က ပွေ့ချီယူလိုက်သည်။ ကလေးကို ပွေ့ချီယူလိုက်၍ ရင်ခွင်ထဲရောက်လာသောအချိန်၌ အရာအားလုံးကို မေ့လျော့သွားလေသည်။ ရင်ထဲမှာလည်း တစ်ကြိမ်တစ်ခါမှ မဖြစ်ပေါ်ဖူးသော ကြည်နူးဝမ်းသာမှုများ ဖြစ်ပေါ်နေသည်။ ကလေးထိမ်းပေးနေသော အမျိုးသမီးက သူတို့နှစ်ယောက်ကို ဇဝေဇဝါဖြင့် တစ်ချက်ကြည့်ပြီး အိမ်ထဲပြန်ဝင်သွားလေသည်။

"ဒါ . . ဒါ ငါ့သမီးလေးလားဟင်"

ဆွယ်လီက ခေါင်းညိတ်ပြသည်။

"သူ့ကြောင့်သာ ငါအခုအချိန်ထိ အသက်ရှင်နေသေး

www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သူသာမရှိခဲ့ဘူးဆိုရင် လူဆိုးတွေလက်ထဲပါသွားကတည်းက ကိုယ့်ဖာသာသတ်သေတာကြာလှပေါ့"

"ငါ့သမီးလေးကို အခုလို အန္တရာယ်တွေကြားက လူ့လောကရောက်အောင် ပို့ပေးခဲ့တဲ့နင့်ကို ငါကျေးဇူးတင်ပါတယ်၊ အခုအချိန်ကစပြီး နင်တို့သားအမိကို ငါကာကွယ်စောင့်ရှောက်ပေးပါတော့မယ်"

ဆွယ်လီကတော့ ဝိုင်းတက်လာသောမျက်ရည်စတို့ကို မသုတ်ပဲ တစ်ချက်ကြည့်သည်။ ထို့နောက်မှာတော့ ကလေးကို ရွာခံအမျိုးသမီးထံ ပြန်အပ်ထားခဲ့ပြီး အိမ်သို့ပြန်လာသည်။

နေ့လည်ဘက်ရောက်တော့ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကို ပတ်ဝန်းကျင်အခြေအနေကို လေ့လာစုံစမ်းဖို့ လွှတ်လိုက်ရာ မြင်းကိုယ်စီဖြင့် ထွက်သွားကြလေသည်။ ထိုအချိန်ရောက်မှ ဘရန်ဆိုင်းကခေါ်သဖြင့် နီမောင်က အနားသွားလေသည်။

"မင်းသမီးလေးကို တွေ့ခဲ့ရပြီလား"

နီမောင်က ခေါင်းညိတ်ပြသည်။

"ကျွန်တော့်သမီးလေးကို အခုလို လူလောကရောက်အောင် ကူညီပေးခဲ့တဲ့ ခင်ဗျားရဲ့ကျေးဇူးကို ကျွန်တော် တစ်သက် ဘယ်တော့မှ မမေ့ပါဘူး၊ ခင်ဗျားရဲ့အသက်ကိုလည်း ကျွန်တော့် အသက်နဲ့ရင်းပြီး ကာကွယ်ပေးပါ့မယ်"

"မင်းဆီက ဒီလိုစကားကြားရတာ ငါကျေနပ်ပါတယ်၊ ဒါပေမယ့် ငါ့ဒဏ်ရာအခြေအနေကို ငါသိပါတယ်၊ မရနိုင်တော့



ဘူးထင်ပါတယ်"

"ဒီလောက်လည်း အားမလျှော့ပါနဲ့၊ အန္တရာယ်တွေကင်းသွားရင် ဆေးဆရာရှိတဲ့ရွာကို ခေါ်သွားပြီးတော့ ဆေးကုပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမယ့် ငါသိပါတယ်၊ မကြာခင် ငါ့ကိုသတ်ဖို့ သူတို့ရောက်လာတော့မှာပါ၊ ငါက သေသူဖြစ်နေပါပြီ၊ ဒီတော့ ငါ့အတွက်မငဲ့ပဲ ဆွယ်လီနဲ့ကလေးကို ခေါ်ပြီး မင်းတို့ဘေးကင်းတဲ့ နေရာထွက်သွားရင် အချိန်ရနိုင်သေးတယ်"

ထိုစကားကြားတော့ နီမောင်က ခေါင်းခါပြလိုက်သည်။

"ဒီလိုသစ္စာမရှိတဲ့အလုပ်၊ တာဝန်မဲ့တဲ့အလုပ်မျိုးကို ကျွန်တော့်တစ်သက် ဘယ်တော့မှမလုပ်ဘူး၊ ခင်ဗျားက ဆွယ်လီနဲ့သမီးလေးတို့ရဲ့အသက်ကို ခင်ဗျားအသက်နဲ့ရင်းပြီး ကာကွယ်ပေးခဲ့တယ်၊ ခင်ဗျားဒုက္ခရောက်နေတော့မှ ဒီအတိုင်းပစ်ထားခဲ့ရင် ဘယ်တရားပါ့မလဲ၊ ဘာမှအားမငယ်ပါနဲ့ ခင်ဗျားကို ကျွန်တော့်အသက်နဲ့လဲပြီး ကာကွယ်ပေးပါ့မယ်"

ဟု ဘရန်ဆိုင်းလက်ကိုကိုင်ပြီး ပြောလိုက်သည်။

အတန်ကြာမှ ဘရန်ဆိုင်းက ဆက်ပြောသည်။

"နီမောင် ငါမင်းကိုပြောစရာရှိတယ်"

နီမောင်က ခေါင်းညိတ်ပြသည်။

"ငါ့နာမည်က ဘရန်ဆိုင်း မဟုတ်ဘူး၊ ရမ်နေလို့ ခေါ်တယ်၊ ငါလည်း တစ်ခါက မင်းတို့လိုပဲ ကိုယ်အဖွဲ့နဲ့ကိုယ် လမ်း

www.burmeseclassic.com

www.burmeseclassic.com

ပြလည်းလုပ်၊ တိုက်ခိုက်တဲ့အလုပ်တွေကိုလည်း လုပ်ခဲ့တယ်"

'ရမ်နော်'ဆိုသောနာမည်ကို တစ်နေရာမှာ ကြားဖူးခဲ့သည်ထင်သဖြင့် စဉ်းစားကြည့်နေသည်။ သို့သော် ချက်ချင်းအဖြေမရပေ။

"ငါ့မှာ အဖော်နှစ်ယောက်ရှိတယ်၊ ထန်လုံနဲ့ငထင်လို့ခေါ်တယ်၊ ဗျူဟတို့ မားဖြူကိုဏ်းကထွက်ခဲ့ပြီးတော့ သူတို့နဲ့အတူလမ်းပြလုပ်ခဲ့ရင်းနဲ့ တစ်နေ့တော့ တောထဲမှာပျက်ကျနေတဲ့လေယာဉ်ပျက်ကြီးကို ငါတို့တွေ့ခဲ့ကြတယ်"

"ဟင်"

"အဲဒီလေယာဉ်ပျံပျက်ကြီးပေါ်မှာတွေ့တဲ့ ရွှေသေတ္တာနဲ့ လက်နက်တွေကို ငါတို့သုံးယောက်တစ်နေရာမှာ ဝှက်ထားခဲ့ကြတယ်၊ နောက်တော့ ငါတို့သုံးယောက်အပြန်မှာ အင်္ဂလိပ်စစ်သားတွေနဲ့တွေ့လို့ အဖမ်းခံခဲ့ကြရတယ်"

ရမ်နော်က စကားပြောရင်း မောလာသဖြင့် ရပ်လိုက်ရာ နီမောင်က ဆေးဖြင့်စိမ်ထားသော အရက်တစ်ခွက်တိုက်လိုက်သည်။ အတန်ကြာတော့မှ စကားပြန်ဆက်သည်။

"အဲဒီလို အဖမ်းခံရင်းနဲ့ ငထင်ကကျားဆွဲလို့ သေသွားခဲ့တယ်၊ နောက်တော့ ထန်လုံနဲ့ငါနဲ့ ထွက်ပြေးကြရင်းနဲ့ လူချင်းကွဲသွားခဲ့တယ်၊ အခုထိ သူနဲ့ပြန်မတွေ့ရတော့ဘူး"

ရမ်နော့ထံမှ ထိုစကားကြားတော့ ရမ်နော်ဆိုသောနာမည်ကို မှတ်မိလာသည်။ ထန်လုံနှင့်တွေ့ခဲ့ရသောအကြောင်းကို ဆက်စပ်ကာ သတိရလာသည်။





"သူမရှိတော့ပါဘူး"

ထိုစကားကြားတော့ ရမ်နော်က အံ့ဩသောအမူအယာဖြင့် ကြည့်နေသည်။

"မင်းသူ့ကိုသိသလား"

နီမောင်က မမျှော်လင့်ပဲထန်လုံနှင့် တွေ့ခဲ့ရသောအကြောင်းများကို ပြန်ပြောပြလိုက်သည်။

"ဒါဖြင့် သူလည်းမရှိတော့ဘူးပေါ့၊ သူ့ဆီက မြေပုံကရော ဘယ်မှာလဲ"

"ကျွန်တော့်ကိုပေးလိုက်ပါတယ်၊ သူက ရမ်နော်ဆိုတဲ့သူတစ်ယောက်ကို ရှာဖို့ပြောလိုက်ပါတယ်"

နီမောင် သူ့ဆီမှာ ကိုယ်နှင့်မကွာဆောင်ထားသော မြေပုံတစ်ပိုင်းကို ထုတ်ပြီး ရမ်နော်ကိုပေးလိုက်သည်။ သူကယူ၍ အသေအချာကြည့်ပြီးမှပြောသည်။

"ဟုတ်တယ်၊ ဒါထန်လုံဆီကမြေပုံပဲ၊ သူပြောလိုက်တဲ့ ရမ်နော်ဆိုတာငါပဲ၊ ငါ့ဆီမှာ မြေပုံနှစ်ခုရှိသေးတယ်"

ထိုသို့ပြောပြီး ခေါင်းအုံးအောက်မှာထားသော မြေပုံနှစ်ခုကိုထုတ်ကာ ဆက်စပ်ကြည့်သောအခါ ပိတ်စပေါ်မှာ သစ်ဆေးဖြင့်ရေးထားသော မြေပုံကြမ်းတစ်ချပ် ဖြစ်လာသည်။

"နီမောင် မင်းကတော့အတော် ကံကောင်းတဲ့လူပဲ၊ ငါတို့သုံးယောက်လုံး ဖမ်းခေါ်သွားတဲ့ မိန်းမနဲ့ကလေးကိုလည်း ပြန်ရှာချင်လို့မှ ဆက်စပ်လို့မရတော့ဘူးလို့ ထင်ထားတဲ့ မြေပုံတစ်ပိုင်းလည်း ရလာသေးတယ်"


www.burmeseclassic.com

www.burmeseclassic.com

နီမောင်ကတော့ ဘာမှပြန်မပြောတော့ပေ။

"ဒီမြေပုံသုံးခုစလုံး ငါမင်းကိုပေးလိုက်ပါ့မယ်၊ မြေပုံထဲမှာပါတဲ့ အညွှန်းတွေအတိုင်း လိုက်ရှာရင် ငါတို့သုံးယောက် ဝှက်ထားခဲ့တဲ့ ရွှေသေတ္တာနဲ့ သေနတ်တွေကို မင်းတို့တွေ့လိမ့်မယ်"

ထိုသို့ပြောပြီး မြေပုံသုံးပိုင်းကို နီမောင်ကိုပြန်ပေးသည်။

"ခင်ဗျားယူထားပါ။ ကျွန်တော်က ဒါတွေကို မမက်မော ပါဘူး"

"ငါက သေလူဖြစ်နေပါပြီကွာ ဒါတွေမလိုတော့ပါဘူး မင်းတို့သွားရင် ကျားနက်ဂိုဏ်းသားတွေရဲ့ အန္တရာယ်လည်းရှိ တယ်၊ အင်္ဂလိပ်စစ်သားတွေရဲ့ အန္တရာယ်တွေနဲ့လည်း တွေ့ရ နိုင်တယ်၊ ကျားနက်ဂိုဏ်းသားတွေက ငါကိုလိုက်ရှာနေကြတာ မြေပုံကိုလိုချင်ကြလို့ပဲ"

ထိုသို့ပြောပြီး မျက်စိမှိတ်ကာ နားနေလေသည်။ သို့ ကြောင့် နီမောင်က မြေပုံသုံးပိုင်းကို အိတ်ထဲထည့်ကာ အောက် ထပ်ပြန်ဆင်းလာသည်။

ညနေပိုင်းအချိန်ရောက်တော့မှ ရန်သူများအခြေအနေ ကို သွားရောက်စုံစမ်းကြသော စောထီးနှင့်ငမဲအောင်တို့ ပြန် ရောက်လာကြသည်။

"အခြေအနေ ဘာထူးသလဲ"

"သူတို့လာနေကြပြီ၊ ၁၅-ယောက်လောက်ရှိတယ်၊ ည ဦးပိုင်းအချိန်တော့ ဒီနေရာကို ရောက်လာကြမှာသေချာတယ်





"၁၅-ယောက်ဆိုတော့ ငါတို့သုံးယောက်၊ တစ်ယောက် ကို ငါးယောက်နှုန်းနဲ့ သတ်နိုင်ရင်ပြီးပါတယ်"

"ဘာပဲဖြစ်ဖြစ်၊ ငါတို့ဘက်ကတော့ ပြင်ဆင်စရာရှိတာ တွေတော့ ပြင်ထားရမယ်"

ထိုသို့ပြောပြီး အိမ်အောက်ထပ်ကို လုံခြုံအောင်ကာ ခြင်း၊ ကျည်ဒဏ်ခံနိုင်သောသစ်တုံးများ နေရာအနှံ့မှာချထား ခြင်း၊ မြှုလုပ်ထားသော ထောင်ချောက်များစစ်ဆေးခြင်း၊ လက် နက်များကို အဆင်သင့်ပြင်ခြင်းများ ပြုလုပ်ကြသည်။

ထို့ပြင် အကြောင်းရှိပါက ထွက်သွားနိုင်သော ဂူပေါက် များကိုကြည့်ရှုခြင်း၊ မြင်းများကို လုံခြုံစိတ်ချရသောနေရာများ သို့ပြောင်းထားခြင်း စသော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထား ကြသည်။

ထို့ပြင် ဒဏ်ရာဖြင့် နေရာမရွှေ့နိုင်တော့လည်း ရမ်နော ကို ကျည်အပြည့်ထည့်ထားသော သေနတ်တစ်လက်ပေးထား ပြီးနောက် နေရာယူကာ စောင့်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း-၁၃

# အာဃာတ ရန်ကြွေးများ

နေဝင်သွားသည်နှင့် သုံးယောက်သား သေနတ်၊
များတို့ကို သက်ဆိုင်ရာနေရာများတွင် အဆင်သင့်ထားပြီး
ခွဲပြီး နေကြသည်။ နေရာမရွေ့နိုင်သော ရမ်နောကိုတော့
ည်ဆံထည့်ထားသည့် သေနတ်တစ်လက် ပေးထားသည်။
ယ်လီကတော့ အိမ်ပေါ်မှာ ရှိနေသည်။

ဆွယ်လီမှာ ရမ်နောအတွက် စိတ်မကောင်းဖြစ်နေသ
နီမောင်အတွက်လည်း စိတ်ပူနေသည်။ တစ်ကြိမ်းဝေးခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ပြန်တွေ့စပင်ရှိသေးသော ချစ်သူကို တစ်ခုခုဖြစ်သွားမှာ ရိမ်နေမိသည်။ ယခုကြုံတွေ့ရင်ဆိုင်ရမည့် အခြေအနေက အတွက်ရော အားလုံးအတွက်ပါ ကြိုတင်ခန့်မှန်း၍မရ အခြေအနေမျိုး ဖြစ်သည်။

နီမောင်က ဝင်ပေါက်တည့်တည့်တွင် သေနတ် လက်ကို အဆင်သင့်ပြင်ထားကာ နေရာယူထားသည်။ ညဦး အချိန်ရောက်တော့ ဆွယ်လီအပေါ်မှ ဆင်းလာပြီး အနား လာသည်။

"နီမောင် သတိထားနော်၊ ဒီတစ်ခါတော့ နင်တင် ဖြစ်သွားလို့မဖြစ်ဘူး"

"စိတ်ချပါ ဆွယ်လီရယ်၊ နင်နဲ့ငါ့သမီးလေးအတွက် အနိုင်တိုက်မှာပါ၊ ရမ်နော့ရော သက်သာရဲ့လား"

ဆွယ်လီက ခေါင်းခါပြသည်။

"ဒီပွဲပြီးသွားရင် သူ့ကိုပါ ရွာကိုခေါ်သွားပြီး ဆေးကု မှဖြစ်မယ်"

"သူ့အခြေအနေက မကောင်းဘူး"

"ဒါပေမယ့် ဆေးကောင်းကောင်းနဲ့ကုပေးရင်တော့ ကောင်းသွားမှာပါ"

ဆွယ်လီက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါ သူနဲ့ဒီအိမ်မှာ လတွေအတော်ကြာအောင် နေခဲ့ရတယ်၊ နင် ငါ့ကို ခွင့်လွှတ်ပေးနိုင်ပါ့မလား"

"ငါ ဒီလောက်သဘောထားမသေးပါဘူး၊ နော



အတွက် တခြားရွေးချယ်စရာ ဘာမှမရှိတာ ဒီလိုပဲလုပ်ရမှာ ငါ့သမီးလေး ချောချောမောမောနဲ့ လူ့လောကရောက်လာခဲ့ တိုပဲ ငါကျေနပ်ပါတယ်၊ တခြားဘာမှ စိတ်ထဲမှာမထားပါ

"ဘာပဲဖြစ်ဖြစ် ငါက အရင်လိုဘဝမျိုးမဟုတ်တော့"

"တော်ပါတော့ ဆွယ်လီရယ်၊ ငါ နင့်ကိုချစ်ခဲ့တာ အရှုံး တ်တွက်ပြီး ချစ်ခဲ့တာမဟုတ်ပါဘူး၊ နင်ဘာတွေပဲဖြစ်ဖြစ် ခွင့်လွှတ်ပေးနိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် နင့်ဘဝကို ငါအရင်ဆုံး ဆိုင်ခွင့်ရခဲ့တာပဲ မဟုတ်လား၊ ကျန်တာတွေက အရေးမကြီး ပါဘူး"

ဆွယ်လီက ဘာမှပြန်မပြောပေ။

"နင့်ဘာမှစိတ်သောက ရောက်မနေပါနဲ့၊ နင်ဘဝမှာ တွေ့ခဲ့ရတဲ့ ဘဝဆိုးအဖြစ်ဆိုးတွေကိုသာ မေ့ပစ်လိုက်ပေ ငါနင့်ကို တစ်သက်လုံး သစ္စာရှိရှိနဲ့လက်တွဲပြီး စောင့် တ်ပေးသွားပါ့မယ်"

ဒီတော့မှ ဆွယ်လီက မျက်ရည်ဝိုင်းနေသောမျက်လုံး ကြည့်ကာ. . .

"ငါတို့နှစ်ယောက် နောက်ဆုံးတွေ့ခဲ့ကြတဲ့ညက အဖြစ် တ်ကလေးက ငါ့အသက်ကိုကယ်ခဲ့တာပါ၊ တကယ်လို့သာ ဖြစ်ခဲ့လို့ သမီးလေးမရှိခဲ့ရင် ငါအသက်သေတာကြာပါပြီ ကျေးဇူးတင်ပါတယ်"

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ငါကလည်း ငါတို့ရဝ်သွေးလေးကို လူ့လောက ရော
တဲ့အထိ စောင့်ရှောက်ပေးခဲ့တဲ့ နင့်ကိုကျေးဇူးတင်ရမှာပါပဲ"

ထိုသို့ပြောနေကြစဉ် အဝေးမှမြင်းခွာသံသဲ့သဲ့ကြားလ
ရသဖြင့် စကားဖြတ်လိုက်သည်။

"ဆွယ်လီ ငါနောက်က အကာအကွယ်တွေမှာပဲ
တော့၊ အိမ်ပေါ်မှာ အဝေးကပစ်တဲ့ကျည်ဆံတွေ ရောက်နိုင်
တယ်"

ထိုသို့ပြောပြီး ဆွယ်လီကို နောက်မှာပင်ထားသည်။ ပြီး
သေနတ်ကိုပြင်ကာ စောင့်ကြည့်နေသည်။ ကြားနေရသော မြင်း
ခွာသံများက အတော်နီးသောနေရာရောက်တော့မှ ရပ်တံ့သွား
သည်။ နောက်ထပ်မကြားရတော့ပေ။

ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များဖုံးနေသောကြောင့်
မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မမြင်ရပေ။ အတော်ကြာတော့
ခြံပေါက်ဝသို့ လူတစ်ယောက်ရောက်လာပြီးရပ်သည်။ လက်ထဲ
မှာ သေနတ်တစ်လက်ကိုင်ထားသည်။ သူက ခြံဝရောက်တော့
မဝင်ပဲ ရပ်လိုက်သည်။ သို့ကြောင့် နီမောင်က သေနတ်ကိုထား
ခဲ့ပြီး အိမ်အပြင်သို့ထွက်လိုက်သည်။

"မင်း ဘယ်သူလဲ"

ခြံဝရပ်နေသူက လှမ်းမေးသည်။

"ငါ ဘယ်သူလဲဆိုတာပြောပြလည်း သိမှာမှ မဟုတ်
တာ"

"ဘာလာလုပ်တာလဲ"





"ငါတို့က ကျားနက်ဂိုဏ်းသားတွေပဲ"

"ဓားပြဂိုဏ်းသားတွေပဲ၊ ဓားပြတိုက်ဖို့ဆိုရင်တော့ အ
ချိန်ကုန်ခံမနေနဲ့တော့ ဒီအိမ်မှာဘာမှမရှိဘူး"

"ငါတို့ ပစ္စည်းလိုချင်လို့လာတာမဟုတ်ဘူး ဘရန်ဆိုင်း
ကို လိုချင်လို့လာတာ၊ သူနဲ့အတူ မိန်းမတစ်ယောက်လည်း ဒီမှာ
ရှိတယ်မဟုတ်လား"

"ဘယ်သူမှမရှိဘူး"

"မင်း လိမ်ပြောလည်း ငါတို့မယုံဘူး၊ ဘရန်ဆိုင်းက
ငါတို့အဖွဲ့က သစ္စာဖောက်တစ်ယောက်ပဲ၊ ဒါတင်မကသေးဘူး
မိန်းမတစ်ယောက်အတွက် ငါတို့အဖွဲ့သားတွေကိုပါ သတ်သွား
တယ်၊ သူဒီမှာရှိတာ ငါတို့သိတယ်၊ သူ့ကိုထုတ်ပေးရင် မင်းတို့ကို
အသက်ချမ်းသာခွင့်ပေးမယ်"

"ဒီမှာ ဘရန်ဆိုင်းမရှိဘူး"

ထိုသို့ပြောသည်နှင့် သေနတ်ဖြင့်ပစ်ရန်ပြင်သည်။ ထို
အချိန်မှာပင် အမှောင်ရိပ်တွင်းမှ ထွက်လာသော မြားတံတစ်
ချောင်းက သေနတ်သမားကို ဝင်ရောက်ထိမှန်ရာ အသံမထွက်
နိုင်ပဲ လဲကျသွားလေတော့သည်။

ထိုအခိုက်မှာပင် အမှောင်ထဲမှ သေနတ်သံများထွက်
လာရာ နီမောင်က သစ်တုံးနောက်သို့လှဲချလိုက်ပြီး သေနတ်ကို
ကောက်ယူလိုက်သည်။ နောက်တော့ သေနတ်သံများ ငြိမ်ရပ်
သွားသည်။

ကြည့်လိုက်တော့ ခြံစည်းရိုးရှိရာသို့ ချဉ်းကပ်လာသော


www.burmeseclassic.com

www.burmeseclassic.com

လူများကို လှမ်းမြင်ရသည်။ အားလုံး ၁၅-ယောက်ခန့်ရှိပေလိမ့် မည်။ ပစ်ကွင်းကောင်းသည်နှင့် သုံးယောက်စလုံးသေနတ်များ ဖြင့်ပစ်ရာ ခြံစည်းရိုးနားရောက်နေသူများမှ သုံးယောက်လဲကျ သွားသည်။

မမျှော်လင့်ပဲ သေနတ်ဖြင့် အပစ်ခံလိုက်ရသဖြင့် ကျန် လူများက အကာအကွယ်ရစေရန် မြောင်းထဲသို့ ခုန်ဆင်းလိုက် ကြသည်။ ထိုအခြေအနေက ပိုဆိုးသည်။ မြောင်းတလျှောက် တွင် အဆိပ်လူးထားသော ဝါးချွန်များရှိနေရာ ထိမိသူများ ပြန် မတက်လာနိုင်တော့ပေ။ အချို့လောက်သာ ပြန်တက်လာပြီး အိမ်ရှိရာသို့ သေနတ်များဖြင့် ဝိုင်းပစ်ကြသည်။

နီမောင်တို့ကတော့ ထိုကဲ့သို့မပစ်ပဲ ချက်ကောင်းကို ကြည့်ပြီးတစ်ယောက်ချင်းပစ်သည်။ နီမောင် အသုံးပြုသော သေနတ်တွင် ညဘက်ပါမြင်နိုင်သည့် မှန်ပြောင်းပါသဖြင့် တပန်း သာနေသည်။

ကျားနက်ဂိုဏ်းသားများက ထိုကဲ့သို့စနစ်တကျ ပြန်လည် တိုက်ခိုက်နိုင်သူ မရှိဟုထင်သဖြင့် ရဲရဲတင်းတင်းလာကြရာ ဒီ ရောက်တော့မှ မမျှော်လင့်ပဲနှင့် ပြန်အတိုက်ခံကြရသောကြောင့် အထိနာကြလေသည်။ လာစဉ်က ၁၅-ယောက်ခန့် လာကြသော် လည်း ယခုသိပ်မကျန်တော့ပေ။ အချို့ကလည်း မိုက်မိုက်မဲမဲနှင့် အိမ်ရှိရာသို့ ပြေးလာကြသည်။ သို့သော် မရောက်ခင်မှာပင် လမ်းခုလတ်၌ အရုပ်ကြိုးပြတ် လဲကျသွားကြလေသည်။

သို့ကြောင့် ကျန်လူများက ဖွတ်မတိုးဝံ့ပဲ အကာအကွယ် ရှိသောနေရာမှာ နေရာယူလျက် ပစ်ခတ်နေကြလေသည်။ ညဉ့် နက်ပိုင်းရောက်တော့ ထိုနေရာသို့ နောက်ထပ်ဂိုဏ်းသားအချို့ ထပ်ရောက်လာသည်၊ ဗျူဟာကိုယ်တိုင် လိုက်လာလေသည်။



"ဘယ်လိုဖြစ်နေတာလဲ"

"အိမ်ထဲမှာ သူတို့ချည်းမဟုတ်ဘူး၊ လက်ဖြောင့်တဲ့ သေနတ်သမားတွေရှိနေပုံရတယ်၊ ဒီဘက်က လူတွေအတော် များများ သေကုန်ကြပြီ"

"လူအတော်များသလား"

"မသိရသေးဘူး ဆရာကြီး၊ ဒါပေမယ့် လူတော့များမယ့် ပုံမရှိဘူး"

"ဒါဖြင့် လူအင်အားနဲ့ တရကြမ်းဝင်တိုက်ရမှာပေါ့"

ထိုသို့ပြောပြီး သေနတ်များနှင့် ဝိုင်းဝန်းပစ်ခတ်ပြီး အ တင်းချဉ်းကပ်လာကြသည်။ လူအင်အားများလာပြီဖြစ်သော ကြောင့် နီမောင်တို့ မခံနိုင်တော့ပေ။ သူတို့တွင် ကျည်ဆံက အပိုမရှိတော့ပေ။ သို့ကြောင့် ဆွယ်လီကိုပါ တစ်ပါတည်းခေါ် ပြီး နောက်ဘက်ကျောက်တောင်ရှိရာသို့ ဆုတ်သွားကြလေ သည်။

အိမ်ပေါ်မှာတော့ ဒဏ်ရာများဖြင့် မထနိုင်တော့သော အနန်ဆိုင်းအမည်ခံ ရမ်နောတစ်ယောက်သာကျန်ခဲ့တော့သည်။ မောင်က တက်ခေါ်လိုသော်လည်း အခွင့်အရေးမရတော့ပေ။ ခန်နောက နံရံကိုကျောမှီထိုင်ထားပြီး သေနတ်ကို အပေါက်ဝ ဘက်သို့ ချိန်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



နီမောင်တို့သုံးယောက် မရှိတော့သောအခါ ဗျူဟတို့အဖွဲ့သားများက အိမ်ရှိရာသို့ ရောက်လာကြသည်။ အိမ်ပတ်ဝန်းကျင်မှာတော့ ဘယ်သူမှမရှိတော့ပေ။ သို့ကြောင့် အိမ်ပေါ်သို့ သတိဖြင့် တက်သွားကြသည်။ အပေါက်ဝရောက်သည်နှင့် အဆင်သင့်စောင့်နေသော ရမ်နော့လက်ချက်ဖြင့် လူနှစ်ယောက်လဲကျသွားသည်။

သို့ကြောင့် ကျန်သူများက ဝိုင်းပြီးပစ်ခတ်ရာ ရမ်နော့လည်း နေရာမှာတင် အသက်ပျောက်သွားလေတော့သည်။ ထိုသို့သေသွားတော့မှ မီးရောင်ဖြင့် ထိုးကြည့်သည်။

"ဒါ ငါတို့အဖွဲ့ကသစ္စာဖောက်ပြီး ထွက်သွားတဲ့ ဘရန်ဆိုင်းမဟုတ်လား၊ သူ့ဆီမှာ ရတနာမြေပုံရှိမယ်ထင်တယ် ရှာကြည့်ကြစမ်း"

ထိုသို့ပြောသဖြင့် တစ်ကိုယ်လုံးနေရာအနှံ့ရှာကြသော်လည်း မတွေ့ရတော့ပေ။ တစ်အိမ်လုံးနေရာအနှံ့လိုက်ရှာသော်လည်း မတွေ့ရတော့မှ တစ်အိမ်လုံး မီးဖြင့်ရှို့ကာ အောက်သို့ ပြန်ဆင်းကြသည်။

"သူခေါ်သွားတဲ့ မိန်းမဘယ်ရောက်သွားပြီလဲ၊ စောစောက သေနတ်နဲ့ပစ်တာကရော ဘယ်သူတွေလဲ"

"သူ ခေါ်ထားတဲ့လူတွေ ဖြစ်မယ်ထင်တယ်"

"ဒီနေရာတစ်ဝိုက်မှာပဲရှိမယ်ထင်တယ်၊ လိုက်ရှာကြစမ်း"

ဗျူဟမှာအတော်ပင် ဒေါသဖြစ်နေလေသည်။ ယခု



တိုက်ပွဲအခြေအနေက သူတို့ဘက်မှ အသေအပျောက်အတော်ပင်များသည်။ ကျေးရွာများသို့ လိုက်လံတိုက်ခိုက်စဉ်က လူအသေအပျောက်ရှိခဲ့သော်လည်း ယခုလောက် အသေအပျောက်မများခဲ့ပေ။

ယခုတစ်ခေါက်မှာတော့ လူ ၁၀-ယောက်ခန့် သေဆုံးသွားသောကြောင့် အဖွဲ့ဝင်တစ်ဝက်ကျော်လောက် ဆုံးရှုံးလိုက်ရသဖြင့် ဒေါသဖြစ်နေခြင်းဖြစ်သည်။ အချိန်က ညဉ့်နက်ပိုင်းရောက်လာပြီဖြစ်သောကြောင့် အမှောင်ထုက ပိုများလာသည်။ မြူနှင်းများကလည်း ဝေ့ဆိုင်းနေသောကြောင့် ပတ်ဝန်းကျင်ကိုလည်း ကောင်းစွာမမြင်ရပေ။

ကျားနက်ဂိုဏ်းသားများက အိမ်ကိုမီးရှို့လိုက်သဖြင့် မီးတောက်ကြီးများက အရှိန်ပြင်းစွာဖြင့် တောက်လောင်နေသဖြင့် ပတ်ဝန်းကျင်ကို မြင်ရသည်။ အိမ်ပတ်ဝန်းကျင်မှာတော့ လူလည်းမတွေ့ရ။ မြင်းများလည်း မရှိတော့ပေ။

"နောက်ဘက်မှာ ကျောက်တောင်ကြီးပဲရှိတယ်၊ သူတို့သွားစရာ ဒီနေရာပဲရှိတယ် လိုက်ရှာကြစမ်း"

ဟုအမိန့်ပေးလိုက်သဖြင့် သေနတ်ကိုင်ထားသော ဂိုဏ်းသားများက နေရာအနှံ့လိုက်ရှာကြရင်းမှ ဂူပေါက်ဝကို တွေ့သွားကြသည်။

"သူတို့ ဂူထဲမှာ ရှိပုံရတယ်"

"ဒါဖြင့် ဝင်ရှာကြစမ်း၊ တွေ့တာနဲ့ အားလုံးကိုသတ်ပြီး ခေါင်းဖြတ်ယူလာခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုစေခိုင်းရာ ဂူထဲသို့ဝင်ရန်ပြင်ကြသည်။ မဝင်ခင် မီးရောင်များဖြင့် အရင်ထိုးကြည့်ရာ မီးရောင်တဆုံးမှာတော့ ဘာမှမတွေ့ရပေ။ သို့ကြောင့် သေနတ်များကို အဆင်သင့်ပြင်၍ ဝင်ကြသည်။ ဝင်လမ်းက သိပ်မကျယ်သောကြောင့် ရှေ့ဆင့်နောက်ဆင့်ဝင်ကြရသည်။ တစ်နေရာရောက်တော့ ရှေ့ဆုံးမှဝင်လာသူကို မြားထိပြီး လဲကျသွားသည်။ ရှေ့ကလူတစ်ယောက်လဲသွားပြီး နောက်ထပ်မြားတံနှစ်ချောင်းက ရှေ့ဆင့်နောက်ဆင့်ထွက်လာပြီး နောက်ထပ်နှစ်ယောက်ပါ လဲသွားသည်။

လူသုံးယောက် လဲကျသွားသည်နှင့် ကျန်လူများက အကာအကွယ်ရှိသောနေရာများသို့ကပ်ပြီး သေနတ်များဖြင့် ပစ်ကြလေသည်။ ဂူကကျဉ်းသောကြောင့် သေနတ်သံများက ဆူညံသွားလေတော့သည်။ သို့သော်လည်း ရန်သူကိုမမြင်ရပဲ စွတ်ပစ်နေသောကြောင့် မထိရောက်ပေ။

အတန်ကြာတော့မှ ပစ်ခတ်ခြင်းကို ရပ်တန့်လိုက်သည်။ ထိုအခါ ပြန်လည်ငြိမ်သက်သွားသည်။ ဂူထဲမှာတော့ မီးခိုးနံ့ ယမ်းနံ့များဖြင့် မွှန်နေသည်။ ထိုသို့ပစ်သော်လည်း အတွင်းမှ မည်သည့်တုံ့ပြန်မှုမှ မရှိသဖြင့် အရဲစွန့်ပြီးတိုးဝင်သွားကြပြန်ရာ တစ်နေရာရောက်တော့ ကျောက်တုံးအကွယ်များနောက်မှာ မြားတံသုံးချောင်းထွက်လာပြီး ထိပြန်လေရာ လူသုံးယောက်သေပြန်သည်။

မြားတံက ကျည်ဆံထက်ပို၍ ကြောက်စရာကောင်းသည်။ ကျည်ဆံကထိသော်လည်း ချက်ကောင်းမဟုတ်လျှင် ချက်



ခြင်းမသေနိုင်။ ထိသေအဆိပ်လူးထားသောမြားက ဘယ်နေရာထိထိ သွေးစို့ရုံနှင့်ချက်ခြင်းသေနိုင်သည်။ သေနတ်သံ မကြားရပဲလူ ၆-ယောက်သေသွားတာမြင်တော့ ဆက်မတိုးဝံ့ကြတော့။

"မင်းတို့ဘာလုပ်နေတာလဲ၊ သေနတ်နဲ့တရကြမ်း ပစ်ပြီးအတင်းဝင်ကြပါလား"

ဟု နောက်မှ ဗျူဟာက အမိန့်ပေးသဖြင့် ကြောက်ကြောက်လန့်လန့်နှင့် သေနတ်နှင့်လည်းပစ်၊ ရှေ့သို့လည်းတိုး ဝင်သွားကြရာ အတွင်းမှ ဘာမှမတုံ့ပြန်ပဲ ငြိမ်သက်နေသည်။ တစ်နေရာရောက်တော့ ကျယ်ဝန်းသောနေရာသို့ ရောက်သွားကြသည်။ မီးရောင်များဖြင့် ထိုးကြည့်တော့ ဂူပေါက်ဝအတော်များများကိုတွေ့ရသဖြင့် ဘယ်ဂူပေါက်သို့ ဝင်ရမှန်းမသိတော့ပေ။

"ဆရာကြီး ဂူပေါက်တွေက အများကြီးပဲ၊ ဘယ်ဂူပေါက်ကို ဝင်ရမှာလဲ"

ထိုသို့မေးသော်လည်း ပြန်မပြောနိုင်တော့ပေ။ ထိုဂူပေါက်ဝများအတွင်းသို့ လက်နှိပ်မီးရောင်များဖြင့် ထိုးကြည့်သော်လည်း ဘာမှမတွေ့ရတော့မှ ဗျူဟာလည်း လက်လျှော့ပြီးနောက်ကြောင်းပြန်လှည့်သွားလေတော့သည်။ ဒီပွဲကတော့ ဗျူဟာတို့အဖွဲ့ အထိနာခဲ့ကြသည်။ ရွာများကို ဝင်ရောက်တိုက်ခိုက်သလို မည်သည့်ပစ္စည်းမှမရပဲ လူအတော်များများသေခဲ့ရသဖြင့် ဗျူဟာမှာ အတော်ပင် မကျေမနပ်ဖြစ်နေတော့သည်။ သို့သော် ဘာမှမတတ်နိုင်တော့ပေ။

နီမောင်တို့ကတော့ ရန်သူများကိုဂူထဲရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



များခေါ်ပြီးမှ တစ်ဆင့်ပြီးတစ်ဆင့်တိုက်သည်။ ပြီးမှအပြင်သို့ ထွက်နိုင်သော ဂူပေါက်မှအပြင်သို့ ထွက်ကြသည်။ အပြင်ဘက် မှာတော့ ကြိုတင်ပို့ထားသော မြင်းလေးကောင်က အဆင်သင့် ရှိနေသည်။

ထိုမြင်းများကိုယူပြီး ရွာတွင်းသို့သွားကာ ဆွယ်လီက ကလေးကိုခေါ်သည်။ တစ်ရွာလုံးကတော့ ရွာအစွန်ဘက်မှ တစ်ညလုံး သေနတ်သံများကြားနေရသောကြောင့် ဘယ်သူမှ မအိပ်ဝံ့ကြပဲ စောင့်နေကြသည်။

ကလေးကိုခေါ်ပြီးနောက်မှာတော့ ညတွင်းချင်းပင် ထို ရွာမှပြန်ထွက်ကြလေသည်။ အချိန်က သန်းခေါင်ယံကျော်ပြီး အာရုဏ်တတ်ချိန်သို့ ရောက်ပေတော့မည်။ တောင်တန်းများ ကာဆီးထားသော အရှေ့ဘက်ကောင်းကင်ပြင်ပေါ်မှာတော့ အာရုဏ်ဦး အလင်းရောင်များ တက်စပြုလာချေသည်။

နောင်ယန်းရွာဘက်မှာတော့ မီးတောက်ကြီးများက အရှိန်သေသွားပြီဖြစ်သော်လည်း မြင်နေရသေးသည်။ ဆွယ်လီ့ ရင်ထဲမှာတော့ သူ့ကိုကယ်တင်စောင့်ရှောက်ပေးခဲ့သော ဘရန် ဆိုင်းအတွက် စိတ်မကောင်းဖြစ်မိသော်လည်း ထိုအဖြစ်အပျက် များက ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။ သူမအတွက်လည်း ကြမ်းတမ်း သော ဘဝအတွေ့အကြုံများက အဆုံးသတ်သွားခဲ့ကြပေပြီ။

ချစ်ဦးသူနှင့်ပြန်လည်ဆုံးစည်းခွင့်ရခဲ့ပြီဖြစ်သော သူမ အတွက်ကတော့ သောကများနှင့်ကင်းဝေးကာ အေးချမ်းသော ဘဝတစ်ခု ထူထောင်ခွင့်ရတော့မည်ဟုပင် မျှော်လင့်ရပေတော့



သည်။

အာရုဏ်ဦးအလင်းရောင်များက အရှေ့ဘက်ကောင်း ကင်ပြင်ပေါ်တွင် ဖြန့်ကျက်စပြုလာပေပြီ။

www.burmeseclassic.com

www.burmeseclassic.com




# အခန်း-၁၄

# ဗျူဟာဇော်ဂနီ ပညာများ

ပန်းဆောင်ရွာမှာရှိသော နီမောင်တို့ပိုင်ဆိုင်သော
...ာ အတော်ပင် ကြီးပြီးကျယ်ဝန်းသည်။ သို့သော် မိသားစု
...ာ့ များများမရှိပေ။ နီမောင်အပါအဝင် လေးယောက်သာ
...ည်။ ဖခင်ဖြစ်သူ ဦးဘရှိန်၊ မိခင်ဖြစ်သူ ဒေါ်ကျင်မေတို့
...ယောက်နှင့် ညီမဖြစ်သူ နှင်းမေတို့သာရှိသည်။ နှင်းမေက
...-နှစ်ပင် မပြည့်သေးပေ။

www.burmeseclassic.com

www.burmeseclassic.com

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ကတော့ မမျှော်လင့် ... ချွေးမလည်းရ၊ မြေးလည်းရသဖြင့် ဝမ်းသာနေကြသည်။

ကလေးကိုလက်က မချတော့ပေ။ နှင်းမေကလည်း ... အစ်မတစ်ယောက်ရသဖြင့် ဝမ်းသာပြီး လိုအပ်တာများပြုစု ... ပေးလေသည်။ ဆွယ်လီကတော့ လပေါင်းများစွာသောတစ် ... ဖြင့် နေခဲ့ရာမှ ယခုမှစိတ်ချလက်ချ နေရသောဘဝမျိုးရောက်ရ ... ခြင်း ဖြစ်တော့သည်။

နီမောင်တို့သုံးယောက်ကတော့ ရွာသို့ပြန်ရောက် ... ကတည်းက မြေပုံသုံးပိုင်းနှင့် အလုပ်ရှုပ်နေကြသည်။ တစ်ပိုင်း ... က ထန်လုံထံမှရလာခဲ့သော မြေပုံဖြစ်ပြီး၊ ကျန်နှစ်ပိုင်းက ... နောပေးလိုက်သော မြေပုံဖြစ်သည်။

"ရမ်နောကို လိုက်ရှာရင်တောင် တွေ့ရဖို့မလွယ် ... အခုတော့မရှာပဲနဲ့ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရတယ်"

ဟု ငမဲအောင်က ပြောသည်။

"ကံကောင်းတယ်လို့ပဲ ပြောရမှာပေါ့၊ တကူးတက ... ရှာတော့မတွေ့ . . မရှာပဲနဲ့တွေ့တယ်ဆိုတဲ့စကားတောင် ရှိ ... ပဲ၊ ဒါထက်မင်းဘယ်လိုလုပ်မလဲ နီမောင်"

စောထီးကမေးသည်။

"ငါကြည့်တာတော့ သိပ်နားမလည်ဘူး၊ ရွာထဲက ဆေး ... ကြီးဦးဇန်ကောင်းကိုသွားပြပြီး အကူအညီတောင်းရင် ပိုကောင်း ... မယ်ထင်တယ်"

ထိုသို့ပြောဆိုတိုင်ပင်ပြီး ဦးဇန်ကောင်းနေသော နေ ...



... သွားကြလေသည်။ ဦးဇန်ကောင်းက အိမ်တစ်လုံးဖြင့် တစ် ... ယောက်တည်းနေထိုင်ကာ ဆေးကုပေးသော အလုပ်လုပ်သည်။ ... ဆရာဝန်လည်းမမြင်ဘူး ခေတ်မီဆေးဝါးများလည်း မရနိုင်သော ... တောရွာများတွင် ဦးဇန်ကောင်းလို ဆေးပင်၊ ဆေး ... ဆေးဥများအသုံးပြု၍ ဆေးကုပေးသော ဆေးဆရာများ ... အားကိုးအားထား ပြုနေကြလေသည်။

ထိုရွာများတွင် ကလေးမွေးလျှင် အရပ်ဝမ်းဆွဲသည်နှင့် ... မွေးသည်။ ပယောဂနှောက်ယှက်လျှင် နတ်ဆရာနှင့်ကုသ ... သည်။ အခြားရောဂါများဖြစ်လျှင်တော့ ဦးဇန်ကောင်းလို ... ဆေးဆရာများဖြင့်သာ ကုသကြရသည်။

နီမောင်တို့သုံးယောက်ရောက်သွားတော့ ဦးဇန်ကောင်း ... ဆေးထောင်းနေရာမှ ထလာသည်။ ဦးဇန်ကောင်းက ... နီမောင်တို့ကိုတော့ တူသားနှောင်မယ်များလို ခင်မင်သည်။ ... ဆေးပင်၊ ဆေးမြစ်၊ ဆေးဥများရှာဖွေလိုလျှင် နီမောင်တို့ တောင် ... တက်သည့်အခါ တစ်ခါတစ်ရံ လိုက်လာလေ့ရှိသည်။

"နီမောင်တို့ပါလား၊ ဘယ်ကလှည့်လာကြတာလဲ"

"အဘဆီကိုပဲလာတာပါ၊ ပြစရာရှိလို့ပါ"

ထိုသို့ပြောပြီး ဧည့်ခန်းတွင်ထိုင်ကြပြီးနောက် နီမောင် ... ပါလာသော မြေပုံသုံးပိုင်းကို ဦးဇန်ကောင်းရှေ့သို့ချပေးလိုက် ... သည်။ ဦးဇန်ကောင်းက နီမောင်ချပေးသော ပိတ်စသုံးပိုင်းကို ... သေချာစိစစ်ကြည့်ပြီးပြောသည်။

"မြေပုံတစ်ခုပဲ ဘာမြေပုံလဲ"

www.burmeseclassic.com

www.burmeseclassic.com

နီမောင်က လေယာဉ်ပျက်ကျသွားသောနေရာကို ညွှန်းထားသော မြေပုံဖြစ်ကြောင်းပြောပြလိုက်သည်။ မြေပုံသုံးခု စပ်သွားသောအခါ နောက်ဘက်ကျောခွ်ရေးထားသော စာကြောင်းအချို့ကို တွေ့ရပြန်သည်။

"နတ်နဲ့နဂါး အလယ်ထား၊
ဂဠုန်ဘီလူး ရအောင်တူး။
ထူးချင်လည်းထူး မထူးရင်ရှုး၊
ဦးသူ့ချမ်းသာပေလိမ့်မည်"

ထိုသို့ရေးထားသော စာအပြင် နတ်ရုပ်၊ ဂဠုန်ရုပ်၊ နဂါးရုပ်၊ ဘီလူးရုပ်တို့ကိုလည်းဖြစ်သလို ရေးထားပြီးအောက်၌ စာများရေးထားသည်။

"ဘာအဓိပ္ပာယ်လဲ အဘ"

"သူ ညွှန်းထားတာက နတ်မင်းကြီးလေးပါးဖြစ်ဖို့များတယ်၊ နတ်မင်းကြီးလေးပါးကို ညွှန်းတာမှန်ရင် အရှေ့အနောက်တောင်မြောက်စတဲ့ အရပ်လေးမျက်နှာကို ညွှန်းတာဖြစ်နိုင်တယ်"

"နတ်မင်းကြီးလေးပါးဆိုတာ ဘယ်လိုနတ်မျိုးတွေလဲ အဘ"

စောထီးက မေးလိုက်သည်။

"နတ်မင်းကြီးလေးပါးဆိုတာ လောကကိုစောင့်ရှောက်ပေးနေကြတဲ့ လောကပါလနတ်မင်းကြီးလေးပါးကို ပြောတာ"

"နတ်၊ ဂဠုန်၊ နဂါး၊ ဘီလူးတွေကရော"



"အရှေ့အရပ်ကိုစောင့်တဲ့ နတ်မင်းကြီးက ဓတရဋ္ဌနတ်မင်းကြီးလို့ခေါ်တယ် သူက ဂန္ဓဗ္ဗလို့ခေါ်တဲ့ နတ်တွေရဲ့ အကြီးအကဲပဲ"

"မေးလက်စနဲ့ မေးရဦးမယ်၊ ဂန္ဓဗ္ဗနတ်တွေကရော ဘယ်လိုနတ်မျိုးတွေလည်း အဘ"

ငမဲအောင်က ဝင်မေးလိုက်သည်။ ဦးဗန်ကောင်းကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်းမှပင် လူငယ်များသိလိုသော အကြောင်းများကို ပြောပြပေးသည်။ အရှေ့ဘက်အရပ်ကို အုပ်စိုးသော ဓတရဋ္ဌနတ်မင်းကြီးသည် ဂန္ဓဗ္ဗနတ်တို့ကိုအုပ်ချုပ်သော နတ်မင်းကြီးဖြစ်သည်။ ဂန္ဓဗ္ဗနတ်ဟူသည်မှာ လူ့မြေ လူ့ပြည်၌ ကျင်လည်သော ရုက္ခစိုး၊ ဘုမ္မစိုးနတ်တို့ပင်ဖြစ်၏။ စတုမဟာရာဇ်နတ်အနွယ်ဝင်များလည်း ဖြစ်ကြသည်။

ဝိရူဠှကနတ်မင်းကြီးသည် တောင်ဘက်အရပ်၌စောင့်ကြည့်နေထိုင်ပြီး ၎င်းလက်အောက်ခံတို့မှာ ကုမ္ဘာန်ရက္ခိုက်စသည်တို့ဖြစ်သည်။ ဝိရူပက္ခနတ်မင်းကြီးသည် အနောက်ဘက် အရပ်၌ စောင့်ရှောက်ပေးရသော နတ်မင်းကြီးဖြစ်ပြီး နတ်နဂါးအပေါင်းတို့အား အစိုးရသောနတ်မင်းကြီးဖြစ်သည်။ ဝေဿဝဏ်ဟုခေါ်သော ကုဝေရနတ်မင်းကြီးသည် မြောက်အရပ်ကို စောင့်ရှောက်ပေးနေရသော နတ်မင်းကြီးဖြစ်ပြီး နတ်ဘီလူးအပေါင်းတို့အား အစိုးရသော နတ်မင်းကြီးဖြစ်သည်။

ဦးဗန်ကောင်းက နတ်မင်းလေးပါးအကြောင်းကို အကျဉ်းချုပ်ကာ ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒီရုပ်ပုံတွေရေးပြထားတာ အရှေ့အနောက်…
တောင်မြောက်ကို ညွှန်းတာပဲဖြစ်မယ်ထင်တယ်၊ ဒီစာကတော…
ဘယ်လိုအဓိပ္ပာယ်လဲ အဘ"

နီမောင်က မေးလိုက်သည်။

"နတ်နဲ့နဂါး အလယ်ထားဆိုတာ အရှေ့အနောက်…
ညွှန်းတာဖြစ်မှာပါ၊ နတ်ကအရှေ့၊ နဂါးကအနောက်၊ ဝဠ…
ဘီလူး ရအောင်တူးဆိုတာ တောင်နဲ့မြောက်ကို ညွှန်းတာ…
မယ်၊ ဒီကပြောနေလို့တော့ အဖြေသိရမယ်မထင်ဘူး၊ အဲ…
နေရာကို ရောက်အောင်သွားပြီး အခြေအနေကြည့်မှ အဖြေ…
သိရမယ် ထင်တယ်၊ ဒီမြေပုံမှာ ပန်ဆောတောင်ကြားနဲ့ ချော်…
ကန်တောင်ကြားကို ရေးပြထားတာဆိုတော့ အဲဒီတောင်ကြား…
နှစ်ခုရဲ့ အလယ်နေရာလောက်မှာပဲ ဖြစ်မှာပေါ့"

ထို့နောက် ဦးဇန်ကောင်းက ကြမ်းပြင်ပေါ်မှ မြေပေါ်…
သို့ ဆင်းပြီးမြေပြင်ကို မျက်နှာပြင်ညီအောင်ညှိပြီး တုတ်တ…
ချောင်းဖြင့် ရေးခြစ်ပြသည်။ ဦးစွာချော်ကန်တောင်ကြားနှ…
ပန်ဆောတောင်ကြားကို အရင်ရေးသည်။ ပြီးမှအရှေ့အနောက်…
ကို မျဉ်းကြောင်းများဆွဲပြီး မျဉ်းကြောင်းနှစ်ခုထိသောနေရာ…
ဝိုင်းပြသည်။

"ဒီနေရာလောက်ပဲဖြစ်မှာပေါ့၊ သူတို့က စကားနဲ့ တိ…
ကျကျ ရေးခဲ့တာမဟုတ်ဘူး၊ သူတို့မှတ်မိသလို သိတာတွေ…
အမှတ်အသားလုပ်ပြီး ရေးခဲ့တဲ့မြေပုံကြမ်းပဲ၊ ဥပမာ ရန်ကု…
မသိလို့မေးရင် ရွှေတိဂုံဘုရားရှိတာ ရန်ကုန်ပဲလို့ပြောသလို…



…ပါ"

ဦးဇန်ကောင်းပြောပြသော ဥပမာကို သဘောကျသဖြင့်
…မောင်တို့က ရယ်လိုက်ကြသည်။

"အဲဒီနေရာကို ကျွန်တော်တို့သွားရှာကြမလို့ တိုင်ပင်
…ားတယ်၊ အဘလိုက်ခဲ့ပေးပါလား"

ဦးဇန်ကောင်းက ခုတန်ကြာအောင် စဉ်းစားနေပြီးမှ

"ငါကလည်း အဲဒီလိုကိစ္စတွေကို စိတ်ဝင်စားပါတယ်၊
…တို့သွားရင် လာခေါ်ပေါ့"

ဟုပြောရာ ဝမ်းသာသွားကြလေသည်။ ထို့နောက် သုံး
…ဆောက်သား ပြန်လာကြပြီး ခရီးထွက်ရန်အတွက် စတင်ပြင်
…ဆင်ကြလေသည်။ သေနတ်၊ ကျည်ဆံ၊ လေးမြား၊ ဓားလှံများ
…အပြင် ဆေးဝါးများပါ ယူကြရသည်။ အကြောင်းရှိလျှင် အသုံးပြု
…င်သော မီးခြစ်၊ မီးအိမ်၊ လက်နှိပ်မီးများ၊ စောင်ကြမ်း၊ အဝတ်
…နှင့် ရိက္ခာခြောက်များကိုပါ အိတ်များဖြင့် ထည့်ယူကြသည်။
…ခရီးလမ်းများမှာ သွားနေကျဖြစ်သည်။ ကုန်သည်အဖွဲ့များကို
…တောင်ကြားများဘက်သို့ လိုက်ပို့ပေးရသော လမ်းကြောင်းအ
…ဝိုင်းပင် ဖြစ်ပေသည်။

"ဒီတစ်ခေါက်က လမ်းပြလိုက်တာမဟုတ်တော့ပိုပြီး
…သတိထားကြရမယ်၊ ရွှေသေတ္တာကို အင်္ဂလိပ်တွေကလည်း ရှာ
…နေကြမှာပဲ၊ ဒါအပြင် ဒီသတင်းကို သိကြတဲ့ ကျားနက်ဂိုဏ်းသား
…တွေကလည်း မရှာဘူးလို့ မပြောနိုင်ဘူး"

နီမောင် စကားကြားတော့ ကျန်နှစ်ယောက်ပါ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ညိတ်ပြလေသည်။ နီမောင်တို့ ခရီးထွက်ရန် ပြင်ဆင်နေ... ဆွယ်လီကပါ ဝိုင်းဝန်းကူပေးသည်။ ထိုသို့လုပ်ပေးရင်းနှင့် ... နာတော့ မကောင်းလှပေ။ နီမောင်က ထိုအခြေအနေကို ... ပြုံးမိသဖြင့် မေးသည်။

"နင် ဘာဖြစ်လို့လဲ"

"ကလေးသာမရှိရင် ငါ နင်နဲ့အတူလိုက်ခဲ့ချင်တာ"

"ပင်ပန်းပါတယ် ဆွယ်လီရယ်၊ အန္တရာယ်လည်းများ... တယ်၊ ဘာဖြစ်လို့ လိုက်ချင်တာလဲ"

"နင် ငါ့ကိုထားပြီး ခရီးထွက်သွားရင် ငါစိတ်ထဲမှာ မ... စိတ်တွေနဲ့ သိပ်ကြောက်တာပဲ"

နီမောင်က သဘောကျစွာ ရယ်လိုက်သည်။

"အရင်တစ်ခါကလို ဖြစ်မှာစိုးရိမ်နေတာ မဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။

"ဘာမှမစိုးရိမ်ပါနဲ့၊ ငါအမြန်ဆုံးပြန်လာမှာပါ။ ငါ... ရည်ရွယ်ချက်ပြည့်ရင် နောက်တစ်ခါ နင့်ကိုထားခဲ့ပြီး ခရီး... စရာမလိုတော့ဘူး၊ နင့်အနားမှာပဲ အမြဲနေသွားလို့ ရတော့... ပါ"

ထိုသို့ပြောပြီး သူမကိုနှစ်သိမ့်မှုပေးရလေသည်။ ည... ချိန်ရောက်တော့ ကင်းကျနေသော အဖွဲ့များထံမှ သေနတ်... အချို့ကြားရသည်။ များများတော့မဟုတ်ပေ။ နှစ်ချက်သုံး... ကြားလိုက်ရပြီး ရပ်သွားသည်။ ပန်ဆောင်ရွာမှာ ရွာကြီးတစ်... ဖြစ်သောကြောင့် လူငယ်လူရွယ်များက ညစဉ်အလှည့်ကျ ...



စောင့်ကြသည်။ လူအင်အားလည်းတောင့်၊ သေနတ်များလည်း ပြည့်စုံသောကြောင့် တော်ရုံလူဆိုးများက ပန်ဆောင် ရွာဘက်သို့ မလာဝံ့ကြပေ။

သေနတ်သံကြားသဖြင့် နီမောင်က သေနတ်နှင့် လက်နှိပ်မီးတစ်လက်ကိုယူပြီး ရွာထိပ်ဘက်သို့ထွက်လာသည်။ သေနတ်သံကြားသဖြင့် တစ်ရွာလုံးလည်း နိုးနိုးကြားကြား ဖြစ်နေကြသည်။ အိမ်အတော်များများမှာ အမဲလိုက်ရာတွင် အသုံးပြုသော တူမီးသေနတ်တော့ ရှိကြသည်။ သေနတ်မရှိလျှင်တောင်မှ ဒူးလေး၊ လင်းလေးနှင့်အဆိပ်လူးမြားကတော့ အိမ်တိုင်းစေ့ရှိကြသည်။

လူနည်းသောရွာငယ်ကလေးများကတော့ လူများသောမားပြဂိုဏ်းများရောက်လာလျှင် မခုခံနိုင်ကြပေ။ ပန်ဆောင်ရွာကတော့ ထိုသို့မဟုတ်ပေ။ အကြောင်းရှိလျှင် လက်နက်များကိုင်ကာ တစ်ရွာလုံးထွက်လာလေ့ရှိသည်။ ယခုလည်း ရွာထိပ်ဘက်မှ သေနတ်သံကြားသောကြောင့် တစ်ရွာလုံး ထွက်လာကြသည်။

နီမောင်ရောက်သွားတော့ စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ကိုပါ တွေ့ရသည်။

"ဘာဖြစ်တာလဲ"

"ကင်းစောင့်နေတဲ့သူတွေက တောစပ်မှာလာကြောင်းနေတဲ့ တောကောင်ကို သေနတ်နဲ့ပစ်တာ ထိသွားတယ်လို့ ပြောတယ်"

ထိုသို့ပြောသဖြင့် တောစပ်သို့ မီးရှောင်ဖြင့် ထိုးကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သို့သော် ဘာမှမတွေ့ရသဖြင့် နီမောင်အပါအဝင် လူအချို့စုပြီး တောစပ်ရောက်သည်အထိ သွားကြည့်ကြသည်။ ထိုနေရာရောက်တော့ သစ်ရွက်များပေါ်တွင် စွန်းပေနေသော သွေးကွက်များတွေ့ရသည်။ သို့ကြောင့် သတိဖြင့် ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြရာ တစ်နေရာရောက်တော့ အံ့သြဖွယ်ရာမြင်ကွင်းတစ်ခုကို တွေ့ကြရသည်။

အခြားတော့ မဟုတ်ပေ။ သစ်ပင်ကြီးတစ်ပင်ခြေရင်းတွင် လဲကျနေသော လူတစ်ယောက်ကို လှမ်းမြင်ရသည်။ သို့သော် လူစင်စစ်တော့လည်း မဟုတ်ပေ။ လူတစ်ပိုင်းကျားတစ်ပိုင်းဖြစ်သည်။

"ထမင်းကျားတွေတောင် ဒီနယ်ဘက်ရောက်လာပါရော့လား"

ဟု တစ်ယောက်က ပြောသည်။

"အခုမှ ရောက်တာမှမဟုတ်တာ ဒီနယ်တစ်ဝိုက်မှာ သောင်းကျန်းနေတဲ့ ကျားနက်ဂိုဏ်းခေါင်းဆောင် ဗျူဟက ထမင်းမျိုးနွယ်တွေပဲ၊ သူ့ဂိုဏ်းသားတွေထဲမှာလည်း ရုပ်ပြောင်းနာမ်ခွာ လုပ်နိုင်တဲ့ ထမင်းမျိုးနွယ်တွေရှိသတဲ့"

ရွာသားတစ်ယောက်ကပြောသည်။

"မင်းက ဘယ်လိုသိတာလဲ"

"သူတို့ ဂိုဏ်းသားဟောင်းတစ်ယောက်က ပြောပြလို့သိတာ"

ထိုသို့ပြောဆိုကာ သတိကြီးစွာထားကြကာ ထိုနေရာ



ရောက်အောင် သွားကြည့်ကြသည်။ သစ်ပင်ခြေရင်း၌ ခွေခွေလေးလဲကျနေသော ထမင်းကျားမှာ အသက်မရှိတော့ပေ။ ကိုယ်၌ထိထားသော သေနတ်ဒဏ်ရာမှ သွေးများစီးကျနေသည်။ ကျားအသွင်ဖြင့် ရွာအနီးသို့ ချဉ်းကပ်လာစဉ် အပစ်ခံရသဖြင့် လူအသွင်ပြန်ပြောင်းနေစဉ်မှာ အသက်ထွက်သွားသောကြောင့် ကျားတစ်ပိုင်း လူတစ်ပိုင်းဘဝဖြင့် သေဆုံးနေခြင်းဖြစ်သည်။

ထိုပညာမှာ မှော်ပညာများထဲတွင်ပါဝင်သော ရုပ်ပြောင်းနာမ်ခွာ ပညာပင်ဖြစ်သည်။ လူစင်စစ်မှ ကျားအသွင်၊ ခြင်္သေ့အသွင်၊ မိကျောင်းအသွင်၊ လင်းတအသွင်သို့ ကူးပြောင်းနိုင်ကြသည်။ လူမှကျားအသွင်ကူးပြောင်းခြင်းကိုတော့ ထမင်းမျိုးနွယ်များ ပြုလုပ်လေ့ရှိကြပြီး 'ဗျူဟ မနုဿပညာ'ဟု ခေါ်ဝေါ်ကြသည်။

ထမင်းမျိုးနွယ်ဟု ခေါ်ဝေါ်ကြခြင်းမှာ ယခင်က ချင်းတွင်းမြစ်ကမ်း၌ရှိသော ထမံသီရွာကြီးတွင် ထိုမျိုးနွယ်များ နေထိုင်ခဲ့ကြသဖြင့် ထမင်းမျိုးနွယ်ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်လေသည်။ အချို့ကလည်း ထိုကဲ့သို့ လူအသွင်မှ တိရစ္ဆာန်အသွင်သို့ ပြောင်းလဲနိုင်သည့် ပညာမျိုးကို အဆင့်မြင့်သော ကဝေအတတ်ပညာတစ်မျိုး ဖြစ်သည်ဟု ယူဆထားသည်။

ကဝေမှာ စုန်းအမျိုးအနွယ်ဝင် ဖြစ်သော်လည်း စုန်းအတတ်ပညာထက်ပိုမို၍ ပညာစွမ်းထက်သည်။ ကမ္ဘာပေါ်တွင် သာမန်စုန်းများမှ ပညာအဆင့်အတန်းမြင့်သော စုန်းအထိ အမျိုးအမည်အရေအတွက်ပေါင်း (၁၃၇၅၄)မျိုးရှိကြောင်း

www.burmeseclassic.com

www.burmeseclassic.com



လေ့လာတွေ့ရသည်။

(အခြားရေးသားပြီးသော စာအုပ်များတွင် ပြည့်စုံအောင် ထည့်သွင်းခဲ့ပြီးဖြစ်သောကြောင့် ယခုတော့ သင့်သလောက်သာ ဖော်ပြပေးပါမည်။)

လောကီအင်္ဂုတ္တိုရ်ကျမ်းရင်းကြီးအရ စုန်းခုနှစ်မျိုးသာ ရှိကြောင်းသိရသည်။

(၁) သစ်သီးသစ်ပွင့်ကိုသာစား၍ ခြေကိုသော်လည်းကောင်း ခြေရာကိုသော်လည်းကောင်း ကိုယ်တိုင်ကိုင်ရမှ ဖမ်းစားနိုင်သော ခြေစုန်းမျိုး။ (ယင်းကို ရွာထူဟုလည်း ခေါ်သည်)

(၂) သစ်သီးမှည့်နှင့် အချိုအချဉ်ကိုစား၍ အရိပ်ကိုသော်လည်းကောင်း၊ ခြေရာကိုသော်လည်းကောင်း ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်သောခေါင်းစုန်း။ (ယင်းကို 'နဖားတပ်'ဟုလည်းခေါ်သည်။)

(၃) မစင်ချေးခြောက်ကိုသာစား၍ခြေရာကိုသော်လည်းကောင်း၊ အရိပ်ကိုသော်လည်းကောင်း ကိုယ်တိုင်ထိရမှ ဖမ်းစားနိုင်သော ကိုယ်စုန်း။ (ယင်းကိုဆင်ကွပ်ဟုလည်း ခေါ်သည်။)

(၄) အသွေးအသားကိုစား၍ ကိုယ်တိုင်မြင်ရ၊ ထိရ၊ နမ်းရှုံ့ရမှ ဖမ်းစားနိုင်သော မောက်လုံးစုန်း။ (ယင်းကို 'စုန်း'ဟု သာခေါ်သည်။)

(၅) အူ၊ အသည်း၊ အမြစ်ကိုသာစား၍ ကိုယ်တိုင်မြင်ရ ထိရ၊ နမ်းရှုံ့ရမှ ဖမ်းစားနိုင်သော မောက်ပြားစုန်း။ (ယင်းကို



ဘွာသမီးဟုခေါ်သည်။)

(၆) အကြော်၊ အလျှော်၊ အဆိမ့်၊ အအိမ့်တို့ကိုစား၍ အမည်နာမကိုသိရမှ မိမိလက်အောက်ရှိ (၃၇)မင်းနတ်နှင့်၊ အစေအပါးတို့ကို စေခိုင်းဖမ်းစားနိုင်သော အိန္ဒြတလိန္ဒြနန်း။ (ယင်းကို ဇော်ဂနီဟုလည်း ခေါ်သည်။)

(၇) လူ့အသွေး၊ အသား၊ အရိုးတို့ကို စားသောက်၍ အမည်နာမကိုသိရမှ မိမိလက်အောက်၌ရှိသော ဂန္ဓဗ္ဗနတ်တို့ကို စေခိုင်း၍ ဖမ်းစားနိုင်သော ကဝေမြောက်စုန်း။ (ယင်းမှာ ကဝေ ထင် ဖြစ်သည်။)

ကျန်အမည်အနွယ်များဖြစ်ကြသော ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်းတို့က လူကိုပြုစားရုံသာ တတ်နိုင်ပြီး အသတ် သေအောင် မပြုလုပ်နိုင်ကြပေ။ မောက်လုံးစုန်၊ မောက်ပြားစုန်း၊ အိန္ဒြတလိန္ဒြစုန်း၊ ကဝေမြောက်စုန်းစသော လေးမျိုးကသာ ပြုစားနိုင်ကြသည့်အပြင် အသက်သေအောင် ပြုလုပ်နိုင်ကြပေ၏။

ကဝေသာရ ကျမ်းအလိုအရ ခြေစုန်း၊ ခေါင်းစုန်း၊ ကိုယ်စုန်း၊ မောက်လုံးစုန်း၊ မောက်ပြားစုန်းတို့သည် ယင်းတို့ကိုးကွယ်ရာ နတ်အထူးမရှိခြင်းကြောင့် မိမိကိုယ်တိုင် ဖမ်းစားကြရသည်။ အိန္ဒြတလိန္ဒြစုန်းနှင့် ကဝေမြောက်စုန်းတို့မှာမူ အထူးကိုးကွယ်သော နတ်များရှိခြင်းကြောင့် ယင်းနတ်တို့ကိုစေစား၍ ဖမ်းစားနိုင်ကြသည်။

အချို့သော ကျမ်းများ၌ ဇော်ဂနီကို စုန်းဟူ၍မပြပေ၊ မိစ္ဆာနတ်စိမ်းဟုသာပြသည်၊ ကဝေသာရကျမ်း၌မူ ဇော်ဂနီဟူ

www.burmeseclassic.com

www.burmeseclassic.com



သော အမိပ္ပာယ်ကိုဖွင့်ဆိုရေးသားထားသည်။ (၁)-ဒေဝဇော်ဂျီ အောက်တန်း နတ်ဆိုးနတ်ယုတ်များ၊ (၂) ဇ္ဈာနဇော်ဂနီဟု ခေါ် သော ကျားနှင့်ယှဉ်သော နတ်စိမ်းများ၊ (၃) ယက္ခဇော်ဂနီ ဘီလူး၊ သရဲ၊ ဖုတ်ပြိတ္တာများ၊ (၄) ဣန္ဒဇော်ဂနီဟုလေးမျိုး ဖော် ပြထားသည်။ ၎င်းတို့ကို ဇော်ဂနီတို့ကို အစိုးရသော နတ်စိမ်း များဟုလည်း သတ်မှတ်ကြသည်။ လူမှကျားအသွင်ပြောင်းနိုင် သောပညာမှာ ဇ္ဈာနဇော်ဂနီမှ ဆင်းသက်လာသော ပညာရပ် ဖြစ်သည်။ နောက်မှ ထမံသီကိုအကြောင်းပြုပြီး ထမန်းမျိုးနွယ် များ ပေါ်ပေါက်လာရာ 'ထမန်းကျား'ဟုခေါ်ဝေါ်လာကြခြင်း ဖြစ် ပေသည်။

ထိုပညာရပ်မှာ မြန်မာနိုင်ငံ၌သာရှိခြင်းမဟုတ်ပေ။ ကမ္ဘာ့နေရာအတော်များများ၌ရှိကြသည်။ အများအားဖြင့် အာဖရိကတောနက်ထဲတွင် နေထိုင်ကြသော လူမည်းအုပ်စု လူရိုင်းအုပ်စုများက ပိုမိုတတ်ကျွမ်းကြသည်။ လူမှခြင်္သေ့အသွင် ကျားအသွင်၊ မိကျောင်းအသွင်၊ ဝံပုလွေအသွင်ပြောင်းလဲနိုင်ကြ သည်။

အင်္ဂလိပ်များဝင်ရောက်လာစဉ်က ထမံသီနယ်ဘက်သို့ အမဲပစ်ရန်ထွက်လာသော အင်္ဂလိပ်တစ်ယောက် နတ်စင်တစ် စင်အနီးတွင် လူမှကျားအသွင်ပြောင်းလဲနေသော လူတစ်ယောက် ကို တွေ့ရသည်။ ညဦးပိုင်းအချိန်ဖြစ်သဖြင့်လည်းကောင်း၊ သစ် ချုံများကွယ်နေသည်ကတစ်ကြောင်း ဦးခေါင်းကိုသာ မြင်ရပြီး ကိုယ်ကိုမမြင်ရပေ။ သူမြင်ရသော ဦးခေါင်းမှာ ကျားတစ်ကောင်





၏ ဦးခေါင်းပင်ဖြစ်သည်။

သေနတ်ဖြင့်ပစ်သည်။ ချက်ကောင်းကိုထိသောကြောင့် ချက်ချင်းသေဆုံးသွားသည်။ မုဆိုးများက ထိုနေရာသို့ သွားကြည့် သောအခါ ဦးခေါင်းက ကျားဖြစ်နေပြီး အောက်ပိုင်းက အဝတ် မပါသော လူတစ်ယောက် ကိုယ်ခန္ဓာအတိုင်းပင် ရှိနေသေး သည်ကို မြင်ရသောအခါများစွာ အံ့ဩထိတ်လန့်သွားကြသဖြင့် စခန်းချရာသို့ ပြန်ခဲ့ကြသည်။

နောက်တစ်နေ့မိုးလင်းတော့ ထပ်မံသွားကြည့်ရာသွေး ကွက်များသာတွေ့ရပြီး ကျားတစ်ပိုင်းလူတစ်ပိုင်းဘဝဖြင့် သေ နေသော အလောင်းကိုတော့ မတွေ့ကြရတော့ပေ။ အာဖရိက တိုက်၊ တရုန့်စဖော်နယ်ရှိ အူဗန်ဂိုဟုခေါ်သော ရွာတစ်ရွာ၌ ခြင်္သေ့တစ်ပိုင်း လူတစ်ပိုင်းဖြစ်နေသော အရိုးစုတစ်ခုကိုတွေ့ခဲ့ ကြရာ ဇ္ဈာနဇော်ဂနီပညာဖြင့် ပြောင်းလဲခြင်းပင်ဖြစ်ပေသည်။

ယခုလည်း ပန်ဆောင်ရွာသားများ ပစ်လိုက်သော ကျည်ဆံထိပြီး သေဆုံးနေသောအလောင်းမှာ ကျားတစ်ပိုင်း လူတစ်ပိုင်းဘဝဖြင့် သေဆုံးနေခြင်းဖြစ်၏။

"ကျားနက်ဂိုဏ်းခေါင်းဆောင်က ရုပ်ပြောင်းနာမ်ခွာ ပညာတတ်တယ်ဆိုတော့၊ သူ့တပည့်တွေကိုလည်း သင်ထားပေး ပုံရတယ်"

"ဘာပဲဖြစ်ဖြစ်. . . ထမန်းကျားတွေက လူထက်ပိုပြီး ကြောက်စရာကောင်းသလို၊ ကျားထက်လည်း ပိုကြောက်စရာကောင်း တယ်၊ ဘာကြောင့်လည်းဆိုတော့ သူတို့က ကျားတစ်ကောင်လို



www.burmeseclassic.com

www.burmeseclassic.com

ခွန်အားကြီးပြီးတော့ လူတစ်ယောက်လို အသိဉာဏ်ရှိကြလို့ပဲ"

"ဒါထက် သူတို့က ဒီနေရာအထိ ဘာကြောင့်လာကြတာလဲ"

"အကြောင်းမရှိပဲနဲ့တော့ လာမယ်မထင်ဘူး၊ ငါတို့ရွာကို အန္တရာယ်ပေးဖို့လာပြီး စနည်းနာတာဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် တစ်ခုခုကိုလာပြီး စုံစမ်းတာလည်း ဖြစ်မှာပေါ့"

"ဒီလိုသိရပြီဆိုတော့ ခါတိုင်းထက်ပိုပြီး သတိဝီရိယနဲ့ စောင့်ကြမှဖြစ်မှာပေါ့၊ ဒီအလောင်းကို ရွာထဲသယ်သွားမလား"

"မကောင်းဘူးထင်တယ် သူကမကောင်းဆိုးဝါး တစ်ကောင်ပဲ၊ နောက်ပြီး သေပြီးသားအလောင်းကို ရွာထဲပြန်သွင်းလို့မရဘူး"

ထိုသို့ပြောပြီး ကျားတစ်ပိုင်း လူတစ်ပိုင်းဖြစ်နေသူ၏ အလောင်းကို သစ်ကိုင်းသစ်ခက်များဖြင့်အုပ်ကာ ရွာထဲသို့ ပြန်ဝင်ကြသည်။ နောက်တစ်နေ့နံနက်လင်းတော့မှ လူစုပြီး တစ်ခေါက်သွားကြည့်သောအခါ ထိုအလောင်းကို မတွေ့ကြရတော့ပေ။





# အခန်း-၁၅

# ဗျူဃရန်စွယ်နှင့် အန္တရာယ်

ကျား နက်ဂိုဏ်းသားများစခန်းချသော တောင်မှာ သူသားများ မသွားလာသောနေရာတစ်နေရာဖြစ်သည်။ ထိုနေရာတစ်ဝိုက်တွင် ကျားဆိုးများပေါသဖြင့် တကူးတက မသွားကြခြင်းလည်းဖြစ်သည်။

တောင်၏ပုံသဏ္ဌာန်မှာ ကျားတစ်ကောင်၏ဦးခေါင်းနှင့်များစွာကူလှပြီး ပါးစပ်နေရာတွင် ဂူပေါက်စရှိသည်။ တောင်


www.burmeseclassic.com

www.burmeseclassic.com

တက်လမ်းတစ်လမ်းသာရှိပြီး ထိုတောင်တက်လမ်းဆုံးပါ
ကျားပါးစပ်နှင့်တူသော ဂူပေါက်အတွင်းသို့ ရောက်နိုင်ပေသည်
ထိုဝင်ပေါက်ကို ကျားပါးစပ်ခံတွင်းဟုပင် အမည်ပေးထားသည်
ထိုဂူထဲတွင် ဗျူဟာခေါင်းဆောင်သော ကျားနက်ဂိုဏ်းသားများ
သည်။ ယခင်က လူပေါင်း ၃၀, ၄၀ လောက်အထိ များသော
လည်း ယခုနောက်ပိုင်း တိုက်ခိုက်မှုများတွင် သေဆုံးသူအ
အတွက် အတော်ပင်များသဖြင့် ဦးရေလျော့နည်းသွားခဲ့သည်

နောင်ယန်းရွာမှာပုန်းနေသော ဘရန်ဆိုင်းအား ဖမ်း
ဆီးရန်သွားစဉ်က နီမောင်တို့လက်ချက်ကြောင့် လူ ၁၅-ယော
ထက်မနည်း သေခဲ့ရာ ယခုဂိုဏ်းသားအရေအတွက်မှာ ၂၀ ပ
မပြည့်တော့ပေ။ သို့ကြောင့် ဗျူဟာမှာ မကျေနိုင်မချမ်းနိုင် ဖြစ်နေ
လေသည်။

သူတို့အဖွဲ့သားများကို နှိပ်စက်သွားသော နီမောင်တို့
မည်သည့်နေရာမှာနေသည်ကို လိုက်လံစုံစမ်းခိုင်းထားလေသည်
ထိုသို့စုံစမ်းခိုင်းရင်းမှပင် တစ်နေ့က သူပညာသင်ပေးထားသော
တပည့်တစ်ယောက် ရန်သူလက်ချက်ကြောင့် သေရပြန်သည်
အလောင်းကိုတော့ ညတွင်းချင်းသွားယူခဲ့သဖြင့် ရခဲ့သည်။

ယခုဂူထဲတွင် သေဆုံးနေသူ၏ အလောင်းကို ထုံးစံ
သည့်အတိုင်း သဂြိုလ်ရန်ပြင်နေကြသည်။ သာမန်အဖွဲ့သားများ
သေသည့်ခါ ချောက်ထဲပစ်ချလိုက်ရုံသာရှိသည်။ ထမန်းကျား
ဘဝပြောင်းသွားလျှင်တော့ ထိုကဲ့သို့ သဂြိုလ်၍မရပေ။ အကယ်
၍ ထမန်းကျားတစ်ယောက်ကိုဖြစ်သလို သဂြိုလ်ပါက သတ်





င်ရာ နတ်များစိတ်ဆိုးသဖြင့် ဘေးအန္တရာယ်များနှင့် တွေ့ကြုံ
တတ်သည်ဟု လက်ခံယုံကြည်မှု ရှိကြသည်။

ဗျူဟာက အသက် ၃၅နှစ်ဝန်းကျင်လောက်သာ ရှိသေး
သော်လည်း ထိုပညာကို ကောင်းစွာတတ်ကျွမ်းသလို မလေ့
းစ်များကိုလည်း ကောင်းစွာနားလည်သူဖြစ်သည်။ ကျားနက်
ဏ်းသားများနေသော ဂူအတွင်းမှာတော့ ဗျူဟာအပါအဝင် ဂိုဏ်း
သားများရှိနေကြသည်။ အချိန်က ညနေပိုင်းရောက်နေပြီ ဖြစ်
သောကြောင့် ဂူအတွင်းမှာ မှောင်နေပေပြီ။ နံရံတွင် ကညင်ဆီ
တိုင်များထွန်းထားသောကြောင့် အတန်အသင့် အလင်းရောင်
းရနေသည်။

တစ်နေရာမှာတော့ သေနတ်ဒဏ်ရာဖြင့် အသက်သေ
းနေသည့် ထမန်းကျားတစ်ယောက်ရှိနေသည်။ ထိုအလောင်း
ဝါးကြာပ်တစ်ခုပေါ် တွင် တင်ထားသည်။

"ရန်သူတွေလက်ချက်ကြောင့် ငါ့အဖွဲ့သားတွေ အ
ာက်သေကုန်ကြပြီ"

"ဟုတ်တယ် ဆရာကြီး၊ ဘရန်ဆိုင်းဆီသွားတုန်းက
ိုက်ခိုက်ခံရလို့ သေတာတော်တော်များတယ်၊ ကျုပ်တို့ အဖွဲ့
သားတွေ တစ်ဝက်လောက်ကုန်သွားခဲ့တယ်"

ဟု တစ်ယောက်ကပြောသည်။

"အဲဒီမှာ သူ့ဘက်ကကူပြီး တိုက်ခိုက်ပေးတဲ့လူတွေက
ဘယ်သူတွေလဲ၊ ဘယ်ရွာကလဲ"

"သတင်းစုံစမ်းကြည့်တော့ ပန်ဆောင်ရွာဘက်ကလာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး အကူအညီပေးသွားတဲ့ တိုက်ခိုက်ရေးသမားတွေလို့တော ပြောသံကြားတယ်”

“ဒါဖြင့် ဘရန်ဆိုင်းဆီက မြေပုံလည်း သူတို့ဆီပါသွားတာဖြစ်မှာပေါ့”

“ဘယ်လိုလုပ်မလဲ ဆရာကြီး၊ သူတို့ရွာကို ဝင်တိုက်လား”

“တိုက်ခိုက်ရေးသမားတွေရှိတဲ့ရွာကို ဒီလောက်လူနည်းနည်းလေးနဲ့သွားတိုက်ရင် အားလုံးသေကုန်မှာပေါ့၊ နောက်ပြီး ဘယ်သူတွေမှန်းမှမသိသေးတာ”

“ကျုပ်တို့လည်း သတင်းစုံစမ်းကြည့်နေတာပါ၊ အဲဒီရွာနားရောက်အောင်သွားပြီး သတင်းစုံစမ်းဖို့ ကြိုးစားရင်းနဲ့ အဖခံရလို့ တစ်ယောက်သေခဲ့ရတာ”

သေဆုံးနေသူနှင့်အတူသွားရာမှ ဂူသို့ပြန်ရောက်လာသူက ပြောပြသည်။

“သာမန်အဖွဲ့သားတစ်ယောက်ထက်၊ ရုပ်ပြောင်းနားခွာတတ်ပြီးသား လူတစ်ယောက်သေရတာတော့ အတော်နစ်နာတယ်၊ ဒါပေမယ့် ဒီလိုနဲ့တော့ မပြီးနိုင်ဘူး၊ သူတို့ရွာကို မိုက်မရဲဆန်ဆန်ဝင်တိုက်တာ မကောင်းသေးဘူး”

“ဒီတော့ ဘယ်လိုလုပ်မှာလဲ”

“တကယ်လို့သာ ဘရန်ဆိုင်းဆီက မြေပုံကိုသူတို့ရသွားခဲ့တာမှန်ရင် ဖြစ်မနေအဲဒီနေရာကို သွားကြမှာပဲ၊ ဒီတော့ သူတို့ရှာတွေ့တဲ့ ရွှေနဲ့လက်နက်တွေကိုလည်း ရအောင်ယူမယ်





သူတို့ကိုလည်း သတ်ပစ်ရမယ်။ ဘရန်ဆိုင်းဆီက မြေပုံရသွားတဲ့သူတွေဟာ သူတို့ဘက်က ကူတိုက်သွားတဲ့ တိုက်ခိုက်ရေးသမားတွေပဲဖြစ်မှာ သေချာတာပေါ့”

ဗျူဟပြောသည်ကို ကျန်ဂိုဏ်းသားများကလည်း လက်ခံကြသည်။

“ဒီတော့မင်းတို့တစ်တွေက သူတို့လှုပ်ရှားတဲ့သတင်းတွေကိုစုံစမ်းကြ၊ ခရီးထွက်ကြပြီဆိုတာနဲ့ နောက်ကလိုက်သွားကြမယ်၊ လောလောဆယ်တော့ ဒီအလောင်းကို သင်္ဂြိုဟ်ဖို့ စီစဉ်ကြတော့”

ထိုသို့ပြောပြီး နောက်မှာတော့ ဝါးကပ်ပေါ်မှာတင်ထားသော အလောင်းကိုသင်္ဂြိုဟ်ရန်ပြင်ဆင်ကြသည်။ ဦးစွာ ဗျူဟအပါအဝင် ဂူအတွင်းမှာရှိသော ဂိုဏ်းဝင်များက အလောင်းကိုအလယ်မှာထား၍ဝိုင်းကာ သရဏဂုံတင်ကြသည်။ ဓလေ့ထုံးစံ ရှိသည့်အတိုင်း ဆုတောင်းမေတ္တာများ ရွတ်ဆိုကြသည်။

ပြီးမှ မီးတိုင်ကိုကိုင်သူကိုင်၊ အလောင်းကို သယ်သူကသယ်ကြပြီး ဂူအတွင်းသို့ သယ်ယူသွားလေသည်။ ဂူအတွင်းပိုင်းတစ်နေရာမှာတော့ ပိတ်ထားသော ဂူပေါက်တစ်ပေါက်ရှိသည်။ ထိုဂူပေါက်မှာ ဝင်ခွင့်မရှိသော ဂူပေါက်ဖြစ်သည်။ ထိုအပေါက်ရောက်တော့ ဗျူဟကိုယ်တိုင် ပိတ်ထားသော တံခါးကိုဖွင့်လိုက်သည်။

ထိုဂူအတွင်းမှာတော့ ကျောက်စင်များ၊ အခေါင်းပေါက်များထဲတွင် ထားသောအလောင်းများရှိသည်။ သာမန်အလောင်း

www.burmeseclassic.com

www.burmeseclassic.com



များမဟုတ်ပဲ ထမန်းမျိုးနွယ်ဂိုဏ်းဝင်များပင် ဖြစ်ကြသည်။
လည်း အရိုးစုဘဝရောက်နေကြပြီး အချို့ကတော့ ပုံစံမပျ
သေးပဲရှိကြသည်။ ထိုအတွင်းသို့ရောက်သောအခါ အသင့်ရှိ
သော ကျောက်စင်ပေါ်သို့ အလောင်းကိုတင်လိုက်သည်။
ဗျူဟကိုယ်တိုင် သစ်စေးတစ်မျိုးဖြင့် ကျောက်ပြားပေါ်တွင်
ဆုံးသူ၏နာမည်ကို ရေးထားလိုက်သည်။

နောက်မှဂူအတွင်းမှပြန်ထွက်ကြကာ တံခါးချပ်ကို
ပိတ်လိုက်ကြသည်။ ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး နော
ပိုင်းရက်များမှာတော့ ကျားနက်ဂိုဏ်းသားများမှာ လူစုခွဲ
မြေပုံရသွားသူများနောက်သို့ ခြေရာခံပြီးလိုက်ကြလေသည်

ရင်းတို့က မြေပုံနှင့်ပတ်သက်သောကိစ္စကို စိတ်ဝင်
နေကြသလို အင်္ဂလိပ်များကလည်းပျောက်နေသော ရွှေသေ
နှင့် လက်နက်များကို အပူတပြင်းလိုက်လံရှာဖွေနေကြသည်

ထိုသို့ရှာဖွေရင်းနှင့် လူသုံးယောက်ကို ဖမ်းမိသ
စစ်ဆေးရာသဲလွန်စ ရခဲ့သည်။ ထိုသုံးယောက်မှာ ရမ်နော၊
လုံနှင့် ငထင်တို့ဖြစ်သည်။ ၎င်းတို့ထံမှ ရွှေတုံးများတွေ့ရသ
စစ်ဆေးသောအခါ လေယာဉ်ပျက်ရှိသောနေရာကို သိခဲ့ရသ

သို့သော်လည်း ချောက်ထဲကျနေသော လေယာဉ်ရှ
ရှိရာသို့ ခက်ခက်ခဲခဲဆင်းပြီးရှာသောအခါ မီးလောင်ပျက်စီး
သော လေယာဉ်ပျက်ကိုသာ တွေ့ရပြီး ရွှေသေတ္တာကို
မတွေ့ကြရပေ။ သို့ကြောင့် လူသုံးယောက်ကို ကြိုးဖြင့်တုပ်
စဉ်မှာ တစ်ယောက်မှာကျားကိုက်ခံရသဖြင့် သေဆုံးသွားသ



နောက်နှစ်ယောက်ကလည်း အခွင့်အရေးရသည်နှင့်
ထွက်ပြေးကြသည်။ နောက်မှလိုက်ပြီး သေနတ်ဖြင့် ပစ်ခတ်ရာ
တစ်ယောက်ကတော့ ကျည်ဆံထိမှန်သွားသည်။ ချက်ခြင်းသေ
သောက်သော ဒဏ်ရာမဟုတ်သဖြင့် လွတ်မြောက်သွားလေ
သည်။ ထို့ကြောင့် သဲလွန်စများ ပြတ်သွားခဲ့လေသည်။ သို့သော်
အင်္ဂလိပ်စစ်ဗိုလ်များကတော့ ထိုကိစ္စကို လွယ်လွယ်နှင့်လက်
လျှော့မပေးလိုကြပေ။

မေဂျာစမစ်ခေါင်းဆောင်သော တပ်ဖွဲ့တစ်ဖွဲ့ကို ထို
နေရာသို့ ထပ်မံစေလွှတ်ပြီး ပျောက်နေသော ရွှေသေတ္တာကို
ရှာဖွေခိုင်းလေသည်။ မေဂျာစမစ်နှင့်အတူပါလာသော စစ်သား
များက ဂေါ်ရခါးစစ်သားများဖြစ်သောကြောင့် အကြမ်းခံနိုင်ကြ
သဖြင့် ထိုနေရာတစ်ဝိုက်သို့ တောနင်းရှာဖွေကြသည်။ သို့သော်
အစအနမျှပင် မတွေ့ရပေ။ သို့ကြောင့် မေဂျာစမစ်က လေယာဉ်
ပျက်ကျသော နေရာတစ်ဝိုက်နှင့် မနီးမဝေးနေရာတွင် ယာယီ
တဲများထိုး၍ စခန်းချပြီးရှာဖွေကြသော်လည်း ရွှေသေတ္တာနှင့်
လက်နက်များကို မတွေ့ရပေ။ သို့သော် အန္တရာယ်များနှင့်တော့
မကြာခဏတွေ့ကြရသည်။

အဆိုးဝါးဆုံးက ကိုးတောင်ကျားကြီးများပင် ဖြစ်ကြ
သည်။ စခန်းပတ်ဝန်းကျင်မှာ လာရောက်ခြောင်းမြောင်းနေပြီ
တစ်ရင်လစ်သလို လူကိုဝင်ဆွဲလေ့ရှိသည်။ ညအခါ မီးဘေးချ
ထက်ချမအိပ်ဝံ့ပဲ အလှည့်ကျကင်းစောင့်ပြီးမှ အိပ်ကြရသည်။
ကင်းမစောင့်ပဲနေလျှင် အိပ်နေသူများကို ကျားကဝင်ဆွဲသွား

www.burmeseclassic.com



လေ့ရှိသည်။

နေ့အခါဖြစ်စေ ညအခါဖြစ်စေ အပေါ့အပါးသွား
တစ်ယောက်ချင်း မသွားဝံ့ပေ။ တစ်ယောက်က အပေါ့အပါး
နေလျှင် ကျန်တစ်ယောက်က သေနတ်ကိုအဆင်သင့်ဖြ
စောင့်ပေးရသည်။ အရဲစွန့်ပြီး တစ်ယောက်ချင်းသွားလျှင်
ပြန်မလာနိုင်ကြပေ။ ထိုနေရာတွင် ကျားဆိုးအန္တရာယ်အပြ
အခြားကြောက်စရာကောင်းသော အခြားအန္တရာယ်လည်း
သေးသည်။

ပရလောကသားတို့၏ လှည့်စားခြောက်လှန့်မှု
သည်။ ဂေါ်ရခါးစစ်သားများက ပရလောကသားတို့၏ လှည့်
ခြင်းကို မသိကြပေ။ ညအချိန် ကင်းစောင့်နေရင်းနှင့် တော
မိန်းမတစ်ယောက် အော်သံကြားရသည်။

"ကျွန်မတောထဲမှာ တစ်ယောက်တည်း ဘယ်သွား
ဘယ်လာရမှန်းမသိလို့ ကယ်ကြပါဦးရှင်"

ထိုအသံကြားသဖြင့် ပြေးသွားကြရာ တောတွင်းရော
မှ မိန်းမနှင့်မတွေ့ရပဲ ကျားနှင့်တွေ့သဖြင့် သေရသည်လ
ရှိသည်။ တစ်ခါကလည်း ညအချိန်ရောက်တော့မှ တောထဲ
သွားလာနေသော အင်္ဂလိပ်စစ်သားများကို တွေ့ကြရသည်။
တို့သည် ရွှေသေတ္တာကြီးတစ်လုံးကိုထမ်းကာ သွားလာနေ
သည်။ ထိုအကြောင်းကို မေဂျာစမစ်အား ပြန်ပြောပြကြသ

"ညက စစ်သားတွေ ရွှေသေတ္တာတစ်လုံးထမ်းသွား
တွေ့ရတယ်"



"မင်းတို့တယ်ခက်ပါလား။ ဒီတောထဲမှာ ငါတို့အပြင်
ဘယ်သူမှမရှိဘူး၊ နောက် ငါ့အမိန့်မရပဲနဲ့ အပြင်မထွက်ကြနဲ့"

ထိုသို့အမိန့်ပေးထားရင်းမှပင် ဂုင်းတို့စခန်းမှ ဂေါ်ရခါး
စစ်သားအချို့ သေကြပြန်၏။ ရေခပ်ရင်း၊ ထင်းခြောက်ရှာရင်းမှ
ပင် တောကောင်များလက်ချက်ကြောင့် သေကြရပြန်သည်။

တောနကောင်ကြီးများက သေနတ်ဖြင့် ပစ်ခတ်သည်ကို
ပင် မကြောက်ကြပဲ အချိန်နှင့်အမျှ လာရောက်ခြောင်းမြောင်း
နေကြသည်။ တစ်ချက်ကလေး သတိလစ်သည်နှင့် ဝင်ဆွဲသွား
ကြပြန်၏။

ကြာတော့ ယာယီတဲများနှင့် စခန်းချနေရသည်ကိုပင်
စိတ်မချရသော အခြေအနေမျိုးဖြစ်လာသည်။ တစ်ညမှာတော့
စခန်းသို့လာရောက်ခြောင်းမြောင်းသော ကျားတစ်ကောင်ကို
သေနတ်ဖြင့်ပစ်ရာ ထိမှန်သွားသည်၊ သွေးစက်များသာတွေ့
လိုက်ရပြီး ကျားသေကိုတော့ မတွေ့ရပေ။ နောက်ညမှာတော့
ကြောက်စရာကောင်းသော အန္တရာယ်နှင့် တွေ့ကြရသည်။

အခြားတော့မဟုတ်ပေ။ ညအချိန် ရောက်တော့မှ ဟိန်း
သံအော်သံမကြားရပဲ တောကောင်ကြီးများ ရောက်လာကြ
သည်။ ၁၀-ကောင်ထက်မနည်းသော တောကောင်ကြီးများ ဖြစ်
လေရာ ဂေါ်ရခါးစစ်သားများမှာ မျက်လုံးပြူးသွားကြတော့သည်။

"ကျားတွေ . . ကျားတွေ အများကြီးရောက်လာတယ်
ထကြ၊ အမြန်ထကြ"

ထိုသို့အော်ဟစ်ကြသည်။ ထိုအချိန်မှာ ကင်းစောင့်နေ

www.burmeseclassic.com

www.burmeseclassic.com



သူ နှစ်ယောက်ကလွဲပြီး ကျန်စစ်သားများက အရက်သောက်ပြီး အိပ်နေကြသော အချိန်ဖြစ်သည်။

အော်သံကြားတော့မှ လူးလဲထလာကြသော်လည်း မည်သူမှ အဆင်သင့်မဖြစ်ကြပေ။ သေနတ်များကိုဆွဲယူချိန်ပင် မရလိုက်ပဲ တောကောင်များက ရွက်ဖျင်တဲများအတွင်းသို့ ဝင်ရောက်လာပြီး, စစ်သားအတော်များများကို ကိုက်သတ်ပြီးမှ ပြန်ထွက်သွားကြသည်။

ထူးဆန်းသောအချက်က အချို့တောကောင်များက လူကိုကိုက်သတ်ပြီးပါက ကိုက်ချီယူသွားကြသည်။ ယခုဝင်ရောက်လာသော တောကောင်များကတော့ ကိုက်သတ်ရုံပဲ ကိုက်သတ်ပြီး ချီယူမသွားကြပေ။ အင်္ဂလိပ်စစ်သားများမှာ ထိုအဖြစ်အပျက်မျိုး မကြုံဖူးသေးသောကြောင့် အလစ်ခံလိုက်ရခြင်းဖြစ်သည်။

ကျားက တစ်ကောင်ချင်း၊ ဒါမှမဟုတ်နှစ်ကောင် တပြိုင်နက်ထဲဝင်လာသည်မျိုး မဟုတ်ပဲ ၁၀-ကောင်ခန့် တပြိုင်နက်တည်း ဝင်ရောက်လာသောကြောင့် ဘာလုပ်ရမှန်းမသိသဖြင့် သေနတ်ဖြင့် ပစ်ခတ်ချိန်ပင် မရလိုက်ပေ။

ကျားများအုပ်စုလိုက် ပြန်ထွက်သွားပြီးနောက်မှာတော့ စခန်းတွင် အသက်ရှင်သူ သိပ်မကျန်ခဲ့တော့ပေ။ အသက်မသေပဲ ကျန်ခဲ့သူများမှာလည်း တစ်ကိုယ်လုံး ကျားကုပ်သော လက်သည်းရာ၊ ကျားကိုက်သော အစွယ်ရာများဖြင့် မရှုမလှကျန်ခဲ့ကြသည်။ ထိုအခြေအနေကိုမြင်တော့ မေဂျာစမစ်မှာ ထိုနေရာတွင်



ဆက်နေရန် မသင့်တော့မှန်း သဘောပေါက်သွားလေသည်။

လူများများရှိစဉ်က နေရတာအကြောင်းမဟုတ်သော်လည်း ယခုလိုလေးငါးယောက်သာကျန်တော့သည့် အခြေအနေမျိုးမှာတော့ ဆက်နေရန်မသင့်တော့မှန်း သဘောပေါက်လေသည်။ သို့ကြောင့် ထိုအခြေအနေကို အထက်သို့တင်ပြပြီးနောက်ထပ်စစ်သားအင်အားထပ်ရတော့မှ ပြန်လာတော့မည်ဟု ဆုံးဖြတ်ပြီး ပြန်သွားကြလေတော့သည်။

ထိုအခြေအနေကိုမြင်တော့ လေယာဉ်ပျက်ကျသွားသောနေရာတစ်ဝိုက်သို့ ရောက်နေကြပြီဖြစ်သော ကျားနက်ဦးဏှာ်းသားများက သဘောအကျကြီး ကျနေကြပေတော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုညက သေနတ်တစ်ချက်ပစ်ခတ်ရန်မလိုပဲ ကျားအသွင်ပြောင်းလဲကာ ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် အင်္ဂလိပ်စစ်သားများ သေဆုံးခဲ့ကြခြင်းကြောင့်ပင် ဖြစ်ပေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





# အခန်း-၁၆

# ဝါးတောအတွင်းမှ ထူးဆန်းသောသတ္တဝါ

နီမောင်တို့ ခရီးထွက်ကြတော့ စုစုပေါင်းခုနစ်ယောက်ဖြစ်သည်။ နီမောင်၊ စောထီး၊ ငမဲအောင်တို့အပြင် ဦးဗန်ကောင်းသည်းပါသဖြင့် လေးယောက်ဖြစ်သည်။ ထို့ပြင် နောက်ထပ်ယုံကြည်စိတ်ချရပြီး ဖျတ်လတ်သွက်သော လူရွယ်သုံးယောက်တို့ပါအပ်ခေါ်ခဲ့ကြသည်။ တန်ပ၊ ပါရာဂျာနှင့် ဒန်ကူးတို့သုံးယောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်စလုံး အသက် ၂၀-ကျော်အရွယ်သာရှိသေးပြီး ကြံ့ခိုင်တောင့်တင်းသူများဖြစ်သည်။ သေနတ်၊ ဒူးလေး၊ လင်းလေးပစ်ခတ်ရာတွင် ကျွမ်းကျင်သလို ဓားခုတ်၊ လှံထိုး၊ ကပ်ပါးဟုခေါ်သော ရဲဒင်းပြားများနှင့်တိုက်ခိုက်ရာတွင်လည်း သုံးယောက်စလုံး ကျွမ်းကျင်ကြသည်။ တောတောင်များသို့ သွားရောက်ကာ အလုပ်လုပ်ကြသူတိုင်း တိုက်ခိုက်ရေးပညာ၊ လက်နက်များသုံးစွဲမှုများ တတ်မြောက်ကြရသည်။ ကျားတစ်ကောင်ကို သေနတ်မပါပဲနှင့် တိုက်ခတ်သတ်ဖြတ်နိုင်ရန် လေ့ကျင့်သင်ကြားထားရလေသည်။

နောက်ထပ်ခေါ်သော သုံးယောက်မှာ တိုင်းရင်းသားလူရွယ်များဖြစ်ကြပြီး သေနတ်၊ လေးမြားလက်နက်၊ ဓား၊ လှံတို့အပြင် ကပ်ပါးဟုခေါ်သော ရဲဒင်းပြားတစ်လက်စီပါပါကြသည်။ အရိုးရှည်တပ်ထားသော ရဲဒင်းပြားများမှာ အသွားထက်လှသောကြောင့် ရန်သူနှင့်ဖြစ်ဖြစ်သတ္တဝါတစ်ကောင်နှင့်ဖြစ်စေ ရင်ဆိုင်တွေ့ပြီး အနီးကပ်တိုက်ခိုက်ရာ၌များစွာ အားကိုးရသော လက်နက်တစ်မျိုးပင် ဖြစ်သည်။

တန်ပတို့သုံးယောက်မှာ နီမောင်တို့နှင့် ကောင်းစွာသိကြသဖြင့် အကြောင်းကိစ္စရှိသဖြင့် ခေါ်သောအခါ ချက်ခြင်းရောက်လာကြခြင်းဖြစ်သည်။

"မင်းတို့ကိုခေါ်ရတာ တခြားတော့မဟုတ်ဘူး၊ ငါတို့အရေးကြီးတဲ့ကိစ္စတစ်ခုနဲ့ ခရီးထွက်ဖို့ရှိတယ်၊ မင်းတို့လိုက်နိုင်မလား"



"မင်းတို့နဲ့သွားတာ ဘာကြောင့်ငြင်းရမှာလဲ၊ ငါတို့ သုံးယောက်က မင်းနဲ့တွဲပြီး သွားချင်နေကြတာ"

"ဒီတစ်ခေါက်က လမ်းပြအလုပ်မဟုတ်ဘူး၊ အန္တရာယ်ရှိတဲ့ခရီးမျိုး သွားကြမှာ"

"ဒါလည်း ဘာဗျားဆန်းသလဲ နီမောင်ရာ၊ ငါတို့က အန္တရာယ်ကို ကြောက်နေကြတဲ့ သူတွေမှမဟုတ်တာ၊ မင်းတို့ ဘယ်သွားမှာလဲ"

ထိုအခါ နီမောင်က ပျောက်ကျသွားသော လေယာဉ်ပျက်ကိုသွားရောက်ရှာဖွေကြမည့်အကြောင်း ပြောပြလိုက်ရာ သုံးယောက်စလုံးက စိတ်ဝင်စားကြလေသည်။

"ငါတို့လည်း အဲဒီသတင်းတော့ကြားမိတယ်၊ ဘယ်လိုသွားရမှန်းလည်းမသိ၊ ဘယ်နေရာမှန်းလည်းမသိလို့ မသွားဖြစ်ကြသေးတာ၊ မင်းတို့နဲ့အတူတူသွားရတော့ ပိုကောင်းတာပေါ့။ မင်းတို့နေရာသိသလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"အဲဒီလေယာဉ်ပျက်တွေ့တော့ ဘာရနိုင်သလဲ နီမောင်"

ပါရာဂျာက ဝင်မေးသည်။

"သေနတ်နဲ့ကျည်ဆံတွေ အများကြီးရနိုင်တယ်"

"စိတ်ဝင်စားစရာပဲဟေ့"

"နောက်ပြီး ရွှေတွေလည်း ရနိုင်တယ်"

"ရွှေတွေကတော့ ဒီလောက်စိတ်မဝင်စားပါဘူး၊ ငါတို့ဒေသမှာ ရွှေတစ်တုံးက ဆန်တစ်တင်းလောက်မှ အသုံးမတည့်

www.burmeseclassic.com

www.burmeseclassic.com

ပါဘူး၊ သေနတ်နဲ့ကျည်ဆံတွေကတော့ စိတ်ဝင်စားစရာပဲ”

ဒန်ကူးစကားကြောင့် ကျန်သူများက သဘောကျစွာ ရယ်လိုက်ကြသည်။

“ခရီးမထွက်ခင် မင်းတို့ကို ပြောသင့်ပြောထိုက်တာတွေ တော့ ပြောထားရမယ်၊ ငါတို့သွားမယ့်နေရာက လူသူသိပ်မ ရောက်တဲ့နေရာဆိုတော့ တောနက်တယ် တောကောင်တွေများ တယ်”

သုံးယောက်စလုံးက သဘောပေါက်သည့် အမူအယာ ဖြင့် ခေါင်းညိတ်ပြကြသည်။

“နောက်ပြီး အင်္ဂလိပ်စစ်သားတွေနဲ့လည်း တွေ့နိုင် တယ်”

“ဒါကတော့ သတိနဲ့ရှောင်သွားရမှာပေါ့”

“နောက်တစ်ခုက ထမန်းကျားတွေနဲ့လည်း တွေ့ရနိုင် တယ်”

“နေပါဦး နီမောင်ရဲ့ ငါတို့နယ်မှာ ထမန်းကျားကတော့ ရှိတာပေါ့။ ဟိုတလောက တောင်ရွာနားကို လာခြောင်းတဲ့ ထမန်း ကျားတစ်ကောင်ကို ပတ်သက်လိုက်ကြသေးတယ် မဟုတ်လား နောက်တစ်နေ့ သွားကြည့်တော့ အလောင်း ပျောက်သွားတယ် လေ”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

“ထမန်းကျားက တစ်ခါတစ်လေမှ တွေ့ရတာမဟုတ် လား၊ ငါတို့နဲ့ဘယ်လိုတွေ့မှာလဲ”





“ကျားနက်ဂိုဏ်းသားတွေထဲမှာ ကျားအသွင်ပြောင်းလဲ နိုင်တဲ့ ထမန်းကျားတွေရှိတယ်၊ ဂိုဏ်းခေါင်းဆောင် ဖူလှ ကိုယ် တိုင်က ကျားအသွင်ပြောင်းနိုင်တဲ့ ထမန်းမျိုးနွယ်တစ်ယောက် လို့ သတင်းကြားတယ်”

“ဒါပေမယ့် ကြောက်စရာတော့မရှိပါဘူး၊ ငါတို့က ကျား ကိုတောင် နိုင်အောင်သတ်နိုင်ကြတဲ့သူတွေပဲ၊ ထမန်းကျား လောက်တော့ ကြောက်စရာမလိုပါဘူး”

ဟု ဝိုင်းဝန်းပြောဆိုကြလေသည်။

“အင်္ဂလိပ်စစ်သားတွေကလည်း သူတို့ပျောက်နေတဲ့ သေနတ်လက်နက်တွေကို ပြန်ရှာနေကြသလို၊ ကျားနက်ဂိုဏ်းသား တွေကလည်း သတင်းစုံစမ်းနေကြတယ်”

“ငါတို့သွားရင် သူတို့နဲ့ပါတွေ့နိုင်တယ်”

“တွေ့တော့လည်း တိုက်ကြရုံပေါ့၊ သူလည်းအသက် ငါတို့လည်းအသက်နဲ့ ရှုံးတဲ့သူသေမှာပဲ၊ ကြောက်စရာတော့ မရှိပါဘူး ဘယ်တော့သွားကြမလဲ”

နီမောင်က ခရီးထွက်မည့်ရက်နှင့်သွားမည့် အစီအစဉ် များကို ပြောပြလိုက်သည်။

ခရီးထွက်သောရက်သို့ရောက်သောအခါ မြင်းများဖြင့် သွားကြသည်။ မြင်းများပေါ်မှာပင် သေနတ်၊ လေးမြား၊ အခြား လက်နက်များနှင့် ရိက္ခာထုပ်များကို တင်ဆောင်သွားကြသည်။ သူတို့နေသော ပန်ဆောင်ရွာမှ မြောက်စူးစူးသို့ ဦးတည်ပြီးသွား ကြလေသည်။ နယ်မြေချင်း ဆက်စပ်နေသော ဟူးကောင်းချိုင့်


www.burmeseclassic.com

www.burmeseclassic.com



ဝှမ်းမှာ အရှေ့ဘက်တွင်ရှိသည်။ သို့ကြောင့် ခရီးလမ်းက ကြ သည်။ အများဖြင့်တော့ အိန္ဒိယနယ်နှင့် ထိစပ်လျက်ရှိသေ တောင်ကြောများပေါ်မှ သွားကြရသည်။ လမ်း၌စခန်းချလျှ လူများအတွက်ချည်း လုံခြုံအောင်လုပ်၍မရပဲ မြင်းများအတွ ပါ စိတ်ချရအောင် စီမံကြရသည်။ မြင်းရောလူပါ နေနိုင်လော သော ဂူကြီးများအတွင်းမှာ ဝင်ရောက်နေကြရသည်။

ကိုးတောင်ကျားကြီးများကတော့ လူကိုဖြစ်စေ မြင်း ဖြစ်စေ ရလျှင်ရသလို ဝင်ဆွဲရန် ချောင်းမြောင်းနေကြသည် တောနက်ကြီးများထဲတွင် ခရီးသွားကြသည့်အခါ တိရစ္ဆာန် တော်များများက လူကိုအန္တရာယ်ပေးနိုင်ကြသည်။

ကျား၊ ကျားသစ်၊ ဝက်ဝံနှင့်မျောက်ဝံကြီးများမှာ အားကြီးသလောက် ရန်မူကြသော သတ္တဝါများဖြစ်ကြသ ကျားက ညဘက်တွင် အလာများသော်လည်း အခြားသတ္တဝါ ကတော့ အချိန်မရွေး၊ နေရာမရွေးပဲ တွေ့သည်နှင့် ဝင်ရော တိုက်ခိုက်တတ်ကြသည်။ နီမောင်က သူနှင့်ပါလာသော အ သားများကို မှာထားသည်။

"ငါတို့ ဒီတာကောင်တွေနဲ့တွေ့ရင် တတ်နိုင်သမျှ သေ နတ်မသုံးပဲ တိုက်ခိုက်ကြမယ်၊ သေနတ်သံကြားရင် တခြာ တွေပါ ရောက်လာနိုင်တယ်၊ မလွှဲသာတော့မှ သေနတ်သုံး မယ် "

ထိုသို့သွားကြရာ တစ်ညကျော်တော့ ဝါးရုံတော ထူသောနေရာသို့ ရောက်သွားကြသည်။ အခြားနေရာ

ချောက်များရှိနေသောကြောင့် ရှောင်သွားရန်လည်း မဖြစ်ပေ။ ထိုနေရာရောက်တော့ မြင်းများက ရှေ့သို့မသွားလိုသောကြောင့် ခေပ်ရပ်ကာ 'ဟီ'နေကြသည်။

"ဝါးတောထဲမှာ အန္တရာယ်ရှိနေပုံရတယ်"

ဒန်ကူးက ငြိမ်သက်နေသည့် ဝါးတောအခြေအနေကို အကဲခတ်ကြည့်ပြီး ပြောလိုက်သည်။ ထိုအခိုက်မှာပင် ဝါးရုံတော များအတွင်းမှာ နေကြသည့် ငှက်အုပ်များဝေါခနဲ ထပျံကြလေ သည်။ ငှက်များက တစ်ပြိုင်နက်တည်း ထပျံကြရာ ကောင်းကင် နေရာလပ်မရှိသလောက် များပြားစွာတွေ့ရသည်။

မရှေးမနှောင်းမှာပင် ဝါးရုံတောအတွင်းမှ တော တိရစ္ဆာန်များ ဆူဆူညံညံအော်ဟစ်သော အသံများနှင့် ပြေးလွှား နေသော အသံများကိုပါ တဆက်တည်းကြားရသဖြင့် နီမောင် အဖွဲ့မှာ ပါလာသောလက်နက်များကို အဆင်သင့်ပြင်ကာ အခြေအနေ စောင့်ကြည့်နေကြသည်။

မကြာမီတောတွင်း၌ ကျက်စားသော တောတိရစ္ဆာန် တို့ ဦးတည်ရာမဲ့ ပြေးလွှားနေကြသည်ကို တွေ့ကြရသည်။ တိရစ္ဆာန်များမှာ လူများကိုမြင်သော်လည်း ဂရုမစိုက်ပဲ သူ အနားမှပင် ပြေးသွားကြလေသည်။

"နောက်မှာ လူထက်ပိုကြောက်စရာကောင်းတဲ့ သတ္တဝါ တွေ့လို့ ဖြစ်မှာပေါ့"

နီမောင်က မှတ်ချက်ချလိုက်သည်။

"ငှက်တွေ၊ တောတိရစ္ဆာန်တွေ အုပ်စုလိုက်ထွက်ပြေး





www.burmeseclassic.com

www.burmeseclassic.com



ကြပုံထောက်တော့ ဝါးရုံတောထဲမှာရှိနေတဲ့ သတ္တဝါက သာ သတ္တဝါမျိုးတော့ ဟုတ်မယ်မထင်ဘူး"

ဟု တန်ပကပါ ပြောသည်။

"နီမောင် ဘယ်လိုလုပ်မလဲ"

"ငါတို့ ဦးတည်တဲ့နေရာကိုသွားဖို့ အနီးဆုံးက ဒီတ လမ်းပဲရှိတယ်"

"ဒီတော့လည်း ဒီလမ်းကပဲ သွားရမှာပေါ့၊ တခြား ရာက ကွေ့ရှောင်သွားရင် ရက်ကြာပြီး ပင်ပန်းလိမ့်မယ်"

"ဝါးတောထဲမှာ ဘယ်လိုသတ္တဝါမျိုးရှိမှန်း မသိရပဲ တော့ တခြားလမ်းက ကွေ့သွားဖို့မလိုပါဘူး၊ ဒီလမ်းကပဲ ဖြ ကြတာပေါ့"

တန်ပတို့သုံးယောက်မှာ သတ္တိကောင်းသူများ ဖြစ် သဖြင့် ဘယ်သူကမှ နောက်ကြောင်းပြန်လှည့်ဖို့ ဆန္ဒမရှိကြ သို့ကြောင့် နီမောင်က စဉ်းစားဆုံးဖြတ်ရသည်။

"ဒီလိုလုပ်ကြမယ်၊ ငါအပါအဝင်သုံးယောက်က ရှေ့ အရင်ဝင်မယ်၊ မြင်းတွေနဲ့ကျန်တဲ့ လေးယောက်က မနီးမဝေး လိုက်ခဲ့ကြ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က ကူ ပေးနိုင်ဖို့ သိပ်တော့မဝေးကြစေနဲ့"

နီမောင်ကထိုအဖွဲ့ကို ခေါင်းဆောင်လာခြင်းဖြစ်သ သူပြောသော အစီအစဉ်ကို ကျန်အဖွဲ့သားများက လက်ခံ သည်။ ရှေ့မှ သွားမည့် သုံးယောက်မှာ နီမောင်၊ စောထီး တန်ပတို့သုံးယောက်ဖြစ်သည်။ ငမဲအောင်၊ ပါရာဂျာနှင့်ဒန်



တို့က နောက်ကလိုက်ကြမည်။ ဦးဗန်ကောင်းနှင့်မြင်းများကို တော့ အလယ်၌ထားသည်။

နီမောင်က သေနတ်နှင့်လေးမြှားတို့ကို ကျောမှာ လွယ် ထားပြီး လှံတစ်ချောင်းကိုင်ထားသည်။ စောထီးက ဓားတစ် သက်နှင့် မှိန်းတစ်ချောင်းကို ကိုင်ထားပြီး တန်ပကတော့ အရိုး ရှည်တပ်ထားသော အသွားထက်လှသည့် ရဲဒင်းမြှားကို ကိုင် ထားသည်။ ဝါးရုံတောထဲတွင်လမ်းဟူ၍ သတ်သတ်မှတ်မှတ် ရှိသော်လည်း ကုန်သည်များ ဖြတ်သွားသည့်အခါ အသုံးပြု သွားသော လမ်းဟောင်းအချို့တော့ ရှိသည်။ သို့သော်လည်း အသုံးမပြုတာကြာခဲ့ပြီဖြစ်ဟန်ဖြင့် ချုံနွယ်များပိတ်နေသည်။ သို့ သော် ဝါးတောဆိုသည်မှာ တောခြေမရှုပ်လှသဖြင့် လမ်းအ ခွတ်တော့ မပူရပေ။

တစ်ခုတော့ သတိထားရသည်။ ဝါးတောမှာ တခြား သစ်တောများကဲ့ အမှတ်အသားပြုလုပ်၍မရပေ။ ဝါးတောထဲ ရောက်လျှင် မည်သည့်နေရာကြည့်ကြည့် အတူတူပင် ဖြစ်နေ သောသဖြင့် မျက်စိလည်တတ်သည်။ လမ်းမှားတတ်သည်။ သို့ ကြောင့် မဝင်ခင်ကတည်းက အရှေ့အနောက်၊ တောင်မြောက် အရပ်တို့ကို အသေအချာမှတ်ပြီးမှ ဝင်ရောက်ကြရသည်။

ဝါးတောအတွင်းရောက်တော့ ထူးထူးခြားခြား ဘာမှ တွေ့ရပဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ တောတိရစ္ဆာန်လေး များ အရိပ်အယောင်မတွေ့ရ။ ငှက်အော်သံများလည်း မကြား ရ။ တစ်နေရာရောက်သူတို့နှင့် မနီးမဝေးနေရာမှ ဝါးရုံတော

www.burmeseclassic.com

www.burmeseclassic.com



များ လှုပ်သွားသည်ကို လှမ်းမြင်ရသည်။ နီမောင်က လှံကိုပြန်ထည့်ပြီး၊ လေးနှင့်မြားကို ထုတ်လိုက်သည်။ အောက်ခြေရှင်းသဖြင့် ရှေ့သို့လှမ်းမြင်နိုင်သည်။ ထိုအခြေအနေမျိုးက လေးနှင့်မြားကို အသုံးပြု၍ရနိုင်သည်။

တစ်နေရာရောက်တော့ ဝါးတောတွင်းမှသတ္တဝါတစ်ကောင်၏ မာန်ဖီနေသော အသံမျိုးကြားရသည်။ နီမောင်ကအသံကြားရာသို့ကြည့်တော့ ဝါးပင်များကြားမှ ရိပ်ကနဲ နေရာရွှေ့သွားသော သဏ္ဌာန်တစ်ခုကို မသဲမကွဲလှမ်းမြင်ကြရသည်။

ထိုနေရာရောက်တော့ ပါလာသောမြင်းများက ထိန်းရလောက်အောင် ဝရုန်းသုန်းကား ဖြစ်နေကြသဖြင့် အတော်ပင်ထိန်းပေးနေရသည်။ ဤသို့ဖြင့် သတိထားပြီး ရှေ့သို့သွားရာတစ်နေရာရောက်တော့ သွေးညှီနံ့များရလာသည်။ ယင်ရိုင်းများဝေါကနဲ ဝေါကနဲ ပျံနေသည့်အသံများလည်း ကြားရသဖြင့် ထိုနေရာသို့ သွားကြည့်သည်။

ဝါးတောတွင်းရှိ သစ်ပင်ကြီးတစ်ပင်နားရောက်တော့ သစ်ပင်အောက်မှာ သွေးကွက်များတွေ့ရသည်။ သွေးများတခြောက်သေးပဲ မကြာသေးခင်ကမှ ထွက်သောသွေးများပင် ဖြစ်သည်။ ယင်များက သွေးကွက်များပေါ်၌ ဝိုင်းအုံနေကြခြင်းဖြစ်သည်။ သွေးကွက်နှင့် သွေးစက်များသာတွေ့ရပြီး အခြားတောဘာမှမတွေ့ရသဖြင့် နီမောင်က ရှေ့သို့တိုးကြည့်သည်။ သစ်ပင်မှာ ဝက်သစ်ချပင်ကြီးဖြစ်သည်၊ ထိုနေရာရောက်တော့ ပင်စည်တွင် ကုတ်ခြစ်ထားသော လက်သည်းရာများတွေ့ရသည်။



လက်သည်းခြစ်ရာများမှာ အတော်ပင်နက်လှသောကြောင့် ကြီးမားသော ဝက်ဝံတစ်ကောင်ဖြစ်မည်ဟု စိတ်ထဲမှတွေးလိုက်သည်။ ထိုသို့အခြေအနေကြည့်နေစဉ်မှာ သစ်ပင်ပေါ်မှ မိုးရေစက်ကျသကဲ့သို့ ရေစက်များကျလာသည်။ ရေစက်များက ဝါးရွက်ခြောက်များပေါ်သို့ကျရာ တဖြောက်ဖြောက်နှင့် အသံများထွက်နေသည်။ ထိုရေစက်များက သူ့ကိုယ်ပေါ်သို့ကျလာသဖြင့် ကြည့်လိုက်တော့မှ ရေစက်မဟုတ်မှန်း သိရတော့သည်။

သွေးစက်များပင် ဖြစ်သည်။ နီမောင်က အပေါ်သို့မော့ကြည့်လိုက်သည်။ သစ်ပင်ခွကြားတွင်တင်ထားသော တောဝက်ကြီးတစ်ကောင်ကို တွေ့ရသည်။ သေနေပြီဖြစ်သော တောဝက်ကြီးကိုယ်မှ သွေးများက အောက်သို့ရေစက်ကျသလို ကျနေခြင်းဖြစ်သည်။

တဆက်တည်း သစ်ကိုင်းများကြားမှာကွယ်ပြီးရပ်နေသော သတ္တဝါတစ်ကောင်ကိုလည်း မသဲမကွဲမြင်ရသည်။ သစ်ကိုင်းသစ်ရွက်များဖြင့် ကွယ်နေသောကြောင့် သဲသဲကွဲကွဲ မမြင်ရပေ။ နီမောင်စိတ်ထဲမှာတော့ မျောက်ဝံကြီးတစ်ကောင် ဖြစ်မည်ဟု ခန့်မှန်းမိသည်။ သို့သော် တောဝက်ကြီးကို သစ်ပင်ခွကြားရောက်အောင် မည်သို့မည်ပုံ သယ်တင်သွားသည်ကိုတော့ မသိပေ။ သစ်ပင်က အတန်ငယ်မြင့်သည့်အပြင် သစ်ကိုင်းသစ်ရွက်များကွယ်နေသဖြင့် မြားဖြင့် ပစ်၍မရနိုင်ပေ။

သို့ကြောင့် သေနတ်ကိုယူပြီးပစ်သည်။

“ဒိုင်း”

www.burmeseclassic.com

www.burmeseclassic.com



သေနတ်သံက ဝါးတောထဲမှာပဲ့တင်ထပ်သွားလေသည်။ နီမောင်ပစ်သောကျည်ဆံက သစ်ကိုင်းကြားမှာကွယ်ရပ်နေ သော သတ္တဝါကို ထိသွားဟန်ရှိသည်။ ကျယ်လောင်သော အသံ မျိုးဖြင့် ဖူးဖူးဝါးဝါးအော်ကာ ဝါးပင်များဘက်သို့ ခုန်ကူးသွား သည်။ ဝါးပင်များဆီရောက်တော့ လက်နှစ်ဖက်က ဝါးပင်နှစ် ပင်ကိုကိုင်ထားပြီး ခြေထောက်နှစ်ချောင်းကလည်း ဝါးပင်များ ကို ခြေသည်းဖြင့် ကုပ်ကာ ကန်ထားရာ ဘေးကားကားကြီးဖြစ် နေသည်။ ကြည့်လျှင် ကားစင်တင်ထားသကဲ့သို့ ဖြစ်နေသည်။ ထို့ကြောင့် ထိုအခွင့်အရေးကို လက်လွှတ်မပေးပဲ နောက်ထ သေနတ်ဖြင့် နှစ်ချက်ဆင့်ပစ်ရာအောက်သို့ ပြုတ်ကျလာသည်။

သို့သော် မာန်ဖီသံကြီးဖြင့် နေရာမှပြန်ထကာ သူ ရှိရာဘက်သို့ပြေးလာရာ လျင်မြန်လှသောကြောင့် ချက်ခြ အနားရောက်လာသည်။ ထိုသတ္တဝါမှာ မျောက်ဝံတစ်ကောင် သို့ လက်တံရှည်များရှိပြီး ဝက်ဝံတစ်ကောင်ကဲ့သို့ လက်သည် ရှည်များရှိသည်။ ဦးခေါင်းက နဂါးတစ်ကောင်နှင့်တူကာ သွား ချွန်များက ငေါထွက်နေသည်။ ခြေလက်များက မျောက်ဝံတ ကောင်ကဲ့သို့ရှည်ပြီး၊ ကိုယ်ခန္ဓာက လူခန္ဓာနှင့်တူသည်။

အနီးရောက်လာသည်နှင့် သတ္တဝါကြီးက လက်သည် ချွန်များဖြင့် ပုတ်ခတ်တိုက်ခိုက်ရန် ကြိုးစားရာ ရှောင်တိမ်း ရသည်။ အနီးကပ်တိုက်တော့မှ ထိုသတ္တဝါမှာ လူခန္ဓာကိုယ် နဂါးဦးခေါင်းဖြစ်နေသည့် ထူးထူးဆန်းဆန်း သတ္တဝါမျိုးဖြစ်သ ကို တွေ့ရသည်။ ဝင်ရောက်တိုက်ခိုက်စဉ်မှာပင် ၎င်းထံမှ မာ



သံနှင့် ဝူးဝူးဝါးဝါးအသံများကို ကြားရသည်။

ထိုသို့ အနီးကပ်တိုက်ခိုက်ရာမှာတော့ ထန်ပတို့သုံး ယောက်ကိုင်သော ရဲဒင်းပြားများက ထိရောက်လှသည်။ တစ် ချက်ထိသည်နှင့် တိခနဲပြုတ်ကျသွားသည်။ ဒဏ်ရာရထားသော သတ္တဝါကြီး၏ လှုပ်ရှားမှုမှာ သွက်သွက်လက်လက်မရှိတော့ သဖြင့် ဝိုင်းဝန်းတိုက်ခိုက်ရာ ခြေလက်များပြတ်ကာ နောက်ဆုံး တော့ အသက်ပျောက်ကာ ငြိမ်သက်သွားလေတော့သည်။

"ဘယ်လိုသတ္တဝါကြီးလဲ၊ တစ်ခါမှမမြင်ဖူးသေးဘူး"

"ခြေလက်က မျောက်ဝံနဲ့တူတယ်. . ၊ လက်သည်းက ဝက်ဝံနဲ့တူတယ်၊ ကိုယ်ကတော့ လူတစ်ယောက်ခန္ဓာကိုယ်မျိုးပဲ"

"ဒါပေမယ့် သူ့ခေါင်းက မြွေကြီးတစ်ကောင်၊ ဒါမှမ ဟုတ် နဂါးဦးခေါင်းနဲ့မတူဘူးလား၊ ထူးဆန်းလိုက်တာ"

"ဒီလိုထူးဆန်းတဲ့သတ္တဝါတွေ တောထဲမှာရှိကြဦးမှာပါ၊ လူတွေက သူတို့နဲ့ မတွေ့လို့သာ မသိကြတာဖြစ်မှာပေါ့၊ ဒီတော တွေက ဟိမဝန္တာတောင်ကြောတွေနဲ့ တဆက်တည်း ရှိနေတာ ဆိုတော့ ဟိုဘက်ကဒီဘက်ကို နယ်ပြောင်းလာတာလဲ ဖြစ်မှာပါ"

ထိုသို့ပြောပြီး ထိုနေရာမှ ရှေ့သို့ခရီးဆက်ရန် ပြင်ကြ လေသည်။ တန်ပတို့သုံးယောက်ကလည်း ပွဲဦးထွက်ကြုံတွေ့ရ သော တိုက်ပွဲတွင် ၎င်းတို့လက်နက်များနှင့် အစွမ်းအစကိုပြခွင့် ရသဖြင့် ကျေနပ်နေကြဟန်သည်။

ထို့နောက် တန်ပက သတ္တဝါ ကြီးလက်မှချောင်းမှ ထွက် နေသော လက်သည်းချွန်များကို ကပ်ပါးဖြင့် တစ်ချောင်းချင်း

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ယူကာ အိတ်ထဲထည့်လိုက်သည်။ မုဆိုးတစ်ယောက်အဖို့ သူသတ်ဖြတ်ခဲ့သော သတ္တဝါတို့မှ ဦးချို၊ ဦးခေါင်း၊ အစွယ်၊ ခြေသည်းလက်သည်း၊ သားရေချပ်တို့ကို အမှတ်တရယူကြသည်က တော့ အဆန်းတကြယ်မဟုတ်တော့ပေ။

နီမောင်တို့အတွက်ကတော့ ပွဲဦးထွက်အောင်ပွဲရခဲ့ကြသဖြင့် ကျေနပ်စွာဖြင့်ပင် ရှေ့သို့ခရီးဆက်ခဲ့ကြလေတော့သည်။



# အခန်း-၁၇

# ထမန်းကျားတို့နှင့် နောက်ဆုံးတိုက်ပွဲ

ခရီးစဉ်က ချောချောမွေ့မွေ့သွားရသော ခရီးစဉ်မျိုးတော့ မဟုတ်ပေ။ လမ်းတစ်လျှောက်တွင် အန္တရာယ်မျိုးစုံတို့နှင့် ကြုံတွေ့ကြရသော်လည်း ကျော်ဖြတ်သွားနိုင်ခဲ့ကြသည်။ သုံးရက်ခန့်ကြာသောအခါမှာတော့ ပန်ဆောတောင်ကြားလမ်းနှင့် ချော်တန်နဲ့တောင်ကြားလမ်းရှိသော နေရာတစ်ဝိုက်သို့ ရောက်သွားကြသည်။ ထိုနေရာရောက်တော့ မည်သည့်အန္တရာယ်မှ မတွေ့ရ

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း ဦးဗန်ကောင်းကပြောသည်။

"ဒီနေရာတစ်ဝိုက်ရောက်ကလာတော့ ငါတို့နောက်က ခြေရာကောက်ပြီး လိုက်လာတဲ့သူတွေရှိပုံရတယ်"

"အဘက ဘယ်လိုသိသလဲ"

"သူတို့က လျှို့ဝှက်ပြီး လိုက်လာကြတယ်ဆိုပေမယ့် သဘာဝက သူတို့ဘယ်နေရာမှာရှိတယ်ဆိုတာ ပြောပြနေတာပဲ"

ဦးဗန်ကောင်းပြောသောစကားသည် မှန်ပေ၏။ တောထဲမှာ သာမန်မဟုတ်သော ထူးခြားမှုတစ်ခုရှိလျှင် တောကျီးကန်းများအာခြင်း၊ စာကြက်များက တော်သံပေးခြင်း၊ ငှက်များအုပ်စုလိုက်ကောင်းကင်သို့ ပျံတက်ခြင်း၊ တောကောင်ငယ်ကလေးများ ကြောက်လန့်တကြား ပြေးလွှားပုန်းအောင်းခြင်းတို့ကို မြင်ရကြားရလေ့ရှိသည်။

တောကောင်ငယ်ကလေးများမှာ လူကိုတွေ့လျှင်ပင် သဘာဝအလျောက် ထွက်ပြေးကြလေ့ရှိသော်လည်း ထူးခြားသော ကြောက်စရာမျိုးတွေ့ပါက လူကိုပင်မကြောက်ရွံ့တော့ပဲ လူရှိရာသို့ပင် ပြေးလာလေ့ရှိကြသည်။

ထိုအခြေအနေမျိုးမြင်ရုံနှင့် တောကျွမ်းသောမုဆိုးများက မိမိတို့ပတ်ဝန်းကျင်တွင် အန္တရာယ်တစ်ခုခုရှိနေသည်ကို သိနိုင်ကြသည်။ ဦးဗန်ကောင်းကလည်း တောတောင်နှင့် မစိမ်းသူဖြစ်သောကြောင့် ထူးခြားသော အခြေအနေများကိုကြည့်ပြီး ထိုသို့ပြောလိုက်ခြင်းဖြစ်ပေသည်။

"ခြေရာကောက်ပြီးလိုက်တော့လည်းလိုက်ပေါ့ အဘရှာ မြေပုံက ကျွန်တော်တို့ဆီမှာရှိတော့လည်း ကျွန်တော်တို့နောက်ကို နောက်ယောင်ခံပြီး လိုက်လာတာလည်း ဖြစ်နိုင်တာပေါ့"

ဟု နီမောင်ကပြောပြီး သူ့ဆီမှာပါလာသော မြေပုံသုံးပိုင်းကို ဦးဗန်ကောင်းလက်သို့ပေးလိုက်သည်။ ဦးဗန်ကောင်းက မြေပုံသုံးပိုင်းကို ဆက်စပ်ကြည့်ပြီး တစ်နေရာသို့လက်ထောက်ပြသည်။

"ငါတို့ရောက်နေတာ ဒီနေရာလောက်ဖြစ်မယ် ဒီတနေ့အနောက်ဘက်သွားရင် လေယာဉ်ပျက်ကျသွားတဲ့နေရာကိုတွေ့နိုင်တယ်"

ထိုသို့ပြောပြီး မြေပုံအညွှန်းအတိုင်းသွားကြရာ လေယာဉ်ပျက်ကျသွားသော ဝါးပိုးဝါးတောအစပ်သို့ ရောက်သွားကြသည်။ တောစပ်တစ်နေရာမှာတော့ ပျက်စီးနေသော တဲအပျက်များနှင့် စွန့်ပစ်ထားခဲ့သော အသားဗူး၊ ငါးဗူး၊ အရက်ပုလင်းအခွံများကိုတွေ့ရသည်။

စီးကရက်ဗူးခွံအချို့လည်း တွေ့ရသဖြင့် . . .

"ဒါ မုဆိုးတွေစခန်းချတဲ့ နေရာမဟုတ်ဘူး၊ အင်္ဂလိပ်စစ်သားတွေ စခန်းချသွားတဲ့နေရာပဲဖြစ်မယ်၊ ဒါမျိုးတွေက အင်္ဂလိပ်စစ်သားတွေပဲ သုံးကြတယ်၊ လမ်းဖောက်တဲ့ဆီ ပါသွားတုန်းက တွေ့ခဲ့တယ်"

ဟု နီမောင်ကပြောသည်။

"သူတို့ဘာကြောင့် စခန်းသိမ်းသွားကြတာလဲ"

"သူတို့ရှာဖွေနေတာတွေ မတွေ့တော့လို့ လက်လျှော့


www.burmeseclassic.com

www.burmeseclassic.com


သွားတာလည်း ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် အန္တရာယ်နဲ့တွေ့လို့ ပြန်သွားကြတာလည်း ဖြစ်နိုင်တယ်"

ထိုသို့ပြောဆိုပြီးဝါးတောကြီးအတွင်း လိုက်လံကြည့်ရာ လေယာဉ်ပျက်ကျသွားသောနေရာကို တွေ့ရသည်။ အချို့ဝါးပင်အသစ်များ ပြန်ပေါက်နေပြီဖြစ်သော်လည်း စွတ်ကြောင်းကြီးဖြစ်နေသော နေရာတစ်လျှောက်မှာတော့ အပြိုင်းအရိုင်းပြိုလဲနေကြသည့် ဝါးပင်ကြီးများကရှိနေဆဲပင်။ ကြည့်လျှင် လမ်းဖောက်ထားသကဲ့သို့ဖြစ်နေသည်။

"ဒါလေယာဉ်ပျက်ကျသွားတဲ့နေရာပဲဖြစ်မယ်"

ထိုသို့ပြောပြီးလိုက်ကြည့်ရာ နောက်ဆုံးလေယာဉ်ကျသွားသော ချောက်ကမ်းပါးထိပ်သို့ ရောက်သွားကြသည်။

အောက်သို့ငုံ့ကြည့်တော့ မီးလောင်ပျက်စီးထားသော လေယာဉ်အပိုင်းအစများကို လှမ်းမြင်ရသည်။ လေယာဉ်ပျက်တွေ့ပြီးနောက် အချိန်မဆွဲတော့ပဲ မြေပုံအညွှန်းအတိုင်းသွားရာ တောင်ကုန်းတစ်ခုပေါ်သို့ ရောက်သွားကြလေသည်။

"မြေပုံထဲက အညွှန်းအတိုင်းဆိုရင်တော့ သူတို့ဝှက်ထားခဲ့တဲ့ပစ္စည်းတွေက ဒီနေရာတစ်ဝိုက်မှာပဲ ရှိနိုင်တယ်"

ဟုပြောပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်ကြည့်ကြသည်။ ထိုနေရာမှာ ကျောက်တောင်တစ်ခု၏ ထိပ်ဖြစ်ပြီး အပေါ်ပိုင်းတွင် ကျောက်နံရံများနှင့် ဂူပေါက်များရှိသည်။ တစ်နေရာ၌ စခန်းချပြီး ဦးဗန်ကောင်းက မြေပုံသုံးခုကို ဆက်စပ်ကြည့်ပြီး ရေးထားသော စာကိုတိုးတိုးလေးရွတ်ကြည့်နေသည်။

"နတ်နဲ့နဂါး အလယ်ထား
ဂဠုန်ဘီလူး ရအောင်တူး
တူးချင်လည်းထူး၊ မထူးရင်ရှူး
ဦးသူချမ်းသာပေလိမ့်မည်"

ထိုအလင်္ကာကိုရွတ်ပြီး အမြင့်ဆုံးတောင်ကုန်းပေါ်တက်ပြီး အရှေ့အနောက်၊ တောင်မြောက် အရပ်လေးမျက်နှာကို မှတ်သားထားသည်။ ပြီးမှ အခြားသူအများက စားသောက်ဖို့စီစဉ်နေကြစဉ် နီမောင်ကိုခေါ်ပြီး ထိုနေရာတစ်ဝိုက်မှာရှိသော ကျောက်တုံး၊ သစ်ပင်တို့ပါမကျန် လိုက်လံကြည့်လေသည်။

နေ့လည်ပိုင်းရောက်တော့ မြူနှင်းများကွဲသွားပြီး အလင်းရောင်ရလာသည်။ နေရောင်ခြည်ပင် လင်းလက်လာသည်။ တစ်နေရာရောက်တော့ တောင်ဇလပ်ပင်ကြီး ထစ်ပင်၏ပင်စည်၌ ဓားဖြင့်ထစ်ထားသော ဒဏ်ရာများတွေ့ရသည်။ ဒဏ်ရာများက တျိုးပေါင်းတက်နေပြီဖြစ်သော်လည်း ပင်စည်၌ သစ်ခေါက်ခွာချထားသောနေရာကတော့ ကွက်လပ်အတိုင်းပင် ရှိနေသေးသည်။

တောတောင်များအတွင်း သွားလာနေသူများကတော့ သစ်ခေါက်ကိုခွာပြီး အကွင်းလိုက်ပြုလုပ်ထားခြင်းကို 'မှန်ကပ်' သည်ဟုသော ဓလေ့အတိုင်းခေါ်လေ့ရှိကြသည်။ လမ်းအမှတ်အသားအတွက်သော်လည်းကောင်း၊ တစ်စုံတစ်ခုကို မှတ်မိစေရန်သော်လည်းကောင်း၊ တစ်ဦးနှင့်တစ်ဦး အချိန်းအချက်ပြုလုပ်ကြသည့်အခါ၌သော်လည်းကောင်း ထိုကဲ့သို့မှန်ကပ်ခြင်းကိုပြုလုပ်လေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ မှန်တစ်ချပ်တွေ့တယ်အဘ၊ မှန်ပေါ်မှာ ဓားနှင့် ထွင်းပြီး စာရေးထား[illegible]ာလည်းရှိတယ်"

ထိုသို့ပြောသဖြင့် ဦးဗန်ကောင်းကပါ အနားလာကြည့် သည်။ ပင်စည်၌ စာလုံးထွင်းထားသော်လည်း လအတော်ကြာ ပြီဖြစ်သဖြင့် ကျိုးပေါင်းတက်နေပြီဖြစ်သောကြောင့် မပီပြင်တော့ ပေ။ နီမောင်က ထိုနေရာမှာထိုင်ပြီး ဓားဖြင့်ကျိုးပေါင်းများကို စိတ်ရှည်လက်ရှည် ဖယ်ရှားလိုက်တော့ ထွင်းထားသောနေရာ က စာလုံးအချို့ပေါ်လာသည်။

"နတ်"

ဟု စာလုံးတစ်လုံးတည်း ထွင်းထားသည်ကိုတွေ့သည်။

"အဘ ဒီမှာတွေ့ပြီ"

ထိုသို့ပြောသဖြင့် ဦးဗန်ကောင်းက အနားလာကြည့်ပြီး ပြောသည်။

"နတ်ဆိုတော့ အရှေ့အရပ်ပေါ့။ ဒီလိုဆိုရင် အနောက် ဘက်ကိုသွားကြည့်ရအောင်"

ထိုသို့ပြောပြီး အနောက်ဘက်သွားကြည့်သောအခါ သစ်ပင်တစ်ပင်၌ 'နဂါး'ဟူသော စာလုံးထွင်းထားသည်ကို တွေ့ရ ပြန်သည်။ ဤသို့ဖြင့် တောင်အရပ်နှင့်မြောက်အရပ်နေရာများ သို့ သွားကြည့်ကြသောအခါ တောင်အရပ်၌ရှိသော သစ်ပင်၌ 'ဂဠုန်'ဟူသော စာလုံးနှင့် မြောက်ဘက်အရပ်၌ရှိသော သစ်ပင် ၌ 'ဘီလူး'ဟူသော စာလုံးထွင်းထားသည်ကို တွေ့ရသည်။

"သူပြောခဲ့တဲ့အတိုင်း နတ်၊ နဂါး၊ ဂဠုန်ဘီလူး စုံလင်



[illegible]တော့ အလယ်ဗဟိုရှိတဲ့နေရာ သွားကြရုံပေါ့"

ထိုသို့ပြောပြီး လေးနေရာ၏အလယ်ဗဟိုနေရာသို့ မှန်း [illegible]ားရာ ဂူပေါက်ဝကိုတွေ့ရလေသည်။ ဂူပေါက်ဝမှာ သိပ်မ [illegible]လှပေ။ အပေါက်ဝတွင် ကျောက်တုံးကျောက်ဆောင်များ [illegible]နေသောကြောင့် ရုတ်တရက်မမြင်နိုင်ပေ။

ဂူပေါက်ဝတွေ့တော့ နီမောင်၊ ငမဲအောင်၊ တန်ပတို့ [illegible]ယာက်ဝင်ကြည့်ကြသည်။ အတွင်း၌မှောင်နေသောကြောင့် [illegible]သော မီးတိုင်များကိုထွန်းကြည့်တော့မှ ကောင်းစွာမြင်ရ [illegible] ဂူမှာဝင်ပေါက်ကျဉ်းသော်လည်း အတွင်းပိုင်းရောက် [illegible] ကျယ်သည်။

ထိုပြင်အတွင်းတစ်နေရာရောက်တော့ အလင်းရောင် [illegible]မြင်ရသည်။ ထိုနေရာအထိ ဝင်ကြည့်တော့အပေါ်၌ အ [illegible]တစ်ပေါက်ရှိပြီး ထိုအပေါက်မှ နေရောင်ခြည်အချို့ ထိုး [illegible]နေသည်။ နေရောင်ခြည်ကျနေသော နေရာတစ်ဝိုက်မှာ [illegible] သူတို့ရှာဖွေနေသော သေနတ်မျိုးစုံတို့နှင့် ကျည်ဆံများ [illegible]ရသည်။ အဖုံးကိုစေ့ရုံသာစေ့ထားသော သံသေတ္တာကြီး [illegible]လုံး တွေ့ရသဖြင့် ဖွင့်ကြည့်ရာ ရွှေတုံးများကိုတွေ့ကြရလေ [illegible]။

နေအလင်းရောင်၊ မီးအလင်းရောင်ကြောင့် ရွှေတုံးများ [illegible] အလင်းရောင်များထွက်နေသည်။

"ဘယ်လိုလုပ်ကြမလဲ"

"ချက်ချင်းတော့ ယူလို့ မရသေးဘူး၊ သူတို့ကိုပါ ဝေထဲ

www.burmeseclassic.com

www.burmeseclassic.com



ရောက်အောင်ခေါ်ပြီးမှ ဘယ်လိုလုပ်သင့်သလဲဆို တိုင်ပ...
တာပေါ့။ အပြင့်မှာနေရင် နောက်ကခြေရာခံလိုက်နေတဲ့ ...
တွေ တွေ့သွားနိုင်တယ်"

ထိုသို့ ဦးဗန်ကောင်းကပြောသဖြင့် ဂူနှင့်မနီးမဝေး...
ကျန်ခဲ့သူများကိုပါ ဂူအတွင်းခေါ်သွင်းလိုက်သည်။ မြင်းများ...
လည်း ဂူအတွင်းသို့ သွင်းထားလိုက်သည်။ သေနတ်နှင့်ကျည်...
များက မျိုးစုံဖြစ်သည်။ ထိုလက်နက်များကိုမြင်တော့ တန်...
သုံးယောက်လည်း ဝမ်းသာနေကြသည်။ ၎င်းတို့က ရွှေကို...
မဝင်စားကြပဲ သေနတ်ကိုသာ စိတ်ဝင်စားကြသည်။

ထိုအခိုက်မှာပင် ဂူအပြင်ဘက်မှ ဆူဆူညံညံအသံ...
ကြားရသဖြင့် ကျောက်တုံးအကွယ်မှ ထွက်ကြည့်ကြသည်...

"ရန်သူတွေရောက်လာပြီ"

"ဘယ်သူတွေလဲ"

"ကျားနက်ဂိုဏ်းသားတွေဖြစ်မယ်၊ ၁၅-ယော...
လောက်ရှိတယ်"

သူတို့ရောက်နေသောနေရာက တောင်ကုန်းပေါ်၌...
သောကြောင့် အောက်မှလှုပ်ရှားနေသူများကို ကောင်းစွာ...
မြင်နေရသည်။

"လာပေစေ၊ ဒီနေရာလာရင်တော့ ကိုယ့်သေ...
ကိုယ်တူးသလိုဖြစ်မှာပဲ၊ နောက်ယန်းရွာမှာ တစ်ကြိမ်၊ ...
တစ်ကြိမ်ပေါ့"

နီမောင်က အံကြိတ်ကာပြောလိုက်သည်။ သစိ...



... ဆွယ်လီတို့မိသားစုကို နှိပ်စက်ခဲ့ခြင်းကတစ်ကြောင်း၊
...လီကို မတရားဖမ်းဆီးနှိပ်စက်ခဲ့သည့် ကျားနက်ဂိုဏ်းသား
...အပေါ်၌ အခဲမကျေနိုင်ပဲ ရှိနေသေးသည်။

ထို့ကြောင့် မိမိလူများကို ဘယ်ပုံဘယ်နည်းနေရာယူ၍
...တက်လာလျှင် ဘယ်လိုတိုက်ခိုက်ရမည်များကို မှာထားပြီး
...သုံးယောက်က ဂူပေါက်ဝမှစောင့်ကြသည်။ တန်ပတို့
...ယောက်က ဂူအတွင်းမှ နေရာယူ၍ စောင့်ကြလေသည်။
...သူများမှာ သေနတ်ကိုယ်စီဖြင့် လျှို့ဝှက်စွာဖြင့် ဂူပေါက်ဝ
...သို့ တက်လာကြသည်။ ၎င်းတို့သည် နီမောင်တို့နောက်မှ
...တစ်လျှောက်လုံး နောက်ယောင်ခံလိုက်လာကြသည့် ကျား
...ဂိုဏ်းသားများပင် ဖြစ်ကြလေသည်။

ဂူပေါက်ဝမှ အဆင်သင့်စောင့်နေကြသည့် နီမောင်၊
...ထီး၊ ငမဲအောင်တို့ကတော့ ဂူပေါက်ဝနှင့်နီးသောနေရာ
...တက်သည်အထိ စောင့်ပြီးမှ စတင်ပစ်သည်။ အနီးကပ်ပစ်
...ခြင်းဖြစ်သဖြင့် ရှေ့ဆုံးမှတက်လာသော သုံးယောက်လန်ကျ
...သည်။ ထိုအခါ ကျန်သူများက ကျည်ကွယ်မျက်ကွယ်ကို
...ရာယူ၍ ပြန်လည်ပစ်ခတ်ကြသည်။

သို့သော် နီမောင်တို့အပေါ်ဘက် ကျောက်တုံးများ
...တက်ကွယ်သို့ ရောက်နေသဖြင့် မထိရောက်ပေ။ ထိုအခါ
...ကြမ်းပစ်ရင်းနှင့် အတင်းတက်ရန် ကြိုးစားကြပြန်ရာ သုံး
...ဘက်စလုံး မနားရအောင်ပစ်နေရသည်။

အခြေအနေမကောင်းမှန်းသိတော့ ကျားနက်ဂိုဏ်းသား

www.burmeseclassic.com

www.burmeseclassic.com



များ နောက်သို့ပြန်ဆုတ်သွားကြသည်။ ရှေ့မှတက်သူအချို့ ဆုံးသွားပြီဖြစ်သဖြင့် လူအင်အား သိပ်မကျန်တော့ပေ။

အချိန်က နေဝင်ချိန်ရောက်လာပြီဖြစ်သောကြော ပတ်ဝန်းကျင်တစ်ဝိုက်မှာ အမှောင်ရိပ်များ သမ်းစပြုလာ ကျားနက်ဂိုဏ်းသားများက မူလအစီအစဉ်မကောင်းသ နောက်ထပ်အစီအစဉ် ပြောင်းလဲတိုက်ခိုက်ရန် ကြံစည်နေ သည်။ ညဦးပိုင်းအချိန်ရောက်တော့ အားလုံးကျားအ ပြောင်းလဲကာ ဂူပေါက်ရှိရာသို့ ဒရကြမ်းပြေးတက်လာကြသ

နီမောင်တို့က သေနတ်ဖြင့် ပစ်သော်လည်း မထိရော ပေ။ လူက ထိုသို့ပြေးမတက်နိုင်ပေ။ ထမန်းကျားများက တ ထိုးပြေးတက်လာကြသဖြင့် သေနတ်ဖြင့်ပစ်နေရင်းမှ ဂူပေါ ရောက်လာကြလေသည်။ အနီးကပ်ရောက်လာတော့ သေန က အားမကိုးရတော့ပေ။ သို့ကြောင့် ဓားလှံ၊ ကပ်ပါးတို့ ထိုးခုတ်တိုက်ခိုက်ရတော့သည်။

ဂူအတွင်းသို့ရောက်လာသော ထမန်းကျားများမှာ ကောင်ဖြစ်သည်။ ကျားငါးကောင်နှင့် လူခုနှစ်ယောက်တို့ တိုက် က အတော်ကြမ်းသည်။ ကျားများက လက်သည်းဖြင့်ကုတ်ခြ ခုန်အုပ်၍ကိုက်ခြင်းဖြင့် တိုက်ခိုက်ရာ သတိဖြင့် ရှောင်တိမ်းတို ခိုက်နေကြရသည်။ သို့တိုင်အောင် လူတိုင်းဒဏ်ရာများ ရနေ ပြီဖြစ်သည်။ အနီးကပ်တိုက်ပွဲမှာတော့ သေနတ်ထက် တန်ဖ မှာပါလာသော အသွားထက်လှသည့် ရဲဒင်းကြီးများက အား ရသည်။ အရိုးရှည်တပ်ထားသဖြင့် တစ်ချက်ခုတ်လျှင် ထိသ



ရာဖြစ်သည်။ ကျားကရှေ့လက်နှစ်ချောင်းဖြင့် ပုတ်ခတ် တ်ခိုက်လေ့ရှိသဖြင့် တန်ပတို့က ရှေ့လက်ကိုထိအောင် ခုတ် သည်။

ရှေ့လက်ထိသွားလျှင် ကျားကလှုပ်ရှားမှု နှေးကွေးသွား တ်လေသည်။ ထိုအခါအလွယ်တကူ သတ်ဖြတ်နိုင်သည်။ စ်ကြိမ်တွင် ကျားတစ်ကောင်က ဦးဝန်ကောင်းကို ခုန်အုပ်ရာ အောင်က လက်ထဲမှလှံဖြင့်ပစ်ထိုးရာ ထုတ်ချင်းခတ်ထွက်သွား နံဘေးသို့ပစ်ကျသွားလေသည်။ နောက်တော့ ခြေလက်များ ဏ်ရာရထားပြီး မထနိုင်တော့သည့် ကျားများကို ကပ်ပါးဖြင့် ခေါင်းကိုခွဲပြီး အဆုံးသတ်ပေးလိုက်ကြသည်။

ညဦးပိုင်းကျော်တော့ တိုက်ပွဲက ပြီးဆုံးသွားသည်။ သူတို့အဖွဲ့မှာ အသေအပျောက်မရှိသော်လည်း ကျားကုတ်ခံရ သော ဒဏ်ရာများကတော့ ကိုယ်စီကိုယ်ငှရထားကြသဖြင့် ဆေး ည့်ပတ်တီးစည်းခြင်းများ ပြုလုပ်ကြရသည်။

ထိုသို့ဆေးထည့်နေစဉ်မှာပင် သေဆုံးနေသော ကျား များကိုကြည့်လိုက်တော့ လူအသွင်ပြောင်းလဲသွားကြသည်။ ထို အထဲတွင် ကျားနက်ဂိုဏ်းခေါင်းဆောင် ဗျူလည်း အပါအဝင် တွေ့ရသည်။

"တစ်နယ်လုံးကိုလှည့်ပြီး ဒုက္ခပေးနေကြတဲ့ ကျားနက် ဏ်းသားတွေတော့ နိဂုံးချုပ်သွားကြပြီ"

"ကောင်းတာပေါ့၊ ငါတို့ဘယ်လိုဆက်လုပ်ကြမလဲ"

"လိုချင်တာလည်းတွေ့ပြီဆိုတော့ ဒီမှာကြာကြာနေလို့

www.burmeseclassic.com

www.burmeseclassic.com



မသင့်ဘူး၊ ဒီပတ်ဝန်းကျင်မှာ အင်္ဂလိပ်စစ်သားတွေမရှိဘူး မပြောနိုင်ဘူး၊ သေနတ်သံတွေကြားလို့ ချက်ခြင်းရောက်လာ ရင်ခက်မယ်"

"ဒီတော့ ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"သူတို့နဲ့တွေ့ရင် ပစ္စည်းတွေယူကြတဲ့အပြင် ငါတို့ကို လမ်းဖောက်တဲ့နေရာကို ချွေးတပ်ဆွဲသွားလိမ့်မယ်၊ ဒီတော့ ... တွင်းချင်းပဲ ဒီနေရာနဲ့ဝေးဝေးရောက်အောင်သွားကြတာ ကောင်းမယ်"

"ဒီအချိန်တောထဲသွားရင် တောကောင်တွေနဲ့ ... တွေ့နိုင်တယ်"

"တွေ့လည်း ထမန်းကျားတွေလောက်တော့ ဆိုးမ... မထင်ဘူး၊ နောက်ပြီး အင်္ဂလိပ်စစ်သားတွေက တောကော... တွေထက် ပိုပြီးကြောက်ဖို့ကောင်းတယ်"

"ဒါဖြင့်လည်း သွားကြရုံပေါ့"

ထိုသို့ပြောဆိုတိုင်ပင်ကြပြီး ရွှေတုံးနှင့်သေနတ်များ... အထုပ်များခွဲထုပ်ကာ မြင်းများပေါ်သို့ တင်ကာထိုနေရာမှ ... ထွက်သွားကြလေသည်။ နောက်တစ်နေ့မှာတော့ မေဂျာစ... ခေါင်းဆောင်သော ဂေါ်ရခါးစစ်သားများ ထိုဂူရှိရာသို့ရော... လာကြသော်လည်း ဂူထဲတွင် သေဆုံးနေသော အလောင်းမျာ... ကိုသာတွေ့ရပြီး အခြားဘာမှမတွေ့ကြတော့ပေ။

ထိုအဖြစ်အပျက်များဖြစ်ပျက်ခဲ့ပြီး နှစ်အနည်းငယ်ကြ... သောအခါမှာတော့ လီဒိုလမ်းမကြီးဖောက်လုပ်ခြင်းလည်း ပြီး...



...သွားခဲ့သည်။ စစ်ပွဲများပြီးဆုံးသွားပြီး မြန်မာနိုင်ငံလည်း လွတ်... ...ပ်ရေးရလာခဲ့သည်။ထိုကာလတွင် ပန်ဆောင်ရွာအစွန်ဘက် ...တွင် မွေးမြူရေးခြံကြီးတစ်ခြံ ပေါ်ပေါက်လာကာ အလုပ်သမား ...များနှင့် စည်ကားလျက်ရှိနေတော့သည်။

ပိုင်ရှင်ကတော့ နီမောင်ပင်ဖြစ်သည်။ ယခုတော့ ဆွယ်... ...နှင့် နောက်ထပ်သားသမီးနှစ်ယောက်ပင်ရနေပြီဖြစ်ရာ ပျော်... ...စရာကောင်းသော အိမ်ထောင်စုကြီးတစ်စု ဖြစ်နေပေတော့ ...သည်။ တစ်ချိန်ကကြုံတွေ့ခဲ့ရသော ဘေးအန္တရာယ်များနှင့် သော... ...များမှာ ယခုအချိန်မှာတော့ အိမ်မက်ပမာ ဝေးလွင့်ပျောက်... ...ယ်သွားကြပြီ ဖြစ်ပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (မှူးဇော်ဂနီ) ဟု ...အမည်ပေးထားသော ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာ နိဂုံးကမ္ပတ် ...အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု



www.burmeseclassic.com